www.burmeseclassic.com



BURMESE CLASSIC .com

# မျှား

## အမြဲတမ်းဓာတ်လိုက်

N THEIN SHWE KYI

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၃၀၀၆၁၉၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၀၀၇၂၂၀၇၁၁
အဖုံးဒီဇိုင်း - Idea Kyaw
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၀၊ စကားဝါလမ်း
အုံမြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ။
ပထမအကြိမ်။
အုပ်ရေ - ၃၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
ဗျူး
အမြတမ်းဇာတ်လိုက် / ဗျူး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၉၆ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) အမြတမ်းဇာတ်လိုက်


## အခန်း (၁)

"သဲဖြူချောင်းဘက်ကို လစ်ရအောင်"

သက်မှူးညီ လာခေါ်တော့ သူလည်း မငြင်းဘဲ လိုက်ဖြစ်ခဲ့သည်။ ဆိုင်ကယ်တွေကို ကိုယ်စီမောင်းခဲ့ကာ သဲဖြူချောင်းဘက် ရောက်ခဲ့ကြ၏။

သဲဖြူချောင်းဆိုတာ ဘီးလင်းမြို့အဝင်က ချောင်းဟု သူ သိသည်။ ဒီမြို့ကို သူတို့မိသားစု ပြောင်းရွှေ့ခဲ့ကြတာ တစ်ပတ်တောင် မပြည့်သေးပါ။ ရောက်စဆိုတော့ ပျင်းစရာကြီး ဖြစ်နေသည်။

သူ့ရဲ့ ညီဝမ်းကွဲတော်သော သက်မှူးညီက နေ့စဉ် ရောက်လာကာ နေရာအနှံ့ ပြကာ မိတ်ဆက်ပေးတတ်သည်။

ကျောင်းဖွင့်လျှင် သူ တက်ရမည့် အထက်တန်းကျောင်းကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ရောက်ပြီးပြီ။ သက်မှူးညီ မိတ်ဆက်ပေးထားသော သူငယ်ချင်းတချို့နှင့်လည်း သူ ခင်မင်ရင်းနှီးခဲ့ရသည်။

သဲသောင်နုတွေ ပေါ်ထွန်းနေသော သဲဖြူချောင်းကို ဖြတ်ကာ ဆောက်ထားသော အဖြူရောင် တံတားကြီးပေါ်ရောက်တော့ သူတို့ ဆိုင်ကယ်တွေ ရပ်လိုက်ကြသည်။ ညနေခင်းဆို ဒီတံတားလေးမှာ ထိုင်ရင်း ပတ်ဝန်းကျင် ရှုခင်းတွေကို ငေးကြည့်ရတာလည်း အရသာတစ်ခုပါပဲ။

BURMESE CLASSIC .com

ကောင်းကင်ထဲမှာ အဖြူရောင် တိမ်သားတွေက မရွေ့လျားဘဲ ငြိမ်သက်နေကြတာ သက်ငြိမ် ပန်းချီကားတစ်ချပ်လို ဖြစ်နေ၏။

ဒီမြင်ကွင်းတွေကို ငေးမောရင်း တံတားဘောင်လေးမှာ နှစ်ယောက်သား ထိုင်မိကြသည်။ သူ တိတ်တိတ်ဆိတ်ဆိတ် ငေးနေတော့

"သျှင်မြတ် မင်း ရန်ကုန်ကို သတိရနေတာလား"

သက်မှူးညီ စကားကြောင့် သူ လှည့်ကြည့်ရင်း ပြုံးမိသည်။ ဒီမြို့လေးကို မရောက်ခင်က သူတို့ ရန်ကုန်မှာ သုံးနှစ်ကျော် နေခဲ့ကြသည်။ ဒီ့အရင်က မန္တလေးတိုင်းထဲက မြို့နယ်လေးတစ်ခုမှာ ပြီးတော့ သူငယ်စဉ်က ရှမ်းပြည်ဘက်မှာလည်း နေခဲ့ဖူးသည်။

"သတိရတယ်လည်း မဟုတ်ပါဘူး ညီရာ၊ ဖေဖေ တာဝန်ကျတဲ့ မြို့တွေတိုင်းမှာ လိုက်နေရတာ ကြာတော့ ငါ့အတွက်တော့ ရိုးနေပါပြီ"





"အင်း တစ်ခုတော့ ကောင်းပါတယ်၊ မင်းတို့က နယ်စုံမြို့စုံ ရောက်ဖူးတာပေါ့ကွာ၊ ဒီမြို့မှာတော့ မင်းတို့ ကြာကြာနေရင် သိပ်ကောင်းမှာပဲ၊ ကိုယ့်ဆွေမျိုးတွေလည်း ရှိတယ်လေ"

သက်မှူးညီ ပြောသလို မေမေကလည်း ပြောခဲ့ဖူးသည်။ ဘီးလင်းမြို့ကို ဖေဖေ ဆေးရုံအုပ်ကြီးအဖြစ် ပြောင်းရွှေ့ရမည်ဆိုတော့ မေမေ ဝမ်းသာနေခဲ့သည်။

ဒီမြို့က မေမေ့ရဲ့ မွေးရပ်ဖြစ်သလို မေမေ့ရဲ့ ညီမဖြစ်သည့် သက်မှူးညီရဲ့ အမေလည်း ရှိတာကြောင့် ဖြစ်၏။

"ဟိုရောက်ရင် သား ပျော်သွားမှာပါ၊ သားရဲ့ညီတစ်ယောက်လည်း ရှိတယ်၊ သက်မှူးညီ တဲ့၊ သားနဲ့တစ်လကျော်လောက်ပဲ အသက်ကွာတာဆိုတော့ ရွယ်တူသူငယ်ချင်းလို ဖြစ်သွားမှာပါ"

မေမေ ဆိုခဲ့သည့်အတိုင်းပါပဲ။ သူတို့ ပြောင်းလာသည်နှင့် သက်မှူးညီက သူ့သူငယ်ချင်းတွေ အားလုံးခေါ်လာခဲ့ကာ ကားပေါ်က ပစ္စည်းတွေကို ဝိုင်းဝန်းသယ်ချပေးခဲ့ကြသည်။

အားလုံးက သူ့လိုပဲ ကိုးတန်းအောင်ထားကာ ကျောင်းဖွင့်လျှင် ဆယ်တန်းတက်ကြမည့် သူတွေပဲ ဖြစ်သည်။

"ဟိုကောင်တွေ လာနေပြီကွ"

တံတားထိပ်ဘက်ကို လှမ်းကြည့်ကာ သက်မှူးညီ ပြောတော့ သူလည်း လှည့်ကြည့်မိသည်။ ဆိုင်ကယ် သုံးစီးမောင်းလာတာ မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နောက်ဆင့်ကာ ရပ်ထားသည့် သူတို့ ဆိုင်ကယ်တွေ အနားမှာပဲ ဝေလင်းတို့ ဆိုင်ကယ်တွေကို ရပ်လိုက်ကြသည်။ ဝေလင်းနှင့် အာကာက တစ်စီးကျော်လေးနှင့် မိုးဇော်က တစ်စီးစီ လာကြတာ ဖြစ်သည်။

"မင်းတို့ ဒီဘက် ထွက်သွားကြတယ်လို့ အန်တီသက် ပြောလိုက်လို့ကွ"

ဝေလင်းက နှုတ်ဆက်စကား ဆိုရင်း တံတားဘောင်ပေါ် လှမ်းတက်ထိုင်၏။ အာကာတို့ကလည်း ကိုယ်စီတက်ထိုင်လိုက်ကြသည်။ မိုးဇော်က သူ့ဘေးမှာ ဝင်ထိုင်ရင်း လက်ထဲက ကွမ်းထုပ်ကို လှမ်းပေးရင်း

"မင်း ကွမ်းစားတတ်သလား သျှင်မြတ်နိုး"

"ဟော့ကောင် မိုးဇော် ငါ့အစ်ကိုကို မဖျက်ဆီးနဲ့"

သက်မှူးညီက တားမြစ်သလို လှမ်းအော်လိုက်ပေမယ့် သူက မိုးဇော်လက်ထဲက ကွမ်းယာထုပ်ကို လှမ်းယူပြီး ဖြစ်နေသည်။

"ဘာဆေးမှ မပါပါဘူးကွ၊ အစိမ့်သက်သက်ပါ"

မိုးဇော်က တံတားအောက်ဘက်ကို ကွမ်းတံတွေးတွေ ပျစ်ခနဲ ထွေးရင်း ပြောသည်။ သက်မှူးညီက နှာခေါင်းရှုံ့ရင်း

"မင်းတို့ကောင်တွေ ကွမ်းနဲ့ဆေးနဲ့ အတာတ်စမ်းမနေနဲ့၊ ဘာမှ အကျိုးမရှိတဲ့အလုပ်တွေ"

မိုးဇော် ပခုံးတစ်ချက်တွန့်ကာ ဘာမှပြန်မပြောပါ။ သူကတော့ ကွမ်းတစ်ယာထုတ်ယူကာ ပါးစပ်ထဲထည့်လိုက်သည်။ ကြိုက်တာလည်း မဟုတ်။ အစွဲအလန်းလည်း မရှိပါဘဲ အပျင်းပြေ သူ ဝါးမိခြင်းသာ ဖြစ်သည်။





ခင်မင်ကြတာ ရက်ပိုင်းလေးပဲ ရှိပေမယ့် ဒီအုပ်စုထဲက သူတွေ အကြောင်းကို သူ အားလုံး သိနေသည်။ မိုးဇော်က ဘယ်တော့ကြည့်ကြည့် ကွမ်းယာထုပ်က အသင့်ရှိနေတတ်သူ ဖြစ်သည်။

"ကဲ အကျိုးရှိတဲ့အလုပ် ပြောမယ်၊ ငါတို့ ကျူရှင်တက်ကြမလို့၊ မင်းတို့ နှစ်ယောက်ကော တက်မှာလား"

ကျော်လေ က သူနှင့်သက်မှူးညီကို ရည်ရွယ်ပြောသည်။ သက်မှူးညီက ကျော်လေးကို လှမ်းကြည့်ရင်း

"မင်းတို့က ဘယ်မှာတက်ကြမှာလဲ"

"ဆရာ ဦးအုန်းကြိုင်ရဲ့ ပညာတံခွန်မှာလေ"

သက်မှူးညီ ငြိမ်သက်တိတ်ဆိတ်သွားကာ ဘာမှပြန်မပြောပါ။ အာကာက ပခုံးတစ်ချက်တွန့် မေးဆတ်ပြရင်း

"ဘာလဲ မင်းက ဘာစဉ်းစားနေတာလဲ၊ စွဲမက်နီ တက်တဲ့ ကျူရှင်ကို တက်ချင်တာလား၊ မမျှော်လင့်နဲ့ ညီ၊ စွဲမက်နီက အိမ်မှာ ဂိုက်ခေါ်သင်မှာလို့ ကြားတယ်"

အာကာ စကားကြောင့် သူ မျက်မှောင်ကြီး ကုပ်သွားမိသည်။ စွဲမက်နီ ဆိုသော အမည်နာမကြောင့်ပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့နာမည် သျှင်မြတ်နိ နှင့် အာကာ့နှုတ်က ကြားရသော အမည်က ခပ်ဆင်ဆင် ဖြစ်နေ၏။ စွဲမက်နီ တဲ့။ ဘယ်သူလဲ။ ညီတို့ သူငယ်ချင်းတစ်ယောက်ပဲလား။

''သေချာရဲ့လား အာကာ၊ မင်းကို ဘယ်သူပြောတာလဲ''

''သဥ္စာတို့တွေ ပြောကြတာပေ့ါ၊ စွဲမက်နီက ဆယ်တန်းကို အောင်မြင်ဖို့ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မဟုတ်ဘူး၊ ဘာသာစုံဂုဏ်ထူးရဖို့ ကြိမ်းဝါးထားတာတဲ့၊ ကျောင်းတွေပိတ်ကတည်းက ဆယ်တန်းစာတွေ လေ့လာနေတာနော်''

အာကာ ပြောသမျှ ညီ ငြိမ်သက်စွာ နားထောင်နေသည်။ ညီမျက်ဝန်းတွေထဲမှာ မှိုင်းပြပြအရိပ်တွေ ခိုတွယ်နေသည်ဟု သူ ထင်မိသည်။

''ညီ မင်းဝေမနေနဲ့၊ ကိုယ့်အတွက်ပဲ ကိုယ်စဉ်းစားစမ်းပါ၊ ဆယ်တန်းက အရေးကြီးတယ်နော်''

ကျော်လေးက ဝင်ပြောနေပြန်သည်။ ညီကိုပဲ ရည်ရွယ်ပြီး အားလုံး ဘာကြောင့် ပြောနေကြတာလဲ သူ သိချင်လာသည်။ ညီကတော့ အားလုံးရဲ့စကားတွေကို အလေးအနက်ရှိပုံ မရဘဲ မျက်ဝန်းတွေက သဲချောင်းလေးထဲ ငုံ့ကြည့်ရင်း

''မင်းတို့ဘာသာ တက်ချင်တက်ကြပေ့ါ၊ ငါတော့ စဉ်းစားဦးမယ်''





ညီ အဖြေစကားကို မနှစ်သက်သလို အာကာတို့ မျက်နှာတွေ ရှုံ့မဲ့သွားကြ၏။ မိုးဇော်က သူ့ကိုကြည့်ရင်း

''မင်းကတော့ ငါတို့နဲ့ တက်မှာလား သျှင်မြတ်နိ''

''အင်း တက်ဖြစ်မှာပါ၊ နေဦး စောစောက မင်းတို့ပြောနေတဲ့ စွဲမက်နီ ဆိုတာ ဘယ်သူလဲ''

သူ့အမေးစကားကြောင့် မိုးဇော် ခေါင်းတစ်ချက်ညိတ်ပြီး ဖြေဖို့ ကွမ်းသွေးကို ပျစ်ခနဲ ထွေးနေတုန်း အာကာက ကြားဝင်ဖြေ၏။

''ဘယ်သူလဲ မမေးနဲ့၊ ကျောင်းမှာရော တို့မြို့မှာပါ စွဲမက်နီ သတင်းက ကြီးမားတယ်၊ မင်းကျောင်းတက်ရင် သိလာမှာပါ''

''ဟုတ်တယ် လှတာရော ပညာတော်တာကော ပြည့်စုံချမ်းသာတာကော စွဲမက်နီက အားလုံးပြီးပြည့်စုံတယ်၊ ဒီတော့ မာနကလည်း ဘာကြီးသလဲ မမေးနဲ့''

အာကာ စကားကို မိုးဇော်က ဝင်ထောက်ခံစကား အငမ်းမရ ပြောသည်။ ကျော်လေးက

''ညီကို ရှေ့မှာထားပြီး မင်းတို့ စွဲမက်နီအကြောင်း ပြောနေကြသလား၊ ဟိုမှာ မျက်နှာကြီး အီးမှန်နေပြီကွ''

အားလုံး ညီမျက်နှာကို လှမ်းကြည့်မိကြသည်။ တကယ်ပဲ သက်မှူးညီ မျက်နှာကြီးက ညိုပုပ်လျက် ရှုတင်းတင်းကြီး ဖြစ်နေ၏။

''ကြိုပြောထားမယ် သျှင်မြတ်နိ၊ စွဲမက်နီနဲ့ ပတ်သက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ညီက မရဘူးနော်၊ တော်ကြာ မင်းတို့ ညီအစ်ကိုတွေ ပြိုင်ဘက်တွေ ဖြစ်ကုန်မှာ စိုးလို့ သတိပေးတာ''

ကျော်လေး စကားအဓိပ္ပါယ်ကို နားလည်စွာ သူ့ခေါင်းကို ခါရမ်းလိုက်မိသည်။

''မင်းတို့ ပြောမှ စွဲမက်နီ ဆိုတာ မိန်းမတစ်ယောက်မှန်း ငါ သိတာပါ၊ ငါ မေးတာ စိတ်ဝင်စားလို့ မဟုတ်ဘူး၊ ငါ့နာမည်နဲ့ ခပ်ဆင်ဆင် ဖြစ်နေလို့ မေးကြည့်မိတာပါ''

''အေးဟ ဟုတ်တယ် ဒီကောင်နဲ့ စွဲမက်နီ နည်းနည်းကာရံ တူနေသလိုပဲ၊ သျှင်မြတ်နီနဲ့ စွဲမက်နီ နီတွေချည်းပဲဟ''

''ဟုတ်ပ့ါ တိုက်ဆိုင်လိုက်တာ၊ သျှင်မြတ်နီ တဲ့၊ စွဲမက်နီ တဲ့ မောင်နှမတွေလည်း မဟုတ်ဘဲနဲ့''

တစ်ယောက် တစ်ပေါက် တအံ့တဩ ဆိုနေကြတော့ သက်မှူး ညီ တံတားဘောင်ပေါ်က လှားခနဲ ခုန်ဆင်းရင်း

''နာမည်ချင်း ဆင်တာများ ထူးဆန်းလို့လားကွာ၊ ကဲ အပိုတွေ ပြောမနေကြနဲ့တော့ လစ်ကြမယ်၊ နေရောင်တောင် ပျောက်နေပြီ''

ပြောလည်းပြော၊ ဆိုင်ကယ်ပေါ်ကို လှားခနဲ ခွတက်ပြီး ဖြစ်နေသော သက်မှူးညီကြောင့် သူတို့တွေလည်း တံတားဘောင်ပေါ်က ခုန်ဆင်းလိုက်ကြသည်။

''တွေ့လား သျှင်မြတ် ဒီကောင်က စွဲမက်နီနဲ့ ပတ်သက်ရင်





အထိမခံ ကိုရွှေပန်းကန်ကွ''

မိုးဇော်က သက်မှူးညီ မကြားအောင် တိုးတိုးလေး သူ့ကို ကပ်ပြောသည်။ သူ မဝေဖန်ဖြစ်ပေမယ့် ဆိုင်ကယ်ကို အရင်ဆုံး စက်နှိုးကာ မောင်းထွက်သွားသော ညီ့ကိုတော့ နားလည်လိုက်မိသလိုပါပဲ။

စွဲမက်နီ တဲ့လား။

ထူးထူးခြားခြား စိတ်ဝင်စားမိတာ မဟုတ်ပေမယ့် ဒီနာမည် ကိုတော့ သူ မှတ်မိသွားခဲ့သည်။

တိုက်ဆိုင်စွာ ကိုယ်နဲ့မှ နာမည်က လာဆင်တူနေသည့်အဖြစ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ကျောင်းတွေ အပ်တော့ သူတို့အားလုံး တက်ခွင့်ရကြတာ ဒသမတန်း ဆိုပေမယ့် အခန်းတွေတော့ ကွဲသွားခဲ့ကြသည်။

အခန်း (A)မှာ သူ အာကာနှင့် ကျော်လေးတို့ တက်ခွင့်ရသည်။ (B) ခန်းမှာက သက်မှူးညီနှင့် မိုးဇော်တို့ အုပ်စု။

"မင်းက စာတော်သားပဲကွ၊ ဒါကြောင့် အေခန်း တက်ခွင့်ရတာ၊ တစ်ခုတော့ ရှိတယ် ဆရာမ ဒေါ်သန်းမေက နည်းနည်းကြမ်းတယ်ကွ"

ကျော်လေးနှင့် အာကာက သည်ကျောင်း သည်ဆရာမတွေ အကြောင်း သိနေတာမို့ သူ့ကို ပြောပြကြသည်။

"ဆရာမ ဒေါ်သန်းမေက အပျိုကြီးကွ၊ ဘာဗီဇကြောင့်သလဲ





မမေးနဲ့၊ စာအသင်အပြတော့ ကောင်းတယ်၊ စာတော်တဲ့ ကျောင်းသားဆိုလည်း ချစ်ပါတယ်၊ စည်းကမ်းပိုင်းတော့ တစ်ချက်အမှားမခံဘူး"

သူ မမေးပါဘဲ ပြောနေတာ နားထောင်ရင်း ပထမဆုံး ကျောင်းတက်သည့်နေ့လေးမှာ သူ ဟိုငေးသည်ငေးနှင့်ပါပဲ။

"ဟော ဟိုမှာ စွဲမက်နီ"

ကျော်လေးအသံက ရေးကြီးသုတ်ပျာ လေသံမျိုး ဖြစ်သည်။ အာကာလည်း ချာခနဲ စာသင်ခန်းတံခါးဝကို လှည့်ကြည့်သည်။

ဒီနာမည်က သူ ရင်းနှီးကျွမ်းဝင်နေပြီးသော အမည်မို့ သူ လှည့်ကြည့်မိသည်။ တဒင်္ဂတော့ သူ ငေးငေးလေး နစ်မျောသွားမိတာ ဝန်ခံရမည် ဖြစ်၏။

ဝင်းနှစ်ပြီး နို့နှစ်ရောင် ဝါဝင်းနေသော အသားအရည်က နုညက်နေသည်။ ကျောလယ်ခန့်အထိ ရှည်သော နက်မှောင်သည့် ဆံနွယ်တွေကို သပ်သပ်ရပ်ရပ်လေး ဖြီးသင်ကာ ဆံညှပ်လေးနှင့် နှောင်ဖွဲ့သိမ်းထားသည်။ ကော့ညွတ်သွယ်တန်းပြီး အနားသပ်လေးတွေ ညီသော မျက်ခုံးလေးက ထင်းလို့၊ မျက်တောင်ကော့ကြီးတွေ ကာရံထားသော မျက်နက်ဝန်းလေးက ကြည်လင်ရှင်းသန့်နေ၏။

နှာတံစင်းစင်းလေးက ချွန်မြမနေဘဲ ကျစ်လျစ်ပေါ်လွင်သည်။ နှုတ်ခမ်းသားလေးတွေက ရှည်လျားကျယ်ပြန့်ပြီး ပါးလျပ်စိုလဲ့နေ၏။

မေးစေ့လုံးဝန်းဝန်းလေးမှာ နစ်ခွထင်သော အချိုင့်လေးက



www.burmeseclassic.com

www.burmeseclassic.com



ခပ်ရေးရေးလေး ထင်နေသေးသည်။

ရင်ဖုံးအင်္ကျီဖြူလေးက ချပ်ချပ်ရပ်ရပ်နှင့် အရပ်မြင့်မြင့်လေးက သူမရဲ့ ခန္ဓာကိုယ်အချိုးအဆစ်နှင့် လိုက်ဖက်ပါသည်။

အရယ်အပြုံးတို့ ကင်းစင်သော နှုတ်ခမ်းလေးတွေမှာ လျှို့ဝှက်မှုဆန်သော ညှို့ငင်အားတွေ ရှိနေသည်ဟု သူ ထင်မိ၏။

စွဲမက်နီ ဆိုသော နာမည်နှင့်လိုက်ဖက်အောင် သူမရဲ့ ညှို့ငင်အားတွေက အခန်းထဲက ကျောင်းသားတွေသာမက ကျောင်းသူတွေကိုပါ ငေးငေးလေး ကြည့်မိစေတဲ့ အထိပါပဲ။

အားလုံးက သတိထားကြည့်နေတာကို သူမ သိလျက်နှင့် ဘယ်သူ့ကိုမှ တစ်ချက်လေးတောင် ပြုံးမနှုတ်ဆက်ဘဲ ရှေ့ဆုံးက ခုံတန်းလေးမှာ သူမ ဝင်ထိုင်သွားခဲ့သည်။

"ဘယ်လိုလဲ သျှင်မြတ်နီ၊ မင်း လက်ခံသွားပြီမို့လား"

"ဘာကို လက်ခံရမှာလဲ ကျော်လေး"

"စွဲမက်နီရဲ့ အလှကိုလေ"

"အဟွန်း သိပ်မထူးဆန်းပါဘူး"

သူ စိတ်မဝင်စားသလိုပြောကာ စာအုပ်ကို ထုတ်ယူကြည့်နေလိုက်၏။ မျက်ဝန်းတွေထဲမှာတော့ စွဲမက်နီရဲ့ မျက်နှာလေးက ချက်ချင်း ပျောက်မသွားခဲ့ပါ။

"မင်း နောက်ပိုင်းကျရင် သူ့အကြောင်းတွေ ထပ်ပြီး သိလာ





ရမှာပါ"

သူ ယဲ့ယဲ့ကလေးပဲ ပြုံးနေလိုက်ပါသည်။ ဒီကောင်တွေ အားလုံးက ဂရုတစိုက် အလေးထားနေတော့ ဟိုက မာနတွေ လျှံတက်နေတာ ဖြစ်မည်။

"ဆရာမ လာနေပြီ"

အာကာက လက်တို့သတိပေးတော့ ကျော်လေး စကားသံတိတ်သွားခဲ့သည်။ ရွှေကိုင်းမျက်မှန်နှင့် ဆံပင်တွေကို သေသပ်စွာ ထုံးဖွဲ့ထားသော ဆရာမ ဒေါ်သန်းမေကို သူ ပထမဆုံး မြင်ဖူးတာပဲ ဖြစ်၏။

ရှုးရှုမျက်ဝန်းတွေနှင့် သနပ်ခါးမှုန်မှုန်လေးပဲ လိမ်းထားသော ဆရာမရဲ့ နှုတ်ခမ်းပိပိရိရိတွေက တိကျပြတ်သားသော စိတ်ကို မြင်နေရ၏။

သူတို့အားလုံး မတ်တပ်ရပ်ကာ နှုတ်ဆက်တော့ ဆရာမက ကျေကျေနပ်နပ်လေး ပြုံးကာ ပြန်နှုတ်ဆက်၏။

"မင်္ဂလာပါ တပည့်တို့ ထိုင်နိုင်ကြပါပြီကွယ်"

ပါဝါရွှေကိုင်း မျက်မှန်ထဲက မျက်ဝန်းတွေနှင့် ဆရာမ တစ်ခန်းလုံးကို ဝေ့ကြည့်ရင်း စားပွဲက ထိုင်ခုံမှာ ဝင်ထိုင်သည်။

စားပွဲထောင့်လေးမှာ တင်ထားသော ဖိုင်စာအုပ်လေးကို လှန်ကာ ဆရာမနာမည်စာရင်းတွေ ကြည့်နေ၏။ ပြီးမှ ခေါ်လာကာ

"မောင်သျှင်မြတ်နီ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာမခေါ်တော့ သူ ထရပ်ရင်း လက်ကလေးပိုက်ကာ ငြိမ်နေလိုက်၏။ အခန်းထဲက ကျောင်းသား ကျောင်းသူ အားလုံး သူ့ကို လှမ်းကြည့်ကြသည်။ ဒီမျက်ဝန်းတွေထဲမှာ စွဲမက်နီပါရဲ့လား သူ မသိပါ။

“မင်းက ကျောင်းသားသစ်နော်၊ ကဲ အားလုံးပဲ မှတ်ထားကြပါ၊ သူက ရန်ကုန်က ပြောင်းလာတဲ့ မောင်သျှင်မြတ်နီ တဲ့”

ဆရာမ မိတ်ဆက်ပေးနေချိန်မှာ သူ့မျက်ဝန်းတွေ ဝေ့ကာ စွဲမက်နီဆီ လှမ်းကြည့်မိ၏။ စွဲမက်နီရဲ့ မျက်ဝန်းစူးစူးလေးတွေ သူ့ကို စိုက်ကြည့်နေ၏။ သူမနှင့် နာမည်ချင်း ဆင်တူနေတာကြောင့် အံ့သြသလို ကြည့်တာပဲ ဖြစ်မည်။

“အားလုံး ညီအစ်ကို မောင်နှမလို သဘောထားကြပါ၊ ကဲ ပြန်ထိုင်နိုင်ပါပြီ မောင်သျှင်မြတ်နီ”

ဆရာမ ခွင့်ပြုမှ သူ ပြန်ထိုင်လိုက်သည်။ ထိုအချိန်ထိ စွဲမက်နီရဲ့ မျက်ဝန်းတွေက သူ့ထံက မခွာသေးတာမို့ သူ ခပ်စူးစူးလေးပဲ ပြန်ကြည့်လိုက်၏။

မျက်ဝန်းချင်းအဆုံမှာ သူမ မျက်ဝန်းတွေက ရုပ်သိမ်းသွားမည် ထင်ထားပေမယ့် သူနှင့်အပြိုင် စိုက်ကြည့်နေ၏။

ဒါမျိုးတော့ သျှင်မြတ်နီတို့က အရှုံးပေးသွားမည်ဟု ထင်မှတ်ထားသည်လား။ မျက်ခုံးတွေတွန့်ပြီး စူးစူးစိုက်စိုက်ကို မျက်တောင်မခတ်တမ်း ပြန်ကြည့်ပစ်လိုက်၏။





မျက်ဝန်းနှစ်စုံ အင်အားချင်း ပြိုင်ဆိုင်နေကြတာ အတော်ကြာသည်။

“စွဲမက်နီ”

ဆရာမရဲ့ အမည်ခေါ်သံကြောင့် သူမ အကြည့်တို့ ရုပ်သိမ်းကာ ထရပ်လိုက်ရတာ ဖြစ်၏။

“ရှိပါတယ် ဆရာမ”

သူမ ထပ်ပြီး သူ့ကို ရင်ဆိုင်ကြည့်ဦးမည်လား ဆက်ကြည့်နေပေမယ့် လှည့်ကြည့်မလာတော့ပါ။

“မင်းတို့နှစ်ယောက် စိန်ခေါ်နေကြတာလား သျှင်မြတ်နီ”

သူနှင့်စွဲမက်နီတို့ အမူအရာတွေကို အစအဆုံး မြင်တွေ့သွားပုံရသော ကျော်လေးက မေးသည်။ သူ ပြန်မဖြေဖြစ်ဘဲ ပြုံးလိုက်မိ၏။

“သွားမလုပ်နဲ့ သျှင်မြတ်နီ၊ မင်းပဲရှုံးသွားလိမ့်မယ်”

ဘာကို ရှုံးမှာလဲဟု သူ့စိတ်ထဲကပဲ မေးလိုက်မိသည်။ သျှင်မြတ်နီဆိုတဲ့ကောင်အကြောင်း ကျော်လေး မသိသေးလို့ ဖြစ်မှာပါ။

မင်းကို ရှုံးနိမ့်ဝပ်တွားသွားကြမယ့် သူတွေထဲမှာ သျှင်မြတ်နီဆိုတဲ့ကောင် ဘယ်တော့မှ မပါစေရဘူး ယုံ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သည့်နောက်ပိုင်းမှာလည်း စွဲမက်နီဆိုသော သူမနှင့် သူ ထပ်ပြီး သက်ဆိုင်မှုတွေ မရှိခဲ့တာ အမှန်ပဲ ဖြစ်သည်။ တစ်ခန်းတည်း စာအတူသင်နေကြသူတွေ ဖြစ်ပေမယ့် မျက်နှာချင်းဆိုင် ဆုံလို့တောင် ယောင်လို့ မပြုံးပြမိကြပါ။

အခန်းထဲက တခြားသော မိန်းကလေးတွေနှင့်သူ ခင်ခင်မင်မင် စကားပြောဖြစ်ပေမယ့် စွဲမက်နီ နှင့်တော့ လုံးဝ မပြောဖြစ်ပါ။

သူမကိုယ်တိုင်ကလည်း အခန်းထဲမှာ ရှိသော တခြားသော မိန်းကလေး သူငယ်ချင်းတွေနှင့်တောင် တရင်းတနှီး မရှိတတ်ပါ။ သူမအနားက သူငယ်ချင်းမိန်းကလေးတွေနှင့် စကားပြောဆိုတာလောက်ပဲ ရှိ၏။





သူ စိတ်မဝင်စားသော သူမအကြောင်းတွေကိုတော့ ကျော်လေးကို ဆုံလျှင် ပြောနေသော စကားတွေအရ သိခဲ့ရ၏။

စွဲမက်နီဆိုသော သူမရဲ့ မိဘတွေက ဒီမြို့မှာတော့ ပြည့်စုံချမ်းသာသော လူကုံထံအသိုင်းအဝိုင်းကဟု ဆိုရမည်။ စွဲမက်နီရဲ့ ဖခင်က ကိုယ်ပိုင်စက်ရုံကြီး ပိုင်ဆိုင်သည်။

စွဲမက်နီ အမေက ဈေးထဲမှာ ရွှေရတနာဆိုင်ကြီး ဖွင့်ထား၏။ ဒီမြို့မှာတော့ ရောင်းအားကောင်းပြီး နာမည်ကြီးသော ရွှေဆိုင်ကြီးတဲ့။

သူမရဲ့အလှတရားနှင့် မိဘတွေရဲ့ ဂုဏ်ရှိန်ဝါတွေကြောင့် ဘဝင်ကိုင်ပြီး သက်သက်မာနကြီးနေတာလား ဒါမှမဟုတ် ကျန်တဲ့သူတွေကိုပဲ သူနဲ့ မတူမတန်ဟု ယူဆကာ မာတင်းတင်း နေပြနေတာလား။

ဘာပဲဖြစ်ဖြစ် သူ့စိတ်ကတော့ စွဲမက်နီကို အထင်ကြီးတာ အမှန်ပဲ ဖြစ်သည်။

တစ်ကျောင်းလုံးမှာ စာအတော်ဆုံးဟု အားလုံးက ဆိုနေကြသော သူမသည် မုန့်စားကျောင်းဆင်းရင်တောင် အခန်းအပြင် ထွက်ခဲ့သည်။

ကျောင်းစာတွေ ကျက်ချင်ကျက် ဒါမှမဟုတ်လျှင် လေ့ကျင့်ခန်းတွေ တွက်ချက်နေတတ်တာ အစဉ်ဖြစ်သည်။

မမြင်ချင်ပါဘဲ မြင်နေရသော သူမရဲ့ ပုံစံကို ကြည့်ကာ သူ အလိုလို ကြည့်မရ ဖြစ်နေခဲ့တာ အမှန်။ တကယ့် ဟိတ်ကြီးဟန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွဲသားနှင့် နေတတ်တာကို သူ အမုန်းဆုံး ဖြစ်သည်။

တကယ်ဆို သျှင်မြတ်နီ ဆိုတဲ့ကောင်ကလည်း မိဘဂုဏ်အရှိန် အဝါ ကင်းမဲ့တဲ့ကောင်မှ မဟုတ်တာ။

ဖေဖေ ဦးမြတ်ကျော်က တိုက်နယ်ဆေးရုံကြီးရဲ့ ဆေးရုံအုပ်ဆရာဝန်ကြီး တစ်ယောက်ပဲလေ။ အစိုးရဝန်ထမ်း အထူးကုဆရာဝန်ကြီး တာဝန်ကျလေရာ အရပ်ဒေသတိုင်းကို အရိပ်လိုလိုက်နေရတဲ့ မေမေကလည်း ဘာအလုပ်အကိုင်မှ မရှိဘဲ နေသူတစ်ဦး မဟုတ်ပါ။

ဘိုးဘွားတွေရဲ့ အမွေဥစ္စာနေတွေ ပြီးပြည့်စုံပြီးသားဆိုပေမယ့် ရန်ကုန်က ကုမ္ပဏီတွေမှာ ရှယ်ယာဝင် ရင်းနှီးမြှုပ်နှံထားတာတွေက အများကြီး ဖြစ်သည်။

မိဘတွေရဲ့ ထည်ဝါမှုနှင့် ဂုဏ်ဒြပ်တွေကြောင့် မာနတံခွန် ထူရမယ်ဆိုရင်တော့ စွဲမက်နီထက် နှစ်ဆလောက် သူ ရင်ကော့ ခေါင်းမော့ပြလိုက်ချင်ပါသေးသည်။

စွဲမက်နီက တခြားသူတွေနဲ့ မပတ်သက်သလို ကင်းကင်းရှင်းရှင်း နေပြလေလေ သျှင်မြတ်နီဆိုတဲ့သူက အားလုံးနဲ့ ခင်ခင်မင်မင် ကျွမ်းကျွမ်းဝင်ဝင် တမင်နေပြမိသည်။

မင်းနဲ့ငါ နာမည်ချင်း ဆင်တူပေမယ့် အပြုအမူ အကျင့်စရိုက်ချင်း မတူချင်ဘူး စွဲမက်နီ။

အရာရာတိုင်းမှာ တန်ပြန်သက်ရောက်မှု ရှိတယ်ဆိုတဲ့ စကား





သာ မှန်ကန်ရင်တော့ ငါ ကြည့်မရသလို မင်းကလည်း ငါ့ကို မုန်းနေမှာ သေချာတယ်။ ငါကလည်း အဲဒီအမုန်းကိုပဲ လိုချင်ခဲ့တာပါ စွဲမက်နီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"မိုးဇော် ငါ့ကို ကွမ်းတစ်ယာလောက် ပေးစမ်းပါ"

ကျောင်းတက်ချိန် စောသေးတာမို့ ကျောင်းဝင်းအပြင်က သစ်ပင်အရိပ်အောက်မှာ သူတို့ အုပ်စုဖွဲ့ထိုင်နေကြတုန်း သူ လှမ်းပြောတော့ ကျော်လေး မျက်လုံးပြူးသွားသည်။

"ကွမ်းစားမလို့လား သျှင်မြတ်နိ၊ မလုပ်နဲ့နော် ဆရာမက လုံးဝ ကြိုက်တာ မဟုတ်ဘူးနော်"

ကျော်လေး စိုးရိမ်စွာ သတိပေးသည်။ မိုးဇော်ကလည်း စိုးရိမ်စွာ တား၏။

"ဟုတ်တယ်ကွ ဆရာမ ဒေါ်သန်းမေ သိရင် မလွယ်ဘူးနော်၊ ငါ မကျွေးချင်လို့ မဟုတ်ဘူး။ ကျောင်းဆင်းမှ စားပါလား"





"ပေးစမ်းပါကွာ၊ ခဏတွင်းချည်နေလို့ ပြဿနာ မရှိဘူး"

သူ ဖွတ်တောင်းနေတော့ မိုးဇော် ခပ်ရွံ့ရွံ့နှင့် လွယ်အိတ်ထဲက ကွမ်းထုပ်ကို လှမ်းပေးသည်။ သူ တစ်ယာထဲမဟုတ်ဘဲ နှစ်ယာယူကာ ပါးစောင်ထဲ ထည့်ဝါးလိုက်သည်။

"စားပြီးရင်တော့ မင်းနှုတ်ခမ်းနဲ့ လျှာတွေ ကွမ်းသွေးတွေနဲ့ နီမနေအောင် ပလုပ်ကျင်းတော့၊ ဆရာမ သိရင် နာပြီမှတ်"

ကျော်လေးပြောတာကို မကြားဟန်ပြုရင်း သူ ကွမ်းကို အားပါးတရ ဝါးလိုက်သည်။

"ဟော ဟိုကောင်က စွဲမက်နီနောက်က ကိုယ်ရံတော်လုပ် လိုက်လာတာကိုးကွ"

ဝေလင်း စကားကြောင့် အားလုံး လမ်းမကို လှမ်းကြည့်ကြသည်။ သူကတော့ ကွမ်းယာကို တမြုံ့မြုံ့ဝါးရင်း ကြိတ်ပြုံးမိ၏။ ဒီကောင်တွေ မမြင်ခင်ကတည်းက ထိုမြင်ကွင်းကို သူ မြင်တွေ့ပြီးနေပြီ။ သူ ထိုင်နေသည့် နေရာက လမ်းမကို မျက်နှာမူထားတာပဲလေ။

"သက်မှူးညီ ရောဂါက မသေးဘူး၊ စွဲမက်နီနဲ့ အခန်းချင်း မတူလို့ တော်သေးတယ်၊ နို့မို့ စာသင်တာ အာရုံမရှိဘဲ ဒီကောင် မျက်လုံးတွေက စွဲမက်နီဆီပဲ ရောက်နေမှာကွ"

အာကာ ပြောလောက်အောင်လည်း ညှိအခြေအနေက လွန် လွန်းတာ သူ သတိထားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ကြည့်မရသော စွဲမက်နီရဲ့ အရိုင်းကို ကျောင်းတက် ကျောင်းဆင်း အရိပ်လို စောင့်ကြည့်ရတာက တစ်ဒုက္ခ။ မုန့်စားကျောင်းဆင်းချိန်ဆို သူတို့အခန်းထဲအထိ ရောက်လာကာ စွဲမက်နီကို အရိပ်တကြည့်ကြည့် ဖြစ်နေတာ သူ သိသည်။

"ညီ မင်း ဘာလို့ အဲဒီလောက်ထိ စွဲမက်နီကို ငြိတွယ်နေရတာလဲ၊ တကယ်ကွာ လှတာလေး တစ်ခုကလွဲရင် မာနခေါင်ခိုက်ပြီး လူ့ကို လူမထင်တဲ့ မိန်းမကိုများ"

သူ မခံရပ်နိုင်စွာ ပြောတော့ သက်မှူးညီ ပြုံးပြုံးလေး ပြန်ကြည့်ရင်း

"မင်း သူ့အပေါ် အဲဒီလို သဘောထားတာ ငါ ကျေနပ်တယ်၊ ညီအစ်ကိုချင်း ငါ ပြိုင်ဘက် မဖြစ်ချင်ဘူး"

"တော်စမ်းပါကွာ ဝေးသေးတယ်၊ ခေါင်းထဲမှာကို စာရင်းမရှိတာ"

သူ ပြတ်သားစွာ ပြောလေ ညီက ကျေနပ်စွာ ပြုံးလေဖြစ်သည်။ နောက်ပိုင်းမှာ သူ သိခဲ့တာ ညီနှင့်စွဲမက်နီက မူလတန်းကတည်းက ငယ်ပေါင်းသူငယ်ချင်းတွေ ဖြစ်ခဲ့ကြသည်တဲ့။

အတူသွား အတူစား နေခဲ့ကြသည့် သံယောဇဉ် အဖြူရောင်တွေကို ညီဘက်က စတင် အရောင်ပြောင်းခဲ့တာ ကိုးတန်းကျောင်းသားဘဝမှာ ဖြစ်သည်။ ဒါကို စွဲမက်နီ သိတော့ သက်မှူးညီကို ငယ်စာရင်း





က ဖျက်ပစ်လိုက်၏။

ကျောင်းစာကလွဲပြီး ဘာကိုမှ အလေးမထားသော စွဲမက်နီရဲ့ ဥပေက္ခာတရားကို ညီ တော်တော်ပဲ ခံလိုက်ရသည်တဲ့။

အခုချိန်အထိ စွဲမက်နီနောက်ကို အရိပ်လို လိုက်ကာ တောင်းပန်ပေမယ့် စွဲမက်နီက စကားလေးတောင် တစ်ခွန်းပြန်မပြော။ အခုလည်း ကြည့်။ သူတို့နှင့်လိုက်မလာဘဲ စွဲမက်နီအနောက်က ပါလာသည်။

အပြာနုရောင် ကျောပိုးအိတ်လေး လွယ်ကာ လျှောက်လာသော စွဲမက်နီ မျက်နှာလေးက မာတင်းတင်းလေးနဲ့တောင် ကြည့်လို့ကောင်းနေတော့ ဟိုကောင်တွေ ဘာမှမဆိုနိုင်ဘဲ ငေးငေးလေး ရှိနေကြ၏။

သူကတော့ စွဲမက်နီရဲ့ အနောက်က မဝံ့မရဲနဲ့ ခပ်ခွာခွာလေး လိုက်လာသော ညီကိုလည်း စိတ်တိုချင်မိ၏။

မိန်းမ တစ်ယောက်ကို ဒီလောက် အောက်ကျခံရအောင်ပဲ ဒီကောင့် မာနတွေ မရှိတော့ဘူးတဲ့လား။

"ထွီ ပျစ်"

ထွေးရင်း ဒေါသထွက်လာတာမို့ ပါးစပ်ထဲက ကွမ်းတံတွေးတွေကို သူ ထွေးထုတ်ပစ်လိုက်သည်။ ဒါကိုပဲ ဖျတ်ခနဲ မျက်လွှာပင့်ကြည့်သည့် စွဲမက်နီ မြင်သွားတော့ မျက်ခုံးတန်းတန်းလေးတွေ စုကျုံ့သွား၏။

တဒင်္ဂလေးပဲကြာသည့် စွဲမက်နီ အကြည့်တွေထဲမှာ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



အထင်သေး ရှုတ်ချသော အရိပ်တွေ မြင်တွေ့သည်။ ဒါကိုပဲ ကျေနပ်စွာ ယှဲ့ယှဲ့ပြုံးရင်း သူ ပါးစပ်ထဲက ကွမ်းတွေကို ဆက်ဝါးနေလိုက်သည်။

ဆတ်ခနဲ သူမ အကြည့်တွေ ပြန်ရုပ်သိမ်းသွားခဲ့ကာ စလစ်ပါ ဖိနပ်အနက်ရောင်လေး စီးထားသော ခြေလှမ်းတွေ ကျောင်းဝင်းထဲ လှမ်းဝင်သွားခဲ့၏။

"ဟင် သျှင်မြတ် မင်း ကွမ်းတွေ စားနေတယ်"

သူ့ပါးစပ်ထဲက ကွမ်းတွေကို ကြည့်ရင်း သက်မှူးညီ အံ့ဩ စိုးရိမ်သလို ပြောတော့ သူ ရှုတည်တည်နှင့် ပြန်စိုက်ကြည့်ပစ်ရင်း

"ဘာဖြစ်လဲကွာ ကွမ်းစားတာ ငါ့ကို ဘာမှထိခိုက်မသွားဘူး။ ငါက အစွဲအလန်း မထားဘူး။ မင်းကိုယ်မင်း ဂရုစိုက်၊ အစွဲအလန်း ကြီးရင် ဒုက္ခရောက်တတ်တယ်"

ပြောရင်း သူ ပါးစပ်ထဲက ကွမ်းဝါးဖတ်တွေကို ထွေးထုတ်ပစ် နေတော့ သက်မှူးညီ ဘာမှမပြောဘဲ ခေါင်းလေးငုံ့သွားခဲ့၏။

တစ်လကျော်ပဲ ကွာသည့် ညီအစ်ကို ဝမ်းကွဲတွေမို့ စကားပြော လျှင် မင်းနဲ့ငါ ပြောကြတာတော့ မှန်သည်။ သူ ဆူပူဆုံးမလျှင်တော့ သက်မှူးညီ ခွန်းတုံ့ပြန်ပြောတာမျိုးတော့ မရှိပါ။

အခုလည်း နှုတ်ဆိတ်ငြိမ်နေသည်။

အားလုံးကတော့ သက်မှူးညီ ငြိမ်သွားတာကို ကျေနပ်စွာ ကြည့်နေကြသည်။ စွဲမက်နီကြောင့် သက်မှူးညီ ကျူရှင်တောင် လိုက်





မတတ်နိုင်ဘဲ ပညာရေးကို ပေါ့လျော့နေတာ အမှန်။

အခါလွန်မှ ဒီကောင် နောင်တတွေ မရစေချင်ပါ။

■ ■ ■

"မောင်သျှင်မြတ်နီ"

"ရှိပါတယ် ဆရာမ"

သူ့အမည်ကို ဆရာမခေါ်တော့ မတ်တပ်ရပ် လက်ပိုက်ထူးပြီး ပြန်ထိုင်ဖို့တောင် အခွင့်မရလိုက်ပါ။

"နေ နေဦး လာစမ်း မင်း ငါ့အနားလာစမ်း"

ဆရာမ ရွှေကိုင်းမျက်မှန်ကို ပင့်တင်ပြီး သူ့ကို လှမ်းခေါ်သည်။ သူ့ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားပေမယ့် ဆရာမဆီကို ရဲရဲတင်းတင်းပဲ လျှောက်ခဲ့သည်။

"ဟာစမ်း မင်းပါးစပ် ဟာစမ်းပါ"

ဆရာမ စေခိုင်းသည့်အတိုင်း သူ ပါးစပ်ဟာပြလိုက်သည်။ ဘယ်လောက်ပဲ ပလုပ်ကျင်းပြီး ကွမ်းတွေ ထွေးထုတ်ခဲ့ပါစေ။ ရဲရဲနီနေသော သူ့သွားနှင့် လျှာကို ဆရာမမြင်တွေ့သွားမှာ သေချာ၏။

"မင်း ကွမ်းတွေစားထားတယ် မဟုတ်လား သျှင်မြတ်နီ"

"ဟုတ်ကဲ့ ဆရာမ"

သူ့ဝန်ခံစကားကြောင့် ဆရာမ မျက်နှာ ဒေါသရောင်တွေ ချက်ချင်း အရိပ်ထင်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကျောင်းသားတစ်ယောက် မဟုတ်ဘူးလား၊ ကွမ်းစား ဆေးလိပ်သောက်စရာလား၊ ဒီလို စည်းကမ်းမဲ့တဲ့ စရိုက်တွေ ငါလုံးဝ မကြိုက်ဘူး၊ မင်း အခု လက်ဝါးဖြန့်စမ်း"

ဆရာမ ဒေါသတွေ တရိပ်ရိပ်တိုးလာတာ သူ မြင်နေသည်။ တစ်တန်းလုံး တိတ်ဆိတ်နေ၏။ ကျော်လေးနှင့်အာကာလည်း သူ့ကို လှမ်းကြည့်ကာ စိတ်မကောင်းဖြစ်နေမှာ မလွဲပါ။

ကျောင်းမတက်ခင်က သူ ကွမ်းတောင်းစားတော့တောင် သတိ ပေးခဲ့ကြသေးသည်။

"ရွှမ်း ရွှမ်း"

ဖြန့်ထားသော သူ့လက်ဖဝါးတွေ ထူပူစပ်ဖျဉ်းသွားတာ အမှန်။ ဆရာမရဲ့ ကြိမ်လုံးလေးက လေထဲကို ထပ်မြောက်တက်သွားပေမယ့် သူ တစ်ချက်လေး မတွန့်ဘဲ ခံယူသည်။

"ရွှမ်း ရွှမ်း ရွှမ်း"

"ဒီမှာ သျှင်မြတ်နိ ကျောင်းသားတစ်ယောက် ကွမ်းမစား ဆေးလိပ်မသောက်ရဘူးဆိုတာ မင်း သိတယ်၊ ဒါ စည်းကမ်းပဲ၊ ကလေ ကချေ စရိုက်တွေ မင်းမလုပ်နဲ့၊ မင်းမိဘ သိက္ခာ ကိုယ့်သိက္ခာကို မင်း အလေးထားပါ၊ သွား နောက်တစ်ခါ ဒါမျိုး ဆရာမ မမြင်ချင်ဘူး"

"ဟုတ်ကဲ့ပါ ဆရာမ"

သူ ဆရာမရှေ့က ရိုကျိုးစွာပဲ လှည့်ထွက်ခဲ့သည်။ တစ်ခန်းလုံး





ရဲ့ အကြည့်တွေ သူ့ကို ငေးကြည့်နေကြမှာ သေချာ၏။

"ငါ သတိပေးရက်နဲ့ကွာ မင်းက"

ကျော်လေး သူ့ကို အပြစ်တင်သည်။ သူ ဘာမှခွန်းတုံ့ မပြန် ဘဲ စွဲမက်နီကို လှမ်းကြည့်မိသည်။

သူ မျှော်လင့်ထားသည့်အတိုင်း သူမ မျက်ဝန်းတွေ သူ့ကို စိုက်ကြည့်နေခဲ့သည်။ လှပဝိုင်းစက်သော မျက်နက်ဝန်းလေးတွေထဲမှာ အထင်သေး ရွံချနေသော အရိပ်တွေ ပျော်ဝင်နေခဲ့၏။

နှုတ်ခမ်းပါးလေးတွေ မဲ့ခနဲ ဖြစ်သွားကာ သူမ အကြည့်တွေ လွှဲသွားတော့ သူ ပြုံးလိုက်မိသည်။

သျှင်မြတ်နိ ဆိုတဲ့ကောင်က မင်း အထင်သေး နှိမ်ချစရာ ကောင်းတဲ့ ကောင်တစ်ကောင်လို့ပဲ ယုံထားလိုက်စမ်းပါ စွဲမက်နီ။

ငါလိုချင်တာ အဲဒါပဲလေ။ မင်းရှေ့မှောက်မှာ တမင် ကွမ်းစာ ပြခဲ့တာ ဒါကြောင့်ပေါ့။ အခုလို ဆရာမက သိသွားပြီး ငါ့ကို ဆုံးမလိုက် တော့ ပိုပြီး လေးနက်သွားတယ် စွဲမက်နီ။

သျှင်မြတ်နိဆိုတဲ့ ကောင်က ပေပေတေတေ ကောင်တစ် ကောင်ပဲ။ ဒီထက်မပိုပါဘူး။ ဒါပေမဲ့ . . ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

သက်မှုးညီကို ဒီရက်တွေမှာ သူ ပိုမိုပြီး သတိထားမိလာသည်။ ညနေတိုင်း သူနှင့်စာကျက်ဖို့ အိမ်မှာ ညအိပ်ရောက်လာတတ်သည်။

တကယ်ဆို ဒါ ညီရဲ့ ဆန္ဒအရင်းခံ မဟုတ်ဘဲ သက်မှုးညီ မိဘတွေက သူနှင့်စာကျက်ဖို့ လွှတ်လိုက်တာကြောင့်ဆိုတာ သူ သိ၏။

"ဒယ်ဒီတို့က ငါ စာမကျက်လို့တဲ့ကွ ကျူရှင်ကိုလည်း မင်းတို့နဲ့အတူ မတက်လို့တဲ့ ပွမ်နေတယ်"

"သူတို့ပြောတာ အမှန်တွေပဲလေ၊ မင်းက သူငယ်ချင်းတွေနဲ့အတူ မတက်ဘဲ ဘာလို့ ခွဲထွက်ပြီး တခြားကျူရှင်မှာ သွားတက်ရတာလဲ"

သူ မေးတော့ ညီ မဖြေပါ။ ဘယ်ဖြေနိုင်မှာလဲ။ ဒီကောင့်





ရည်ရွယ်ချက်ကို သူ သိထားသည်ကိုး။

သက်မှုးညီ သူတို့နှင့်အတူ ကျူရှင်လိုက်မတက်ဘဲ တခြားသော ကျူရှင်မှာ တက်နေတာ စွဲမက်နီကြောင့်ပဲ ဖြစ်သည်။ ထိုကျူရှင်က စွဲမက်နီတို့လမ်းကို ဖြတ်သွားရတာက တစ်ချက်။

ကျူရှင်ချိန်လစ်ပြီး စွဲမက်နီတို့ အိမ်ရှေ့က လှမ်းကျော်တို့ အိမ်သွားကာ နေလို့ရတာက တစ်ချက်ကြောင့်ဆိုတာ သူ စုံစမ်းပြီးပြီ။

"မင်း ဒီအတိုင်းပဲ ရှေ့ဆက်သွားမှာလား ညီ"

သူပြောတော့ သက်မှုးညီ ပြန်မဖြေဘဲ ခုတင်ပေါ်မှာ ဆန့်ဆန့်ကြီး လှဲနေသည်။ အိမ်မှာ စာအတူလာကျက်သည်ဆိုကာ စာကြည့်စားပွဲမှာမရှိပါဘဲ ခုတင်ပေါ်မှာပဲ ပိုးလိုးပက်လက် အမြဲဖြစ်နေတတ်သည်။

တစ်ရက် နှစ်ရက်တော့ သူ ဘာမှမပြောဖြစ်ပေမယ့် ဒီထက်ပိုလာတော့ မေးမိသည်။

"ငါ မေးတာ ဖြေဦး ညီ၊ မင်း ဒီပုံလုပ်နေတာ မဟုတ်ရသေးဘူး"

"ငါ ဘာလုပ်နေလို့လဲ သျှင်မြတ်ရာ၊ ငါ စာကျက်လို့မရသေးလို့ မကျက်တာပါ၊ အခုမှ ကျောင်းဖွင့်စပဲ ရှိသေးတာကို၊ ဘယ်အချိန်ကျက်ကျက် ပြဿနာမရှိပါဘူး အောင်ပြီးသား"

"အလွယ်မပြောနဲ့ ညီ၊ တစ်နေ့စာ တစ်နေ့ကျက်ရမှာ ကျောင်းသားအလုပ်ပဲ၊ မင်းက စာမေးပွဲနီးမှ ကသောကမျော ကျက်မှာမို့တော့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သင့်ဘူး''

သူ ပြောနေတော့ သက်မှူးညီ ခုတင်ပေါ်က လေးလေးပင်ပင်ကြီး ကုန်းထလာကာ စာကြည့်စားပွဲမှာ ဝင်ထိုင်သည်။

ညီကိုကြည့်ရင်း သူ စိတ်ပျက်သွားသည်။ ကြည့်လေ စာကြည့်စားပွဲမှာ ဝင်ထိုင်ပုံက သူ ဆူပူလို့ ဝင်ထိုင်ရသည့်ပုံ။

''မင်း ဒီလိုပုံစံနဲ့ စာကျက်တော့ ခေါင်းထဲ ဘယ်လိုရောက်မလဲ''

''အင်း ငါ သိတယ်၊ အဲဒါကြောင့် ငါ စာမကျက်ဖြစ်တာပါ၊ မင်း ငါ့ကို နားလည်ပေးပါ သျှင်မြတ်ရာ၊ အခု ငါ စိတ်တွေ လေနေတယ်''

''ဘာကို နားလည်ပေးရမှာလဲ၊ မင်း ခံစားနေရတာ စွဲမက်နီကြောင့်ဆိုတာ ငါ သိတယ်၊ အဲဒါကိုပဲ ငါက မကြိုက်တာ''

သက်မှူးညီ သူ့ကိုလှည့်ကြည့်ကာ ခေါင်းကို ခါရမ်းသည်။ ညာဘက်ကို ခွဲကာ ဖြီးသင်ထားသော ဆံနွယ်တွေ နဖူးပေါ်ဝဲကျကုန်သည်။ အသားရောင်က ညိုညက်ညက်နှင့်ယောကျ်ားပီသသော မျက်နှာကျက သက်မှူးညီကို လူချောတစ်ယောက်ဟု ဆိုနိုင်သည်။

ပြောရလျှင် သူက ညီထက် အသားဖြူနုကာ မျက်ခုံးမျက်လုံးတွေက ပိုပြီး မိန်းမဆန်ဆန်ချောပါသည်။ ညီအစ်ကို ဝမ်းကွဲဆိုပေမယ့် ထင်စရာတောင် မရှိအောင် ကွဲပြားသည်။

အခုတော့ ညီရဲ့ စိတ်ဓာတ်က ပျော့ညံ့တာ သူ့ထက်တောင်





ဆိုးလွန်းနေ၏။ ညီသွေးထဲမှာ သူ့လို စိတ်ဓာတ်မျိုး ရှိစေချင်၏။

''စွဲမက်နီက ငါ့ရဲ့ငယ်သူငယ်ချင်းပါကွာ၊ သံယောဇဉ်တွေ အထပ်ထပ် နှောင်ဖွဲ့ခဲ့ရတဲ့ သူငယ်ချင်း''

သူ သိထားပြီးသော အကြောင်းတွေကို ညီ ရင်ဖွင့်နေပြန်၏။ နားမထောင်ချင်ပေမယ့်လည်း ညီ့ရင်ထဲက ခံစားချက်တွေ ပေါ့ပါးသွားအောင် သူ နားထောင်ပေးလိုက်ပါသည်။

''စွဲမက်ကို သံယောဇဉ်တွေနဲ့ နှောင်တွယ်ပြီး ငါ ချစ်ခဲ့တာပါ၊ ဒါပေမဲ့ စွဲမက် ရက်စက်တယ်၊ ငယ်သူငယ်ချင်းဆိုတဲ့ သံယောဇဉ်လေးတောင် မထောက်ထားဘူး၊ လုံးဝကို ဥပေက္ခာပြုလိုက်တာ ငါ အရမ်းခံစားရတယ်ကွာ''

ညီ စကားကို နားထောင်နေရင်း သူ့အာရုံထဲ တိုးဝင်လာတာ စွဲမက်နီရဲ့ ပုံရိပ်ပဲ ဖြစ်သည်။ အမြဲတမ်း အပြုံးတို့ ကင်းစင်ကာ မဲ့ရိပ်ဆန်နေတတ်သော မျက်နှာ။

နည်းနည်းက်နေအောင် လှပချောမောသော မျက်နှာလေးက မဲ့ရိပ်ဆန်နေတာတောင် စွဲမက်စရာကောင်းနေတာကြောင့် ညီ စွဲစွဲလန်းလန်းဖြစ်နေတာလား။

''အခုချိန်မှာ စွဲမက်နဲ့ အရင်လို ဘဝလေး ပြန်ရချင်တယ်ကွာ၊ ငါ မမျိုသိပ်နိုင်ဘဲ ဖွင့်ပြောလိုက်မိတာ သိပ်မှားသွားတယ်''

''ညီ တကယ်ဆို မင်းအရွယ်က ပညာရေးကို ဦးစားပေးခဲ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ပါကွာ၊ အဲဒီကိစ္စကို မင်း ခဏမေ့ထားလိုက်၊ ဆယ်တန်းဆိုတာ ဘဝအတွက် အရေးပါတဲ့ လှေကားထစ်ပဲ၊ မင်း ကြိုးစားစမ်းပါ၊ ပြီးမှ မင်းကိစ္စကို ဆက်လုပ်''

သူ အကြံပေးတော့ ခေါင်းမညိတ် ခေါင်းမခါဘဲ သက်မှူးညီ တွေတွေကြီး ငြိမ်သက်နေပြန်သည်။

တကယ်ခက်တဲ့ကောင်။ နားဝင်အောင် သူ ဘယ်လိုပြောရမည်လဲ မသိ။ ခက်နေတာက ဒီကောင်နဲ့သူက အသက်ချင်းက သိပ်မကွာတော့ ဆိုသည်။ သူ့ထက်သာ နှစ်နှစ်သုံးနှစ် ငယ်တဲ့ကောင်ဆို ထိုးကြိတ်ပြီး ဆုံးမပစ်လိုက်ချင်သည်။

တော်တော်ခက်တဲ့ကောင်။

ဒီကောင့်ကြောင့် သူ့ရဲ့ စာကျက်ချိန်တွေတောင် ပွန်းပဲ့ကုန်ပြီ။ သူ့ထိုက်နဲ့သူ့ကံ ရှိစေတော့။

■ ■ ■



## အခန်း (၆)

''ဒီနေ့ မိုးမရွာတာ အတော်အဆင်ပြေတယ်''

ကျူရှင်အပြန်မှာ ပိုက်ဆာလာတာမို့ လက်ဖက်ရည်ဆိုင်လေးကို သူတို့ အုပ်စု ဝင်ထိုင်ဖြစ်ကြသည်။ အာကာက ပေါက်စီတစ်လုံး စားရင်း ရာသီဥတုအခြေအနေကို ချီးကျူးစကား ဆိုနေခြင်း ဖြစ်၏။

''ငါတော့ မိုးဥတုကြီး မကြိုက်ဘူး''

''ငါကတော့ ဆောင်းကို မုန်းတာကွ''

''ဟာ အေးအေးချမ်းချမ်း ရာသီကို မင်းက ဘာလို့ မကြိုက်ရတာလဲ ဖော်မိုးရ''

''ဟ ဘာဖြစ်ရမှာလဲ ဝေလင်းရ၊ အစောကြီး ထပြီး စာကျက်ခိုင်းတဲ့ ငါ့အဖေကြောင့်ပေါ့၊ စဉ်းစားကြည့် ငါကချမ်းချမ်းနဲ့ ကွေးရတဲ့အရသာကို ခံစားချင်တာ၊ ငါက ညဘက် ဘယ်လောက် ညဉ့်နက်နက်ထိ



www.burmeseclassic.com

www.burmeseclassic.com



ကျက်ရ ကျက်ရ ကျက်နိုင်ကယ်၊ စောစောတော့ မတချင်ဘူးကွ"

"ဟော့ကောင် ကောင်းမှ ချမ်းပြီး ကွေးလို့ကောင်းတာ မဟုတ်ဘူး မိုးအေးရင်လည်း ခြင်ထောင်ထဲမှာ ဖိမ်နဲ့ကွေးကောင်းတာပဲ"

တစ်ယောက်တစ်ပေါက် ပြောကြဆိုကြရင်း ကျောင်းစာတွေကို မေ့ပစ်ထားရသော အချိန်လေးကလည်း ကြည်နူးစရာပါပဲ။

"ဟော မာန်တော် ဘုရင်မ ကြွချည်လာတယ်ဟေ့"

လမ်းမဘက်ကို မျက်နှာမူထိုင်နေသော အာကာအသံကြောင့် အားလုံး ချာခနဲ လှည့်ကြည့်လိုက်မိကြသည်။

ရှုပါကပ်ဆိုင်ကယ် အသစ်စက်စက် အနီရောင်လေးနှင့် စွဲမက်နီ ညင်ညင်သာသာလေး မောင်းနှင်လာသည်။

အမြဲတမ်း ကျောင်းဝတ်စုံနှင့်ပဲ မြင်နေကျ စွဲမက်နီသည် အခုတော့ ပန်းဆီရောင် တီရှပ်လက်ပြတ် ကိုယ်ကျပ်အင်္ကျီလေးနှင့် ချည်သားဘောင်းဘီနက်ပြာကွက်လေးနှင့် တစ်မျိုးလေး လှနေသည်။

ဆိုင်ကယ်စီး ဦးထုပ်လေးက မေးကြိုးသိုင်း ဂိုက်ဘာဦးထုပ်လေးပဲ ဖြစ်တာမို့ စွဲမက်နီရဲ့ မျက်နှာအလှလေးကို ကွယ်ဝှက်မထားပါ။

"ဘယ်အချိန်ကြည့်ကြည့် လှတာ အမှန်ပဲကွ"

"ဒါကြောင့်လည်း ဟိုကောင် သက်မှူး စွဲမက်မှ စွဲမက် ဖြစ်နေကာကွ"

"သက်မှူးမှ မဟုတ်ပါဘူးကွာ၊ စွဲမက်နီကို ယောကျ်ားလေး





တိုင်းက စိတ်ဝင်စားကြတာပဲလေ၊ ကျောင်းအုပ်ဆရာကြီး ရုံးခန်းရှေ့မှာ ကြောက်လို့ အဝေးကကြည့် သက်ပြင်းချ တံတွေးမျိုနေကြရကာပါကွ ဂလု"

ဝေလင်းက ပြောရင်း စကားအဆုံးမှာ တံတွေး မျိုချသံကြီး လုပ်ပြလိုက်တာမို့ အားလုံး ပြုံးမိကြသည်။

ဆိုင်ကယ်လေးက သူတို့ထိုင်နေသော လက်ဖက်ရည်ဆိုင်လေးရှေ့မှာ ထိုးရပ်သွားခဲ့၏။ သူတို့ စကားသံတွေလည်း ချက်ချင်း တိတ်ကျသွားခဲ့သည်။

စွဲမက်နီ ဆိုင်ကယ်စီးဦးထုပ်လေးကို ချွတ်ကာ လက်ကိုင်လေးမှာ ချိတ်သည်။ ထွေးခနဲ ဝဲလွင့်ကျလာသော ဆံနွယ်တွေ စွဲမက်နီမျက်နှာပေါ် ပြန့်ကျသွားပုံလေးကအစ ကြည့်ကောင်းသည်။

မျက်နှာလေးပေါ် ကျလာသော ဆံနွယ်တွေကို စွဲမက်နီ လက်ချောင်းလေးတွေနဲ့ အသာသပ်တင်သည်။

ဆိုင်ထဲကို ဝေ့ကြည့်ရင်း သူတို့အုပ်စုကို မြင်သည်နှင့် မျက်နှာလေး တည်ခနဲ တင်းသွားသည်။

ဝိုင်းကြည့်နေသည့် သူအားလုံး မျက်လွှာတွေချကာ ရင်မဆိုင်ရဲသလို အကြည့်လွှဲကုန်၏။

သူ့ တစ်ယောက်ပဲ တမင်စူးစူးနစ်နစ် မျက်မှောင်ကြီး ကုပ်ပြီး ကြည့်နေလိုက်၏။ အောက်ကို့ခံပြီး သူမရဲ့ အပြုံးတစ်ခုကို မြင်

www.burmeseclassic.com



နေတာမဟုတ်ဘဲ တမင်စိန်ခေါ်ကြည့်တာကို စွဲမက်နီ သိမှာပါ။

သူမ မျက်ခုံးတန်းတန်းလေးတွေလည်း ချက်ချင်းကွေးသွားကာ တစ်ချက်စူးစူးလေး ကြည့်သည်။ ပြီးတော့ ချက်ချင်း မျက်နှာလွှဲသွား၏။

လျှပ်ပြက်သလို တခဏလေးပေမယ့် သူမ မျက်ဝန်းတွေထဲက ရောင်စဉ်တွေကို သူ မြင်လိုက်ပါသည်။

သူ့လိုပဲ သူမကလည်း စိန်ခေါ်ကြည့်သွားတာဟုပဲ ယုံသည်။

စောစောက အားလုံး ပြောချင်တာပြော စကားတွေ ဖောင်ဖွဲ့နေကြသူအားလုံး တိတ်ကျသွားတာကို သူ အလိုမကျချင်ပါ။

ဘာကြောင့်များ စွဲမက်နီ ကို မြင်လိုက်တာနဲ့ ဒီကောင်တွေ ဦးညွှတ်ကျသွားခဲ့တာလဲ မပြောတတ်။

"ညီလေးရေ စီးကရက်တစ်ပွဲ ပေးကွာ၊ မီးခြစ်ပါ ယူခဲ့ဟေ့"

စားပွဲထိုးလေးကို အသံကျယ်ကျယ်ကြီးနှင့် လှမ်းမှာလိုက်သော သူ့အသံကြောင့် အာကာတို့ ပြူးတူးပြဲတဲ ကြည့်ကြ၏။

"ဘာလုပ်မလို့လဲ သျှင်မြတ်နီ၊ မင်း သောက်တတ်တာ မဟုတ်"

သူ မျက်စိတစ်ဖက် မှိတ်ပြတော့ တိုးတိုးလေး မေးသည့် အာကာအသံက တိခနဲ ရပ်သွားခဲ့၏။

အားလုံး သူ့ကို နားမလည်နိုင်သော မျက်လုံးတွေနဲ့ ငေးကြည့်





နေကြသည်။

စားပွဲထိုး ချာတိတ်လေး ယူလာပေးသော စီးကရက်ပွဲထဲက တစ်လိပ်ကို သူ လှမ်းယူပြီး မီးညှိနေတာကို ကောင်တာရှေ့မှာ ရပ်နေသော စွဲမက်နီ မြင်တွေ့မှာ သေချာပါသည်။

တစ်ချက်ဖွာ မီးခိုးငွေ့တွေကို မှုတ်ထုတ်၊ စီးကရက်လေးကို စတိုင်လည်းကျကျ သောက်ပြနေတာကို ဟိုကောင်တွေ တမေ့တမော။

လက်ဖက်ရည်ပါဆယ်တွေဆွဲကာ ပြန်ထွက်လာသော စွဲမက်နီ သူ့ကို တမင်လှည့်မကြည့်ပါဘဲ ဆိုင်ကယ်ပေါ်တက်ကာ မောင်းထွက်သွားခဲ့၏။

မင်း မျက်ဝန်းတွေကို ငါ မမြင်ပေမယ့် မင်းရင်ထဲကို ငါ မြင်နေတယ် စွဲမက်နီ။

သျှင်မြတ်နီ ဆိုတဲ့ကောင်က မင်းအမြင်မှာ ကလေကချေကောင်တစ်ယောက်လို့ မင်း ထင်နေပြီမို့လား။ ရှုတ်ချနေပြီမို့လား။

ငါလိုချင်တာ အဲဒါပဲလေ။

"မင်း မသောက်တတ်ဘဲ ဘာလို့ သောက်နေတာလဲ"

ကျော်လေး မေးတော့ သူ မဲ့ခနဲ ပြုံးရင်း စီးကရက်ကို မြေပြင်ပေါ် ပစ်ချပြီး ဖိနပ်ဦးနှင့် နင်းခြေပစ်လိုက်၏။

"တမင် စွဲမက်နီ ရှေ့မှာ သောက်ပြလိုက်တာကွ"

"ဘာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"တမင်သောက်ပြတာ ဘာလို့လဲကွာ"

"ရှင်းနေတာပဲကွာ သျှင်မြတ်နီ ဆိုတဲ့ကောင်က ကွမ်းသမား ဆေးသမား တောလေကောင်လို့ သူ ထင်သွားအောင် လုပ်ပြနေတာ"

"ဟင်"

အားလုံး နားမလည်သလို ဝိုင်းကြည့်နေတော့ သူ ပြုံးပြုံးလေး နှင့် လက်ကာပြရင်း

"ဘာကြောင့်လဲ ထပ်မမေးနဲ့၊ ကြည့်မရလို့လို့ပဲ ငါ ဖြေမယ်၊ ကဲ လစ်ကြရအောင်"

သူ ယတိပြတ်ပြောတော့ ဘယ်သူမှ မေးခွန်း ဆက်မထုတ်ကြ တော့ပါ။ သူ့လုပ်ရပ်အတွက် အံ့သြနေကြသည်လား။

သူကတော့ ငြိမ်ငြိမ်လေးပဲ ပြုံးနေလိုက်ပါသည်။

သူ ဘာကောင်လဲဆိုတာ စွဲမက်နီပဲ သိစေချင်သည်။ အချိန် တန်ရင်တော့ သိမှာပါ။

အဲဒီအခါကျရင် စွဲမက်နီ မျက်နှာပေါ်က ခံစားမှုတွေကို သူ အရသာခံ ကြည့်ချင်ပါသေး၏။

အခုတော့ . . ။

■ ■ ■



## အခန်း (၇)

ဒသမတန်း၏ ပထမ သုံးလပတ် စာမေးပွဲ အပြီးမှာတော့ အတန်းပိုင်ဆရာမ ဒေါ်သန်းမေ ကိုယ်တိုင်တော အတန်းသားအားလုံးပါ အံ့သြသွားစေသော အပြောင်းအလဲ တစ်ခု ဖြစ်သွားခဲ့သည်။

အမြဲတမ်းလိုလို တစ်တန်းလုံးရဲ့ အဆင့်တစ်နေရာကို အပိုင် သိမ်းရယူထားသော စွဲမက်နီအထက်မှာ သျှင်မြတ်နီ ရောက်သွားခဲ့၏။

"ရမှတ်ပေါင်း ငါးရာ့ဆယ့်နှစ်မှတ်နဲ့ သျှင်မြတ်နီက အဆင့် တစ်၊ စွဲမက်နီက ငါးရာ့ဆယ်မှတ်နဲ့ အဆင့်နှစ် ရတယ်"

ပညာရည်တိုးတက်မှု မှတ်တမ်းတွေကို ကြည့်ကာ ဆရာမက ကြေညာတော့ အတန်းသားအားလုံးရဲ့ အကြည့်တွေက သူ့ဆီမှာ အထင် ကြီး အားကျစွာ ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ မိန်းကလေးတန်း Roll ၏ ရှေ့ဆုံးခုံတန်း ညာအစွန်မှာ ထိုင်နေသော စွဲမက်နီကို လှမ်းကြည့်လိုက်သည်။

ဆရာမ ကြေညာချက်ကို မယုံနိုင်သလို မျက်လုံးလေးဝိုင်းကြည့်နေသော စွဲမက်နီ ပါးစပ်လေး အဟောင်းသား ဖြစ်နေရှာ၏။ ပြီးမှ သူရှိရာကို ချာခနဲ ခေါင်းလေး လှည့်ကြည့်၏။

သူ နှုတ်ခမ်းလေးတွေ လွန့်လွန့်ပြုံးကာ သူမကို ရင်ဆိုင်ကြည့်နေလိုက်သည်။

ကဲ ဘာတတ်နိုင်သေးသလဲ စွဲမက်နီ။

သျှင်မြတ်နီ ဆိုတဲ့ကောင်က မင်းလို စာဂျပိုးတစ်ယောက်မဟုတ်ဘူး။ မာန်မာနကြီးတဲ့ကောင် မဟုတ်ဘူး။ ကွမ်းတပျစ်ပျစ်ဝါးလက်ဖက်ရည်ဆိုင်ထိုင် အချိန်ဖြုန်းတတ်တဲ့ တေလေဂျပိုးကောင် တစ်ကောင်ပဲ။ အဲဒီလို ကောင်တစ်ယောက်က မင်းထက် သာတယ်ဆိုတာတော့ မင်း လက်ခံရလိမ့်မယ် စွဲမက်နီ။

"သျှင်မြတ်နီ မင်း တကယ်တော်တယ်ကွာ"

"မင်းအရည်အချင်းကို ငါတို့ လေးစားချီးကျူးတယ် သူငယ်ချင်း"

အာကာနှင့် ကျော်လေးတို့ သူ့ပခုံးကို ဆုပ်ကိုင်ပြီး ချီးကျူးစကားတွေ ဆိုကြသည်။ သူကတော့ ကျေကျေနပ်နပ် ပြုံးလို့ စွဲမက်နီကိုပဲ ငေးကြည့်နေလိုက်သည်။

ဒီတစ်ခါတော့ စွဲမက်နီ သူ့ကို ကြာရှည်စွာ ရင်ဆိုင်ကြည့်နိုင်





စွမ်း မရှိပါ။ မျက်တောင်ကော့ကြီးတွေ ပုတ်ခတ်ပြီး ရှောင်လွှဲသွားခဲ့ပါသည်။

ဒီလိုပဲ ဖြစ်ရမှာပေါ့ စွဲမက်နီ။ မင်းကိုငါ အနိုင်ရလိုက်တယ်ဆိုတာကို မင်း လက်ခံရမှာပေါ့။ ငါ့အတွက်တော့ တကယ် အရသာရှိတဲ့ အနိုင်ပွဲလေးပါပဲ။

■ ■ ■

သည့်နောက်ပိုင်းမှာတော့ သူနှင့်စွဲမက်နီကြားမှာ ဘယ်သူမှ မမြင်နိုင်သော ပြိုင်ဆိုင်မှုတွေ ပြင်းထန်သွားခဲ့မှာတော့ သိပ်ကို သေချာမှုပါသည်။

စွဲမက်နီ ဆိုတာ မူလတန်းမှ အထက်တန်းအထိ အမြဲတမ်း နံပါတ်တစ်နေရာကိုပဲ ယူခဲ့သော ကျောင်းသူတစ်ယောက်ပဲ ဖြစ်၏။

ထိုအစဉ်အလာကြီးကို သျှင်မြတ်နီ ဆိုသော ကျောင်းသားက ရိုက်ချိုးပစ်လိုက်တာတော့ ပြောစရာ တစ်ခု ဖြစ်သွားခဲ့သည်။

ဆရာ၊ ဆရာမတွေကတော့ ကျောင်းရဲ့ ဂုဏ်သိက္ခာကို မြှင့်တင်ပေးမည့် ကျောင်းသားတစ်ယောက် တိုးလာခြင်းအတွက် ဝမ်းသာနေကြသည်။

သူတို့ အခန်းထဲမှာလည်း အမြဲတမ်း စွဲမက်နီကိုပဲ အတော်ဆုံးမှ သတ်မှတ်ထားသည့် အမြင်တွေ ပြောင်းလဲသွားစေခဲ့သည်။

စွဲမက်နီထက်စာလျှင် ပျော်ပျော်နေတတ် ခင်ခင်မင်မင်နေ



www.burmeseclassic.com

www.burmeseclassic.com



တတ်သော သူ့ကို အတန်းသားတွေက ချစ်ခင်ကြသည်။ နားမလည်နိုင်သော မေးခွန်းတွေကို မေးကြသည်။

"သျှင်မြတ်နီ နှင့် အတန်းထဲမှာ ပထမရသွားတော့ စွဲမက်ဘာပြောတယ် ထင်သလဲ"

သူ့ကို ခင်မင်နေသော လှလှမိုးက ပြောလာတော့ သူ ပြုံးပြီး နားထောင်နေလိုက်သည်။

"သူက ငါ့ထက်တော်လို့ နံပါတ်တစ် ဖြစ်သွားတာပဲတဲ့၊ ခံစားစရာအကြောင်းမရှိပါဘူးတဲ့၊ လိုချင်ရင် ရအောင် ပြန်ကြိုးစားရမှာပဲတဲ့"

သူမအဖြေက ရှင်းသည်။ တင်းသည်။ မာထန်ပြတ်သားသည်။ အရှုံးကို လက်ခံပြီး သွေးအေးလွန်းသော သူမကိုတော့ သူ လေးစားသွားမိပါသည်။

စွဲမက်နီ ဆိုသော သူမက ရှုံးနိမ့်မှုအတွက် သွေးမကြောင်သွားတတ်သော မာနတွေ မာတင်းစွာ ရှိတာကို သူ သိလိုက်ပါသည်။

တကယ်လည်း အတန်းထဲမှာ သူမသည် နဂိုနေတတ်သော သူမ စတိုင်ပျောက်ကွယ်မသွားခဲ့ဘဲ ပုံမှန်အတိုင်း ဆက်ရှိခဲ့ပါသည်။

စာသင်ချိန်တွေမှာ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမတွေက မေးခွန်းတွေ မေးလျှင်လည်း တစ်တန်းလုံးရဲ့ အသံတွေထက် သူနှင့် စွဲမက်နီရဲ့ စာဖြေသံတွေပဲ အရင်ဆုံး ထွက်လာတတ်တာ ဖြစ်၏။

စွဲမက်နီကတော့ အရင်ပုံစံအတိုင်း မုန့်စားဆင်းချိန်တွေမှာ





ကျောင်းစာတွေလုပ်ရင်း အပြင်ထွက်ခဲပါသည်။

သူကလည်း ကျောင်းဝင်းအပြင်မှာ စွဲမက်နီနှင့် ထိပ်တိုက်ဆုံလျှင် ပြုံနေကျအတိုင်း လွယ်အိတ်ထဲမှာ အသင့်ဝယ်သိမ်းထားသော ကွမ်းယာကို ထုတ်စားပြတတ်စမြဲ။ ကွမ်းသွေးတွေကို သူမ မြင်အောင် ပျစ်ခနဲ ထွေးပြတတ်စမြဲ။

သေချာသည်ကတော့ ထိုအပြုအမူတွေအတွက် သူမရဲ့ အထင်သေး ရှုတ်ချသော အကြည့်တွေကို မတွေ့ရတော့ပါ။

ဆုံးရှုံးသွားသည့် နေရာတစ်ခုကိုတော့ စွဲမက်နီ ရအောင် ပြန်ယူဖို့ အစွမ်းရှိသလောက် ကြိုတ်ကြိုးစားမှာကို သူ သိပါသည်။

"ပထမ သုံးလပတ်မှာ မင်းရသွားတဲ့ အဆင့်တစ်ကို စွဲမက်နီ ပြန်ရအောင် ယူမှာ သေချာတယ်နော် သျှင်မြတ်နီ"

"ငါ သိတာပေါ့ ပြဿနာ မရှိပါဘူးကွာ၊ သူနဲ့ထိုက်ရင် သူ ယူပေါ့"

သူ ပေါ့ပေါ့လေးပဲ ပြောလိုက်ပါသည်။ ဒါပေမဲ့ စွဲမက်နီကို ယှဉ်ပြိုင်ဖို့အတွက်တော့ သူ့ဘက်ကလည်း ပြင်ဆင်ထားခဲ့တာ အမှန်။

ဒုတိယသုံးလပတ်မှာ သူနှင့်စွဲမက်နီ ဘယ်သူ နံပါတ်တစ်လဲ ဆိုတာကို အားလုံးကလည်း စိတ်ဝင်စားနေခဲ့တာတော့ အသေအချာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဒုတိယ သုံးလပတ် စာမေးပွဲအတွက် ရမှတ်နှင့်အဆင့်တွေကို ဆရာမ ကြေညာမည့် နေ့က တစ်တန်းလုံး တိတ်ဆိတ်နေကြသည်။

ပညာရည်ချွန် မှတ်တမ်းစာရွက်ထစ်ထပ်ကြီးထဲက သူနှင့်စွဲမက်နီတို့ စာရွက်တွေကို ဆရာမ ရွေးထုတ်နေ၏။

စွဲမက်နီကို သူ လှမ်းကြည့်တော့ တည်တည်ငြိမ်ငြိမ်လေးပဲ ထိုင်နေ၏။ သူလည်း သူမလို ထိုင်နေတာပါပဲ။ ဒါပေမဲ့ ရင်ထဲမှာတော့ လှုပ်ရှားနေတာ သေချာ၏။

မင်းလည်း ငါ့လိုပဲ ခံစားနေရမှာ သေချာပါတယ် စွဲမက်နီ။

ဒီတစ်ခါမှာလည်း မင်းကိုငါ အပြတ်အသတ် အနိုင်ယူချင်နေပြီ စွဲမက်နီရေ။ ဒုတိယအကြိမ် ရှုံးနိမ့်မှုအတွက်ကော မင်း ဘယ်လို ရင်ဆိုင်မှာလဲ။ မင်းရဲ့မာန်မာနတွေကို ဝပ်ဆင်းသွားအောင် ငါ ရိုက်ချိုးပြချင်တာ။





"မောင်သျှင်မြတ်နီနဲ့ မစွဲမက်နီ"

ဆရာမ နာမည့်တွေ ခေါ်တော့ သူတို့နှစ်ဦးစလုံး မတ်တပ်ရပ်လိုက်ကြသည်။ အတန်းသားတွေ အားလုံး အပ်ကျသံမကြားရအောင် တိတ်ဆိတ်လို့ ခေါင်းလေးတွေ ထောင်မတ်နေ၏။

"မောင်သျှင်မြတ်နီရဲ့ အမှတ်ပေါင်းကို ဆရာမ အရင်ကြေညာပေးမယ်နော်၊ အမှတ်ပေါင်းက ငါးရာနှစ်ဆယ့်တစ်မှတ်"

"အိုကေ သေချာပြီ သျှင်မြတ် မင်း နံပါတ်တစ်ပဲ"

တီးတိုးသံလေးနှင့် ကျော်လေးက ပြော၏။ သူ့ရင်ထဲမှာ ကျေနပ်သွားပါသည်။ သူ မျှော်လင့်ထားသည့်အတိုင်း ပထမလပတ်ကထက်တောင် ကိုးမှတ်တိတိ တိုးလာခဲ့သည်ပဲ။

စွဲမက်နီကို သူ လှမ်းကြည့်တော့ တည်ငြိမ်စွာပဲ လက်ကလေးပိုက်ရပ်နေ၏။ မင်းရင်ထဲကို ငါ ဝင်ကြည့်ချင်လိုက်တာ စွဲမက်နီ။

ဒုတိယအကြိမ် ရှုံးနိမ့်မှုအတွက်တော့ မင်း မဖြစ်မနေ လက်ခံရတော့မယ်။

"သမီး စွဲမက်နီရဲ့ ရမှတ်ပေါင်းက ငါးရာ့သုံးဆယ်တိတိပါကွယ်"

"ဟင်"

သူ ရင်ထဲ လှပ်ခနဲ ဖြစ်သွားတဲ့အထိပါပဲ။ သူ့ထက် ရမှတ်ကိုးမှတ်ကြီးတောင် စွဲမက်နီ ကျော်လွန်သွားခဲ့သည်လား။



www.burmeseclassic.com

www.burmeseclassic.com



"နံပါတ်တစ်က စွဲမက်နီ၊ နှစ်က သျှင်မြတ်နီ ပေါ့၊ တီချယ်ရဲ့ တပည့်တွေ တကယ် တော်ကြပါတယ်ကွယ်"

ဖျတ်ခနဲ စွဲမက်နီ သူ့ကို လှည့်ကြည့်သည်။ ဟင့်အင်း သူ ရှောင်တိမ်းမသွားချင်ပါ။ စွဲမက်နီ မျက်ဝန်းတွေကို ခပ်စူးစူးလေးပဲ ပြန် စိုက်ကြည့်နေလိုက်ပါသည်။

ညီညာဖြူဖွေးတဲ့ သွားတန်းလေးပေါ်အောင် ပြုံးနေတဲ့ စွဲမက်နီ အပြုံးက ရှားရှားပါးပါးပါပဲ။

မျက်ဝန်းတွေထဲအထိ အပြုံးရိပ်တွေ ခိုတွယ်နေသော စွဲမက်နီ မျက်နှာလေးက တစ်ပါးသူတွေအတွက် ချစ်ခင်နှစ်သက်စရာ ကောင်းနေ နိုင်မည်လား။ သူ့အတွက်တော့ ခံပြင်းနာကျည်းစရာ ကောင်းလိုက်တာ။

"ကဲ အားလုံးက စွဲမက်နီနဲ့ သျှင်မြတ်နီအတွက် လက်ခုပ်တီး ဂုဏ်ပြုလိုက်ကြပါကွယ်"

ငြိမ်သက်တိတ်ဆိတ်နေသော အတန်းသားတွေ ဆရာမ သတိ ပေးသံကြားမှ လက်ခုပ်တွေ တီးလိုက်ကြသည်။

ဒီလက်ခုပ်ဂုဏ်ပြုသံတွေက သူ့အတွက်ဆိုတာထက် စွဲမက်နီ အတွက်ပဲဟု သူ ခံယူသည်။

မင်းတော်ပါတယ် စွဲမက်နီ။ မင်းကို လျော့တွက်မိတာ ငါ့အမှား ပါပဲ။ ငါ့ကို အနိုင်ယူဖို့အတွက် မင်း ဘယ်လောက်ထိ ကြိုးစားခဲ့တယ် ဆိုတာ မင်းရထားတဲ့ အမှတ်တွေက သက်သေပဲလေ။





ငါ ရှုံးနိမ့်ခဲ့ပါတယ်။ အဲဒီ အရှုံးအတွက် မင်းရဲ့အပြုံးကို ငါ ခံယူလိုက်ရတာ သိပ်နာကျင်ခံရခက်လွန်းတယ်။ စိတ်ချ မင်းကို ငါ အနိုင်ယူပြဦးမယ်။

ငါ နံပါတ်တစ် ရခဲ့တုန်းက မင်း မခံစားခဲ့ဖူးဘဲလား။

မရဘူး စွဲမက်နီ သျှင်မြတ်နီဆိုတဲ့ကောင်က မင်းထက် မာနကြီး တယ်။ အငြိုးအတေး ကြီးတယ်။ မင်း အနိုင်ယူ ပြုံးပြသလို ငါ့အလှည့် ကျလည်း ငါပြုံးချင်သေးတယ်။

မင်း ခံနိုင်အောင် ကြိုးစားထားတော့ စွဲမက်နီ။

■ ■ ■

"မင်းဆီက နံပါတ်တစ်ကို ပြန်ရနိုင်အောင် သူ ကြိတ်ကြိုးစား ခဲ့တာတော့ သေချာတယ် သျှင်မြတ်နီ"

"ဟုတ်တယ်ကွ စွဲမက်နီရဲ့ ရမှတ်တွေက တော်တော်များလာ တာ"

အာကာနှင့်ကျော်လေးတို့က ဝေဖန်စကားတွေ ဆိုနေကြသည်။ သူကတော့ ဘာစကားမှ မဆိုဖြစ်ဘဲ နှုတ်ဆိတ်နေမိ၏။

နာကျင်ခံစားချက်တွေကို လျော့ပါးသွားအောင် မလုပ်ချင်ပါ ဘူး။ ရင်ထဲမှာပဲ ငါ သိမ်းဆည်းထားမှာပါ စွဲမက်နီ။ အဲဒီ ခံစားချက် တွေက ငါ့အတွက် အင်အားတွေ ဖြစ်စေချင်လို့ပေါ့။

"ငါ ယုံတယ် သျှင်မြတ်နီ၊ နောက်တစ်ခါကျရင် မင်းနံပါတ်



www.burmeseclassic.com

www.burmeseclassic.com



တစ် ဖြစ်သွားမှာပါ''

''အင်း စွဲမက်နီကိုလည်း လျော့မတွက်နဲ့နော်၊ အခုပဲကြည့် သူ ကြိတ်ကြိုးစားတာ သက်သေပဲလေ''

သူနှင့်စွဲမက်နီတို့ သတင်းက ဒသသမတန်းခွဲ (A)မှာတင် မကပါ။ အခြားသော တန်းခွဲ B နှင့် C အထိ ဟိုးလေးတကျော်ကျော် ဖြစ်သွားခဲ့သည်။

''သားနဲ့သမီးက နှစ်ယောက်စလုံး ထက်မြက်ထူးချွန်ကြပါတယ်၊ စာချင်းပြိုင်ဆိုင်တာကို ဆရာမ အားပေးတယ်၊ ဒါပေမဲ့ ပြိုင်ဆိုင်မှုတွေကနေ တစ်ယောက်နဲ့တစ်ယောက် မလိုမုန်းတီးသွားမှာတော့ ဆရာမ မဖြစ်စေချင်ဘူးနော်''

ဆရာမ ဒေါ်သန်းမေက သူတို့နှစ်ယောက်ကို စိုးရိမ်စွာ သတိ ပေးသည်။ ဆရာမ ကျေနပ်အောင် ရှေ့မှာ ခေါင်းလေးတွေ ညိတ်ပြဖြစ်ကြပေမယ့် သူ့ရင်ထဲမှာတော့ ကြိမ်းဝါးထားမိတာ အသေအချာပဲ ဖြစ်၏။

စွဲမက်နီကိုတော့ သူ နောက်ထပ် အနိုင်ယူသွားတာမျိုး အဖြစ်မခံနိုင်ပါ။ သူမထက် သာလွန်အောင် သူ ကြိုးစားဖို့ ဆုံးဖြတ်ထားသည်။

စွဲမက်နီရင်ထဲမှာလည်း သူ့လိုပဲ ပြင်းထန်သော ကြိမ်းဝါးခြင်းတွေနဲ့ စိန်ခေါ်နေမည်လား။



## အခန်း (၉)

သူ့နာမည်က သျှင်မြတ်နီ တဲ့။

အမည်နာမ ဖွဲ့စည်းပေါင်းစပ်ပုံသည် တကယ့်အလွဲကြီးလိုတာမှဆက်စပ်မှုမရှိ။ ဒါပေမဲ့ သူမ အမည်နာမနှင့် ခပ်ဆင်ဆင် တူနေတာမို့ ကျောင်းစဖွင့်သည့်နေ့မှာပဲ သတိထားမိသည်။

နာမည်က အူတူတူနိုင်ပေမယ့် သူ့ရုပ်သွင်ကတော့ ချောမောသော ယောကျ်ားတစ်ယောက်ဆိုတာ သူမ လက်ခံရတော့၏။

မျက်ခုံးစိမ်းစိမ်းနှင့် တိုစိပ်စိပ် မျက်တောင်တို့ ဝန်းခတ်ထားသော မျက်ဝန်းတွေကတော့ ထူးခြားသည့် အရပ်အမောင်းကော ကျစ်လျစ်သော ခန္ဓာကိုယ် အချိုးအစားကပါ ယောကျ်ားပီသသည်။

ဘေးခွဲဆံပင်ပုံစံက နားသယ်စပ်မှာ ထောင့်ချွန်စနှင့် တိုက်တန်းနှစ်မင်းသား လီယိုနာဒို ဆံပင်ပုံစံမျိုး ဖြစ်သည်။ ထူးခြားသည်က



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်သားက နက်မှောင်မနေဘဲ ညိုဖျော့ဖျော့အရောင်။

ပြီးတော့ ယောက်ျားတန်မဲ့ ဝင်းညက်နုနေသော အသားအရည်က မိန်းကလေးတိုင်း သတိထား ငေးကြည့်လောက်သည်။

သည့်နောက်ပိုင်းမှာ သူနှင့်ပတ်သက်သော အကြောင်းတွေကို စွဲမက် မစုံစမ်း မစပ်စုရပါဘဲ သိခဲ့ရသည်။

ကျောင်းက မိန်းကလေး အတော်များများဆီက သူ့သတင်းတွေကို တိကျစုံလင်စွာ ကြားခဲ့ရတာပဲ ဖြစ်၏။

"သျှင်မြတ်နီက ရန်ကုန်က ပြောင်းလာတဲ့ဟ၊ သူ့အဖေက တို့မြို့ဆေးရုံကို ပြောင်းလာတဲ့ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမြတ်ကျော်လေ၊ အံမယ် သူတင်ချောတာ မဟုတ်ဘူးဟ၊ သူ့အမေ ဒေါ်သက်ထားခင်ကလည်း အရမ်းချောတာ ရှမ်းဗမာ ကပြားဆိုတော့ ချောတာပေါ့"

ဒါကြောင့်မို့ ထင်ပါသည်။ သူ့မျက်ဝန်းဖန်အိမ်လေးတွေက ဘိုကပြားတွေလို ပြာရိပ်သမ်းနေတာ ဖြစ်မည်။

နောက်ပိုင်းမှာ သူမ ထပ်သိခဲ့ရတာက သူ့မိဘတွေရဲ့ ပြည့်စုံချမ်းသာမှုနှင့် သျှင်မြတ်နီ ဆိုသော သူဟာ သက်မှူးညီနှင့် ဝမ်းကွဲညီအစ်ကိုတွေ ဖြစ်နေသည်တဲ့။

သက်မှူးညီနဲ့ ညီအစ်ကို ဆိုကတည်းက စွဲမက် ခပ်တန်းတန်းပဲ နေဖြစ်ခဲ့သည်။

စွဲမက်ကို အရိပ်လို ရှိနေသော သက်မှူးညီကိုတောင် ဥပေက္ခာ





ပြုထားခဲ့မှတော့ သူနဲ့လည်း ခပ်ကင်းကင်းပဲ ကောင်းမည်။

စွဲမက်နှင့် ပတ်သက်သမျှကို သက်မှူးပြောပြထားသည် ထင်၏။ သူ့အကြည့် သူ့အမူအရာတွေက စွဲမက်ကို သိပ်ကျေနပ်ပုံ မရှိတာ အထင်အရှားပါပဲ။ စွဲမက်စိတ်ထဲကတော့ တင်းခနဲ ဖြစ်ခဲ့ရသေး၏။

သင်းညီကို လက်မခံခဲ့လို့ သင်းကပါ မကြည်တဲ့သဘောလား။ တော်တော်လည်း ရယ်ချင်စရာ ကောင်းပါရဲ့။

တကယ်ဆို စွဲမက်တို့ အရွယ်က ပညာသင်တဲ့အရွယ်မျှပဲ ရှိသေးသည်။ ပြီးတော့ စွဲမက်နီ ဆိုတဲ့ သူမရဲ့ ကြီးမားတဲ့ ရည်မှန်းချက်တွေကို ဘယ်သူ သိမှာလဲ။

စွဲမက် ပညာရေးကို ကြိုးစားနေတာ ဆရာဝန်မကြီးတစ်ယောက် ဖြစ်ချင်တာကြောင့်လေ။ ဒါကလွဲလို့ ဘာကိုမှ အာရုံမရှိချင်တာ မှားသလား။

မြင်တွေ့စက အထင်ကြီးမိသော သျှင်မြတ်နီအကြောင်းကို နောက်ပိုင်းမှာ စွဲမက် ကောင်းကောင်း သိလိုက်ပါသည်။

ကြည့်ပါဦး အဖေက ဆေးရုံအုပ်ကြီးတဲ့။ သားဖြစ်တဲ့သူကျတော့ အပေါင်းအသင်းတွေနဲ့ ပေးလားဝါးလား။ ကွမ်းကိုလည်း တပျစ်ပျစ်နှင့် တကယ့် တေလေဂျပိုးလေးပါလား။

ဝတ်ဆင်ထားသည့် အဝတ်အစားက အမြဲရှင်းသန့်နေပေမယ့် ကျာပိုးအိတ်ကိုတော့ စလွယ်သိုင်းလွယ်ကာ မိုးဖော်တို့အုပ်စုနှင့်စာတွဲ



www.burmeseclassic.com

www.burmeseclassic.com



တွဲ တွေ့ရတတ်သည်။

သင်း ကွမ်းစားတာတင်မကဘဲ လက်ဖက်ရည်ဆိုင်ထဲမှာ စီးကရက်ခိုးသောက်တာတောင် မြင်ဖူးခဲ့သေးသည်။

ရုပ်ရည်ကလေးက ချောမောဖြူသန့်သလောက် သျှင်မြတ်နှီ ပြုမူနေတာတွေက မဟုတ်တော့ စွဲမက် သနားတောင် သနားခဲ့မိသေး သည်။ မိဘတွေသာ သိရင် ရင်ကျိုးမှာဟု တွေးခဲ့ သနားခဲ့သမျှတွေဟာ အမှားတွေဟု စွဲမက် သိခွင့်ရလိုက်ချိန်မှာ..

အတော့်ကို နောက်ကျနေခဲ့ပြီ။

■ ■ ■

အမှန်ဆို သျှင်မြတ်နှီဆိုသော ယောကျ်ားသည် ကြောင်တစ် ကောင်လို လက်သည်းဝှက်တတ်သော သတ္တဝါသာ ဖြစ်သည်။

တေလေဂျပိုး တစ်ယောက်ဟု စွဲမက် သတ်မှတ်ထားမိသော သူက ပထမသုံးလပတ် စာမေးပွဲမှာပဲ သူမကို အနိုင်ယူသွားခဲ့၏။

အမြဲတမ်း နံပါတ်တစ်သည် စွဲမက်နှီ အတွက်ပဲ ဖြစ်ရမည်ဟု ကြွေးကြော်ထားခဲ့သမျှ လွဲချော်ခဲ့သည့် အဖြစ်ကြောင့် စွဲမက် တုန်လှုပ် အံ့သြသွားမိတာ အမှန်ဖြစ်သည်။

ဆရာမက အမှတ်စာရင်းတွေ ကြေညာတော့ သူ့ကို အံ့သြ မယုံနိုင်စွာ စွဲမက် လှည့်ကြည့်မိသည်။

သူကလည်း စွဲမက်ကိုပဲ စိုက်ကြည့်နေခဲ့၏။ ထိုမျက်ဝန်းတွေ





ထဲမှာ စွဲမက်ကို လှောင်ရိပ်ဝှေ့ရှိနေတာ အသေအချာ။ သူ့နှုတ်ခမ်းတွေ မထိတရိ လှောင်သလို ပြုံးနေခဲ့တာ အထင်အရှား။

စွဲမက်ကို အနိုင်ယူလိုက်ရတာမို့ သူ ကျေနပ်နေတာတဲ့လား။

ယုံနိုင်စရာတောင် မရှိသော အဖြစ်ကြောင့် လှလှတို့ ငြိမ်းစုတို့ တောင် အံ့သြကုန်ကြ၏။

"ဘယ်လိုမှ မထင်ဘူးဟယ်၊ သူက တကယ် စာတော်တာပဲ"

"အေးဟယ် မိုးဇော်တို့ ဝေလင်းတို့နဲ့ တတွဲတွဲမို့ ငါက လုံးဝ ထင်မထားတာ"

အားလုံးက အံ့သြဝေဖန်စကားတွေ ပေါ်လာအောင် သျှင်မြတ် နှီက လုပ်ပြလိုက်တာဟု သူမ နားလည်မိခြင်းနှင့်အတူ။

ရင်ထဲမှာလည်း နာကျည်းခံပြင်းစိတ်တွေ တရိပ်ရိပ် တိုးလာ ခဲ့၏။

ယောကျ်ားမဆန်လိုက်တာ သျှင်မြတ်နှီရယ်။

ရှင် ကျွန်မရှေ့မှာ ကွမ်းစားပြ၊ ဆေးလိပ်တွေသောက်ပြပြီး ပေပေတေတေ တစ်ယောက်လို နေပြခဲ့တာ ဘာကြောင့်လဲ။

ကျွန်မ အခုမှပဲ သိလိုက်ပါပြီ။ ရှင့်အပေါ် စွဲမက် အထင်သေး အာရုံမရှိအောင် လှည့်ကွက်တွေ ဆင်ခဲ့တာပဲ မဟုတ်လား။

"နင် ဘာမှ မဖြစ်ဘူးလား စွဲမက်နှီ"

ငြိမ်းစု မေးလာတော့ ရင်ထဲက ခံပြင်းဒေါသတွေကို သိမ်းပြီး



www.burmeseclassic.com

www.burmeseclassic.com



စွဲမက် ပြုံးပြုံးလေးနဲ့ပဲ ပြန်ဖြေခဲ့သည်။

"ဘာမှ ခံစားစရာ မရှိပါဘူးဟာ၊ သူ စာတော်လို့ ရသွားတာပဲ၊ ငါ လိုချင်ရင် ပြန်ကြိုးစားရယူဖို့ပဲ ရှိတာပေါ့"

သူငယ်ချင်းတွေရှေ့မှာ ကြေကွဲ စိတ်ကို မျိုသိပ်ပြီး ဖြေနိုင်ခဲ့ပေမယ့် မေမေ့ရှေ့မှောက်မှာတော့ စွဲမက် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျကာ ငိုခဲ့မိသည်။

"သမီးရယ် ဒီလောက်လည်း ဝမ်းမနည်းနဲ့လေ၊ သမီးလည်း တော်ပါတယ်"

"ဟင့်အင်း သမီး နံပါတ်နှစ် လိုချင်တာ မဟုတ်ဘူး မေမေ၊ အမြဲတမ်း တစ်ဖြစ်ချင်တာ"

မေမေ့ရှေ့မှာ ကြိမ်းဝါးခဲ့သလို တကယ်တမ်းမှာလည်း စွဲမက် နေ့နေ့ညည ကြိုးစားခဲ့သည်။ ဒုတိယ သုံးလပတ် စာမေးပွဲမှာ သျှင်မြတ်နီထက် သာလွန်ဖို့အတွက် ရင်ထဲက အတိအလင်း စိန်ခေါ်ထားခဲ့သည်။

မေမေက သူ ညဉ့်နက်သည်အထိ စာကြည့်စားပွဲက မထစတမ်း ကြိုးစားနေတာတွေ့တော့

"သမီး ကျန်းမာရေးကို ထိခိုက်မယ်နော်၊ အရေးကြီးတာ သမီး ရည်ရွယ်ချက် ပြည့်ဖို့လေ၊ အတန်းထဲက နံပါတ်တစ်နဲ့ ယှဉ်ဖို့ မဟုတ်ပါဘူးကွယ်"

"ဟင့်အင်း မေမေ သူက ယောကျ်ားတန်မဲ့ လက်သီးပုန်း





ကြိတ်ထိုးပြီး သမီး မာနတွေများကို ထိပ်တက်ခေါက်သွားတာ စွဲမက် ကယ်တော့မှ မကြေနပ်ဘူး မေမေ"

ရင်ထဲမှာ ပွက်ပွက်ဆူနေသော မာနနှင့် မခံချင်စိတ်တွေကို စွဲမက်အပြင်ကို ဖွင့်မထုတ်ဘဲ သိမ်းဆည်းထားရတာကိုက ပင်ပန်းခဲ့ပါသည်။

အတန်းထဲက ဥမ္မာကျော်တို့ ပွင့်ဝါတို့လို ခပ်ကဲကဲ မိန်းကလေးတွေ ပါးစပ်ဖျားမှာ သျှင်မြတ်နီ ဟူသော သူ့နာမည်က ရေပန်းစားနေတာ မကြားချင်ဆုံး။

သျှင်မြတ်နီ အဖေ ဆေးကုတော်တဲ့အကြောင်းတွေ။

သျှင်မြတ်နီတို့ အရမ်းချမ်းသာတဲ့ အကြောင်းတွေ။

သျှင်မြတ်နီ နောက်ဆုံးပေါ် ဆိုင်ကယ်နဲ့ ကျောင်းတက်တဲ့ အကြောင်းတွေ။

စွဲမက် နားမထောင်ချင်ပေမယ့် ကြားနေရသည့် အကြောင်းတွေ။ ပွင့်ဝါတို့တွေ စာသင်ချိန်မှာ မနားလိုက်နှင့် အုပ်စုဖွဲ့ပြီး တတွတ်တွတ် ပြောနေကြတာ မရိုးနိုင်သော သျှင်မြတ်နီရဲ့ ပြဇာတ်ကြီးပါပဲ။

သျှင်မြတ်နီကလည်း သူမကို တမင်အရွဲ့တိုက်ပြနေသလား ထင်မှတ်ရအောင် အခန်းထဲက ကျောင်းသူတွေနဲ့ ခင်မင်လိုက်လျှံပြနေတာ မမြင်ချင်ဆုံးပါပဲ။

တစ်ခါတလေ ခပ်ထေ့ထေ့ လှောင်ပြုံးပြုံးကာ သူမကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



တင်သေး၏။

ရင်ထဲမှာ မကျေနပ်ချက်အားလုံးကို သိုဝှက်သိမ်းဆည်းပြီး သျှင်မြတ်နီဆီက နံပါတ်တစ်ကို စွဲမက် ပြန်ယူပြလိုက်တာ ဘယ်လောက် အရသာရှိ ချိုမြိန်လိုက်သလဲ။

အဲဒီနေ့က ဆရာမက စွဲမက်တို့ နှစ်ယောက်စလုံးကို မတ်တပ် ရပ်စေကတည်းက စွဲမက် ရင်တွေ တလှပ်လှပ် ဖြစ်နေခဲ့တာ ဘယ်သူမှ မသိ။

သူ့အမည်နဲ့ ရမှတ်စာရင်းကို ဆရာမ အရင်ကြေညာနေတော့ စွဲမက် ရှုံးပြန်ပြီလား စိတ်ဓာတ်တွေ ကျချင်သွားမိတဲ့အထိ။ လူကလည်း အင်အားမရှိတော့သလို ဒူးတွေ ခွေယိုင်မတတ်ပါပဲ။

ဒါပေမဲ့ စွဲမက် အမှတ်စာရင်း အသာနဲ့ နံပါတ်တစ်ကို ရခဲ့ပြီ ဆိုတာ သိလိုက်တော့ အဲပျော်တွေက ရင်ထဲမှာ ပွက်နွေးစီးမျောသွားခဲ့၏။

သူ့မျက်နှာကို လှည့်ကြည့်ပြီး စွဲမက် ကျေကျေနပ်နပ် ပြုံးပြီး အောင်ပွဲခံရတဲ့ အရသာကို မမေ့တော့မှာ သေချာ၏။

အရင်ဆုံး အကြည့်တွေ ရုပ်သိမ်းပြီး အရှုံးကို လက်ခံဖို့ ခက်ခဲနေတဲ့ သျှင်မြတ်နီ မျက်နှာကိုကြည့်ရတာ သနားဖို့တောင် ကောင်းပါရဲ့။

စိတ်မကောင်းပါဘူး သျှင်မြတ်နီ။

စွဲမက်နီ ဆိုတဲ့ မိန်းမက ရှင်ထင်သလို အလွယ်တကူ အရှုံးကို လက်ခံတတ်တဲ့သူ မဟုတ်ဘူး ဆိုတာ ရှင် ယုံပြီလား။





ယှဉ်လိုက်စမ်းပါ။ ယောကျ်ားတန်မဲ့ ဘယ်လို မာယာတွေနဲ့ ကျွန်မကို အနိုင်ယူဦးမှာလဲ။ လှည့်စားဦးမှာလဲ။

ဘယ်တော့မှ ရှင် မရနိုင်တော့ဘူး သျှင်မြတ်နီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

လျှော့တွက်ခဲ့တာတော့ မဟုတ်ပါ။ ဒါပေမဲ့ သျှင်မြတ်နီ ဆိုသော ယောက်ျားတစ်ယောက်မှာ ထိုမျှထိ အောက်တန်းကျလွန်းသော စိတ်ထား ရှိမည်ဟု စွဲမက် ထင်မထားခဲ့ပါ။

ရှုံးနိမ့်မှုအတွက် စွဲမက်ကို သူ အခဲမကြေနိုင်တာကို ကြိုသိ ထားပြီး ဖြစ်သည်။ သူ့ဘက်က ပြိုင်ဆိုင်လာလျှင်လည်း ယှဉ်ပြိုင်ဖို့ စွဲမက်ဘက်က အသင့်ရှိခဲ့ပေမယ့်

ထိုနေ့က သူမနှင့်သူ့အကြား ဖြစ်ပျက်ခဲ့သည့် ကိစ္စကတော့ သေးသိမ်သော သူ့စိတ်ဓာတ်ကို အထင်အရှား မြင်ခွင့်ရလိုက်တာပဲ ဖြစ်၏။

ထိုနေရာလေးက တကယ့်လမ်းဆုံ လမ်းခွနေရာလေးပါပဲ။ လမ်းလေးဆုံရာနေရာမို့ ဆိုင်ကယ်လေးကို စွဲမက် အရှိန်လျှော့မောင်း





ခဲ့သည်။

မြွေလိမ်မြွေကောက် ကတ္တရာလမ်းလေးအတိုင်း ရှုပါကပ် ဆိုင်ကယ်လေးကို မောင်းပြီး စွဲမက် ကျောင်းက ပြန်ခဲ့၏။

ရှေ့မနီးမဝေးမှာ ကတ္တရာလမ်းနှင့် ကန့်လန့်ဖြတ် ဖြစ်သော မြေနီလမ်းကလေး ရှိသည်။ လမ်းဘေးတစ်ဖက် တစ်ချက်က သစ်ပင် ခြုံနွယ်တွေကြောင့် လမ်းလေးကိုတော့ မြင်ရခက်ခဲသည်။

လမ်းလေးကို ဖြတ်ကာ သူမ ဆိုင်ကယ်လေးကို မောင်းအတက် မြေနီလမ်းအတိုင်း အရှိန်နှင့် မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးက ထိပ်တိုက်ကြီး ဝင်တိုက်တော့၏။

"ဒုန်း"

ဆိုင်ကယ်နှစ်စီး ထိခိုက်မိသံက အတော်ပြင်းပါသည်။ မရှောင် နိုင်ဘဲ စွဲမက် ဆိုင်ကယ်နောက်ဘီးကို ဝင်တိုက်လိုက်တာကြောင့် ဆိုင် ကယ်တခြား လူတခြား လွင့်စင်သွား၏။

ကံကောင်းသည်က မြေနီလမ်းဘေးက ခြုံတွေထဲကိုပဲ စွဲမက် လွင့်ကျတာမို့ နာကျင်ကျင် ဒဏ်ရာမရလိုက်ပါ။

ဝင်တိုက်သည့် ဆိုင်ကယ်က ဘရိတ်နင်း ခြေထောက်ရပ်လိုက် နိုင်တာမို့ မှောက်လဲမသွားခဲ့ပါ။ ဆိုင်ကယ်ကို ရပ်ပြီး စွဲမက်ဆီ ထိုလူ အပြေးတပိုင်း ပြေးလာ၏။

စွဲမက်ကို မွေ့ရာသဖွယ် ဆီးခံထားသော ခြုံနွယ်တွေဆီက



www.burmeseclassic.com

www.burmeseclassic.com



လူးလဲထရပ်လိုက်မိစဉ်မှာပဲ ထိုလူလည်း တွံ့ခနဲ ရပ်သွားခဲ့၏။

ဂျင်းဘောင်းဘီအပြာနှင့် တီရှပ်အဖြူရောင် ဝတ်ထားပြီး ခေါင်းမှာ ဟဲလ်မက်ကြီး ဆောင်းထားတာမို့ ဘယ်သူဘယ်ဝါမှန်း စွဲမက် မသိပါ။ လာကူထူမပေးမလို့ ပြေးလာပြီးမှ စွဲမက်ဘာသာ ထရပ်နိုင်တာမို့ ရပ်ကြည့်နေတာဟုပဲ ထင်ခဲ့မိသည်။

ဟဲလ်မက်ကြီး ဆွဲချွတ်လိုက်မှ သူ့မျက်နှာကို စွဲမက် မြင်လိုက်ရ၏။

"ဟင် နင် သျှင်မြတ်နီ"

စွဲမက် မျက်ဝန်းတွေ ပြာဝေပြီး ဒေါသတွေ ငယ်ထိပ်ကို ဆောင့်တက်သွားခဲ့သည်။

သူကလည်း မျက်ခုံးတန်းတန်းတွေ တွန့်ကုပ်ပြီး မနှစ်မြို့ရွာနှင့် စွဲမက်ကို ရှုတည်တည်ကြည့်နေ၏။

"နင် တော်တော် အောက်တန်းကျလှချည့်လား ယုတ်မာလှချည်လား"

စွဲမက် အံကြိတ်သံနှင့် သူ့မျက်နှာကို လက်ညှိုးငေါက်ငေါက်ထိုးကာ ရန်တွေ့ပစ်လိုက်မိသည်။ ဒါ တမင်လုပ်ကြံတာဆိုတာ သူမယုံသည်။ သူ့မျက်နှာက တစ်စက်လေးတောင် အချိုးမပြေသွားခဲ့ပါ။

"နင့်ထက်ငါ ကျော်သွားလို့ နင် ဒီလို ကြံစည်လိုက်တာ မဟုတ်လား သျှင်မြတ်နီ"





ဘယ်ယောက်ျားကိုမှ စွဲမက် အခုလို ခါးသီးမုန်းတီးစွာ ရန်မတွေ့ဖူးပါ။ သက်မှူးတုန်းကတောင် စကားမပြောဘဲ ဥပေက္ခာပြု ရှောင်ဖယ်တာလောက်ပဲ ရှိ၏။ သင်းကိုတော့ ကုတ်ဖဲ့ပစ်ချင်လောက်အောင် မုန်းသည်။

"ယောက်ျားတန်မဲ့ နင့်လုပ်ရပ်က"

"တိတ်စမ်း စွဲမက်နီ နင့်ကိုနင် သိပ်စွတ်အထင်ကြီးမနေနဲ့၊ နင် နောက်တစ်ခါ ငါ့ခြေဖျားတောင် မမီစေရဘူး၊ အေး အခုကိစ္စက မတော်တဆ ဖြစ်သွားတာ၊ နင် ပြောသလောက် ငါ အောက်တန်းမကျဘူး၊ ဒါပေမဲ့ ငါက သွေးဆာတတ်တဲ့ကောင်၊ စစ်ဆိုတာ ပြိုင်ဘက်ရှိမှ ကိုက်လို့ကောင်းတာ၊ ဝါသနာပါရင် နင် စိန်ခေါ်လိုက် ရတယ်"

"ငါ့ကို စိန်မခေါ်နဲ့ သျှင်မြတ်နီ၊ နင့်ကိုပြိုင်ဖို့ ငါ့ဘက်က အသင့်ပဲ"

"ရတယ်လေ စာမေးပွဲကြီးကျရင် အဖြေပေါ်မှာပေါ့"

စွဲမက် အလွန်ရွံမုန်းသော မထီတရီအပြုံးနှင့် သူ ဆိုသည်။ စွဲမက် ဆိုင်ကယ်ကို ဝင်တိုက်ပြတာ ဒီလို စိန်ခေါ်ချင်လို့လား။

"နင် ငါ့ကို မကျေနပ်ဘူးဆိုတာ ငါ သိတယ်၊ ယှဉ်ပြိုင်ချင်တယ်ဆို ပညာချင်းပြိုင်၊ ဒီလို ယုတ်မာတဲ့အလုပ် မလုပ်နဲ့"

"ကျွတ် ပြဿနာပဲ ဒါ မတော်တဆ ဖြစ်တဲ့ကိစ္စလို့ ငါ ပြောပြီးပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မယုံဘူး၊ နင် ကျိန်တွယ်ပြောရင်တောင် မယုံဘူး"

ဆူဝေနေသော ဒေါသတွေကြောင့် စွဲမက် အသံတွေ တုန်နေသည်။ ဒေါသနှင့် ရဲရဲနီနေသည့် မျက်နှာကို သူ စိုက်ကြည့်ရင်း ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

"အဲဒါ နင့်သမိုင်းပဲ စွဲမက်နီ၊ နင် မယုံရင် ငါ ဘာမှ မတတ်နိုင်ဘူး"

ပြောပြီး ဆိုင်ကယ်ဆီ ပြန်လျှောက်သွားနေသော သူ့ကျောပြင်ကြီးကို စွဲမက်နီ ပြေးပြီး ထုရိုက်ကုတ်ဖဲ့ပစ်လိုက်ချင်သည်။

ဒေါသတွေကို အံကြိတ်ထားရလွန်းလို့လည်း သွားတွေတောင် နာကျင်လာတဲ့အထိ။

ဆိုင်ကယ် စက်နှိုး၊ ဟဲလ်မက်ကိုဆောင်းပြီးမှ စွဲမက်ကို သူ လှည့်ကြည့်ရင်း

"နင့်ဆိုင်ကယ် ပျက်ဆီးသွားရင် အသစ်တစ်စီး ပြန်လျော်ပေးမယ်၊ ဒါမှ မကျေနပ်ရင် ကြိုက်တဲ့ဆီသွား"

ပြောပြီးသည်နှင့် သူ ဆိုင်ကယ်ကို အရှိန်ပြင်းပြင်း မောင်းထွက်သွား၏။ စွဲမက် အံကြိတ်ပြီး တဆတ်ဆတ် အသားတွေ တုန်ခါကျန်ရစ်ခဲ့၏။

ဘယ်လောက် ယုတ်မာရင့်သီး ရိုင်းစိုင်းလိုက်တဲ့ ယောကျ်ား။

ဒီနေ့ သူ ကျောင်းမတက်လို့ စွဲမက် ကျောင်းတက်ရတာ





စိတ်ချမ်းသာခဲ့သမျှ အခုတော့ ဒေါသတွေ ဖြစ်ရပြန်၏။ ကံကောင်းလို့ ထိခိုက်ဒဏ်ရာ မရတာ။

အာရုံထဲမှာ သျှင်မြတ်နီရဲ့ မျက်နှာကို မြင်ယောင်လာ၏။

သူ တမင်လုပ်တာ မဟုတ်ဘူးလို့ ကျိန်တွယ်ပြောတောင် မယုံ၊ ကျောင်းမတက်ဘဲ တမင် စွဲမက်အပြန်ကိုစောင့်ပြီး ကြံစည်တာ ဖြစ်နိုင်သည်။

ရှင့်ကို ကျွန်မ ကမ္ဘာမကြေစတမ်းပဲ သျှင်မြတ်နီ။

■ ■ ■

ဒီပြဿနာကို ကြိုဟ်မွှေလိုက်တာ စွဲမက်နီဟု သူ သိနေသည်။

အတန်းပိုင်ဆရာမက သူ့ရဲ့မိဘတွေကို ဆင့်ခေါ်တာမို့ ဖေဖေ လိုက်ပြီး ဖြေရှင်းရသည်။

ရုံးခန်းထဲမှာ ဖေဖေ့ကို ဆရာမက ဘာတွေပြောလိုက်သည် မသိပါ။ စွဲမက်နီ တစ်ဖက်သတ် စွပ်စွဲသမျှ သူ ခံရတာပဲ ဖြစ်သည်။

အိမ်ပြန်ရောက်တော့ ဖေဖေ ဒေါသတွေ ပေါက်ကွဲလျက် သူ့ကို ထိုးမည်ကြိတ်မည် တကဲကဲ။

"သျှင်မြတ်နီ မင်းကွာ မိဘမျက်နှာကို အိုးမည်းသုတ်လိုက်တာပဲ၊ မင်းကိုငါ လုပ်မိတော့မယ် တောက် မင်းကွာ မင်း"

ဖေဖေ ဒေါသတွေ ဆူဝေနေတော့ သူ နှုတ်ဆိတ်စွာပဲ ငြိမ်ခံနေရ၏။ မေမေကလည်း သူ့အနားမှာ ရှိနေတာမို့ တော်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကွယ်ရာမှာလည်း မင်းကွမ်းနိုးစား၊ ဆေးလိပ်နိုးသောက်တယ်ဆို၊ တော်တော်ဆိုးရွား ပျက်စီးနေတဲ့ကောင်ပဲ၊ မင်း အမှတ်ကလေ၊ ကောင်းနေ စာလေးတော်တယ်ဆိုပြီး မိဘတွေကို အခွင့်ကောင်းယူနေတာပဲ"

ဖေဖေ စကားတွေပြော ဒေါသတွေ မပြေနိုင် ဖြစ်နေ၏။

"အခုလည်း မင်းကြောင့် ငါ့ဂုဏ် ငါ့အဆင့်အတန်းတွေ ထိခိုက်တယ်ကွ၊ ဘယ့်နှယ်ကွာ တောင်းပန်ရပြီ ဆိုကတည်းက ဘယ်ကောင်းတော့မှာလဲ၊ မင်း ဒါနောက်ဆုံးဖြစ်ပါစေ"

ဖေဖေ ချာခနဲ လှည့်ကာ ထွက်သွားတော့မှ မေမေက လေအေးလေးနှင့် သူ့ကို ထပ်ဆူပူပြန်၏။

"သားရယ် ဘာလို့ ဒီလိုလုပ်ရတာလဲ၊ သား တမင်လုပ်တာဆို"

"မေမေ စဉ်းစားကြည့်ပါဦးဗျာ၊ လူတစ်ယောက် ဒုက္ခရောက်အောင် သားလုပ်မလား"

"အင်း အဲဒီ မိန်းကလေးက သားနဲ့စာပြိုင်ဘက်တွေဆို"

သူ ခေါင်းညိတ်ပြတော့ မေမေ ပင့်သက်လေးချရင်း

"အင်းလေ ပြိုင်ဘက်တွေဆိုတော့ သား တကယ်လုပ်တယ်ထင်မှာပေါ့၊ လူထိခိုက် အနာကရမဖြစ်တာပဲ တော်သေးတယ်၊ မေမေ သူ့မိဘတွေကို သွားတောင်းပန်လိုက်ပါ့မယ်"

"ဘာမှ တောင်းပန်စရာ မလိုဘူး မေမေ၊ ဘာမှ ထိခိုက်သွား





တဲ့ကိစ္စ မဟုတ်ဘဲ"

"ဒီလို မပြောနဲ့လေ သားရဲ့ သာက များတာ၊ တာဝန်ရှိတယ်၊ ကိုတော့ ငြင်းလို့မရဘူး။ သားဖေဖေကလည်း လက်ခံမှာ မဟုတ်ဘူး"

သူ ဘာမှမပြောနိုင်ပါ။ ဖေဖေနှင့်ထပ်ပြဿနာတွေ ရှည်မှာ ိုးတာကြောင့် ငြိမ်နေလိုက်ရ၏။

သူ့အတွက်ကြောင့် မေမေ သွားတောင်းပန်အောက်ကျို့ရမှာ တော့ ဆိုးပါသည်။

စွဲမက်နီ မင်း တော်တော် အနိုင်ကျင့်ပါလား။ ငါ့ကို မယှဉ်နိုင် လို့ မိဘတွေနဲ့ လှည့်တိုက်ပေးလိုက်တာပေါ့လေ။

ဆောရီးပဲ စွဲမက်နီ သျှင်မြတ်နီ ဆိုတဲ့ကောင်က မင်းကို ဘယ် တော့မှ အောက်ကျို့မှာ မဟုတ်ဘူး။

မင်းနဲ့ပတ်သက်ရင် ငါ့မာနက မင်းမာနထက် ခေါင်းတစ်လုံး ာနေစေရမယ်။ ငါဆိုတဲ့ကောင်က သက်မှူးညီလို ပျော့ညံ့ညံ့ မထင်နဲ့။

စောင့်ကြည့်လိုက် စွဲမက်နီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"မောင်သျှင်မြတ်နီ သား စွဲမက်နီကို တောင်းပန်လိုက်ပါ"

နှစ်ရက်ကျောင်းပျက်ပြီး ပြန်တက်သည့်နေ့မှာပဲ ပြဿနာက မပြီးသေးဘူးဆိုတာ သူ သိလိုက်၏။

အတန်းပိုင်ဆရာမ ဒေါ်သန်းမေက သူနှင့်စွဲမက်နီကို အတန်းရှေ့ ခေါ်ထုတ်ကာ တောင်းပန်ခိုင်းနေ၏။

"ကျွန်တော့်မိဘတွေ ကိုယ်တိုင် သူ့အိမ်အထိ သွားတောင်းပန်ပြီးပါပြီ တီချယ်"

"အဲဒါ လူကြီးတွေကိစ္စလေ၊ အခုကိစ္စက သားတို့ အတန်းသားတွေကိစ္စ မှားခဲ့တာက သား၊ ပြီးတော့ ကိုယ်နဲ့တစ်တန်းတည်းသားတွေဆိုတော့ ချစ်ချစ်ခင်ခင် ရှိဖို့လိုတယ်"

ဆရာမ စကားတွေကို နားထောင်ရင်း သူ အံကို တင်းခနဲ





ကြိတ်မိ၏။ ဆရာမကို မလေးစားတာကြောင့် မဟုတ်ပါ။ ရင်ထဲမှာ မှာ ကျင်ခံရခက်တာကြောင့်ပဲ ဖြစ်သည်။

ဘာမဟုတ်သော ကိစ္စလေးကို စွဲမက်နီ ပုံကြီးချဲ့မဆုံးအောင် ဖြစ်နေသည်လား။ အခုလည်း အတန်းသားတွေရှေ့မှာ သူ့ကိုအောက်ကျို ့းထောက်ခိုင်းတာတဲ့လား။

"ချယ့်ကို ကျွန်တော် ရိုသေလေးစားပါတယ်၊ ကျွန်တော့်မှာ အပြစ်ရှိရင် ဆရာမ ကြိုက်သလို ဆုံးမနိုင်ပါတယ်၊ စွဲမက်နီ ကိစ္စကို ဖေဖေကော မေမေပါ တောင်းပန်ဖြေရှင်းပြီးပြီ၊ ကျွန်တော် သူ့ကို ာယ်တော့မှ တောင်းပန်မှာ မဟုတ်ပါဘူး"

ရဲရဲဝံ့ဝံ့ ငြင်းဆိုနေသော သူ့စကားကြောင့် ဆရာမ မျက်နှာ တင်းခနဲဖြစ်သွားသည်။

"သျှင်မြတ်နီ မင်းက ဆရာမ တပည့်နော်၊ ဆရာမခိုင်းတာ ကို မင်းလုပ်ပါ၊ မင်းတို့အားလုံး ဆရာမရဲ့ သားသမီးတွေပဲ တစ်ယောက် နဲ့တစ်ယောက် အငြိုးတွေ မာနတွေ ပြိုင်တာ ဆရာမ လက်မခံဘူး"

အတန်းသားတွေရှေ့မှာ ဆရာမကို သူ ကလန်ကဆန် လုပ် သလို ဖြစ်နေပြီလား။ ဆရာမ မျက်နှာမှာဒေါသတွေ ရောင်စဉ်ဖြာစ ပြုနေပြီ။ ဆရာမရဲ့ စေတနာကို သူ ဥပေက္ခာမပြုရက်တာမို့

"ဆရာမကို ကျွန်တော် တောင်းပန်ပါတယ်၊ ဆရာမ ခိုင်းတာ ကို ကျွန်တော် လုပ်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ မော့ကြည့်သော စွဲမက်နီ သနပ်ခါးမှုန်မှုန်လေးနှင့် နုညက်အောင် လှနေ၏။ နှုတ်ခမ်းလေးတွေ တင်းဘင်းစေ့ထားပေမယ့် ထိုနှုတ်ခမ်းတွေကို သူ မုန်းနေပြီ။

မိန်းမပီပီ ဒီလောက်အထိ အနိုင်ယူတာ သူမ အကျင့်စရိုက်ပဲ ပေါ့။

"စွဲမက်နီ ငါ တောင်းပန်တယ် နင် ကျေနပ်ပါ"

သူ့လေသံက မာကောင်း မာနေလိမ့်မည်။ စွဲမက်နီ စူးခနဲ တစ်ချက်စိုက်ကြည့်ကာ ခေါင်းညိတ်သည်။

"ဒါဆိုရင် ငါ ကျေနပ်ပါတယ်"

ဒါဆိုရင် ကျေနပ်သည်တဲ့လား။ နှင့်မျက်ဝန်းတွေထဲမှာ ကျေနပ် သွားတာတဲ့လား စွဲမက်နီ။

"ကဲ သားကော သမီးကော သွားတော့နော်၊ အတန်းသား ချင်း ဘာအငြိုးအတေးမှ မထားကြနဲ့တော့နော်"

ဆရာမ စကားကို သူ ခေါင်းညိတ်လိုက်ပေမယ့် ရင်ထဲမှာ တော့ နာကျင်သွားခဲ့ပြီ။

ပွဲက အခုမှ စသွားတာ စွဲမက်နီ။

ငါ ဘယ်တော့မှ နင့်ကို ခွင့်မလွှတ်ဘူး။ အဆင့်တစ် အတွက် တင်မကတော့ဘူး အရာရာမှာ ငါ နင့်ကို ပြိုင်တော့မှာ။

ဒါကို နင် ယုံလိုက်။ နင်နဲ့ငါ ထိပ်တိုက်တွေ့ကြမယ့် ပြိုင်ပွဲ





မှာ နင် ဘယ်တော့မှ အနိုင်မရစေရတော့ဘူး။

■ ■ ■

"ကဲ ပြောစမ်း စွဲမက်နီ မင်း မိန်းမဆန်ဆန် ငါ့ကို ယုတ်မာ ပြလိုက်တာလား"

ကျောင်းအဆင်းမှာ တမင်စောင့်ပြီး သူမ ပြန်သည့်လမ်းက ဆိုင်ကယ်ကို ပိတ်ရပ်ကာ သူ မေးသည်။ သူမကလည်း ခပ်မာမာပဲ တုံ့ပြန်၏။

"ဘယ်သူ ယုတ်မာသလဲဆိုတာ ဦးနှောက်ရှိတဲ့ သူတိုင်း သိ တယ်"

"ဘာ နင့်စကားက ငါ့ကို ထပ်စော်ကားတာလား"

"ထင်ချင်သလို ထင်၊ နင် ငါ့ရှေ့က ဖယ်ပေးနော်"

"မဖယ်နိုင်သေးဘူး၊ ငါပြောတာ နင် နားထောင်သွားဦး၊ နင့်ကို ငါ ဘာမှတောင်းပန်စရာ အကြောင်းမရှိဘူး၊ ဆရာမကို လေးစားလို့"

စွဲမက်နီ ခွန်းတုံ့မပြန်ဘဲ စူးစူးနစ်နစ် ကြည့်၏။ တင်းတင်းစေ့ ထားသော နှုတ်ခမ်းတွေက မဲ့ရိပ်ဆန်နေကြ၏။

"ငါ ထပ်ပြောမယ်၊ နင့်ကိုငါ သိပ်ရွံသွားပြီ"

"ငါကလည်း ထပ်တူပဲ"

"အေး နင့်ကို တခြားကောင်တွေ ဘယ်လောက်ပဲ အောက်ကျို့ ဦးညွှတ်ကြပါစေ ငါကတော့ အထင်မကြီးဘူး စွဲမက်နီ"



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်နှာကို စူးစူးနစ်နစ် ကြည့်ပြီး သူ ပြောတော့ ဒေါသတွေကြောင့် သွေးရောင်လွှမ်းလာသော မျက်နှာလေးက အထင်အရှား။

"ငါ့ညီ သက်မှူးညီလို ငါက မာနမဲ့တဲ့ကောင် မဟုတ်ဘူး စွဲမက်နီ၊ နင့်မာနတွေ အရည်အချင်းတွေ ဘယ်လောက် ထက်ထက် ငါက ဂရုကို မစိုက်တာ၊ စွဲမက်နီ ဆိုတာ မိန်းမထဲက မိန်းမတစ်ယောက် ပါပဲ အပွန်း ငါ့အတွက်တော့ နင်က ဘာတန်ဖိုးမှ မရှိတဲ့ မိန်းမ"

"ဖြန်း"

ထင်မှတ်မထားသော သူမရဲ့ တုံ့ပြန်မှုက သူ့ကို တွေဝေသွားစေ၏။ ပြာဝေသွားသော မျက်ဝန်းတွေကို စူးစူးရဲရဲ သူ ဖွင့်ကြည့်တော့ စွဲမက်နီ နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ကာ အသားရောင်က နီရဲနေ၏။

သူ့စကားတွေက သိပ်ပြင်းထန်သွားသည်လား။ သူမ တုံ့ပြန်ချက်က ဆိုးသည်။

"မင်း ငါကွာ တောက်"

လက်သီးကို တင်းတင်းဆုပ်ပြီး သူမ မျက်နှာကို ချိန်ရွယ်ပြီးခါမှ ပေါက်ခနဲ စီးကျလာသော သူမ မျက်ရည်တွေကြောင့် သတိတို့ထိန်းလိုက်နိုင်၏။

ရင်ထဲက နာကျင်မှုက ပါးပြင်က စပ်ဖျဉ်းဖျဉ်း ဝေဒနာထက် ပြင်းထန်ကာတော့ သေချာ၏။





"ဒီနေရာမှာ ပေါက်ကွဲ့ချင်းဆိုရင် ပွဲက ပြီးနေပြီ၊ မင်းအရှုံးကံဆိုးသွားပြီ စွဲမက်နီ၊ အခု မင်းကျူးလွန်ခဲ့တဲ့ လုပ်ရပ်အတွက် ထိုက်တန်တဲ့ လျော်ကြေးတော့ တစ်နေ့ ပေးရမယ်"

သူမ မျက်ဝန်းတွေထဲထိ စူးစူးနစ်နစ် စိုက်ကြည့်ရင်း သူ အံကြိတ်ဆိုမိသည်။

စွဲမက်နီ ဘာမှ ခွန်းတုံ့မပြန်ဘဲ မျက်ရည်တို့ စိုစွတ်သော မျက်ဝန်းတွေနှင့် သူ့ကို တန်ပြန်ကြည့်နေ၏။ ထိုမျက်ဝန်းတွေထဲမှာ တောင်းပန်ရိပ်မပါ။ စူးနစ် စိန်ခေါ်မှုတွေပဲ ရှိမည်။

မျက်ရည်တွေက စွဲမက်နီ ဆိုသော မိန်းမရဲ့ အဆိပ်ရည်တွေပဲ ဖြစ်မှာ သူ ယုံသည်။

"တောက်"

အံတစ်ချက် ကြိတ်ကာ သူ ဆိုင်ကယ်ကို ဆွဲလှည့်ကွေ့ပြီး မောင်းထွက်ခဲ့သည်။

ရင်ထဲမှာ တင်းကြပ်သော ဒေါသတွေနှင့် ရာသက်ပန် ကမ္ဘာမကြေသော အမုန်းတွေ နိုင်မာစွာ အုတ်မြစ်တည်သွားခဲ့တာ သေချာခဲ့ပြီ။

နင့်မျက်ရည်တွေ ချန်ထားဦး စွဲမက်နီ။

တစ်ချိန်ကျရင် ငါ အရသာခံ ကြည့်ချင်လို့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

ဘယ်သူမှ မသိလိုက်သော သူနှင့်စွဲမက်နီ ကြားမှ အဖြစ်အပျက်နှင့် အမုန်းမီးတွေက ရင်ထဲမှာပဲ သိုဝှက်စွာ လောင်မြိုက်နေခဲ့ကြ၏။

အတန်းထဲမှာလည်း တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းတောင် မဆိုင်ဘဲ နေဖြစ်ကြသည်။ ထိပ်တိုက်မဆုံဖြစ်အောင် ဥပေက္ခာပြုထားပေမယ့် စွဲမက်နီကို သူ့ရင်ထဲမှာ ကမ္ပည်းတင်ထားပြီးသား။

သူမကလည်း သူနှင့်မျက်နှာချင်းဆိုင်မိသည်နှင့် ချက်ချင်းချာခနဲ မျက်နှာတစ်ဖက်လှည့် တိမ်းရှောင်သွားတတ်စမြဲ။

ကြိုက်တယ် စွဲမက်နီ။

မင်းရင်ထဲမှာလည်း ငါ့ကို အဲဒီလို ခါးသီးမုန်းနေတာပဲ ငါလိုချင်တာပါ။





မထင်မှတ်သော ပြဿနာလေးက စခဲ့သော အမုန်းမီးတွေ သူတို့နှစ်ဦးရင်ထဲမှာ တရှိန်ရှိန်တောက်လောင်နေခဲ့ပေမယ့် နှစ်ဖက်မိဘတွေကြားမှာတော့ သူတို့ ပြဿနာကို အကြောင်းပြုကာ ရင်းနှီးမှုတွေ တိုးခဲ့ကြ၏။

စွဲမက်နီ မိဘတွေရဲ့ ဝါဆိုသင်္ကန်းကပ်အလှူကို ဖေဖေနှင့်မေမေတို့ သွားကြတဲ့အထိ။ သူ့ကို မေမေ ခေါ်သေးပေမယ့် သူ မလိုက်ခဲ့ပါ။

ဖေဖေတို့အိမ်မှာ လုပ်သည့်အလှူကိုလည်း စွဲမက်နီရဲ့မိဘတွေ လာကြသည်။ ဒါပေမဲ့ စွဲမက်နီ ပါမလာခဲ့။

ဒီအခြေအနေတွေ ရိပ်မိသော မေမေက

"သားရယ် ကျောင်းသားအချင်းချင်း ဉာဏ်ရည်ပြိုင်ကြတယ် အဆင့်ချင်းပြိုင်ကြတယ်ဆိုတာ ကောင်းပါတယ်၊ ဒါပေမဲ့ တစ်ယောက်နဲ့တစ်ယောက် ရန်သူကြီးတွေလို ပြိုင်ဆိုင်နေကြတာတော့ မကောင်းပါဘူးကွယ်၊ ကောင်မလေးက ဖြူဖြူစင်စင်နဲ့ ချစ်စရာလေးပါ၊ မိဘချင်းတွေတောင် သားတို့ကိစ္စနဲ့ တော်တော် ရင်းနှီးနေကြပြီ၊ မိဘတွေ နောက်ထပ်မျက်နှာပျက်စရာ ဖြစ်အောင်တော့ ထပ်မလုပ်ပါနဲ့"

မေမေ ဆုံးမပေမယ့် သူ လက်မခံနိုင်။ ဘယ်ဘက်ပါးပြင်တစ်ခြမ်းကို ပြန်စမ်းမိတိုင်း ရင်ထဲက ဒဏ်ရာက ပူနွေးနေဆဲ။ နာကျင်ခံပြင်းစိတ်က တစ်နေ့ထက်တစ်နေ့ ဖွဲမီးလို တမြေ့မြေ့ကျွမ်းလောင်နေသည်။ တင်းကြပ်လွန်းသော ဝေဒနာက လက်တုန့်မပြန်ရမချင်းပြေ



www.burmeseclassic.com

www.burmeseclassic.com



လျှော့သွားမှာ မဟုတ်။

မေမေ ထပ်ပြောသော အဖြစ်အပျက်တွေက သူ့ရဲ့ခံစားမှုနဲ့ တခြားစီ။ စွဲမက်နီ မိဘတွေကလည်း သူတို့နှစ်ဦးကို သူငယ်ချင်းတွေ အဖြစ် မြင်ချင်နေကြသည်တဲ့။

ဖေဖေကတော့ သူနှင့်စစ်တုရင်ထိုးဖို့ ပြိုင်ဘက်တစ်ယောက် ရသွား၍ ဝမ်းသာနေသည်။

"ကိုရွှေနီကြီးက လက်ရည်သိပ်ကောင်းတာ၊ စစ်တုရင်ထိုးတယ်ဆိုတာ ပြိုင်ဘက်နဲ့ လက်ရည်တူမှ စိတ်ဝင်စားဖို့ကောင်းတာ၊ အခုမှပဲ ပြိုင်ဘက်ကောင်းတစ်ယောက် ရတော့တယ်"

ဆေးရုံမှ ဖေဖေ ပြန်လာတိုင်း စွဲမက်နီတို့ ဖေဖေနှင့် စစ်တုရင်သွားကစားတာက အလုပ်တစ်ခု ဖြစ်နေပြီ။ မိသားစု စကားဝိုင်းမှာဆိုလျှင်လည်း သူမတို့ မိသားစုအကြောင်းက မပါမဖြစ်။

"ကိုရေ အခုမှပဲ သက်ထားလည်း ဘုရားသွားကျောင်းတက် အပေါင်းအသင်းတစ်ယောက် ရတော့တယ်၊ သက်ထားနဲ့လိုက်က စိတ်တူကိုယ်တူပဲ သိလား၊ သားလေး ပြဿနာကြောင့် မိတ်ကောင်းဆွေကောင်းနဲ့ တွေ့ဖို့အကြောင်း ဖန်လာတာကိုပဲ ဝမ်းသာရမလို ဖြစ်နေတယ် အဟင်း ဟင်း"

ဒီအကြောင်းတွေကို ပြောတိုင်း ဖေဖေ မေမေတို့ မျက်နှာတွေက ဝမ်းသာကြည်နူးနေတတ်သည်။ မကြားချင်ဘဲ ကြားနေရသည်။





စွဲမက်နီအကြောင်းတွေက ခံစားမှုကို ဓားနဲ့မွှန်းနေတာဟု ထင်သည်။

စာကြည့်ခန်းထဲမှာ စာကြည့်နေတုန်း စွဲမက်နီ ဘယ်လောက်ယဉ်ကျေးသိမ်မွေ့ကြောင်း လိမ္မာကြောင်း ဖေဖေက မေမေ့ကို ပြောပြလျှင် ခံပြင်းစိတ်ဖြင့် ဒေါသထွက်မိ၏။ ဓားစာခံဖြစ်သွားရသော ဘောပင်ပေတံကျိုးတွေလည်း မနည်းတော့။

သူငယ်ချင်းတွေနှင့် ဆုံတော့လည်း သူတို့ ပြဿနာက မပါမဖြစ်။ ကျော်လေးနှင့် မိုးဇော်က သူတို့အမြင်ကို သုံးသပ်ပြနေပြန်၏။

"အခုလို ဖြစ်ရတဲ့ အဓိက တရားခံက မင်းပဲ သျှင်မြတ်နိ၊ စွဲမက်နီ ရင်ဘတ်ထဲကို အလိုမကျမှုတွေ မင်း ထည့်ပေးလိုက်တာပဲ"

ကျော်လေး ပြောတာကို သူ လုံးဝ လက်မခံနိုင်။ စွဲမက်နီရဲ့ ဘဝင်မြင့်နေသော မာန်မာနတွေကြောင့်ဟုပဲ ထင်သည်။ ကျော်လေးစကားကို ချေပဖို့ နှုတ်ခမ်းတစ်ဖက် မြင့်တက်ရုံ မဲ့ပြုံးပစ်လိုက်သည်။

"ဘာဆိုင်လို့လဲ ငါက အနေသာကြီးပဲ၊ မဆိုင်လိုက်တာ"

"ဘာလို့ မဆိုင်ရမှာလဲ သေချာစဉ်းစားကြည့်စမ်း မင်းသာ ရောက်စကတည်းက စွဲမက်နီရဲ့ မာနကို သွားမစခဲ့ရင် ဘာမှဖြစ်လာမှာ မဟုတ်ဘူး"

တော်တော်ရယ်စရာ ကောင်းပါသည်။ စွဲမက်နီက လူတကာကို မဟုတ်သလို မတန်သလို မာန်တက်နေတာကိုတော့ အပြစ်မမြင်ကြဘူးလား။

"ဟုတ်တယ်ကွ အခြေအနေက ဆန့်ကျင်ဘက် ဖြစ်သွားနိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်”

အာကာက ထောက်ခံသည်။ ဝေလင်းနှင့်မိုးဖော်က နားထောင်သမားသက်သက်။ ဒီကောင်တွေ ဘာကြောင့် အတိုင်အဖောက် ညီနေကြတာလဲ။ သူကတော့ အလွန်အကျွံ အထင်ကြီးမှုဟု သတ်မှတ်သည်။

“ဒီမှာ မင်းတို့ကို ငါ ပြောမယ်၊ အခုအဖြစ်က သွေးနားထင်ရောက်နေတဲ့ မိန်းမတစ်ယောက်ရဲ့ မာနကြောင့် ဖြစ်ရတာ၊ အဖြေက ရှင်းရှင်းလေး”

“အေးလေ မင်းက ပဒိုင်းပွင့်ကိုမှ သွားစားတာကိုး”

ကျော်လေးက တံတားဘောင်ကို ခွထိုင်လိုက်ပြီး ပြောသည်။ အာကာက သူ့အမြင်ကို ပြောပြန်၏။ ဒီကောင်က မိန်းကလေး အပေါင်းအသင်းပေါပြီး မိန်းကလေးတွေရဲ့စိတ်ကို အကြမ်းဖျင်း နားလည်သူ။

ဒါက အများရဲ့သတ်မှတ်ချက် ဖြစ်သည်။ သူကတော့ ဒီကောင် သိတာအပေါ်ယံလောက်သာ ဖြစ်ပါလိမ့်မည်။

“မင်းသာ စွဲမက်နီကို ပြိုင်ဘက်တစ်ယောက်လို သဘောမထားဘဲ ချစ်သူတစ်ယောက်လို သဘောထားရင် အဆင်ပြေသွားမှာသေချာတယ်”

“နားစမ်းပါကွာ အဝေးကြီး မင်းတို့စောင့်ကြည့်၊ မင်းတို့ရဲ့ မာနထိပ်ထား ငါ့ရှေ့မှာ ဒူးထောက်သွားစေရမယ်”

“စိတ်ကူးမမှားနဲ့ သျှင်မြတ်နီ၊ သူ့အတွင်းစိတ်ထဲမှာ ဘာတွေ





ဖြစ်နေတယ် မင်းသိလား၊ မိန်းကလေးတွေရဲ့စိတ်က ခန့်မှန်းက သိပ်ခက်တယ်ကွ၊ မင်း စမ်းကြည့်သင့်တယ်”

လုံးဝ မဖြစ်နိုင်ပါ။ သူနှင့်စွဲမက်နီက နာမည်ချင်းဆင်ပေမယ့် မြဒါးတစ်လမ်း သံတစ်လမ်း။ စွဲမက်နီက အောင်မြင်မှုကို လက်မထောင်၍ ဂုဏ်ဝင့်ချင်သူ။ သျှင်မြတ်နီဆိုတဲ့သူက အဲဒီမာနကို ရိုက်ချိုးချင်တာ။ ကျော်လေးက တစ်စခန်းထလာပြန်သည်။

“ဟုတ်တယ် သျှင်မြတ်နီ၊ သူ့စိတ်က မင်း စိတ်ဝင်စားလာအောင် လုပ်ပြတာမျိုးလည်း ဖြစ်နိုင်တယ်၊ သူက တို့ဆီမှာ စကားပဲလေ၊ မင်းက သူ့ရဲ့ အလုနဲ့ ကျော်ဇောမှုကိုပါ တိုက်ခိုက်ပစ်လိုက်တော့ ခံပြင်းသွားတာ ဖြစ်လိမ့်မယ်”

“ဟုတ်တယ် အခုလည်း မင်းလိုက်ကြည့်ပါလား၊ ပြန်ကြိုက်ရင် ကြိုက်မှာပေါ့”

“စမ်းကြည့်လိုက် သူ မင်းကို ချစ်နေတယ်ဆိုတာ မြင်နိုင်တာမှ မဟုတ်ဘဲ”

တစ်ချိန်လုံး နားထောင်နေသည့် ဝေလင်းနှင့် မိုးဖော်ပါ ပါလာသည်။ ဒီကောင်တွေ သူ့စိတ်ကို နားမလည်သေးပါ။ စွဲမက်နီကို ချစ်ဖို့ဆိုတာ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ပါ။ ရင်ထဲမှာ အမုန်းတွေပဲ ပြည့်နေသည်။

“စွဲမက်နီ ပြန်ပြီး စိတ်ဝင်စားနိုင်တာ မင်းနဲ့သက်မှူးခိုင် ရှိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ သက်မှူးညီကို စိတ်မဝင်စားဘူးဆိုတော့ အဖြေက ရှင်းရှင်းလေးပဲ''

အာကာက ပခုံးနှစ်ဖက်ကို တွန့်၍ ပြောသည်။ အားလုံးက သူ့ကို တွန်းအားပေးနေကြသည်။ သူ ဘာမှမချေပတော့ဘဲ ပြုံး၍သာ နေခဲ့၏။

ထိုအပြုံးရဲ့ အတွင်းထဲမှာတော့ အမုန်းတွေသာ ရှိနေပါသည်။

တံတားဘောင်ပေါ်မှာ ခုန်ချရင်း သူ ပြောလိုက်သည်။

''စွဲမက်နီ ဆိုတဲ့ နာမည်ကို ကြားတိုင်း ငါ့ ဘယ်ဘက်ပါးကို ပြန်စမ်းမိတယ်၊ ငါ သူ့ကို ဘယ်တော့မှ ချစ်လာမှာ မဟုတ်ဘူး။ ငါ့ဆီမှာ သူ့အတွက် ထာဝရ အမုန်းတွေပဲ ရှိလိမ့်မယ်၊ တကယ်တော့ သူ့မှာနက ဟိုးမိုးကောင်းကင်ထဲက တိမ်တွေလိုပဲ တည်မြဲမှု မရှိဘူးဆိုတာ သူ နားမလည်တာပါ''

တိမ်စိုင်တွေကို ငေးမောရင်း သူ ပြောလိုက်သည်။ အားလုံးက သူ့စကားကို ငြိမ်သက်စွာ နားထောင်နေကြ၏။

''မိန်းမ တစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ရဲ့ ပြိုင်ဘက် မဟုတ်ဘူးဆိုတာ တစ်နေ့ သူ သဘောပေါက်သွားမှာပါ''

''ဟင်း မင်းတို့နှစ်ယောက်စလုံးကို နားလည်ရခက်တယ်ဆိုတာ ဝန်ခံရတော့မှာပဲ သျှင်မြတ်နီ''

ကျော်လေးက ခေါင်းကို ခါရမ်းလိုက်ရင်း ပြောသည်။





သူငယ်ချင်းတွေအားလုံးက အကောင်းဘက်က မြင်ပြီး ပြောနေတာကို နားလည်မိပါသည်။ မိဘတွေကိုယ်တိုင်တောင် တရင်းတနှီး ရှိနေကြပြီပဲ။

ဒါပေမဲ့ ကာယကံရှင်တွေဖြစ်တဲ့ သူနှင့်စွဲမက်နီကတော့ ဆက်လက် တင်းမာနေမှာ အသေအချာ။

www.burmeseclassic.com

## အခန်း (၁၃)

ဆောင်းရာသီပင် ထက်ဝက်ကျိုးခဲ့ပြီ။ တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးကို ဖြေဆိုဖို့ ငါးလခန့်သာ လိုတော့သည်။

ဒီအချိန်သည် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားတိုင်းအတွက် အရေးအကြီးဆုံးအချိန် ဖြစ်သည်။

ဘဝအတွက် အဆုံးအဖြတ်ပေးမည့် အချိန်မို့ သျှင်မြတ် ကျန်တဲ့ အကြောင်းအရာတွေကို ခေါင်းထဲက ထုတ်ထားပြီး စာတွေ မှာပဲ စိတ်ကိုနှစ်ထားသည်။

သူ့အိမ်မှာ အာကာ၊ ကျော်လေးတို့နှင့် စာစုကျက်ဖြစ်သည် တစ်ခါတစ်ရံ စွဲမက်နီအကြောင်းက ခေါင်းထဲရောက်လာသည်။ စွဲမက် လည်း စာကြည့်စားပွဲမှာ မထတမ်း အားထုတ်နေမှာ သေချာ၏။





ဒီတစ်ပွဲမှာတော့ ဘယ်နည်းနှင့်မျှ သူ အရှုံးနိမ့် မခံနိုင်ပါ။ သူမအကြောင်းကို ခေါင်းထဲမှ အမြန်ဆုံး မောင်းထုတ်ထားမှ ဖြစ်မည်။ ဒါမှ စာမေးပွဲမှာ ရလဒ်ကောင်းကောင်းနဲ့ စွဲမက်နီကို ကျော်ဖြတ်နိုင်မှ ဖြစ်သည်။

"ဟေ့ကောင် ဘာဖြစ်နေတာလဲ၊ ဒီပုစ္ဆာ သိပ်နားမလည်လို့ ရှင်းပြပါလို့ ပြောနေတာ ကြာပြီ"

အာကာက ပခုံးကိုကိုင်ပြီး ပြောလိုက်မှ သူ သတိဝင်သွားပြီး

"ဪ အေး အေး"

ကျော်လေးက နားမလည်နိုင်သလိုကြည့်ပြီး စာအုပ်ကို ပြန်ကိုင်သည်။

"သားရေ ဒီမှာ သားသူငယ်ချင်းတွေ စာလာကျက်တယ်ဟေ့။ ခေါ်လိုက်ပါဦး"

"သျှင်မြတ်နီရေ ငါတို့ မင်းတို့နဲ့ စာအတူလာကျက်တာကွ"

အိမ်ရှေ့က မေမေရဲ့ လှမ်းအော်ပြောသံနှင့် တဆက်တည်း ဝေလင်းနှင့်မိုးဇော်တို့ အသံပြဲကြီးတွေကို ကြားရသည်။

"အေး လာကြလေကွာ"

ဝေလင်းနှင့်မိုးဇော် စပ်ဖြဲဖြဲ မျက်နှာတွေဖြင့် စာကြည့်ခန်းထဲ ဝင်လာကြသည်။ မေမေ့ရှေ့မှာ မင်မောင်းကောင်းသလောက် အခန်းထဲ ရောက်တော့ ခရမ်းသီးပုပ်တွေလို မျက်နှာကြီးတွေ ရှုံ့မဲ့လျက်



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါဦးကွာ ငါတို့ ဘာမှသိပ်မရသေးလို့ ရှင်းပြပေးစမ်းပါဦး"

"ဟုတ်တယ်ကွ ငါလည်း ဝေဝေဝါးဝါးတွေ ဖြစ်နေတယ်"

ဒီကောင်တွေကို ကြည့်ပြီး အာကာနှင့်ကျော်လေး ဝိုင်းရယ်ကြသည်။ သူကတော့ ပြုံး၍ပဲ နေမိသည်။

"ဝေလင်း ဘယ်အချိန်ကြည့်ကြည့်ပါဆိုကွာ"

"နှစ်နှစ်ဆိုတော့ စာကျေတာပေါ့ဆိုကွ မိုးဇော်ရ"

အရင်က သူတို့ ပြောခဲ့သော စကားတွေဖြင့် ကျော်လေးနှင့် အာကာက အရွှန်းဖောက်သည်။

"မနောက်ကြပါနဲ့ကွာ မင်းတို့ စေတနာကို ငါတို့ နားလည်ပါပြီ"

"ဟုတ်ပါတယ်ကွာ လူငယ်ဆိုတော့ တစ်ခါတလေ လွတ်သွားတာပါ"

မိုးဇော် ပြောပုံက မသိလျှင် သူတို့ကပဲ လူကြီးတွေလို ဖြစ်နေသည်။ ကြာလျှင် စကားပြောတာ များပြီး စာကျက်ချိန်နည်းနေတော့မှာမို့ သူက စကားစကို ကြားဝင်ဖြတ်ပေးရသည်။

"ကဲ ကဲ တော်ကြပါတော့ မင်းတို့နှစ်ကောင် အခုလို အမြင်မှန်ရလာတာကိုပဲ ငါတို့က ဝမ်းသာလှပါပြီ မင်းတို့ကတော့ တကယ့်ကောင်တွေပဲ အခုတော့ စာမေးပွဲကျမှာ အသေအလဲ ကြောက်နေပြီ မဟုတ်





လား"

တော်တော်ရယ်ရတဲ့ကောင်တွေ။ စာမေးပွဲဝေးနေတုန်းကတော့ ဂုဏ်ပညာပါရမီရှင်တွေလို ဘယ်အချိန်ထကျက်ကျက်ဆိုတဲ့ ပုံစံမျိုးနဲ့။ ဘယ်လိုပြောပြော နားမဝင်။ အခုမှ အဖေကယ်ပါ အမေကယ်ပါ ဖြစ်နေကြသည်။

အခုမှ ပွဲကစည်သွား၏။ ပထမက အာကာ၊ ကျော်လေးနှင့် သူ သုံးယောက်တည်းမို့ အာကာနှင့်ကျော်လေး နားမလည်သည့် တစ်ပုဒ် နှစ်ပုဒ်စပဲ ရှင်းပြရသည်။

ဝေလင်းနှင့်မိုးဇော် ရောက်လာတော့ အပုဒ်တိုင်းလိုလိုကို သူ ရှင်းရှင်းပြနေရသည်။ သူက စာတွေကို ကျေညက်ပြီးသားမို့ မညည်းမညူ ရှင်းပြနေမိသည်။

ဝေလင်းနှင့်မိုးဇော်ကလည်း အားမနာတမ်းကို မေးပါသည်။ သူက ကျေနပ်စွာပင် ရှင်းပြပါသည်။ တစ်ခေါက်ရှင်းပြလေ သူ့အတွက် မှတ်မိလေမို့ ကိုယ့်အတွက်လည်း အကျိုးရှိသည်။

သူငယ်ချင်းအားလုံး ဆုံသွားသည့် ထိုနေ့မှစပြီး သူ့အိမ်မှာက တော့ ဗြောင်းဆန်သွားသည်။

စာကြည့်ခန်းထဲသို့ ဝင်လိုက်သည်နှင့် ပွကျဲနေသည့် စာအုပ်တွေကြားမှာ ဖောက်ထိုးမိုးမျှော်တွေဖြင့် စာကြည့်နေကြသည်က ဘေးလူကြည့်လျှင် မျက်စိနောက်စရာ။



www.burmeseclassic.com

www.burmeseclassic.com



မေမေက သူတို့အုပ်စုကိုကြည့်ပြီး ကျေနပ်နေသည်။ လိုအပ်သည်များကိုလည်း ဂရုတစိုက်စီမံပေးတတ်သည်။ ကော်ဖီချိန် ကော်ဖီ အအေးချိန်အအေး လိုလေသေးမရှိစေရ။

အာဟာရရှိမည့် အစားအစာတွေကို ရွေးချယ်ချက်ပြုတ်ကျွေးတတ်သလို သူတို့ တောင်းဆိုတာကိုလည်း ထည့်ချက်ပေးတတ်သေးသည်။

သူတို့တွေ စာစုကြည့်သည့်နောက်ပိုင်းမှာ ရုံးကပြန်လာသည့် ဖေဖေလည်း မနေရပါ။ အိမ်ရောက်တာနှင့် ရေမိုးချိုး အဝတ်အစားလဲပြီး သူတို့အားလုံးကို ဂိုက်လိုင်းပေးရသည်။

အားလုံးထဲမှာ မိုးဇော်နှင့်ဝေလင်းက အမေးအမြန်း အထူဆုံး။ သူတို့နှစ်ယောက်ကိုပဲ ဖေဖေ ရှင်းပြနေရတာ များပါသည်။

အာကာ၊ ကျော်လေး၊ ဝေလင်းနှင့်မိုးဇော်တို့ မိဘတွေကလည်း အားနာဟန်ဖြင့် စားစရာတွေ လာလာပို့တတ်ကြသည်။

"နေပါစေရှင် ကလေးတွေ အခြေအနေ လာကြည့်ရင် လုံလောက်ပြီပဲ၊ ဒါတွေ ယူမလာပါနဲ့ ကျွန်မ ချက်ပြုတ်ကျွေးမွေးနိုင်ပါတယ်"

"မဟုတ်တာပဲ ဆရာကတော်ရယ်၊ ဆရာကတော်လည်း ပင်ပန်းလှရောပေါ့၊ တစ်ခါတလေ ကျွန်မတို့ ယူလာတော့ လူသက်သာတာပေါ့၊ တကယ်ဆို သက်သက်ဒုက္ခလာပေးသလို ဖြစ်နေလို့ ကျွန်မတို့ကတောင် အားနာနေရတာ"

"ဟုတ်ပါတယ်ရှင် ဆရာတို့ ဆရာကတော်တို့ လင်မယားကို





အထူးပဲ ကျေးဇူးတင်မိပါတယ်၊ ကျွန်မတို့ ကလေးတွေ ကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာအောင် စည်းရုံးပေးတဲ့အတွက် ဘယ်လိုကျေးဇူးဆပ်ရမှန်းတောင် မသိပါဘူး"

မိဘတွေက တကယ်ကို ဝမ်းသာပီတိကို ဖြစ်ပြီး ဖေဖေနှင့် မေမေကို ကျေးဇူးတင်မဆုံးကြ။ ဒါကိုကြည့်ပြီး သူလည်း ကြည်နူးနေမိတာ အမှန်။

"ဒီလိုလည်း မဟုတ်ပါဘူးဗျာ၊ ကလေးတွေ ကိုယ်တိုင်က ကြိုးစားချင်စိတ်၊ အောင်မြင်ချင်စိတ် ရှိကြလို့ပါ"

"ဒါပေမဲ့ ဆရာရယ်၊ ဆရာတို့ကလည်း နားဝင်အောင် ပြောနိုင်လို့ဆိုတာ သေချာတယ်လေ"

သူတို့ ဝိုင်းဖွဲ့လိုက်သော စာကျက်ဝိုင်းကလေးက သူတို့အိမ်မှာ မိဘတွေ တရုန်းရုန်းဖြင့် ညနေတိုင်း စည်ကားသိုက်မြိုက်သွားစေခဲ့သည်။

■ ■ ■

"သျှင်မြတ်နိုး"

သူတို့အားလုံးရဲ့ အကြည့်တွေ အခန်းဝ ရောက်သွားတော့ ကျောပိုးအိတ်ကလေး လွယ်လျက် မတ်တပ်ရပ်နေသော သက်မှူးညီကို တွေ့လိုက်ရသည်။

မယုံကြည်နိုင်သော အံ့သြမှုတွေဖြင့် ဘာမှမပြောနိုင်ကြဘဲ အားလုံး ငြိမ်သက်နေကြသည်။ ရုတ်တရက် သူ သတိဝင်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ညီ လာလေကွာ"

သူ ပြောလိုက်တော့မှ ညီက လှမ်းဝင်လာသည်။ သူ့ပုံစံက ထူးခြားနေသည်။ အရင်ကဆိုလျှင် အလိုမကျမှုတွေဖြင့် ပြည့်နှက်နေတတ်သည့် ညီ့မျက်နှာက အမြဲတမ်း မှုန်ကုတ်နေတတ်၏။

အခုတော့ ထူးခြားစွာပင် ညီ့မျက်နှာက ကြည်လင်ရွှင်ပြလျက် ပြုံးပြုံးရွှင်ရွှင်။

"ငါ မင်းတို့နဲ့ စာလာကျက်တာကွ၊ ငါ စာမေးပွဲဖြေဖို့ ဆုံးဖြတ်လိုက်ပြီ"

သက်မှူးညီ ပြောတော့ သူငယ်ချင်းတွေ အားလုံး ဝမ်းသာသွားကြသည်။ အားလုံးထဲမှာ ညီ အမြင်မှန်ရသွားတာကို သူ အပျော်ရွှင်ဆုံး။

"ဝမ်းသာလိုက်တာ ညီရာ၊ ဟိုအရင်ကတည်းက ဒီလိုတွေးမြင်တတ်ခဲ့ရမှာ"

သူ ဝမ်းသာအားရဖြင့် ညီ့ကို ဖက်လိုက်တော့ ညီကလည်း အလိုက်သင့် ပြန်ဖက်ထားပါသည်။

မေမေနှင့်ဖေဖေကတော့ ဇီးဖြူသီး စကောထဲ ထည့်လိုမ့်လိုက်သလို ပြေးလိုက်လွှားလိုက်ဖြင့် ဖတ်ဖတ်မောနေသည်။

"ဦး ဒီမှာ ညီ ပြန်ချရေးထားတာတွေ စစ်ပေးပါဦး"

"ဩော် အေး အေး"





ညီက ကျက်ပြီး ပြန်ချရေးထားသော စာတွေကို ဖေဖေ့ကို စစ်ခိုင်းနေသည်။

အားလုံးရဲ့အကြည့်တွေက ဖေဖေနှင့်သက်မှူးညီ ဆီမှာ။ အာကာက သူနှင့်အကြည့်ချင်းဆုံတော့ ညီဘက်သို့ လှမ်းပြီး မျက်စပစ်ပြသည်။ ဖေဖေသာ မရှိလျှင် ဝိုင်းကွတ်ထိုးကြမှာ သေချာသည်။

"ညီက ဘယ်ဆိုးလို့လဲ အကုန်မှန်တယ်"

ဖေဖေက မျက်မှန်ကို ပင့်တင်လိုက်၍ ပြောရင်း ညီ့ကို စာအုပ်ပြန်ပေးလိုက်သည်။ ညီ့မျက်နှာက ပြုံးရွှင်နေသည်။

ဖေဖေ ထထွက်သွားတော့ ညီက စာအုပ်ကို ချပြီး အိမ်အနောက်ဘက်သို့ ထွက်သွားသည်။ အားလုံးရဲ့ အကြည့်တွေက ညီ့ရဲ့ ခြေလှမ်းတိုင်းမှာ ကပ်ငြိပါသွားသည်။

ညီ့ဆီမှ အကြည့်ကို ခွာလိုက်ကြပြီး အားလုံး အကြည့်ချင်းဆုံမိတော့ ကျော်လေးက တီးတိုးလေး ပြောသည်။

"တော်တော်တော့ ထူးဆန်းတဲ့ကောင်နော်၊ ကြည့်ရတာ ဒီကောင့်ကို ကိုယ်စောင့်နတ်က ကြိမ်နဲ့သမပြီး လှုံ့ဆော်လိုက်သလဲ မသိဘူး"

"ငါ့အထင်ကော့ ငါတို့လိုပဲ ပထမတော့ လေကြီးလေကျယ်တွေပြောပြီး စာမေးပွဲနီးမှ ကြောက်ဒူးတုန်သွားတာ ဖြစ်မယ်"

"အေး ဟုတ်တယ် အဲဒါ အဖြစ်နိုင်ဆုံး နည်းလမ်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက တစ်ယောက်အမြင်ကို တစ်ယောက် ထုတ်ဖော်ရင်း ဝေဖန်နေကြသည်။ ပြောသမျှတွေကလည်း ပေါက်တီးပေါက်ရှာ မဖြစ်နိုင်တဲ့ အရာတွေသာ ဖြစ်သည်။

သက်မှူးညီကို ပြောင်းလဲသွားစေသော အကြောင်းက ဘာလဲ။ သျှင်မြတ်နိုး စဉ်းစားနေမိသည်။ ညီ့ကို တိုက်ရိုက် မေးကြည့်ချင်ပေမယ့် သူ မမေးဖြစ်ပါ။

နည်းနည်းတော့ ထူးခြားနေတာ အမှန်။

■ ■ ■



## အခန်း (၁၄)

သက်မှူးညီသာ ထူးခြားနေတာ မဟုတ်တဲ့ မေမေနှင့် သက်မှူးအမေ အန့်တီသက်တို့လည်း အခုတလော တကြိတ်ကြိတ် ဖြစ်နေသည်။ မီးဖိုချောင်တွင်လည်း တကြိတ်ကြိတ်၊ ဧည့်ခန်းတွင်လည်း တကြိတ်ကြိတ် ဖြစ်နေသည်။

တီးတိုး တီးတိုးနှင့်ဘာတွေပြောနေမှန်းမသိ။ သူ မသိမသာ နားထောင်ကြည့်မိ၏။

"မမရယ် ညီမတော့ အရမ်းဝမ်းသာတယ် သိလား၊ သားလေးအတွက် ညီမ အရမ်းစိတ်ညစ်နေတာ၊ ဒီသားလေး ပညာရေးကိုပဲ အလေးထားနေပေမယ့် သူက ပညာရေးကို ပေါ့ပေါ့လုပ်နေတော့ ညီမ ဘာလုပ်ရမှန်းကို မသိဘူးလေ"

"အင်း သူတို့လေးတွေက ကလေးမကျ လူကြီးမကျ အရွယ်



www.burmeseclassic.com

www.burmeseclassic.com



တွေလေ ညီမရဲ့၊ ကိုယ်က ဂရုစိုက်ကြည့်ပြီး ပြုပြင်ပြောင်းလဲပေးရတာပေါ့''

''ဟုတ်ပါတယ် သားလေး အခုလို ပြောင်းလဲသွားတာတော့ ညီမ ကျေနပ်ဝမ်းသာပါတယ်''

''အရေးကြီးတာက တို့ညီအစ်မ တိုင်ပင်ထားတဲ့အတိုင်း ဒီကိစ္စကို သိုသိုဝှက်ဝှက်တော့ ရှိပါစေ''

''စိတ်ချပါ မမရယ်၊ ညီမလေး သဘောပေါက်ပါတယ်''

မေမေနှင့်အန်တီတို့ စကားတွေက ပဟေဠိဆန်နေတာ အမှန်ပဲဖြစ်၏။ ရေခဲသေတ္တာဖွင့်ကာ ရေသောက်နေသော သူ့ကို လှမ်းကြည့်ပြီး မေမေက အန်တီသက်ကို လက်တို့တော့ အန်တီသက် သူ့ကို လှမ်းကြည့်တာ မြင်လိုက်သေးသည်။

ဘာတွေလဲ၊ မေမေတို့က ညီကို ဘာတွေသိုဝှက်ထားကြသည်လဲ။ ကြည့်ရတာ သူ့ကိုတောင် မသိစေချင်တဲ့ပုံစံတွေ ရှိနေတာ အမှန်။

''သားတို့တွေ ထမင်းစားတော့မလား၊ အားလုံး ကျက်နေပြီနော်''

မေမေက သူ့ကို လှမ်းပြောသည်။ သူ ခေါင်းခါပြရင်း ပြန်လှည့်ထွက်ခဲ့သည်။

ခြံထဲက သစ်ရိပ်အောက်မှာ သက်မှူးညီတို့ အုပ်စု ကိုယ်စီ အာရုံတွေစိုက်ကာ စာတွေအော်ကျက်ကောင်းနေကြသည်။





သက်မှူးညီကို လှမ်းကြည့်တော့ မျက်ဝန်းတွေ မှိတ်ကာ စာကို တိုးတိုးလေး ရွတ်ဆိုနေသည်။

ဘာပဲဖြစ်ဖြစ် ညီ စာကြိုးစားနေတာ အတွက်တော့ သူ ဝမ်းသာမိသည်။ ညီကို ပြောင်းလဲသွားစေတာ မေမေနှင့်အန်တီသက်တို့ကြောင့်ဟု သူ စဉ်းစားမိ၏။

ဒီကောင် ပြောင်းလဲစေအောင် မေမေတို့ ဘယ်လိုများ တိုင်ပင်စီစဉ်လိုက်တာလဲ။ သူ သိပ်သိချင်လာသည်။

ဒါကြောင့်လည်း မေမေနှင့် နှစ်ယောက်တည်း ဆုံတော့ သူ မေးကြည့်မိ၏။

''မေမေ ညီ အခုတလော စာကို တော်တော်ကြိုးစားနေတယ်၊ ညီ ပြောင်းလဲသွားအောင် မေမေတို့ ဘယ်လိုလုပ်လိုက်ကြတာလဲ''

သူ့စကားကြောင့် မေမေ မျက်မှောင်ကြီးကုပ်ပြီး ကြည့်သည်။ ပြီးမှ စားပွဲပေါ်က ပန်းကန်တွေကို သိမ်းဆည်းနေရင်း

''မေမေတို့ ဘာလုပ်ရမှာလဲ၊ သူ့ဘာသာအသိနဲ့ ပြန်ကြိုးစားတာနေမှာပေါ့''

''ဟိုတစ်နေ့ကပဲ မေမေနဲ့အန်တီသက် ပြောနေတယ်လေ''

''အလိုတော် ဘာတွေများ ပြောမိလို့လဲ''

''မေမေတို့ တိုင်ပင်သိုဝှက်ထားတဲ့ကိစ္စဆိုလား သားကြားလိုက်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရပါဘူး သားရယ်၊ မေမေတို့က ဘာသိဝှက်စရာ ရှိမှာလဲ၊ သက်မှူးလေး စာကြိုးစားချင်စိတ်လေးရှိအောင် ချော့မော့ပေးတာလောက်ပဲ ရှိပါတယ်"

မေမေ့ကြည့်ရတာ သူ့ကို ပြောချင်ပုံမရတာ သေချာ၏။ သူ့ကို ဘာမှထပ်မပြောတော့ဘဲ အလုပ်တွေ ရှုပ်ထွေးနေသလို ဟိုဟိုဒီဒီတွေ လျှောက်လုပ်နေသည်။

သူ ဘာမှထပ်မမေးဖြစ်တော့ဘဲ မီးဖိုခန်းထဲက ပြန်လှည့်ထွက်ခဲ့သည်။

မေမေ မပြောလိုသောကိစ္စကို သူလည်း မသိချင်ပါ။

ဘာပဲဖြစ်ဖြစ် ဘယ်လိုအကြောင်းနဲ့ပဲ သက်မှူးညီ ပြောင်းလဲသွားပါစေ။ ကောင်းသော ပြောင်းလဲမှုအတွက် သူ ဝမ်းသာမိသည်။

အရင်ကဆို ကျူရှင်လစ်ပြီး စွဲမက်နီတို့ လမ်းထဲမှာ အကြောင်းမရှိ အကြောင်းရှာပြီး လျှောက်ပြန်သံပေး လုပ်နေတဲ့ကောင်၊ အခုတော့ တော်တော်ကြီး အချိုးပြေသွားခဲ့ပြီပဲ။

■ ■ ■



အခန်း (၁၅)

"အတန်းတင် စာမေးပွဲက တစ်လကျော်ပဲ လိုတော့တာနော်၊ တပည့်တို့ ကြိုးစားကြပါ၊ ဆယ်တန်းဆိုတော့ တပည့်တို့အနာဂတ်အတွက် လှေကားထစ် တစ်ခုပဲကွဲ့"

အတန်းပိုင်ဆရာမ ဒေါ်သန်းမေက အမြဲတမ်း သတိပေး ဆုံးမစကားဆိုတတ်သည်။ ထိုအခါတိုင်း သူ စွဲမက်နီကို လှမ်းကြည့်မိသည်။

စွဲမက်နီလည်း သူ့ကို အနိုင်ယူဖို့အတွက် ကြိုးစားနေမှာ သေချာသည်။ အိမ်မှာတောင် Guide (ဂိုက်)ခေါ်သင်နေသည်ဆိုတော့ လျှော့တွက်လို့ မရပါ။

သူတို့အုပ်စုလည်း သူ့အိမ်မှာ ဆရာတွေခေါ်ပြီး သင်နေတာကို စွဲမက်နီ သိမှာ သူ ယုံသည်။

ကျောင်းမှာလည်း ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမတွေက



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှန်သင်ကြားခြင်းတွေ သင်ကြားရင်း အစမ်းမေးခွန်းတွေ မေးပြ
စေ၏။ ဒီလိုအခါတိုင်းမှာလည်း သူနှင့်စွဲမက်နီတို့ ရမှတ်တွေက အပြည့်
တွေပဲ ရကြသည်။

"မင်းနဲ့စွဲမက်နီကတော့ အပြိုင်အဆိုင်ပဲနော် သျှင်မြတ်နီ"

အာကာက ရမှတ်တွေကို သတိထားစောင့်ကြည့်ပြီး ပြောတ
စမြဲ။ တကယ်ဆို သူ ကိုယ်တိုင်လည်း စွဲမက်နီရဲ့ ရမှတ်တွေကို ယှဉ်
ဖို့ အမြဲသတိထားနေခဲ့တာပဲ ဖြစ်သည်။

ကျောင်းသွားကျောင်းပြန် စူပါကပ်ဆိုင်ကယ်လေးနှင့် တ
ယောက်တည်း သွားတတ်ပြန်တတ်သည့် စွဲမက်နီကတော့ အမြဲတ
တသီးတသန့်နဲ့ ရှိတတ်တာ ပြောင်းလဲမသွားပါ။

သူနှင့်ထိပ်တိုက်ဆုံမိတိုင်း စွဲမက်နီ နှုတ်ခမ်းလေးတွေ တ
တင်းလေး စေ့သွားတာကိုလည်း သူ သတိထားမိသည်။

သူ့အပေါ် စွဲမက်နီ ခါးသီးလွန်းနေသည်ဆိုတာ သူ သဘေ
ပေါက်ပါသည်။

ငါလည်း သိပ်ကျေနပ်တယ် စွဲမက်နီ။ နင်နဲ့ငါ့ကြားမှာ အမြဲတ
ခါးသီးနေဖို့ပဲ လိုတယ်။ ဒါမှလည်း ငါတို့ ယှဉ်ပြိုင်မှုက ပိုပြီး အသ
ဝင်နေမှာပေါ့။

ငါ့ရင်ထဲမှာတော့ နင် ထည့်ပေးလိုက်တဲ့ နာကျည်းမှုတေ
အပြည့်ရှိနေတယ် စွဲမက်နီ။





ဘယ်တော့မှ လျော့ပါးမသွားတဲ့ အမုန်းတွေလည်း နင့်အတွက်
အပြည့်ရှိတယ်။ ဒါကို နင် မမေ့လိုက်နဲ့ စွဲမက်နီ။

■ ■ ■

ငါနဲ့ဆုံတိုင်း တင်းခံနဲ့ဖြစ်သွားတဲ့ နင့်မျက်နှာပေါ်က အငြိုးတွေ
ကို ငါ သိတာပေါ့ သျှင်မြတ်နီ။

အဲဒီအငြိုးတွေနဲ့ နင် ငါ့ကို တိုက်ခိုက်ဖို့ အမြဲအသင့်ရှိနေတာ
ကိုလည်း ငါ ယုံကြည်ထားပြီးသားပါ။ သျှင်မြတ်နီ ဆိုတဲ့ နင့်ကိုလည်း
ငါက လျော့မတွက်ပါဘူး။

အတန်းထဲမှာ ဆရာမတွေ စာမေးတိုင်း နင် ဒက်ခနဲ ဖြေနိုင်
တာတော့ ငါ ချီးကျူးပါတယ်။ နင် သိပ်တော်တယ် သျှင်မြတ်နီ။

နင်တို့ တစ်အုပ်စုလုံး နင်တို့အိမ်မှာစုပြီး စာကျက်နေတာ ငါ
ကြားတယ်။ သက်မှူးညီတောင် ပါတယ်ဆိုပဲ။

ကောင်းပါတယ်။ ဒီသတင်းအတွက်တော့ ငါ ဝမ်းသာတာ
အမှန်ပဲ။ သက်မှူးညီကို ငါ ဥပေက္ခာပြုထားပေမယ့် ငယ်သူငယ်ချင်း
ဆိုတဲ့ သံယောဇဉ်တော့ ငါ့ရင်ထဲမှာ ရှိပါတယ်။

ပညာရေးကို သက်မှူးညီ ဂရုစိုက်လာတာ ငါ တကယ် ဝမ်း
သာပါတယ်။ ဒါပေမဲ့ သျှင်မြတ်နီ ဆိုတဲ့ ယောကျ်ားတစ်ယောက်ကတော့
ငါ့ရင်ထဲမှာ ခါးခါးသီးသီး မုန်းနေမှာ သေချာတယ်။

နင့်ရဲ့ ယှဉ်ပြိုင်မှုတွေက ငါ့တစ်ယောက်တည်းကိုပဲ ...တည်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်နေတယ်ဆိုတာ ငါ သိပါတယ်။

"စွဲမက် နင်နဲ့သျှင်မြတ်နီတို့ နှစ်ယောက်ကတော့ အမြဲတမ်း အပြိုင်ပဲနော်"

"အေးလေ ရုပ်ဗေဒမှာလည်း နင်တို့က အမှတ်ပြည့်၊ သင်္ချာမှာလည်း အမှတ်ပြည့်တွေပဲနော်"

အစမ်းမေးခွန်းတွေဖြေတိုင်း သူမတို့ ရမှတ်တွေကို အားလုံးက စိတ်ဝင်တစား စောင့်ကြည့်ပြီး ပြောကြသည်။

သူတို့ ပြိုင်ဆိုင်မှုတွေကို အားလုံးသော သူငယ်ချင်းတွေက ပြိုင်ပွဲတစ်ခုလို သဘောထားကြတာ ကြာပြီ။ တကယ်ဆို သူတို့နှစ်ဦးရဲ့ ရင်ထဲမှာ ထိုထက်မကသော ပြိုင်ဆိုင်မှုကြီးအပြင် အမုန်းတွေ၊ ခါးသီးမှုတွေ ကြီးမားစွာ ရှိခဲ့ကြသည်ဆိုတာ ဘယ်သူသိမှာလဲ။

သူ့ပါးကို စွဲမက် ရိုက်ခဲ့ဖူးတာကို ပြန်တွေးမိတိုင်း သူ့ရဲ့စကားသံကို ပြန်ကြားယောင်မိသည်။

"မင်း အရမ်းကံဆိုးသွားပြီ စွဲမက်နီ၊ အခု မင်း ကျူးလွန်ခဲ့တဲ့ လုပ်ရပ်အတွက် ထိုက်တန်တဲ့ လျော်ကြေးတော့ တစ်နေ့ပေးရမယ်"

ပြန်တွေးကြည့်မိတော့ သူမ လုပ်ရပ်က လွန်သွားခဲ့တာနားလည်မိသည်။ ကိုယ်ထိလက်ရောက် ကျူးလွန်လိုက်မိတာ ကိုယ့်အမှား ဒါပေမဲ့ သူ့ရဲ့စကားတွေကလည်း သူမ မာနနှင့် သိက္ခာတွေကို နင်းခြေခဲ့တာပဲလေ။





ယောကျ်ားတန်မဲ့ ကြိမ်းဝါးသွားခဲ့သော စကားတွေကိုပဲ ကြည့်ဦး။

စွဲမက်နီ ဆိုတဲ့ မိန်းမက သူ့ကို ဖိန့်ဖိန့်တုန်အောင် ကြောက်လန့်သွားမယ် ထင်နေသည်လား။

မှတ်ထားလိုက် သျှင်မြတ်နီ။

စွဲမက်နီ ဆိုတဲ့ မိန်းမ တစ်ယောက်ရဲ့ မာနတွေကိုတော့ ရှင် လာစော်ကားလို့ မရဘူး။

ယှဉ်ပြိုင်ချင်တယ်ဆိုရင် စွဲမက်နီတို့က အသင့်ပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

စာမေးပွဲ နီးလာသည်နှင့်အမျှ သူတို့အုပ်စု စကားပြောချိန် မရှိအောင်ပဲ စာထဲမှာ အာရုံတွေ နစ်နေခဲ့ကြသည်။

ခြံထဲမှာ အုပ်စုလိုက် သင်္ချာတွေ တကုန်းကုန်း တွက်ကြမှတ်ကြသည်။ နားမလည်တာတွေကို ဂိုက်ဆရာတွေဆီမှာ မေးကြသည်။

ဘယ်သူမှ အိမ်မပြန်ကြတော့တဲ့ သျှင်မြတ်နီ အိမ်မှာပဲ အိပ်ဖြစ်ကြသည်။ မိဘတွေက စားစရာတွေ လာပို့ပေးကြ၏။

မေမေနှင့်အန်တီသက်ကတော့ သူတို့ စားသောက်ဖို့ ဒိုင်ခံချက်ပြုတ်ပေးရ၏။

"သားတို့နော် စာကျက်တာလည်းကျက်၊ ကျန်းမာရေးကိုလည်း ဂရုစိုက်ကြနော်၊ စာမေးပွဲနီးမှ နေမကောင်း ဖြစ်ရင် ကြိုးစားထားသမျှ အလကား ဖြစ်ကုန်မယ်"





"သက်မှူးကိုပြော အန်တီ၊ ဒီကောင်ညတိုင်း ညဉ့်နက်အထိ ထိုင်ယောက်တည်း ကျက်နေတာ၊ ကျွန်တော်တောင် တစ်ရက်သူနဲ့အတူ ထိုင်ကျက်တာ ရှုံးသွားတယ်"

"ဟုတ်လားသား၊ အရမ်းတော့ အိပ်ပျက်မခံနဲ့နော်"

အန်တီသက် စိုးရိမ်ပူပန်သော မျက်ဝန်းတွေနှင့် ကြည့်ကာ သက်မှူးညီကို ပြောသည်။

"မစိုးရိမ်ပါနဲ့ မေမေရာ၊ သား မိုးလင်းအထိ ကျက်တာ မဟုတ်ပါဘူး အိပ်ပါတယ်"

မိခင်ဖြစ်သူ စိုးရိမ်မှာစိုး၍ သက်မှူးညီ ရယ်ပြုံးပြုံးလေးနှင့် ပြောသည်။ တကယ်ဆို ဒီကောင် အိပ်ပျက်ခံပြီး စာကျက်နေတာကို သူလည်း သိပါသည်။ ဒါကြောင့်လည်း တိုးတိုးတိတ်တိတ်လေး ပြောရသေး၏။

"ညီ မင်း စာကျက်တာလည်း ကျက်နော်၊ အရမ်းအိပ်ပျက်မခံနဲ့"

"အေးပါကွာ ငါ သိပါတယ်၊ ဘာမှမဖြစ်ပါဘူး၊ မနေ့က မအိပ်ချင်လို့ ကျက်နေတာပါ"

"မင်း အောင်မှာသေချာပါတယ်၊ ကျောင်းစတက်တုန်းက ပုံစံမျိုးမှ မဟုတ်တာပဲ၊ အချိန်မီ မင်း ပြောင်းလဲသွားတာ ငါ အံ့သြတယ်၊ နေပါဦး ဘယ်လိုဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စာမေးပွဲ အောင်ချင်လို့ပေါ့ကွာ"

သက်မှုးညီ အဖြေက ရှင်းပါသည်။ ပြီးတော့ ဘာမှ ထပ်မပြော ဘဲ ပြုံးတုံ့တုံ့ လုပ်နေတာမို့

"သက်မှုးညီ မင်းမှာ လျှို့ဝှက်ချက်တစ်ခု ရှိသလား"

"လျှို့ဝှက်ချက် မဟုတ်ပါဘူးကွာ၊ ဒါပေမဲ့ မျှော်လင့်ချက်တော့ ရှိတယ်၊ စာမေးပွဲပြီးတော့ ငါ ပြောပြပါ့မယ်"

ညီကိုယ်တိုင်က ပဟေဠိဆန်နေပြန်တော့ သူ ဘာမှမမေးချ တော့ပါ။ လူတိုင်းမှာ မျှော်လင့်ချက်နဲ့ လျှို့ဝှက်ချက်ဆိုတာ ရှိတတ်သည် ပဲ။

သျှင်မြတ်နီ ဆိုသော သူ့မှာလည်း ဘယ်သူမှ မသိနိုင်သော လျှို့ဝှက်ချက် ရှိနေတာပဲလေ။

■ ■ ■



## အခန်း (၁၇)

အတန်းတင် စာမေးပွဲကြီးဖြေတော့ သူတို့အားလုံး ဂဏှာကြကြ ဖြစ်နေကြသည်။ အသေအချာ ကြိုးစားထားခဲ့ကြတာမို့ ကိုယ့်ကိုကိုယ် ယုံကြည်မှုတွေနှင့် သူတို့ ရဲရဲရင့်ရင့် ရှိနေခဲ့၏။

"ဟိုမှာ စွဲမက်နီ"

မိုးဇော် အသံကြောင့် အားလုံးလှမ်းကြည့်မိကြသည်။ အဖြူ အစိမ်း ကျောင်းဝတ်စုံလေးနှင့် စွဲမက်နီ ရှင်းရှင်းသန့်သန့်လေးပါပဲ။ သက်မှုးညီ ငေးငေးလေး ကြည့်နေတာ မြင်တော့ သျှင်မြတ်နီ မဲ့ခနဲ ကြိတ်ပြုံးလိုက်မိသည်။ ဒါကို မြင်လိုက်သော ကျော်လေးက တိုးတိုး လေး ကပ်ပြောသည်။

"မင်းတို့ ပြိုင်ပွဲကတော့ ဗိုင်နယ်ရောက်နေပြီနော်၊ ဒီစာမေးပွဲ ပြီးရင် ပြီးသွားပြီ"

ပြီးသွားပြီတဲ့လား။ သူ ဘာမှမပြောဘဲ ကြိတ်ပြုံးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့စွဲမက်နီတို့ ပြိုင်ပွဲက ဘယ်တော့မှ ပြီးဆုံးမှာ မဟုတ်တာ သေချာသည်လေ။

ခေါင်းလောင်းမတီးသေးတာမို့ အားလုံး စာသင်ခန်းတွေ အပြင်ဘက်မှာပဲ အုပ်စုဖွဲ့ပြီး စောင့်ကြရသည်။ အများစုက စာအုပ်လေးတွေ ကိုယ်စီကိုင်ကာ စာတွေကျက်လို့ နွေးလို့ကောင်းတုန်း။

သက်မှူးညီတောင် စာအုပ်ကိုင်ကာ ကျက်နေဆဲ ရှိသည်။

ဒီကောင် တော်တော်တော့ ပြောင်းလဲသွားတာ အမှန်။ နှစ်စတုန်းက ကျောင်းစာထဲမှာ လုံးဝ အာရုံမရှိတဲ့ကောင်။ အခုတော့ စာမေးပွဲခန်းထဲ ဝင်ခါနီးအထိ ဒီကောင် စာကျက်နေတုန်းရှိ၏။

သူကတော့ ကျောပိုးအိတ်တောင် ယူလာတာ မဟုတ်ပါ။ ဘောပင်သုံးချောင်း ခဲတံတိုတစ်ချောင်းနှင့် ခြောက်လက်မ ပေတံ တစ်ချောင်းကို အင်္ကျီအိတ်ထဲ ထည့်ယူလာတာပဲ ဖြစ်သည်။

စွဲမက်နီကို လှမ်းကြည့်လိုက်တော့ သူမသည်လည်း ကျောပိုးအိတ်လေး လွယ်ကာ ငြိမ်ငြိမ်လေး ရပ်နေသည်။ သူ ရှိနေမှန်း သိတာမို့ ထင်၏။ တစ်ချက်လေးတောင် လှည့်မကြည့်ပါ။

ဖြစ်နိုင်လျှင် ကွမ်းတစ်ယာလောက် ဝါးပြီး သူမရှေ့မှာ တပျစ်ပျစ်နဲ့ ထွေးပြလိုက်ချင်သေးသည်။ စာမေးပွဲခန်းထဲက ဆရာမတွေကို အားနာလို့။

ကျောင်းဝင်းထဲဝင်ဖို့ အချက်ပေးခေါင်းလောင်းသံ ထိုးလိုက်





တော့ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်သည်။

"ပြဿနာပဲ ခေါင်းလောင်းသံ ကြားတာနဲ့ ကျက်ထားတာတွေတောင် မေ့ချင်ချင် ဖြစ်သွားတယ်"

ဝေဖြိုး ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း ပြောတော့ သူ ပြုံးမိ၏။ အာကာက လက်ဝါးနှင့်ရွှယ်ရင်း

"ဖင်နားကပ်မှ ပြူးပြဲကျက်တာကိုး၊ မေ့နေတဲ့စာတွေ မှတ်မိသွားအောင် ငါ ဖက်ပိုးတစ်ချက် အုပ်ပေးရမလား"

ဝေဖြိုး အသံတိတ် ပါးစပ်လှုပ်ကျိန်ဆဲသည်။

ဘာပဲဖြစ်ဖြစ် အားလုံး စုပေါင်းပြီး ကြိုးစားကျက်မှတ်ထားခဲ့ကြသည့် အကျိုးကျေးဇူးကိုတော့ ပိုင်ဆိုင်ရမည်ဟု သူ ယုံသည်။

စာမေးပွဲခန်းထဲဝင်တော့မှ ထူးခြားသော တိုက်ဆိုင်မှုကို သူ သတိထားမိလိုက်သည်။ စွဲမက်နီနဲ့သူ တစ်ခန်းတည်းပါပဲ။ သူ့ခုံအမှတ်က ကိုးဆယ့်ခုနစ် ဖြစ်ကာ စွဲမက်နီရဲ့ ခုံအမှတ်က ခုနစ်ဆယ့်ကိုး တဲ့။

မင်းနဲ့ငါ တူပေမယ့် အရှေ့နဲ့အနောက် ဆန့်ကျင်ဘက်တွေ ဖြစ်နေတာ အံ့ဩစရာတော့ မဟုတ်ပါဘူး စွဲမက်နီ။

ဘယ်တော့မှလည်း နင်နဲ့ငါ ဆုံမှတ်တစ်ခုမှာ ဆုံစရာအကြောင်း မရှိဘူး။ အပြိုင်ဖြစ်နေတဲ့ ရထားသံလမ်းနှစ်ကြောင်းလိုပေါ့ စွဲမက်နီ။ ဆုံစရာအကြောင်း မရှိပေမယ့် အပြိုင်တော့ ရှိနေကြမှာ သေချာတယ်။

တစ်နဲ့နှစ်ဆိုတာ အဝေးကြီးမှ မဟုတ်ဘဲ။ ဒါပေမဲ့ ကိုးလိုချင်



www.burmeseclassic.com

www.burmeseclassic.com



တာက နံပါတ်တစ်ပဲ။

■ ■ ■

တစ်ဘာသာ ဖြေဆိုပြီးတိုင်း သူတို့တွေ တစ်ယောက်အဖြေ အနေ တစ်ယောက်မေးကြနှင့် ဆုံဖြစ်ကြသည်။

"ငါတော့ အင်္ဂလိပ်စာ သိပ်မရဘူးကွာ၊ အောင်မှတ်တော့ ရမယ် ထင်တယ်"

"အောင်မှတ်ရရင် ပြီးတာပဲပေါ့ကွာ၊ ဖြေပြီးသားကို ပြန်တွေး မနေနဲ့တော့၊ မနက်ဖြန် ဘာသာအတွက် အာရုံထားစမ်းပါ"

အားလုံးထဲမှာ ဝေလင်းက အညံ့ဆုံးမို့ အားပေးသူက ပေးရ သည်။ အတူစာကျက်ကြကတည်းက ဝေလင်း စာညံ့တာမို့ အားလုံးက ဝိုင်းဝန်းပြပေးကြရသည်။

"သျှင်မြတ်နီ မင်းကော အိုကေလား၊ ငါ မေးတာ အမှတ် တစ်ရာအပြည့်ရသလား မေးတာနော်"

ကျော်လေး မေးတော့ သူ ပြုံးပြုံးလေးနှင့်ပဲ ငြိမ်သက်နေလိုက် သည်။ ဘာသာရပ်တိုင်းမှာ စွဲမက်နီ ထက်သာလွန်ဖို့အတွက် သူ အကောင်းဆုံး ကြိုးစားဖြေခဲ့သည်ချည်း။

စာမေးပွဲခန်းထဲမှာ စွဲမက်နီ ခေါင်းမဖော့စတမ်း ဖြေဆိုနေချိန် တွေမှာ သူလည်း အမှားအယွင်း မရှိအောင် ကြိုးစားဂရုစိုက်ပြီး ဖြေ သည်။





နောက်ဆုံး ဘာသာရပ်ကို သူ ဖြေဆိုပြီးချိန်မှာတော့ ရင်ထဲက ဝန်အားတွေ လျော့ကျသွားခဲ့တာ အမှန်ပဲ ဖြစ်သည်။

စာမေးပွဲခန်းထဲက ထွက်ခဲ့တော့ သူငယ်ချင်းတွေနှင့် ချိန်းထား သော နေရာလေးမှာ အားလုံး စုံလင်စွာနှင့် သူ့ကို မျှော်နေကြသည်။

"မင်းကလည်း နောက်ကျလိုက်တာ၊ ဘာလဲ နောက်ဆုံး ဘာသာမို့ အားရအောင် ဖြေနေတာလား၊ စွဲမက်နီတောင် စောစောက ပြန်သွားပြီ"

ကျော်လေးက မေးတော့ သူ ပြုံးပြရင်း သက်မှူးညီကို ဘယ်လို လဲ ဟူသော သဘောနှင့် မေးဆတ်ပြလိုက်၏။

"ဖြေနိုင်ပါတယ် အဆင်ပြေတယ်"

"ကဲကွာ အားလုံး လစ်ကြမယ်၊ အောင်တာ မအောင်တာ အောင်စာရင်းထွက်တော့ သိမယ်၊ တို့တာဝန်က ဖြေပြီးပြီ၊ ဗိုက်ဆာနေပြီ ဦးဒိုးကြီးဆိုင်မှာ သွားဝါးတီးဆွဲကြမယ်"

မိုးဇော်က ဆော်ဩတော့ အားလုံး ဦးဒိုးကြီး၏ လက်ဖက်ရည် ဆိုင်ကို ချီတက်ခဲ့ကြသည်။

ဆိုင်ရောက်တော့ သူတို့အုပ်စုအတွက် စားပွဲထိုးလေးတွေက စားပွဲနှစ်လုံး ဆက်ပေးသည်။

"ကဲ ညီလေး စားစရာရှိတာ အကုန်ချကွာ"

"ငါ့ကို ထမင်းသုပ်ပေး၊ ကော်ပြန့်ကြော်ညှပ်ထည့်ပေး"



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်စီ ယူခဲ့ကွာ၊ ကြက်သားနော်"

တစ်ယောက်တစ်ပေါက် မှာပြီး စားလိုက်ကြတာ ပန်းကန်လွတ်တွေ စားပွဲပေါ်မှာ ပြည့်သွားကြသည်။ စားသောက်ပြီးတော့မှပဲ စကားတွေ ပြောနိုင်ကြတော့သည်။

"သက်မှူး မင်းကို မေးချင်နေတာ ကြာပြီ၊ မင်း စာမေးပွဲနီးမှ အတော်ကြီး ပြောင်းလဲသွားတာ ဘာကြောင့်လဲ"

သူ့လိုပဲ မျိုသိပ်ထားရတာ ကြာပြီမို့ မနေနိုင်တော့ဟန်နှင့် အာကာ မေးသည်။ အားလုံးလည်း သက်မှူးညီရဲ့ အဖြေစကားကို စိတ်ဝင်တစား နားစွင့်နေကြသည်။ သူလည်း သက်မှူးညီကို ကြည့်နေလိုက်၏။

"မင်းတို့ကို အံ့သြသွားအောင်လို့ ငါ ဖွင့်မပြောဘဲ နေခဲ့တာပါ၊ ငါ ဘာလို့ ပြောင်းလဲသွားသလဲဆိုရင် စွဲမက်နီကြောင့်ပေါ့"

"အေးလေ စွဲမက်နီကြောင့် မင်း ပြောင်းလဲသွားတယ်ဆိုတာ ငါတို့ သိပြီးသားပါပဲ၊ ဒါပေမဲ့ မင်းမှာ လျှို့ဝှက်ချက် ရှိနေတယ် ထင်တယ်"

"အေး ငါ ဝန်ခံပါတယ်၊ ငါ့ကို စာထဲမှာ အာရုံရောက်သွားအောင် ပြောင်းလဲပေးလိုက်တာ စွဲမက်ကြောင့်ပေါ့ကွာ၊ ငါ ဆယ်တန်းကို အောင်ရင် စွဲမက်က အဖြေပေးမယ်တဲ့"

"ဘာရယ် ဘယ်လို"





"အဟုတ်"

အားလုံး တအံ့တသြနှင့် သက်မှူးညီ စကားကို မယုံနိုင်သလို ဝိုင်းကြည့်ကြသည်။ သူတောင် မျက်မှောင်ကြီးကုပ်သွားသည်။ စွဲမက်နီနှင့်ဒီကောင် ဒီအခြေအနေတောင် ရောက်နေသည်လား။

"နေပါဦး မင်းတို့ချင်းက ဘယ်လို ပြန်အဆင်ပြေသွားတာလဲ"

"မမေးနဲ့လေ၊ ဒါက လျှို့ဝှက်ချက်ကွ၊ ငါ စာမေးပွဲအောင်စာရင်းထွက်တဲ့နေ့မှာပဲ စွဲမက်ရဲ့အဖြေကို ရမှာ"

"ဟ သေချာလုချည်လား"

"စွဲမက်က ပညာရေးကို ထိခိုက်မှာစိုးလို့ ငါ့ကို ဥပေက္ခာပြုစိတ်ဆိုးသလို နေပြခဲ့တာကွ၊ ငါ့ကို သူ သံယောဇဉ် ရှိပါတယ်"

"ငါတော့ ယုံရခက်ခက်ပဲ ညီ၊ စွဲမက်နီက မင်းကို စာမေးပွဲအောင်မှ အဖြေပေးမယ်ဆိုတာကြီးက နည်းနည်းတော့ မဟုတ်သေးဘူး"

သူ့စကားကြောင့် ညီ ခေါင်းခါသည်။ ပြုံးရိပ်သမ်းနေသော မျက်နှာမှာတော့ မျှော်လင့်ချက် ရောင်ခြည်တွေက တောက်ပလို့။

"အဲဒါ ဖြစ်သင့်တဲ့ကိစ္စပဲလေ၊ ငါကိုက မှားသွားတာ၊ ပညာသင်တဲ့အချိန်မှာ စွဲမက်ကို အာရုံထွေပြားအောင် သွားလုပ်မိသလို ဖြစ်သွားတယ်၊ အခုတော့ အားလုံးအဆင်ပြေပါတယ်၊ စွဲမက်က ငါ စာမေးပွဲအောင်ရင် အဖြေပေးမယ်တဲ့၊ ငါ ကျိန်းသေအောင်မှာ သေချာပါတယ်"

"ဩော် မင်းက ဒါကြောင့် အသည်းအသန် ကြိုးစားခဲ့တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပ့ါ ငါ့ကောင်က စွဲမက်နီ ဆိုတဲ့အင်အားနဲ့ စွမ်းအားတွေ ပြည့်နေခဲ့တာကိုး"

တစ်ယောက်တစ်ပေါက်နှင့် ပြောနေကြတာကို သက်မှူးညီ ပြုံးပြုံးကြီး ကျေနပ်နေသည်။ သူကတော့ အခုချိန်ထိ ယုံရခက်ခက် ဖြစ်နေ၏။ စွဲမက်နီက ညီကို တကယ်ပဲ ကတိပေးခဲ့သည်လား။

စဉ်းစားကြည့်တော့ ဖြစ်နိုင်လောက်သည်။ ဒီကောင်နဲ့ စွဲမက်နီ က ငယ်သူငယ်ချင်း အရင်းအချာကြီးတွေပဲလေ။

သံယောဇဉ် ဆိုတဲ့ နှောင်ကြိုးတွေက နိုင်မာတတ်သည် ထင်၏။

ညီနဲ့စွဲမက်နီ ပတ်သက်သွားသည် ဆိုဦးတော့ သူကတော့ စွဲမက်နီအပေါ်မှာ ဘယ်လိုမှ ခွင့်မလွှတ်နိုင်ပါ။

ပြိုင်ပွဲတိုင်းမှာ ယှဉ်ပြိုင်ဖို့အသင့်။

■ ■ ■



## အခန်း (၁၈)

ကျောင်းတွေပိတ်သွားတော့လည်း ပျင်းရိစရာ အချိန်တွေကို ရင်ဆိုင်ကြုံတွေ့ရသည်ဟု စွဲမက် ထင်မိသည်။

စာမေးပွဲအောင်စာရင်းတွေ ထွက်ဖို့ စောင့်ရတာကိုတောင် သူ စိတ်မရှည်ချင်သလို ဖြစ်နေသည်။ စွဲမက် မျှော်လင့်ထားသလို ဖြစ် လာမှာကို အကြွင်းမဲ့ ယုံသည်။ စိတ်ထဲမှာ စိုးရိမ်နေတာ သျှင်မြတ်နီ ကြောင့်ပဲ ဖြစ်သည်။

သျှင်မြတ်နီကိုတော့ သူမ မရှုံးနိမ့်ချင်ပါ။

ဒါကြောင့်လည်း စာကို သူမ ကြိုးစားကျက်မှတ်ခဲ့တာ ဖြစ်သည်။ ရှေ့နေ့ညညာ စာတွေနှင့် လုံးပမ်းခဲ့ရင်း စာမေးပွဲ ပြီးသွားတော့လည်း ပျင်းစရာကောင်းလိုက်တာ။

နွေနေက ပူလောင်လွန်းတာကြောင့် စွဲမက် အပြင်မထွက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘဲ အင်္ဂလိပ်စာမီးနင်းတွေပဲ ထိုင်ကျက်နေဖြစ်သည်။

တစ်ပတ်လောက် အိမ်ထဲမှာပဲ နေနေတော့ သဥ္ဇာနှင့်ငြိမ်းစုတို့ ရောက်လာကြသည်။ ခြံထဲက ခုံတန်းလေးမှာ ထိုင်နေသော စွဲမက်ကို မြင်တော့

"နင် ဘာတွေဖတ်နေတာလဲ စွဲမက်"

"အင်္ဂလိပ်စာ မီးနင်းတွေကျက်နေတာပါဟာ၊ ဘာရယ်မဟုတ်ပါဘူး၊ ကျောင်းပိတ်ရက် ပျင်းလို့ပါ"

"နင်ကတော့ ရှားပါတယ်၊ စာတွေကျက်ထားတာဖြင့် ဘယ်လောက်မှ မကြာသေးဘူး နင့်အစား ပင်ပန်းလိုက်တာဟယ်"

"ဒီအတိုင်းနေရတာ ပျင်းစရာကြီးဟယ် ဒါကြောင့် အင်္ဂလိပ်စာ မီးနင်းတွေ ကျက်နေတာ၊ တစ်နေ့ အလုံးငါးရာရရင် အဓိပ္ပါယ်ငါးရာ သိတာပေါ့"

စွဲမက်ဆိုတော့ သဥ္ဇာ မျက်လုံးလေး ဝိုင်းကြည့်ရင်း

"ဟယ် တစ်နေ့ ငါးရာတောင် ကျက်တယ်"

"စွဲမက် နင်နဲ့သျှင်မြတ်နီကတော့ ရှားတယ် သိလား၊ မနက်က ငါ အာကာနဲ့တွေ့တာတောင် သျှင်မြတ်နီအကြောင်း ကြားခဲ့သေးတယ်၊ သူလည်း မီးနင်းတွေ ကျက်နေတယ်တဲ့၊ တစ်နေ့ အလုံးတစ်ထောင် ရအောင်ကျက်သတဲ့"

"ဘာ"





စွဲမက် မျက်နှာတင်းခနဲ ဖြစ်သွားကာ အော်တော့ ငြိမ်းစု လန့်ခနဲ ဖြစ်သွားသည်။

"ဟို ငါက သဘောရိုးပြောတာပါဟယ်"

"အေး နောက်ဆို သျှင်မြတ်နီအကြောင်း ဘာမှမပြောနဲ့ဟာ ငါ ကြားကို မကြားချင်တာ"

"ဆောရီးဟာ ငါက ဘာသဘောနဲ့မှ ပြောတာ မဟုတ်ပါဘူး"

ငြိမ်းစု အသံတိုးတိုးလေးနှင့် တောင်းပန်နေသည်။ တကယ်ဆို ငြိမ်းစုက ဒီလို မပြောသင့်မှန်းသိပေမယ့် စွဲမက် စိတ်က အလိုလို ဒေါသတွေ ထွက်နေခဲ့သည်။

သျှင်မြတ်နီ အမည်ကို ကြားတောင် မကြားချင်ပါ။ အခုလည်း ကြည့် သူကလည်း နွေကျောင်းပိတ်ရက်တွေမှာ မီးနင်းတွေ ကျက်နေသည်တဲ့။

ဒါတိုင်ပင်ထားတာ မဟုတ်ဘဲ တိုက်ဆိုင်မှုဆိုတာ သိပေမယ့်လည်း စွဲမက်နီ စိတ်က ဒေါသတွေဖြစ်သွားမိ၏။ ကိုယ့်ဆီလာလည်သော သူငယ်ချင်းတွေကိုတောင် အော်ဟစ်မိတဲ့အထိ သူမ စိတ်က လွှတ်သွား၏။

"သူက တစ်ထောင်တောင် ကျက်တယ် ဟုတ်လား၊ ငါလည်း တစ်ထောင်မကအောင် ကျက်နိုင်တယ်"

"နင်ကလည်းဟာ အခုချိန်ထိတောင် နင်တို့ ပြိုင်နေတုန်းပဲ



www.burmeseclassic.com

www.burmeseclassic.com



လား''

''အမြဲတမ်း သူနဲ့ပြိုင်ဖို့ ငါ့ဘက်က အသင့်ပဲ၊ ဘယ်တော့မှ အရှုံးမပေးဘူး၊ အဲဒါ ငါ့ဆုံးဖြတ်ချက်ပဲ''

နှစ်ဦးကြားက ပြိုင်ဆိုင်မှုတွေက ထုထည်ကြီးမားလာတာ ဘာကြောင့်လဲဟု ငြိမ်းစုတို့တော့ သိကြမှာ မဟုတ်ပါ။ သူနှင့်စွဲမက် နှစ်ယောက်တည်း ဖြစ်ပျက်ခဲ့သည့်ကိစ္စကြီးကို စွဲမက် ဘယ်သူ့မှ မပြောဖြစ်ခဲ့ပါ။

စွဲမက် ရင်ထဲမှာပဲ အမုန်းတရားတွေကို သိုဝှက်သိမ်းဆည်းထားခဲ့ပါသည်။ အခုလည်း ငြိမ်းစုတို့ဆီမှ ကြားလိုက်ရသော သတင်းစကားက စွဲမက်ကို ဒေါသတွေ ဆူဝေလာစေ၏။

ဘယ်သူနှင့်မှ မဆုံချင်လို့ အိမ်မှာပဲ နေခဲ့တာ။ သင်းသတင်းက အိမ်အထိ ပေါက်ချလာပါလား။

နင် ငါ့ကို ဘာလို့ အမြဲတမ်း ပြိုင်ဆိုင်နေတာလဲ သျှင်မြတ်နိုး ငါ့ကို တမင်တိုက်ခိုက်နေတာလား။

ရတယ် သျှင်မြတ်နိုး။ နင်နဲ့ငါ ဘယ်သူသာသလဲ။ စောင့်ကြည့်လိုက်စမ်းပါ။

■ ■ ■

မကြားချင်သော သတင်း၊ မမြင်လိုသော မျက်နှာကို မမြင်... အကြောင်းဖန်လာသည်ဟုပဲ ဆိုရလိမ့်မည်။





စွဲမက်ကို မန္တလေးက အဘွားက လာလည်ဖို့ ဖုန်းဆက်ခေါ်တာမို့ စွဲမက် လွယ်ကူစွာပဲ ခေါင်းညိတ်လက်ခံခဲ့၏။

''ဘာလဲ သမီးက မန္တလေး သွားမလို့လား''

''သွားမယ် မေမေ၊ ဒီမှာ မနေချင်ဘူး ဘွားဆီပဲ သွားမယ်၊ ဟိုမှာနေရတာ စိတ်ချမ်းသာတယ်''

''အင်း သမီး ပျော်တယ်ဆိုလည်း နေပေါ့ကွယ်၊ စာမေးပွဲ အောင်စာရင်း ထွက်ရင်တော့ ပြန်ခဲ့နော်''

''ပြန်ခဲ့မှာပါ မေမေ၊ ဘွားတို့ဆီမှာပဲ နွေကျောင်းပိတ်ရက် ...ပီးနေချင်တယ်''

ဖေဖေနှင့်မေမေက သူမ ဆန္ဒကို ခွင့်ပြုခဲ့သည်။ အရင်ကလည်း နွေကျောင်းပိတ်ရက်တွေမှာ ဘွားရှိရာ မန္တလေးကို စွဲမက် သွားနေကျဖြစ်သည်။ ဒီတစ်ခါတော့ စာမေးပွဲ အောင်စာရင်းထွက်မှ ပြန်လာဖို့ ဆုံးဖြတ်လိုက်ပါသည်။

နောက်တစ်နေ့မှာပဲ စွဲမက် မန္တလေးကို ထွက်ခဲ့သည်။

ရှင့်ကို ရှောင်ပြေးတာတော့ မဟုတ်တာ သေချာတယ် သျှင်မြတ်နိုး။ ရှင့်မျက်နှာ မြင်ရတာ ခါးသက်လွန်းလို့ ရှင့်အကြောင်းတွေ ကြားရတာ နားခါးလွန်းလို့ပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ကောင်းလိုက်တဲ့ သတင်းပဲကွာ၊ စွဲမက်နီ မန္တလေး သွားတယ် ဆိုတော့ ရပ်ကွက် သန့်သွားတာပေါ့ကွာ"

အာကာ သယ်ဆောင်လာသော သတင်းကို ကြားတော့ သူ ဝမ်းသာအားရပဲ ပြောမိသည်။

"မင်းက ပြောနေ ခုလောက်ဆို ဟိုကောင် သက်မှူးတော့ ရင်ကွဲပက်လက် ဖြစ်နေလောက်ပြီ"

"အေးကွ စွဲမက်နီက ဒီကောင့်ကို ပြောသွားရဲ့လား မသိဘူး"

"ငါတော့ မထင်ပါဘူးကွာ၊ ညီကို စွဲမက်နီက စာမေးပွဲအောင် စာရင်း ထွက်တာနဲ့ အဖြေပေးမယ်ဆိုတာ နှစ်သိမ့်တာပဲ ထင်တယ်"

သူ့စိတ်ထဲက သံသယအတိုင်း ပြောတော့ အာကာနှင့်မိုးဇော်





တို့ တွေဝေသွားကြသည်။

"အင်း အဲဒါ စဉ်းစားစရာတော့ ကောင်းတယ်ကွ၊ ငါတို့ အမြင်မှာ စွဲမက်နီနဲ့ဒီကောင် မဆုံပါဘူး။ စွဲမက်နီက ဒီကောင့်ကို ဥပေက္ခာ ပြုထားတာလေ"

"အေး ငါလည်း အဲဒါကို စဉ်းစားနေတာ"

ဒီကောင်တွေ စကားကို ကြားတော့မှ သူ သတိရမိတာ သက်မှူးညီကိုစွမှာ မေမေနှင့်အန်တီသက်တို့ ပါနေခဲ့တဲ့အဖြစ်။ မေမေတို့ ပြောနေဆိုနေကြတာ သူ ကြားခဲ့ဖူးသည်လေ။

"ဟော ဟိုမှာ လာနေတာ သက်မှူး မဟုတ်လား"

"သေချာတာပေါ့ အလွမ်းပြဇာတ် လာကတော့မယ် ထင်တယ်"

သူတို့ ထိုင်နေသည့် သဲဖြူချောင်းတံတားထိပ်ဆီကို သက်မှူး ညီရဲ့ ဟွန်ဒါ ဆိုင်ကယ်လေး ရောက်လာသည်။ ဆိုင်ကယ်ကို ထိုးရပ်ပြီး သက်မှူးညီ ဆင်းလာသည်။

"ဘာလဲ စွဲမက်နီကိစ္စ မင်းလာပြောတာလား သက်မှူး"

"မင်းတို့ ကြားပြီးပြီလား၊ အေးကွာ စွဲမက် ဒီလို ထွက်သွားမယ် မထင်ဘူး"

"မင်းကို ပြောမသွားဘူးလား"

"ပြောရအောင် တွေ့ခွင့်တောင်မှ မရလိုက်တာ"

တံတားကို မှီရင်း သက်မှူး မျက်နှာကြီး သုန်မှုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ကြည့်ရင်း ရယ်လည်းရယ်ချင်သည်။ စွဲမက်အပေါ်မှာ ဒီကောင် သဲသဲလှုပ်ဖြစ်နေတာက အမြင်ကပ်ဖို့တောင် ကောင်းသည်။

"ညီ မင်း အဲဒီလောက်အထိ ဖြစ်နေတာ မကောင်းဘူး၊ စွဲမက်နီဆိုတဲ့ မိန်းမက အလိုလို မာန ခေါင်ခိုက်နေတာ မင်းတို့ ချစ်သူတွေ ဖြစ်သွားရင်လည်း ငါ မြင်နေတယ် မင်းကတော့ ဟိုက အနိုင်ယူသမျှ ခံနေရမှာပဲ"

"ဒါတော့ကွာ ငါက ချစ်တာကိုး"

"သေလိုက် မိန်းမ တစ်ယောက်အတွက်နဲ့ ငါတို့ကတော့ မာနကို လွှင့်မပစ်ဘူး"

"ငါက အချစ်အတွက်လေကွာ၊ ချစ်တဲ့သူတွေ့သွားရင် မင်းလည်း ခံစားတတ်လာမှာပါ"

သက်မှူးညီက သူ့ကိုလှမ်းကြည့်ပြီး ပြောတော့ သူ မျက်နှာကို မဲ့ချပစ်လိုက်ရင်း

"ဆောရီးပဲ ညီ၊ ငါတို့က အချစ်ကို မကိုးကွယ်တတ်ဘူးကွ"

သက်မှူးညီ နှုတ်ပိတ်ငြိမ်သက်သွားခဲ့သည်။ သူ့ကိုတော့ ဒီကောင် ခွန်းတုံ့ပြန် ယှဉ်ပြောတာမျိုး မရှိတတ်ပါ။

"အခု ညီ ရန်ကုန်သွားလည်မလို့၊ မင်းလိုက်ဦးမှာလား မေးချင်လို့"

"ဘယ်လိုဖြစ်တာလဲ မင်းပဲ အရင်က မသွားတော့ဘူးဆို"





"ပထမတော့ မသွားတော့ဘူး စဉ်းစားထားတာပဲ၊ အခုမှ စိတ်ပြောင်းသွားလို့ ရန်ကုန်မှာပဲ သွားနေတော့မယ်"

ရန်ကုန်က ဦးလေးတစ်ယောက်ဆီမှာ သက်မှူးညီ သွားနေဖို့ ပြောနေတာ ဖြစ်သည်။ သူတို့ ရန်ကုန်မှာနေတုန်းကလည်း ညီ လာလည်တတ်သည်။ ဒီနှစ်တော့ မသွားတော့ဟု ပြောထားပြီးမှ ညီ စိတ်ကူးပြောင်းသွားခဲ့တာ ဘယ်သူကြောင့်လဲ စဉ်းစားစရာ မလိုပါ။

"ငါတော့ မလိုက်တော့ပါဘူး၊ ရန်ကုန်မှာ နေဖူးတာ ရိုးနေပြီ၊ သင်္ကြန်ကို ဘီးလင်းမှာပဲ ခံစားကြည့်ချင်လို့"

"မင်းလည်း မသွားပါနဲ့လား သက်မှူး၊ တို့အားလုံး ဒီမှာ ပျော်ပျော်နေကြတာပေါ့"

"ငါ ရန်ကုန်သွားဖို့ စီစဉ်ပြီးနေပြီကွာ"

အာကာ ပြောတာကို သက်မှူး ငြင်းသည်။ သူ ပခုံးတစ်ချက် တွန့်ပြရင်း အာကာကို ခေါင်းခါပြလိုက်သည်။

အခုချိန်မှာ အာကာမကလို့ သိကြားမင်း ဆင်းတားတောင် သက်မှူးညီ လက်ခံမှာ မဟုတ်ဘူး။ စွဲမက်နီ မရှိဘူးဆိုတော့ ညီ လစ်ပြီပေါ့။

ဒီကောင့်ကို သူ အားမရတာ ဒါတွေကြောင့် ဖြစ်သည်။

မိန်းမတစ်ယောက်ကြောင့် ဘဝကို ရှင်သန်နေတာကို မကြိုက်လှပါပဲ။ အဆိုးဆုံးက အဲဒီမိန်းမက စွဲမက်နီ ဖြစ်တာကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ငါ နေရာချင်း လဲလိုက်ချင်တယ် ညီ။

မာနတံခွန် ထူနေတဲ့ မိန်းမကို ဘာကြောင့် ဒီလောက်အထိ ဦးညွှတ်အရှုံးပေးနေတာလဲ ညီရယ်။

■ ■ ■



## အခန်း (၂၀)

မနက်လေးနာရီလောက်ကတည်းက သူတို့တွေ မြို့နယ်ပညာရေးမှူးရုံးရှေ့မှာ စုရုံး စုရုံး ရှိနေခဲ့ကြတာ ဖြစ်သည်။

အောင်စာရင်းတွေ ဒီနေ့ ထွက်မယ်ဆိုတာ မနေ့ကတည်းက သတင်းနိုင်လုံစွာ ကြားထားတာကြောင့် ဖြစ်သည်။

အားလုံး ခြင်အကိုက်ခံကာ ရုံးရှေ့မှာ ငုတ်တုတ်လေးတွေ ထိုင်ပြီး စကားတွေပြောကြ ရယ်ကြရှိနေ၏။

"ငါ ရင်တွေ ခုန်နေတယ်ကွ"

"မင်းကများ ပြောရသေးတယ်၊ ဖြေနိုင်ရက်နဲ့ အာကာရယ်"

"ငါ ရင်ခုန်တာ သျှင်မြတ်နိုးနဲ့ စွဲမက်နိုးတို့ ပြိုင်ပွဲအတွက်ကျ တယ်သူနိုင်မလဲ သိချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



အာကာ ဆိုတော့ အားလုံး သူ့ဆီ ဝိုင်းကြည့်လာသည်။ သူကတော့ တည်တည်ငြိမ်ငြိမ်ပဲ ပြုံးနေလိုက်သည်။ စွဲမက်နီကို အနိုင်ရမည်ဟု သူ အပြည့်အဝ ယုံကြည်ထားပေမယ့် ရင်ထဲမှာတော့ စိုးရွံ့နေတာ အမှန်။

စွဲမက်နီ ဆိုတာကလည်း ခပ်ညံ့ညံ့ ပြိုင်ဘက်မှ မဟုတ်ဘဲ။

"မနေ့က စွဲမက်နီ ပြန်ရောက်ပြီ သတင်းကြားတယ်၊ အောင်စာရင်းလာကြည့်မယ် ထင်တယ်"

ကျော်လေးက ပြောသည်။ သက်မှူးညီ ကိုယ်တိုင်လည်း အိမ်က မိဘတွေ ဦးလေးတွေနှင့် အဖော်ခေါ်ကာ လာစောင့်နေသော မိန်းကလေးတွေထဲမှာ စွဲမက်နီပါမည်လား ရှာနေဟန် တူသည်။

ဒါပေမဲ့ စွဲမက်နီ မရှိပါ။ အောင်စာရင်း မကြည့်ရဲအောင် စွဲမက်နီ သွေးပျက်နေသည်လား။

သူတို့ ကျောင်းသားတွေ စုရုံးစုရုံး ဖြစ်နေတာကို မကြည့်ရက်တာလား မသိပါ။ ပညာရေးမှူး ရုံးခန်းတံခါးကြီးက စောစီးစွာ ဖွင့်ပေးသည်။ အာကာတို့ ကျော်လေးတို့ ဝုန်းခနဲ ရှေ့ဆုံးက ပြေးကြည့်ကြသည်။

"သျှင်မြတ်နီ မင်းအောင်တယ်ဟေ့၊ ငါးဘာသာ ဂုဏ်ထူးတောင် ပါတယ်ကွ"

"သက်မှူး မင်းလည်း တူးဒီကွ"

"ဝေလင်း မင်း ခုံနံပါတ် ပျောက်နေတယ်၊ မိုးဇော်လည်း မအောင်ဘူး ထင်တယ်ဟ"

အာကာနှင့်ကျော်လေးတို့ အသံတွေက အကျယ်ဆုံး။

"စွဲမက်နီက ခြောက်ဘာသာလုံးဟ အောဒီကွ"

ကြားလိုက်ရသော အသံက ဘယ်သူ့အသံလည်း သူ အသေအချာ မသိပါ။ သူ အံကို တင်းပြီး တွေတွေကြီး ရပ်နေမိ၏။

သွားပြီ စွဲမက်နီ သူ့ကို တစ်သက်လုံးစာအတွက် အလဲထိုးအနိုင်ယူသွားပြီပေါ့။ ကျောင်းရဲ့ ဂုဏ်ထူးဆောင်စာရင်းမှာ သူကော စွဲမက်နီပါခဲ့ကြပေမယ့်

စွဲမက်နီက နံပါတ်တစ် အဖြစ် သူ့အထက်မှာ ရှိနေ၏။ ထိုအသိနှင့် သူ့ရင်ထဲမှာ ရှက်ခြင်း၊ သိမ်ငယ်ခြင်း၊ ဒေါသဖြစ်ခြင်းတွေ စုဝေးရောက်ရှိလာကြသည်။

"သျှင်မြတ်နီ"

သူ့ပခုံးကို လှမ်းဖက်ပြီး ခေါ်လာသော ကျော်လေးကို လှည့်ကြည့်မိ၏။ ကျော်လေး မျက်ဝန်းတွေထဲမှာ သူ့ကို စာနာ နားလည်ခြင်းတွေ အရိပ်ထင်နေသည်။

"ငါးဘာသာ ဂုဏ်ထူးတောင် ပါတာပဲကွာ၊ မင်းက တော်ပါတယ်၊ မင်းအဖေလိုပဲ ဆရာဝန်ကြီး ဖြစ်မှာပါ"

"ဘာပဲဖြစ်ဖြစ် ငါ စွဲမက်နီကို ရှုံးနိမ့်သွားတာတော့ အမှန်ပဲ"

သူ ဝန်ခံစကားဆိုရင်း နာကျင်ခံရခက်စွာ အံကြိတ်ထားမိတော့







www.burmeseclassic.com

www.burmeseclassic.com



သက်မှူးညီ သူ့အနား ရောက်လာသည်။

"သျှင်မြတ်ရာ မင်းတို့နှစ်ယောက်က ပြိုင်ဘက်တွေကနေ ရန်ဘက်ကြီးတွေ ဖြစ်နေပြီ၊ စွဲမက်ကို ရန်သူကြီးလို သဘောမထားပါနဲ့ကွာ"

"ဘာလဲ မင်းက မဆီမဆိုင် ဘာလို့ စွဲမက်နီဘက်ကနေ လေပြည်အေးတရား ဟောနေတာလဲ"

"ငါက မင်းတို့နှစ်ယောက်ကို ခင်ခင်မင်မင် ရှိစေချင်လို့ပါ"

ညီ့စကားကြောင့် သူ မျက်နှာမဲ့ခနဲ ဖြစ်သွားသည်။ သက်မှူးညီ မျက်နှာက သူနှင့်ဆန့်ကျင်စွာ အပျော်တွေ ဝေနေတာတော့ အသေအချာပဲ ဖြစ်သည်။

"ဟုတ်တယ် သျှင်မြတ်နီ အခု ဒီကောင်က ဆယ်တန်းကို ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်သွားပြီဆိုတော့ စွဲမက်နီ ဆီက အဖြေရတော့မှာ မင်းနဲ့စွဲမက်နီက အဆင်မပြေဘူးဆိုတော့ မဟုတ်သေးဘူး"

အာကာက ကြားက ဝင်ပြောသည်။ သူ ဘာမှပြန်မပြောဖြစ်လိုက်ပေမယ့် စိတ်ထဲကတော့ ခါးခါးသီးသီးပဲ ငြင်းဆိုပစ်မိသည်။

ညီနှင့်စွဲမက်နီ ပတ်သက်သွားသည်ဆိုဦးတော့ သူကတော့ စွဲမက်နီကို ဘယ်သောအခါမှ လက်ခံကြည်ဖြူစရာ အကြောင်းမရှိပါ။

"ကဲဟေ့ အားလုံး လစ်ကြမယ်၊ မင်းတို့အားလုံးကို ဒီနေ့ ငါ ဒကာခံမယ်၊ အားလုံး ချီတက်စို့"

သက်မှူးညီ ပြောတော့ အားလုံး ရပ်ထားသော ဆိုင်ကယ်တွေ





ဆီလျှောက်သွားကြသည်။ ခြေလှမ်းတွေ မရွေ့ဖြစ်ဘဲ ရပ်နေမိသော သူ့ပခုံးကို မိုးဇော်က လာဖက်ရင်း

"လာပါသျှင်မြတ်ရာ စာမေးပွဲကျတဲ့ ငါနဲ့ ဝေလင်းတောင် မင်းလောက် မခံစားရဘူး၊ စွဲမက်နီကို မင်းရှုံးတယ်ဆိုဦးတော့ မင်း ရည်ရွယ်ချက် ပျက်သွားတာမှ မဟုတ်ဘဲ၊ မင်း ဆရာဝန်ကြီး ဖြစ်ခွင့်ရသွားပြီပဲ"

မိုးဇော်ဆိုသလို သူ့ရည်ရွယ်ချက် ပျက်စီးမသွားတာ မှန်ပေမယ့် အရှုံးတစ်ခုကိုတော့ သူ ပိုင်ဆိုင်လိုက်ရပြီ။ နောက်ထပ် အရှုံးတွေတော့ သူ ထပ်ပြီး မလိုချင်တော့ပါ။

မင်းနဲ့ငါ ပြိုင်ပွဲတွေက ဘယ်တော့မှ အဆုံးသတ်သွားမှာ မဟုတ်ပါဘူး။ စွဲမက်နီ။

အခုအရှုံးအတွက် ငါအကြွေးတစ်ခုကို သတ်မှတ်ထားမယ် စွဲမက်နီ။

ငါ့အလှည့်ကျရင် မင်း ခံနိုင်ဖို့ ကြိုးစားထားပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ရှင်ယောကျ်ားတစ်ယောက် မဟုတ်ဘူးလား သျှင်မြတ်နီ၊ အရှုံးကို ဝန်ခံလိုက်စမ်းပါ၊ စွဲမက်နီက ရှင့်ထက်သာတယ်ဆိုတာ ဝန်ခံ လိုက်စမ်းပါ အဟင်း ဟင်း"

နှုတ်ခမ်းလေးတွေ ပြုံးရိပ်သမ်းပြီး စွဲမက်နီ ပြောသည်။ သူ အံကြိတ်ခံရခက်လှသော စကားလုံးတွေနှင့် စွဲမက်နီ စိန်ခေါ်နေသည်။

ခွန်းတုံ့ပြန်ခွင့်မရှိသော အရှုံးကြီးကို သူ ခံယူနေရတာ ခါးသီးလွန်းလှ၏။ စွဲမက်နီ မျက်နှာလှလှလေးမှာ ခိုတွယ်နေသော အပြုံးတို့က သူ့အတွက်တော့ ပူလောင်စေသော အဆိပ်တွေလို ခံစားရသည်။

"နင်ကိုယ်တိုင် စိန်ခေါ်ခဲ့တဲ့ ပွဲမှာ နင့်ရှုံးနိမ့်မှုအတွက်တော့ နင် ငါ့ကို ဝန်ခံသင့်တယ် သျှင်မြတ်နီ"

အပြုံးရိပ်တွေ ဖြာနေသော နှုတ်ခမ်းလေးက သူ့ကို တမင်





အနိုင်ယူဖို့ ကြိုတင်ပြင်ဆင်လာပုံပါပဲ။ စွဲမက်နီရဲ့ မျက်ဝန်းတွေထဲ မေး စိုက်ကြည့်နေသော သူ့မျက်လုံးတွေထဲမှာလည်း ခံပြင်းမှုတွေနဲ့ ခက်ထန် မာတင်းနေမှာ အသေအချာ။

"အဟင်း နင် ဝန်ခံဖို့ အခုမှ ဘာလို့ တွန့်ဆုတ်နေတာလဲ သျှင်မြတ်နီ၊ ငါ့ကို စိန်ခေါ်ခဲ့တုန်းက နင့်မာနတွေ ခေါင်းထောင်နေခဲ့သလို အခုလည်း အရှုံးကို လက်ခံဖို့ နင် သတ္တိမရှိဘူးလား"

"စွဲမက်နီ"

သူ ဒေါသတွေနှင့် အော်လိုက်တာကို တစ်ချက်လေးတောင် တွန့်မသွားဘဲ စွဲမက်နီ ရယ်နေသည်။ နှုတ်ခမ်းလေးတွေက မယတိတရိ ပြုံးနေဆဲ။

"ငါ နင့်ကို ရှုံးခဲ့တာ ဝန်ခံတယ်၊ ဒါပေမဲ့ နင်နဲ့ငါ ယှဉ်ပြိုင်စရာ တွေ အများကြီး ကျန်သေးတယ်ဆိုတာ နင် မမေ့နဲ့"

"အဟင်း ဟင်း ဘယ်တော့မှ မမေ့ဘူး သျှင်မြတ်နီ၊ အခု ကတည်းက ငါ သတိပေးလိုက်မယ်၊ နင် ရှုံးနိမ့်တိုင်း ငါ့ကို တောင်းပန် ဖို့ သတ္တိရှိမှ စိန်ခေါ်ပါဟယ် နော်"

ပခုံးတစ်ချက် တွန့်ခနဲ ဖြစ်ကာ လှောင်သလို ပြုံးသည့် စွဲမက်နီ ကို သူ အံကြိတ် လက်သီးဆုပ်ကြည့်နေမိဆဲ။

"နင် ငါနဲ့ အမြဲတမ်း ယှဉ်စမ်းပါ၊ ငါ့ဘက်က အမြဲတမ်း အနိုင်ယူဖို့ အသင့်ရှိနေတယ် ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သတ် အနိုင်ယူစကားတွေနှင့် သူ့ကို နှိမ်ချသလို ကြည့်ပြီး စွဲမက်နီ ချာခနဲ လှည့်ထွက်သွားသည်။

အရှုံးသမားတစ်ယောက်ရဲ့ နာကျင်ခံရခက်သော ခံစားမှုတွေကို သူ ဒီလို ခံယူရမည်ဟု ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပါ။

အခုတော့ သူ ရွံရှာမုန်းတီးသော စွဲမက်နီရဲ့ လှောင်ပြုံးတွေကို သူ ခံယူနေခဲ့ရတာ ဘယ်လောက် ရွံမုန်းစရာကောင်းလိုက်သလဲ။ သျှင်မြတ်နီဆိုတဲ့ကောင် အဖြစ်က ဆိုးလိုက်တာ။

ကျောနိုင်းပြီး တစ်လှမ်းချင်း လှမ်းသွားသော စွဲမက်နီရဲ့ ခြေဖဝါးအောက်မှာ သူ့မာနတွေ အားလုံး ဖိနင်းခြေခံလိုက်ရသလိုပါပဲ။

"တောက်"

ရင်ထဲမှာ တင်းကြပ်နေသော ဒေါသတွေကို လက်သီးတွေ တင်းတင်းဆုပ်လျက် အနီးမှာ ရှိနေသော သစ်ပင် ပင်စည်ကြီးကို အားကုန်ထိုးပစ်လိုက်မိသည်။

"ဝုန်း"

လူတစ်ကိုယ်လုံး ခုတင်ပေါ်က ဝုန်းခနဲ ပြုလဲပြုတ်ကျတော့ သူ အိပ်မက်က လန့်နိုးတော့သည်။

အိပ်မက်ထဲမှာ သူ လက်သီးနှင့်ထိုးပစ်မိတာ သစ်ပင်ကြီးကို ပေမယ့် လက်တွေ့မှာ အရှိန်လွန်ကာ ခုတင်ပေါ်က ပြုတ်ကျသွားသည့် အဖြစ်။





အိပ်မက်ထဲမှာတောင် နင် ငါ့ကို ဒုက္ခပေးပါလား စွဲမက်နီ။

သူ့ကြမ်းပြင်ပေါ်က ပြန်ထရင်း ခန္ဓာကိုယ်မှာ ရစ်ပတ်နေသော မြူစောင်ကြီးကို ခွာထုတ်ပြီး ခုတင်ပေါ် ပြန်ပစ်တင်လိုက်ချိန်မှာပဲ အခန်းအပြင်က မေမေ့အသံကို ကြားလိုက်ရ၏။

"သား သား ထစမ်း မြန်မြန်လေး"

အခန်းတံခါးကို တဒုန်းဒုန်းထုရိုက်ပြီး ခေါ်နေသော မေမေ့အသံကြောင့် သူ ဆတ်ခနဲတောင် တုန်သွားမိသည်။

တံခါးကို ကသောကမျော ဖွင့်ပေးလိုက်စဉ်မှာပဲ မေမေ အသက်မရှူနိုင်ဘဲ သူ့ကို ပြောလာ၏။

"သား သက် သက်မှူးညီ ဆိုင်ကယ်မှောက်လို့ကွယ်"

"ဗျာ"

"ဟုတ်တယ် သား သဲဖြူချောင်းတံတားဘောင်နဲ့ တိုက်မိပြီး ဆိုင်ကယ် ချောင်းထဲထိုးကျသွားတာ"

မေမေ့စကားကို သူ မယုံနိုင်စွာ မင်သက်နားထောင်နေမိသည်။ မေမေ ပြောရင်း မျက်ရည်တွေ စီးကျလာသည်။ သူ့ပခုံးကို ဆုပ်ကိုင်ထားသော မေမေ့လက်တွေကို သူ ပြန်ဆုပ်ကိုင်ထားရင်း

"အ အခု သူ ဘယ်မှာလဲ၊ ဆေးရုံမှာလားဟင် မေမေ"

"မဟုတ်ဘူး သား၊ ချောင်းထဲမှာ အလောင်းကို ဆယ်ဖို့ ကြိုးစားနေကြတုန်းပဲ အခုပဲ မေမေ့ကို လာအသိပေးကြလို့"



www.burmeseclassic.com

www.burmeseclassic.com



"သားလိုက်သွားမယ် မေမေ"

သူ ပြောပြီး အိမ်ရှေ့ထွက်ခဲ့တော့ မေမေ အနောက်က ကပ်ပါလာသည်။

"သား ဆိုင်ကယ်ကို အရမ်းမောင်းမသွားနဲ့နော်"

"ဟုတ်ကဲ့ပါ မေမေ"

စိုးရိမ်စွာ သတိပေးစကားဆိုသော မေမေ့ကို ခေါင်းညိတ်ပြရင်း ဆိုင်ကယ်ကို သူ မောင်းထွက်ခဲ့သည်။

ညီအတွက် စိုးရိမ်မှုတွေနှင့် ရင်ထဲမှာ ဗလောင်ဆူနေခဲ့တာ အမှန်။ ဘယ်လိုဖြစ်ကုန်တာလဲ သူ မသိပါ။ အောင်စာရင်းထွက်ပြီး ညီတို့နှင့် လက်ဖက်ရည်ဆိုင် ထိုင်ပြီး သူ လမ်းခွဲပြန်ခဲ့တာ ဖြစ်သည်။

"စွဲမက်ဆီက အဖြေသွားတောင်းရမယ်၊ ဒီနေ့ ငါ အရမ်းပျော်နေတယ်"

ညီ ပြောသွားသော စကားကို သူတောင် မျက်နှာမှဲ့ခဲ့မိသေးသည်။ ငါးဘာသာ ဂုဏ်ထူးနှင့် အောင်ခဲ့ပေမယ့် စွဲမက်နီကို ရှုံးခဲ့သော အရှုံးကြောင့် အိမ်မှာပဲ ပြန်ခွေအိပ်နေခဲ့တာဖြစ်သည်။

အခုတော့ ညီ သတင်းဆိုးက အိမ်အထိ ရောက်လာပြီ။

သဲဖြူချောင်းဘက်မှာ လူတွေစုစုဝေးဝေး ဖြစ်နေသည်။ ထိုလူစုထဲမှာ အာကာတို့ အုပ်စုကိုလည်း တွေ့ရသည်။

သူ့ကိုမြင်တော့ အားလုံး သူ့ဆိုင်ကယ်ဆီ ပြေးလာကြသည်။





"သျှင်မြတ်နီ"

"ငါ သတင်းကြားကြားချင်း ထွက်လာတာ၊ ညီ့အခြေအနေ ဘယ်လိုလဲ"

"အလောင်းကို ရှာနေကြတုန်းပဲ"

သူ့ရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ အလောင်းကို ရှာနေတုန်းပဲ တဲ့လား။ ဒါဆို ညီရဲ့အခြေအနေက လုံးဝ အသက်ရှင်လမ်း ကင်းမဲ့ခဲ့ပြီပေါ့။

"ငါ တကယ်ခံစားရတယ်ကွာ၊ ဒီကောင် ငါနဲ့အတူ ပြန်လိုက်ရင် ဒီလိုဖြစ်မှာမဟုတ်ဘူးကွ အီး ဟီး အီး"

မိုးဇော် ယောကျ်ားတန်မဲ့ ရှိုက်ကြီးတငင် အော်ငိုတော့ ကျော်လေးနှင့်ဝေလင်းတို့ နှစ်သိမ့်နေကြ၏။

နှစ်သိမ့်ချော့မော့သူတွေ မျက်နှာမှာလည်း မျက်ရည်စတွေနှင့်ပါပဲ။ တံတားဘောင်ထိပ်ကို သူ လျှောက်ခဲ့ကာ ချောင်းထဲ ငုံ့ကြည့်မိသည်။ အသက်ကယ် လှေနှစ်စီးနှင့် ချောင်းထဲကို ရေငုပ်ရှာနေသူတွေကို လှမ်းမြင်နေရ၏။

တံတားဘောင်အနားမှာ ပိုးလိုးပက်လက် လဲကျနေသော ညီ့ဆိုင်ကယ်လေးက ဒီအတိုင်း ရှိနေဆဲ။

"ညီ ရယ်"

မျက်ရည်တွေက တားဆီးမရနိုင်ဘဲ ပါးပြင်နှစ်ဖက်ပေါ် စီး



www.burmeseclassic.com

www.burmeseclassic.com



ကျလာသည်။

မယုံနိုင်စရာ အိပ်မက်ဆိုးကြီးလို ညီ့အဖြစ်က ကြေကွဲစရာ။

■ ■ ■



## အခန်း (၂၂)

"စွဲမက် စွဲမက် ငါ စာမေးပွဲအောင်တယ် သိလား၊ တူးဒီပါတယ်"

ငြိမ်းစုနှင့် နှစ်ယောက်သား လမ်းလျှောက်ပြန်လာသော စွဲမက်နီကို မြင်တော့ သက်မှူးညီ ဆိုင်ကယ်ကို ထိုးရပ်ပြီး ဝမ်းသာအားရ ဆိုသည်။

စွဲမက်နီ မျက်ခုံးတန်းတန်းလေးတွေ တွန့်ကွေးပြီး သက်မှူးညီကို စိုက်ကြည့်နေပုံက ခပ်စိမ်းစိမ်းပဲ ဖြစ်သည်။

"နင် အောင်စာရင်း လာကြည့်မလားလို့ ငါ စောင့်နေသေးတယ်ဟ"

သက်မှူးညီ ဆိုင်ကယ်ပေါ်က ဆင်းပြီး စွဲမက်နီ ရှေ့မှာ ရပ်ကာ ပြောပေမယ့် စွဲမက်နီ ခွန်းတုံ့မပြန်ဘဲ နှုတ်ဆိတ်နေတော့ နံဘေးက

စိုး မိုး စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေသော ငြိမ်းစုက အားနာသွားဟန်နှင့်

"စွဲမက်နဲ့ငါ အခုပဲ ကြည့်ပြီး ပြန်လာတာ သက်မှူးညီရဲ့ နင် အောင်တာ ငါတို့ တွေ့ပါတယ်"

"အေး နင်လည်း သရီးဒီနဲ့ မဟုတ်လား ငါ တွေ့တယ်"

"အေးလေ စွဲမက်က အောဒီလေ၊ တို့ကျောင်းတစ်ကျောင်းလုံးမှာ တစ်ယောက်တည်းသော ခြောက်ဘာသာ ဂုဏ်ထူးရှင်ပဲ"

ငြိမ်းစုက ဂုဏ်ယူသလိုလေး ပြောနေတော့ သက်မှူးဇာ ခေါင်းညိတ်ရင်း စွဲမက်နီကို ငေးငေးလေး ပြုံးကြည့်နေ၏။

"ငြိမ်းစု နင် နေခဲ့မှာလား၊ ငါ သွားတော့မယ်"

ငြိမ်သက်နေသော စွဲမက်နီ ပြောပြီးသည်နှင့် ဆက်လျှောက်သွားတော့ ငြိမ်းစု ယောင်နနနှင့် သက်မှူးညီအနားမှာ ရပ်ကျန်ခဲ့၏။

"ငြိမ်းစု နင် နေခဲ့တော့နော်၊ ငါ စွဲမက်နဲ့ စကားပြောစရာ ရှိလို့ဟ ခဏလေးနော်"

သက်မှူးညီကလည်း ငြိမ်းစုကို ပြောပြီး စွဲမက်နီ အနောက်ကို ပြေးလိုက်သွားခဲ့သည်။

"စွဲမက် စွဲမက် ခဏလေး နေပါဦးဟာ"

အနောက်က အော်ခေါ်ရင်း ပြေးလိုက်လာသော သက်မှူးညီ အနားရောက်တော့ စွဲမက်နီ ခြေလှမ်းတွေရပ်ပြီး ရင်ဆိုင်ကြည့်၏။

"ဘာကိစ္စလဲ သက်မှူးညီ၊ နင်နဲ့ငါ သူငယ်ချင်းစာရင်းက ငါ





ပယ်ဖျက်ထားပြီးသားနော်"

"မနောက်ပါနဲ့ စွဲမက်ရယ် အခု ငါ စာမေးပွဲအောင်တယ်လေ၊ နင် အဖြေပေးမယ်ဆိုတာ ငါ့ကိုပေးလေဟာ"

"နင်ဘာတွေ လာပြောနေတာလဲ သက်မှူးညီ၊ ငါက ဘာအဖြေ ပေးရမှာလဲ"

"စွဲမက်ရယ် နင် အဲဒီလိုတော့ ငါ့ကို မကြည်စားပါနဲ့ဟာ၊ ငါ လေ နင့်ကို ချစ်တဲ့စိတ်နဲ့ ကြိုးစားခဲ့တာပါ၊ ငါ့ကို နင် ချစ်တယ် မဟုတ်လားဟင်"

"ဘာ လဲသေလိုက် သက်မှူးညီ၊ နင့်ကို အဲဒီစိတ်တွေကြောင့် ငါ သူငယ်ချင်းစာရင်းက ဖျက်ခဲ့တာ၊ နင့်ဘာသာ အောင်အောင် ကျကျ ငါနဲ့ ဘာမှမဆိုင်ဘူး"

မာတင်းပြတ်သားသော စကားတွေ အဆုံးမှာ စွဲမက်နီ ချာခနဲ လှည့်ထွက်ဖို့ ပြင်သည်။ သက်မှူးညီ ဖျတ်ခနဲ လက်ကို လှမ်းဆွဲရင်း

"စွဲမက် နင် ဒီလိုတော့ မရက်စက်ပါနဲ့ဟာ၊ နင် ငါ စာမေးပွဲ အောင်ရင် အဖြေပေးမယ်လို့ မေမေတို့ကိုတောင် ကတိပေးခဲ့တာဆို"

"ဘာရယ် ငါက ကတိပေးတယ် ဟုတ်လား၊ နင် ရူးနေသလား သက်မှူးညီ၊ အေး နင် ကြားချင်ရင် အပြတ်သားဆုံး ငါ ထပ်ပြောမယ်၊ နင့်ကိုငါ အိပ်မက်ထဲတောင် ထည့်မမက်ဘူး သိလား"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"လွှတ်စမ်း နင် ငါ့လက်ကို အခုလွှတ်"

စွဲမက်နီ အော်ဟစ်ပြီး ဆွဲထားသော သက်မှူးညီ လက်ထဲက ရုန်းထွက်ဖို့ ကြိုးစားနေသည်။ ကားလမ်းတစ်ဖက်က မသိမသာ ရပ်နားထောင်နေသော မိုးဇော်တောင် အံ့သြမင်သက်နေမိ၏။

ဘာတွေဖြစ်ကုန်တာလဲ။ သက်မှူးညီ ပြောတော့ စွဲမက်နီနှင့် သူ့အခြေအနေက လုံးဝ အဆင်ပြေတော့မည့်ပုံ။ အခု ရင်ဆိုင်ကြုံတွေ့နေရတာက တလွဲဖြစ်နေတာ အထင်အရှား။

"သက်မှူးညီ နင် ငါ့လက်ကို လွှတ်နော်"

"မလွှတ်ဘူး စွဲမက်၊ နင် ငါ့ကို အဲဒီလောက်ထိ မုန်းနေတာ ငါ မယုံနိုင်ဘူး"

"မယုံနိုင်ဘူး ဟုတ်လား၊ ကဲ နင် ယုံစေရမယ်"

စွဲမက်နီ လက်တစ်ဖက် မြှောက်တက်သွားခဲ့ကာ သက်မှူးညီ ပါးတစ်ဖက်နှင့် ထိခတ်သံက ကျယ်လောင်စွာ ထွက်လာသည်။

"ဟာ"

မိုးဇော် ကိုယ်တိုင် အံ့သြတုန်လှုပ်သွားသလို သက်မှူးညီလည်း သက်မဲ့ကျောက်ရုပ်ကြီးလို ဖြစ်သွားခဲ့၏။

"မှတ်ထား သက်မှူးညီ၊ နင်တို့ ညီအစ်ကို နှစ်ယောက်စလုံးကို ငါ သိပ်မုန်းတယ် သိလား"

စူးစူးနစ်နစ် မျက်ဝန်းတွေနှင့် ကြည့်ကာ လက်ကို ဆောင့်ဆွဲ





ရုန်းပြီး စွဲမက်နီ ချာခနဲ လှည့်ထွက်သွားခဲ့သည်။

"သက်မှူး သက်မှူး သူငယ်ချင်း"

မိုးဇော် တွေတွေကြီး ရပ်နေသော သက်မှူးညီ အနား ရောက်ခဲ့ကာ ပခုံးကို ဆုပ်ကိုင်ခေါ်လိုက်တော့ သက်မှူး မျက်ရည်ဝေ့သော မျက်ဝန်းတွေနှင့် လှည့်ကြည့်သည်။

"စွဲ စွဲမက် ရက်စက်တယ်ကွာ"

"အေး ငါအားလုံး မြင်တယ် ကြားတယ်၊ မင်းတို့ကြားမှာ တစ်ခုခုတော့ လွဲချော်နေတာ သေချာတယ်၊ မင်းကို စာမေးပွဲအောင်ရင် အဖြေပေးမယ်လို့ ဘယ်သူက ပြောခဲ့တာလဲ"

မိုးဇော် မေးတော့ သက်မှူး တွေတွေကြီး ဖြစ်သွားခဲ့သည်။ ပြီးမှ ခေါင်းကို လေးပင်စွာ ခါရမ်းရင်း

"ဘာမှ မမေးနဲ့တော့ မိုးဇော်၊ ငါ နားလည်လိုက်ပြီ၊ ငါ ငါ့ရင်ထဲမှာ တကယ်ကို ထိခိုက်နေတယ်ကွာ၊ မင်း ငါနဲ့လိုက်ခဲ့မလား"

"ဘယ်ကိုလဲ သက်မှူး"

"အရက်ဆိုင်ပေါ့ကွာ၊ ငါ့ရင်ထဲက အပူတွေကို အပူနဲ့ပဲ ငြိမ်းသတ်မှဖြစ်မယ်"

"အဓိပ္ပါယ်မရှိတာကွာ၊ မင်း ခံစားချက်ကို ဒီလိုဖြေဖျောက်စရာ မလိုပါဘူး၊ ငါတို့ သျှင်မြတ်ဆီသွားရအောင် ဒီကိစ္စအတွက် အဖြေတစ်ခုတော့ ရနိုင်မှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ငါ အခုချိန်မှာ ဘယ်သူနဲ့မှ မဆုံချင်ဘူး၊ မင်းလည်း နေခဲ့တော့ကွာ"

သက်မှူးညီ ပြောရင်း ရပ်ထားခဲ့သော ဆိုင်ကယ်ဆီကို လှမ်းထွက်သွားခဲ့၏။

"သက်မှူး နေဦး နေပါဦး"

မိုးဇော် လှမ်းတားရင်း နောက်က ပြေးလိုက်ခဲ့ပေမယ့် သက်မှူးညီ ခွန်းတုံ့မပြန်ဘဲ ဆိုင်ကယ်ကို တရကြမ်း မောင်းထွက်သွားခဲ့၏။

■ ■ ■

"သူနဲ့ငါ လိုက်သွားခဲ့ရင် ဒီကောင် ဒီအခြေအနေမျိုး ဖြစ်မှာမဟုတ်ဘူး၊ အခုတော့ ဒီကောင် တစ်ယောက်တည်း အရက်တွေ မူးအောင်သောက်ပြီး ဆိုင်ကယ်မောင်း ပြန်လာလို့ ဖြစ်ရတာကွ"

မိုးဇော် မျက်ရည်တွေ တွင်တွင်စီးကျရင်း ကြေကွဲဝမ်းနည်းသံကြီးနှင့် ရှင်းပြနေသည်။ ဝေလင်းကလည်း အံကိုတင်းတင်းကြိတ်ထားရင်း

"စွဲမက်နီကြောင့် သူ တော်တော် ရှက်သွားခဲ့တာကိုး၊ တောက် စွဲမက်နီ ဒီလောက် မရက်စက်သင့်ဘူးကွာ"

"အေးကွာ ဘာပဲဖြစ်ဖြစ် ငယ်သူငယ်ချင်း သံယောဇဉ်တော့ ရှိသင့်တယ်"

အားလုံး တစ်ယောက်တစ်ပေါက်နှင့် သက်မှူးညီအပေါ်





ကရုဏာသက်မဆုံးအောင် ဖြစ်နေကြသည်။

သူ့ရင်ထဲမှာ ညီ့အတွက် ခံစားနာကျင်ရသော ဝေဒနာတွေက မိုးဇော် စကားတွေကြားမှ စွဲမက်နီအပေါ် အမုန်းတွေ အဖြစ် စုပုံသွားခဲ့သည်။

သိပ်ရက်စက်လွန်းသည့် မိန်းမ။

တကယ်ဆို သက်မှူးညီအပေါ် သူမ ဒီလောက်အထိ ခါးသီးစွာ တုံ့ပြန်ဖို့မသင့်ပါ။ အခုတော့ ညီရဲ့အသက်ကိုတောင် ဆုံးရှုံးခဲ့ရသည့် အဖြစ်။

"တောက် ရက်စက်တဲ့နေရာမှာတော့ တကယ်ဆိုးတယ်ကွာ၊ သက်မှူးရဲ့ အသုဘရက်လေးမှာ သတင်းလေးတောင် လာမေးဖော် မရဘူး"

အာကာ မကျေမနပ် တက်ခေါက်ပြီး ပြောချိန်မှာပဲ သူတို့အနားကို ရောက်လာသော မေမေ ပင့်သက်လေးရှိုက်ရင်း

"ဖြစ်ပြီးတာတွေ ပြီးသွားခဲ့ပြီ သားတို့ရယ်၊ ဘယ်သူ့ကိုမှ အပြစ်တင်မနေကြပါနဲ့"

မေမေ့စကားက သူတို့တွေကို နှစ်သိမ့်နေသော စကားဟု သူ နားလည်သည်။ ဒါပေမဲ့ သူ ဘယ်လိုမှ လက်ခံစရာ အကြောင်းမရှိ။

"အပြစ်တင်တာ မဟုတ်ဘူး မေမေ၊ စွဲမက်နီ ဆိုတဲ့ မိန်းမကို သား သိပ်ရွံမုန်းသွားတာ၊ ညီကို သူ လှည့်စားပြီး အရူးလုပ်ရုံမကဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အခု ညီကို သတ်လိုက်တာ စွဲမက်နီပဲ"

"အို မဟုတ်တာကွယ် သား အပြစ်တင်ချင်ရင် မေမေနဲ့ အန်တီသက်ကိုပဲ အပြစ်တင်ပါကွယ်၊ တကယ်ဆို ဒီအခြေအနေတွေကို မေမေတို့ တိုင်ပင်ဖန်တီးခဲ့သလို ဖြစ်သွားတာပါကွယ်"

"ဘာရယ် မေမေ မေမေ ဘာကိုဆိုလိုတာလဲ"

သူ မေးတော့ မေမေ စီးကျလာသော မျက်ရည်တွေကို အင်္ကျီ လက်မောင်းစွန်းနှင့် တို့သုတ်ရင်း

"ဟုတ်တယ် သား၊ သက်မှူးလေး စွဲမက်နီကြောင့် စိတ်လေပြီး ပညာရေးကို ဥပေက္ခာပြုထားလို့ မေမေနဲ့ညီမတို့ တိုင်ပင်ပြီး စီစဉ်ခဲ့တာ၊ သက်မှူးဆယ်တန်းအောင်ရင် စွဲမက်နီ လက်ခံကြည်ဖြူစေရမယ်လို့ မေမေတို့က သက်မှူး ယုံအောင် ပြောခဲ့ကြတာ၊ စွဲမက်နီတို့ မိဘတွေနဲ့ မေမေက ခင်မင်နေတော့ သူ ယုံတာပေါ့"

အခုမှပဲ မေမေနှင့်အန်တီသက်တို့ လျှို့ဝှက်ထားသော ကိစ္စကြီးကို သူတို့ သိလိုက်ကြရတာ ဖြစ်သည်။ စာမေးပွဲ မဖြေခင် သုံးလလောက်စပြီး သက်မှူးညီ မယုံနိုင်အောင် ပြောင်းလဲသွားတာ ဒါကြောင့်ပဲ ဖြစ်မည်။

"မေမေတို့က သက်မှူးလေး စာမေးပွဲအောင်စေချင်တဲ့စိတ်နဲ့ လိမ်ညာခဲ့တာပါ၊ အခုတော့ သက်မှူးလေး ဒုက္ခရောက်အောင် လုပ်မိသလို ဖြစ်သွားတယ်၊ မေမေတို့ အပြစ်ပါသားတို့ရယ် အဟင့် ဟင့်"





မေမေ ပြောရင်း ရှိုက်ကြီးတငင် ငိုတော့ အားလုံး ဘာစကားမှ မပြောနိုင်ဘဲ မျက်ရည်တွေ ကျရပြန်သည်။

သူကိုယ်တိုင်လည်း ငှူငှူကြီးထိုင်ကာ အံကြိတ်တင်းတင်းကြိတ်ထားမိသည်။ ညီအစ်ကိုတွေမှ တစ်ဝမ်းပဲ ကွဲပေမယ့် သက်မှူး စိတ်က ထိရှလွယ်လွန်းတာ သူ အသိဆုံး။

စွဲမက်နီနှင့်ပတ်သက်ပြီး ထိရှလွယ်လွန်းတာကို သူ မကြိုက်။ သူ ဘယ်လိုပြောပြော မရတော့ မပြောဘဲ ပစ်ထားခဲ့မိ၏။

အခုတော့ ဒီမိန်းမကြောင့်ပဲ ဒီကောင် ဘဝကို အရှုံးပေး ထွက်သွားခဲ့ရပြီ။

မေမေက စွဲမက်နီမှာ အပြစ်မရှိဘူးဟု ဘယ်လိုပဲ ဆိုနေပါစေ သူ လက်မခံနိုင်တာ အမှန်။

တစ်မြို့လုံး ပျံ့နှံ့နေသည့် သတင်းက သက်မှူး သေရတာ စွဲမက်နီ ပယောဂ မကင်းဟု။

ဒါကို ကြားနေလျက်နဲ့တောင် စွဲမက်နီက သက်မှူးညီ ရက်လည် ပြီးဆုံးသွားသည်အထိ ရောက်မလာပါ။

"စွဲမက်နီ မန္တလေးက သူ့အဘွား နေမကောင်းလို့ သွားတယ်တဲ့"

စွဲမက်နီ သတင်းကို သူ ကြားပေမယ့် မယုံနိုင်တာ အမှန်ပဲ ဖြစ်သည်။ ဒါ တမင်ရှောင်ထွက်သွားခြင်းပဲ ဖြစ်ရမည်။



www.burmeseclassic.com

www.burmeseclassic.com



သက်မှူးညီအပေါ် သူမ ရင်မှာ ဘာခံစားချက်မှ မရှိဘူးဆို တာကို တမင် သက်သေပြလိုက်သည့် အဖြစ်ဟု သူ ယုံသည်။

ဒါ မင်းမာန၊ မင်းအတ္တတွေလား စွဲမက်နီ။

အဲဒီမာနအတ္တတွေကို ငါ ရိုက်ချိုးပြမယ်။ မင်း စောင့်ကြည့် လိုက်စမ်းပါ။ မင်း ငါ့ကို အနိုင်ယူခဲ့တာ များပြီ။ ညီ့အပေါ်မှာတော့ မင်း အပြတ်အသတ်နဲ့ အနိုင်ယူသွားခဲ့တာပါ။

အဲဒီအတွက် တစ်ခုခုတော့ မင်း ပြန်ပေးဆပ်ရမယ်။

ငါ့ပါးတစ်ဖက်ကို မင်း ရိုက်ခဲ့သလို ညီရဲ့ပါးတစ်ဖက်ကိုလည်း ရိုက်ခဲ့တယ်။ အဲဒီအတွက် မင်း ကျေနပ်ဂုဏ်ယူနေမလား။

အတုံ့အလှည့်ဆိုတာ ရှိတယ် စွဲမက်နီ။ မင်း နှလုံးသား ဆတ် ဆတ်ခါ နာကျင်သွားအောင် ငါ လုပ်ပြမယ်။

အဲဒီအခါကျရင် မင်း မာနတွေ ဘယ်လောက် ခေါင်းထောင် လာနိုင်မလဲ။ ငါ စောင့်ကြည့်ချင်လိုက်တာ။

■ ■ ■



## အခန်း (၂၃)

သျှင်မြတ်နီ ဆိုတဲ့ ယောကျ်ား အပါအဝင်ပေါ့။

တစ်မြို့လုံးက လူတွေအားလုံးက သက်မှူးညီ သေဆုံးတဲ့ ကိစ္စမှာ တစ်ခုတည်းသော ကောက်ချက်တစ်ခု ချခဲ့ကြသည်။ စွဲမက်နီ ဆိုတဲ့ မိန်းမကြောင့် သက်မှူးညီ သေဆုံးခဲ့ရတာတဲ့။

စွဲမက်ကြောင့်တဲ့လား။

တစ်ဖက်သတ် ဆန်လွန်းတဲ့ စွပ်စွဲချက်ကြီးကို စွဲမက် ဘယ်လို နည်းနဲ့မှ လက်မခံနိုင်ပါဘူး။ စွဲမက်ရဲ့ ဂုဏ်သိက္ခာကို မထောက်ထားဘဲ ပြောနေကြတဲ့ စကားတွေအောက်မှာ စွဲမက် ခေါင်းငုံ့အရှုံးပေးလိုက်ရမှာ လား။

ဟင့်အင်း စွဲမက်နီဆိုတဲ့ မိန်းမက အဲဒီလောက်အထိ မပျော့ ညံ့ပါဘူး။ ဂရုမစိုက်ပါဘူး။ တကယ်ဆို သက်မှူးညီကို စွဲမက် လှည့်စား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာလည်း မဟုတ်ခဲ့ဘူး။ ရက်စက်ခဲ့တာလည်း မဟုတ်ဘူး။

သက်မှူးညီဟာ ငယ်သူငယ်ချင်းတစ်ယောက်အဖြစ်ပဲ စွဲမက် အတွက် ရှိခဲ့တာပါ။ ဖြူစင်တဲ့ သူငယ်ချင်းထက် အဆင့်လွန် ပိုမိုချ လာတဲ့ သက်မှူးကို စွဲမက်ဘက်က ယတိပြတ် ငြင်းခဲ့ပြီးသားပါ။

ဘယ်သူတွေရဲ့ မြှောက်ပင့်စကားတွေနဲ့ သက်မှူးညီ စွဲမက်ဆီ ရောက်လာတာလဲ မသိဘူး။ ကိုယ်ထိလက်ရောက် စော်ကားလာလို့ စွဲမက် တုံ့ပြန်လိုက်မိတာ အမှားတစ်ခုလား။ တကယ်ဆို သက်မှူးညီ သေခဲ့တ အရက်တွေ အလွန်အကျွံသောက်ပြီး ဆိုင်ကယ်ကို မဆင်မခြင် မောင် ခဲ့လို့ပါ။

ဒါတွေကို မေ့ပစ်ထားပြီး လူတွေက စွဲမက်ကိုပဲ အပြစ်တင် နေတာ တရားသတဲ့လား။ အထူးသဖြင့် သျှင်မြတ်နီကပါ စွဲမက်ကြောင့် လို့ စွပ်စွဲသတဲ့။

ဆောရီးပဲ သျှင်မြတ်နီ။ သက်မှူးကိစ္စမှာ ရှင် ကျွန်မကို စွပ် ချက်တွေ တင်နေတာ ရှင့်ရဲ့ ရှုံးနိမ့်မှုကြီးအတွက် လူတွေ သတိမထ မိအောင် ကာကွယ်နေတာ အာရုံပြောင်းပစ်နေတာလို့ပဲ စွဲမက် သတ်မှ တယ်။

"လူတွေပြောနေတဲ့စကားတွေကြောင့် သမီး မခံစားပါနဲ့ကွယ် မေမေ့သမီးလေးမှာ အပြစ်မရှိပါဘူးကွယ်၊ သက်ထား ကိုယ်တိုင်လည်း အဲဒီစကားတွေအတွက် မေမေ့ကို လာတောင်းပန်တယ် သမီး"





သျှင်မြတ်နီ မေမေကတောင် မေမေ့ကို လာတောင်းပန်စကား တွေ ဆိုနေလျက်နဲ့ သူက စွဲမက်ကို အပြစ်တင်နေတာ ဘာကြောင့်လဲ။

"သမီး ဘယ်သူ့ကိုမှ ဂရုမစိုက်ပါဘူး မေမေ၊ အထူးသဖြင့် သျှင်မြတ်နီကိုပဲ၊ သူ စာမေးပွဲမှာ သမီးနောက် ရောက်သွားတာကို မကျေမနပ်ဖြစ်နေတာ မေမေ"

"သမီးရယ် မောင်သျှင်မြတ်နီနဲ့ သမီးကြားမှာ အငြိုးအတေး တွေ ကြီးနေတာ မေမေ မဖြစ်စေချင်ဘူး"

မေမေကလည်း သူနဲ့စွဲမက်ကြားမှာ အမြဲတမ်း ချော့မော့ နှစ် သိမ့်စကားတွေနဲ့ ဖြေသိမ့်တတ်တာ အမြဲ။ မေမေနဲ့ ဒေါ်သက်ထားခင် ကို ခင်မင်ကျွမ်းဝင်နေကြတာ စွဲမက် သိပါတယ်။

ဒေါ်သက်ထားခင် အိမ်ရောက်လာတိုင်းလည်း စွဲမက်ကို ခင်ခင် မင်မင်နဲ့ ဆက်ဆံတတ်တာ စွဲမက် သိပါတယ်။ ဒါပေမဲ့ သျှင်မြတ်နီကို တော့ စွဲမက် ရင်ထဲကကို ခါးသီးနေမိတာပါ။

ယောက်ျားတန်မဲ့ စိန်ခေါ်စကားတွေပြော ရှုံးနိမ့်တဲ့အခါ မကျေ မနပ်မျက်ဝန်းတွေနဲ့ ခါးခါးသီးသီး ကြည့်တတ်သေးတယ်။

သူ့မျက်နှာကို မြင်တာနဲ့ စွဲမက် ရင်ထဲက ခါးခါးသီးသီး မုန်းတီး နေမိတာ အမှားလို့ မထင်ပါဘူး။ သက်ရောက်မှုတိုင်းမှာ တုံ့ပြန်ထိရောက် မှုဆိုတာ ရှိစမြဲလေ။

သူ့ဘက်က ခါးသီးမှုတွေ ရှိနေသ၍ စွဲမက်ဘက်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



တူညီတဲ့ အမုန်းတွေ ရှိနေဦးမှာပဲ။ ဒါကို ရှင် လက်ခံရမှာပဲ သျှင်မြတ်နီ။

"သျှင်မြတ်နီက သူညီကိစ္စမှာ နင့်ကို စွဲချက်တွေ တင်နေတာ"

ငြိမ်းစုနဲ့သဉ္ဇာတို့က သျှင်မြတ်နီရဲ့ သတင်းတွေကို စွဲမက်အနား ထိ သယ်ဆောင်လာကြတယ်။ စွဲမက် နာကျင်ခံရခက်စွာ ပြုံးမိတာပေါ့။

"နင်က သက်မှူးညီအပေါ် ရက်စက်ခဲ့လို့ သက်မှူး ခံစားသွား ရတာ တဲ့"

"သွားစမ်းပါဟာ အဲဒီအတွက် နင်တို့တွေ ရှင်းပြစရာ မလိုပါ ဘူး၊ ငါ မုန်းတယ်ဆိုတာ ငါ သိပါတယ်၊ နင်တို့လည်း သိသင့်သလောက် သိမှာပါ၊ စွဲမက်နီ ဘဝမှာ ဘယ်သူမုန်းမုန်း ဂရုမစိုက်ဘူး၊ အထူးသဖြင့် သျှင်မြတ်နီနဲ့ပတ်သက်လာရင် ငါ ဘယ်တော့မှ ဦးညွှတ် အရှုံးပေးမှာ မဟုတ်ဘူး"

အပြတ်သားဆုံးပဲ စွဲမက် ပြောခဲ့သည်။ သူနဲ့စွဲမက်ကြား ပြိုင်ပွဲတွေကို သိထားတဲ့ သူငယ်ချင်းတွေအားလုံး ဘာမှ မဝေဖန်ကြ ပေမယ့် နှစ်ယောက်စလုံးရဲ့ ပြင်းထန်တဲ့ မာနတွေအတွက် ပင့်သက်ရှ ရှိုက်ပြီး စောင့်ကြည့်နေကြမှာ သေချာပါတယ်။

"သမီးရေ သမီးရဲ့ဘွား နေမကောင်းလို့တဲ့"

မန္တလေးက ဘွားနေမကောင်းဘူးဆိုတဲ့ ဖုန်းဝင်လာတော့ မေ မေက စွဲမက်ကို အသိပေးလာသည်။

ဖေဖေက စက်ရုံကိစ္စတွေနှင့် မနားတမ်း ရှုပ်ထွေးနေ





မေမေကလည်း ရွှေဆိုင်ကြီးတစ်ဖက်နှင့်မို့ အားလပ်နေသော စွဲမက်ကိုပဲ ဘွားဆီ သွားနေပေးဖို့ တောင်းဆိုလာ၏။

"ရတယ် မေမေ၊ သမီး ဘွားဆီ သွားနေပေးပါ့မယ်"

"အေးကွယ် ပြောရရင် သမီးဘွားက သမီးပြန်သွားကတည်းက လွမ်းဖျား ဖျားသွားသတဲ့၊ သမီး သွားနေပေးလိုက်ပါ"

မေမေကဆိုတော့ စွဲမက် လက်ခံမိပါသည်။ တကယ်ဆို ဘွား မြေး တစ်ဦးတည်းသော မြေးဖြစ်သည့် စွဲမက်ကိုပဲ သံယောဇဉ်ကြီးတာ ဖြစ်သည်။ မေမေတို့က ဘွားကို စွဲမက်တို့နှင့် လာနေဖို့ ခေါ်ပေမယ့် ဘွားက မန္တလေးကိုပဲ သံယောဇဉ်တွေပိုကာ မခွဲနိုင် ဖြစ်နေခဲ့သည်။

နောက်ဆုံးတော့ စွဲမက် ဘွားရှိရာ မန္တလေးကို ထွက်ခဲ့သည်။ ဒါ ရှောင်ထွက်သွားခြင်း မဟုတ်ပါ။

စွဲမက်နီ ဆိုတဲ့ မိန်းမက အမုန်တရားတစ်ခုအတွက် ရှောင် ထွက်မသွားတတ်ဘူး သျှင်မြတ်နီ။

ဒါကိုတော့ ရှင် ယုံထားလိုက်ပါ။

■ ■ ■



www.burmeseclassic.com

## အခန်း (၂၄)

www.burmeseclassic.com

BURMESE CLASSIC .com

"စွဲမက်နီ ပြန်လာပြီကွ"

ညနေခင်းတွေမှာ သူတို့ဆုံနေကျ သဲဖြူချောင်း တံတားဘော
ပေါ်မှာ ထိုင်နေတုန်း ကျော်လေး ရောက်လာကာ သတင်းပို့လာခြ
ဖြစ်သည်။

"ဟုတ်လား သက်မှူး ကိစ္စနဲ့ ပတ်သက်ပြီး သူလည်း တော်
တော် စိတ်မကောင်း ဖြစ်သွားတယ် ထင်တယ်၊ မန္တလေးက ပြန်လာပြ
ဘာမှမကြာဘူး ပြန်သွားခဲ့တာ"

"သက်မှူးညီ ရက်လည်ရက် မတိုင်ခင်က ပြန်သွားတာဆိုတေ
တစ်လလောက် ကြာတာပဲကွ"

"ဟော့ကောင်တွေ သူ့အကြောင်း မပြောကြနဲ့ကွာ၊ ကြားရတ
နားခါးတယ်"





တစ်ယောက်တစ်ခွန်းနဲ့ ပြောနေသော စကားတွေကို မခံနိုင်
တော့ဘဲ သူ အော်ဟစ်ပစ်လိုက်တော့ အားလုံး တိတ်သွားကြသည်။

အာကာက သူ့ကို လှမ်းကြည့်ရင်း ပင့်သက်ရှိုက်ကာ

"သျှင်မြတ်ရာ မင်းကလည်း အမုန်းတရားတွေ ကြီးလိုက်တာ"

"ကြီးတယ် အာကာ၊ သူ့ကို ငါ အသေမုန်းနေတာ၊ သက်မှူး
ညီအကြောင်း တွေးတိုင်း ငါ ခံစားရတယ်"

"မင်းလိုပဲ သူလည်း နည်းနည်းပါးပါးတော့ ထိခိုက်ခံစားရမှာ
ပေါ့လေ"

"တော်စမ်းပါကွာ မျက်နှာကို ဖြတ်ရိုက်ချလို့ မကျတဲ့ မာနတွေ
ပိုခွန်ထူနေတဲ့ မိန်းမကို မင်း ပြောသလို စိတ်မကောင်း ဖြစ်နေတဲ့သူ
ဆို ဘာလို့ မန္တလေးမှာ အချိန်လုပြီး စပီကင် တက်လိုက်၊ ကွန်ပျူတာ
ပြေးတက်လိုက် ခြေသပ္ပတ်လည်နေသလဲ ကွဲ"

သူ ပေါက်ကွဲစွာ စွပ်စွဲချက်တွေ ဆင့်ကဲထွက်သွားသည်။ စွဲမက်
နီ သတင်းတွေကို မေမေ ပြောနေတာ သူ မကြားချင်အဆုံး။ မေမေနှင့်
စွဲမက်နီရဲ့ မိခင်က အခုမှ အရင်ကထက် ပိုမိုပြီး ခင်မင်ရင်းနှီးနေတာ
မှ သိသည်။

"ဒါတော့ကွာ ပညာရေးက ပညာရေးပါ၊ သူ့မှာ စိတ်ခံစားမှု
တော့ ရှိမှာပါ"

ကျော်လေးကပါ ဝင်ဖြေသိမ့်နေတော့ သူ မျက်နှာကို မဲ့ပစ်



www.burmeseclassic.com

www.burmeseclassic.com



ရင်း

"မင်း သူ့ကို သွားမေးကြည့်လိုက်စမ်းပါ ကျော်လေး၊ စွဲမက်
မှာ သက်မှူးညီနဲ့ပတ်သက်ပြီး ခံစားမှု မြူမှုန်တစ်မှုန်လောက် ရှိတယ်
ဆိုရင် ငါ ဖက်အဖြတ်ခံရဲတယ်"

သူ့စကားကြောင့် ကျော်လေးကော အာကာပါ ဘာစကား
မဆိုတော့ဘဲ ငြိမ်သွားကြသည်။

ကောင်းကင်မှာ မှိုင်းမှုန်နေသော တိမ်သားတွေကို သ
မော့ကြည့်ရင်း အံကိုတင်းတင်း ကြိတ်ထားမိ၏။

မိုးဇော်က ကွမ်းသွေးကို ပျစ်ခနဲ ချောင်းထဲ ထွေးချရင်း၊

"ငါ ကြားတာတော့ စွဲမက်နီက မန္တလေး ဆေးတက္ကသို
တက်မယ်တဲ့၊ ဟိုမှာ သူ့အမေဘက်က အဘွားရှိတယ်တဲ့"

"ဟုတ်လား သျှင်မြတ် မင်းကကော ဘယ်ဆေးကျော
တက်မှာလဲ"

"မမေးနဲ့ မိုးဇော်၊ ဒီမိန်းမကို ငါ အရမ်းမုန်းတယ်၊ သူ့ဟာ
မန္တလေးဆေးကျောင်းပဲတက်တက်၊ ရန်ကုန်ဆေးပဲ တက်တက် ငါ စိ
မဝင်စားဘူး၊ အဲ သေချာတာက သူ တက်မယ့် နေရာကို ငါ မတက်ဘူး"

"အင်း မင်းတို့နှစ်ယောက်ကတော့ ဘယ်ဘဝ ရေစက်လဲကွ"

"ဘယ်ဘဝရောက်လဲ မမေးနဲ့၊ ဘဝဆက်တိုင်း သူ့နာမ
သူ့အရိပ်နဲ့ ငါ ကင်းချင်တယ်၊ အဲဒါ ဘာလို့လဲ သိလား ငါ သူ့





အရမ်းမုန်းလို့ပဲ"

ပြောရင်းနဲ့တောင် သူ့ရင်ထဲမှာ နာကျင်မှုတွေ ဒီရေလို ဟာရိပ်
ရိပ် တိုးလာသည်။

စွဲမက်နီနှင့်ပတ်သက်ပြီး အရှုံးတွေက ဆက်တိုက်သူ ကြုံခဲ့ရ
ပြီးပြီ။ ဒီအရှုံးတွေကို ပြန်အစားယူခွင့် ဆိုတာလည်း ဝေးသထက်
ဝေးနေခဲ့တာ သူ တွက်ဆမိပါသည်။

အနိုင်နဲ့ စွဲမက်နီ ပိုင်းသွားခဲ့တာပဲ ဖြစ်မည်။ ဒါကို တွေးမိ
တိုင်း ဒေါသတွေက ရင်ထဲမှာ ရှန်းကြွလို့ လာ၏။

သူက ကျားဆို စွဲမက်နီက ဆင်၊ သူမက ကျားဆို၊ သူက
ဆင်။ ကျားနဲ့ဆင် လယ်ပြင်မှာ တွေ့ကြဦးမှာပေါ့။ တစ်နေ့တော့ သူမနှင့်
သူ ကြုံဆုံစရာ ရှိလာဦးမည် ထင်သည်။

အဲဒီအခါမှာတော့ မင်းကိုငါ ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် တိုက်နိုက်
အနိုင်ယူဖို့ အသင့်ပဲ စွဲမက်နီ။

ငါ့ရင်ထဲက အငြိုးတွေက ကမ္ဘာမကြေစတမ်းပေါ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဟဲ့ ဟဲ့ အို ပလုပ်တုတ်"

"အာ တီချယ် ဆောရီး ကန်တော့ ကန်တော့ တီချယ်"

သူ ကသောကမျော တောင်းပန်ရင်း ဆိုင်ကယ်ကို ထိုးရပ်လိုက်သည်။ ဆရာမကတော့ ဆိုင်ကယ်နဲ့ ပွတ်မိမလို ဖြစ်သွားတာကြောင့် ယောင်ယမ်းပြီး လက်ထဲက အထုပ်တွေကို လွှတ်ချလိုက်ပြီး ဖြစ်နေသည်။

"ဟဲ့ ငါ့အထုပ်တွေ ကွဲကုန်ပြီလား ကြည့်စမ်းပါဦး"

ပါဝါမျက်မှန်ကြီး တဝင့်ဝင့်နဲ့ လက်ထဲက ပြုတ်ကျသွားတဲ့ အထုပ်တွေအတွက် နှမြောသံကြီးနှင့် ဆရာမ မေးသည်။

သူလည်း ပြုတ်ကျသွားသော အထုပ်တွေကို အသေအချာ ငုံ့ကြည့်မိ၏။





သူတောင်မှ ဆိုင်ကယ်မီးရောင်နှင့်မို့ ဆရာမ ပေါ်သန်းမေမှန်း သိလိုက်တာ ဖြစ်သည်။ မဟုတ်လျှင် တစ်မြို့လုံး မီးပြတ်ပြီး မှောင်နေတာမို့ ဘယ်သူဘယ်ဝါတောင် သိမှာမဟုတ်။

"ဘာတွေလဲ ဆရာမ၊ အိတ်တွေ ကွဲကုန်ပြီ"

"ဒုက္ခပါပဲတော်၊ နွားနို့က နှစ်ထုပ်တောင်ဟဲ့၊ နှမြောလိုက်တာ၊ ဒီညကျမှ မီးကလည်းပျက်၊ စွဲမက်နီကလည်း လာအိပ်တော့ နွားနို့ ထွက်ဝယ်တာ"

စွဲမက်နီ နာမည်ကြားလိုက်ကတည်းက သူ့စိတ်မှာ တင်းခနဲ ဖြစ်သွား၏။ ဒါပေမဲ့ ဆရာမ ရှေ့မှာမို့ မျိုသိပ်ရင်း

"ဆရာမက ထွက်ဝယ်ရသလွား၊ သူက လူငယ်ပဲ ဒီလောက် မီးမှောင်နေတာကို သူ ထွက်ဝယ်ပေါ့"

"ဆရာမ ထွက်လာတုန်းက မီးမပျက်သေးဘူးလေကွယ်၊ စွဲမက်နီက သူ့ဆိုင်ကယ်နဲ့ ထွက်ဝယ်မယ် ပြောပေမယ့် ဆရာမက မသွားခိုင်းတာ၊ ကိုယ့်အိမ်လာအိပ်တဲ့ သူဆိုတော့ ကိုယ်က တာဝန်ကျေရမှာပေါ့"

ဆရာမ စိတ်ကို သူ အသိဆုံး။ သူတို့ ကျောင်းသား ဘဝက လည်း ဆရာမ အိမ်မှာ အလှူရှိတော့ သွားအိပ်ရင်း ကူညီလုပ်ကိုင်ပေး ဖူးကြသည်။

ဆရာမက အရိပ်လို ဂရုစိုက်ပြီး လိုလေသေးမရှိအောင် တာဝန် ကျေ၏။



www.burmeseclassic.com

www.burmeseclassic.com



"စွဲမက်နီနဲ့ စကားစမြည်ပြောရင်း နွားနို့သောက်ကြမလို့ ဒီည သူက ဆရာမနဲ့စကားပြောရင်း အိမ်မှာ ညအိပ်မှာ၊ နောက်တစ်ရက် နှစ်ရက်ဆို မန္တလေးမှာ ကျောင်းသွားတက်ရတော့မှာလေ"

သူ မမေးပါဘဲ ဆရာမက ရှင်းပြနေသေးသည်။ မကြားချင်သော စကားတွေကို ထပ်မကြားချင်တာမို့ သူ ဆရာမကို စကားအမြန်ဖြတ်ရ၏။

"ဆရာမ ပြန်နှင့်ပါ၊ ပြုတ်ကျသွားတဲ့နွားနို့တွေအတွက် ကျွန်တော် အစားပြန်ဝယ်ပို့ပေးမယ်"

"အေး အေး ဒါဆိုလည်း ဒီမှာ ပိုက်ဆံယူသွား သား"

"ရတယ် ဆရာမ၊ ကျွန်တော့်မှာ ပါတယ်"

ပြောပြီး သူ ဆိုင်ကယ်ကို မောင်းထွက်ခဲ့သည်။ နွားနို့နှစ်ခွက်ကို ဆရာမအတွက် ပြန်ဝယ်ပြီး ထွက်ခဲ့တော့ မီးတွေ ပြန်လင်းလာသည်။

ဆရာမ ဒေါ်သန်းမေကိုလည်း အိမ်မရောက်ခင် လမ်းမှာပဲ တွေ့၏။ ဆရာမက ငြိမ်းစုတို့ အမေနှင့်ဆုံကာ စကားဖောင်ဖွဲ့နေသည်။

"တီချယ် ဒီမှာ နွားနို့ရပြီ၊ တက်လေ ကျွန်တော် အိမ်လိုက်ပို့ပေးရမလား"

"ရတယ် သား၊ ဆရာမ ဒေါ်ခင်ငြိမ်းနဲ့ အတူ လျှောက်ပြန်လို့ ရတယ်၊ ကျေးဇူးပဲဟေ့ ဩော် သျှင်မြတ်နီ မင်းလည်း ဆရာမဆီ လာခဲ့ဦး"





ဝယ်လာသည့် နွားနို့ထုပ်တွေ ဆရာမ လ [illegible] ထည့်ပေးပြီး သူ ဆိုင်ကယ်ကို မောင်းထွက်ခဲ့သည်။

ဒီနေ့ည သူတို့ သူငယ်ချင်းတွေ နှုတ်ဆက်ပွဲရှိသည်။ နောက်တစ်ပတ်ဆို ရန်ကုန်သွားကာ ကျောင်းတက်ရမည့် သူ့နှုတ်ဆက်ပွဲ အဖြစ် ကျော်လေးတို့ အိမ်မှာ လုပ်ဖြစ်သည်။

ဒီကောင်တွေက အစားတစ်ခုတင် မဟုတ်ဘဲ အသောက်ပါ ယားပါ တောင်းဆိုတာကြောင့် အိမ်မှာလုပ်လို့ မဖြစ်ပါ။ ကျော်လေးတို့ အိမ်မှာ ဘီယာဘူးတွေ၊ စားစရာတွေ စီစဉ်ထား၏။

"ဟာ မင်းကလည်း နောက်ကျလိုက်တာ"

ထင်သည့်အတိုင်း သူ ရောက်တော့ အာကာတို့ တမျှော်မျှော်နှင့် မကျေမနပ် ပြောသည်။

"ဆောရီးကွာ ငါ နောက်ကျနေလို့"

"ကဲ အမောပြေ ချကွာ"

"ဟာ ငါမှ မသောက်တတ်တာ"

"ဟေ့ကောင် ဘယ်ကောင်မှ သောက်တတ်တဲ့သူ မပါဘူး။ မရဘူး ချ ဒါ မင်းရဲ့ပွဲ"

ငြင်းရခက်စွာနှင့် ကမ်းပေးသော ဘီယာဘူးကို သူ လှမ်းယူလိုက်ရသည်။ ခါးသက်သက် အရသာကို ကြိတ်မှိတ်မျိုချရင်း ပန်းကန်ထဲက အာလူးကြော်ကို သူ ကောက်ဝါးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"မြည်းစမ်းပါ သျှင်မြတ်ရ၊ ဒီမှာ ကြက်သားကြော်တွေ အမဲကြော်တွေ ရှယ်ပဲ၊ ငါ ကိုယ်တိုင် စီစဉ်ထားတာ"

အာကာက ပြောသည်။ ဒီကောင်တွေ အသေအချာ ပြင်ဆင်ပေးထားတာတော့ အမှန်။ စားကြသောက်ကြနဲ့ ဘယ်ကဘယ်လို မှူးလာသိတောင် မသိလိုက်ကြပါ။

"ငါတို့ မပြန်ဘူး ကျော်လေးတို့အိမ်မှာ အိပ်မှာနော်"

"ဟာ ငါတော့ ပြန်မှဖြစ်မှာ၊ ဖေဖေက ပြန်ခဲ့ဖို့ မှာထားတာကွ"

သူဆိုတော့ သူတို့တွေ ဆက်မတားရဲကြပါ။ ဖေဖေ့ကို ဒီကောင်တွေ ချစ်ကြောက်ရှိသေတာမို့ သူ ပြန်တော့ မတားကြပါ။

"မင်း ပြန်လို့ ဖြစ်မလား"

"ဖြစ်ပါတယ် အေးဆေးပါ"

လူက အေးဆေးဆိုနေပေမယ့် မသောက်ဖူးတာမို့ ခပ်ယိုင်ယိုင် ဖြစ်နေသည်။ အာကာနှင့် ကျော်လေးက သူ့ကို တွဲရင်း

"မင်းပြန်ရင် လမ်းပဲလျှောက်ပြန်၊ မနက်ကျမှ ဆိုင်ကယ်လာပို့ပေးမယ် ဖြစ်တယ်မို့လား"

"ရတယ် ဘယ်လိုပြန်ပြန် ပြန်မှဖြစ်မယ်"

ဆိုင်ကယ်ကို ထားရစ်ခဲ့ကာ ကျော်လေးတို့အိမ်က လမ်းလျှောက်ပြန်ခဲ့သည်။





ညဥ့်လေတဖြူးဖြူးက အေးစိမ့်စိမ့်လေး တိုက်နေတော့ အမူးရှိန်က တရိပ်ရိပ် တိုးလာသည်။ လမ်းမီးရောင်တွေက မှိန်ဖျော့ဖျော့လေး လင်းနေသည်။

ညဥ့်နက်ပြီမို့ အားလုံး အိပ်နေကြပြီ။

ဆရာမ အိမ်နားကိုရောက်တော့ သူ တုံ့ခနဲ ဖြစ်သွားခဲ့၏။ ဆရာမ ခေါ်ထားတာကို ပြန်သတိရသည်။ ဒီအခြေအနေမျိုးနှင့် ဝင်တွေ့သင့်ပါ့မလား။

ချိတုံ့ချတုံ့နှင့် တွေဝေနေတုန်းမှာ အာရုံထဲကို ဖျတ်ခနဲ ဝင်လာတာ စွဲမက်နီ ပုံရိပ်။

ဆရာမ အိမ်မှာ စွဲမက်နီ ရှိနေသည်ပဲ။ သူ့ကို ဒီပုံစံနှင့် မြင်လျှင် စွဲမက်နီ ဘာပြောမည်လဲ။

ရှုံ့ရှာသလို သရော်သလို ကြည့်ဦးမှာ သေချာ၏။

ဂရုမစိုက်ဘူး စွဲမက်နီ။ သျှင်မြတ်နီ ဆိုတဲ့ကောင်ကလည်း မင်းလိုပဲ ဆေးကျောင်းတက်မယ့် ကောင်တစ်ကောင်ပဲ။

သူ မဲ့ခနဲ ပြုံးရင်း ဆရာမ ဒေါ်သန်းမေ အိမ်ဘက်ကို ခြေလှမ်းတွေ ဦးတည်လိုက်သည်။

■ ■ ■

သူမ ရောက်နေသည့် နေရာက လှပလွန်းသော ရှုခင်းတွေကို မြင်တွေ့ခံစားနေရသည့် နေရာလေးတစ်ခုမှာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းတဆုံး မြင်နေရသော သစ်ပင်ကြီးငယ်တွေက စိမ်းမြနေသည်။ ဟိုးအဝေးမှာက မြရောင်စိမ်းသော မြက်ခင်းလွင်ပြင်ကျယ်ကြီး၊ ကောင်းကင်က ပြာလဲ့ကြည်လင်ပြီး တိမ်သားကင်းစင်နေ၏။

ဘယ်လောက် ကြည်နူးစရာကောင်းလိုက်တဲ့ မြင်ကွင်းလဲ။

စွဲမက်စိတ်တွေ လွတ်လပ်ပေါ့ပါး နေခဲ့တာ လက်နှစ်ဖက်ကို ပေါ့ပါးစွာ မြှောက်ပြီး သန့်ရှင်းကြည်လင်သော လေကို အားပါးတရ ရှူသွင်းလိုက်မိ၏။ လေကို အားပါးတရ ရှူသွင်းပြီး ဖြေးညင်းစွာ ပြန်မှုတ်ထုတ်။

တကယ့်ကို အေးငြိမ်းလှသော အရသာထဲမှာ စွဲမက် နစ်မျော နေတုန်း တစ်စုံတစ်ယောက်က စောင့်ကြည့်နေသလို စိတ်က ခံစားရ၏။

"စွဲ မက် နီ"

နားထဲမှာ တိုးတိုးခေါ်သံတစ်ခု။ ဒါ သျှင်မြတ်နီရဲ့ အသံဟု စွဲမက် ချက်ချင်း သိသည်။ ပျော်ရွှင်ကြည်နူးစိတ်လေးတွေ ချက်ချင်းပဲ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားခဲ့ကာ စိတ်အာရုံက မွန်းကြပ်သွား၏။

ချာခနဲ လှည့်ကြည့်လိုက်တော့ သျှင်မြတ်နီ။

နှုတ်ခမ်းတွေက ပြုံးရိပ်သမ်းနေ၏။ ဒါပေမဲ့ ထိုအပြုံးတွေထဲက လှောင်ရိပ်တွေကို စွဲမက် မြင်နေသည်။ ကြည်လဲ့သော မျက်ဝန်းတွေထဲမှာတောင် လှောင်ရိပ်တွေ ပျော်ဝင်နေ၏။





သူမကို တမင်ပဲ ရူးရူးနှစ်နှစ် ငေးစိုက်ကြည့်ကာ လှောင်နေတာ ဘာကြောင့်လဲ။ ထွက်သွားစမ်း။

သူမ စိတ်ထဲက ခါးခါးသီးသီး မောင်းထုတ်ပစ်ကာမှ သျှင်မြတ်နီ သူမအနားကို တရွေ့ရွေ့ လျှောက်လာနေ၏။

"ဟင့်အင်း မလာနဲ့၊ ငါ့အနား နင် မလာနဲ့၊ သွား၊ ထွက်သွားစမ်းပါ"

သူမ ဘယ်လိုပဲ ဟစ်အော် မောင်းထုတ်ပါစေ သျှင်မြတ်နီ ခြေလှမ်းတွေ တစ်ချက်တွန့်မသွားသလို အပြုံးရိပ်ကလည်း ပျက်မသွားပါ။

မျက်လုံးတွေက သူမ မျက်ဝန်းတွေထဲအထိ ရူးရူးနှစ်နှစ် စိုက်ကြည့်နေ၏။ ထူးဆန်းသည်က ထိုမျက်ဝန်းတွေကို သူမ ရှန်းမထွက်နိုင်တဲ့ မင်သက်တွေဝေနေမိခြင်းပင် ဖြစ်၏။

သွားပါ ငါ့အနားက ထွက်သွားပါ ဟု သူမ အကြိမ်ကြိမ် အော်နေပေမယ့် သူ ဂရုမစိုက်သော ခြေလှမ်းတွေနှင့် တိုးကပ်လာ၏။

"သွား မလာနဲ့ သွား"

သူမ ဗလုံးဗထွေး အော်သည်။ ထိုအော်သံက အိပ်မက်ထဲမှ အပြင်လောကထဲ လှုံ့ထွက်သွားခဲ့သည် ထင်၏။

"သမီး စွဲမက်နီ ဘာဖြစ်တာလဲ"

စိုးရိမ်တကြီး အော်မေးသံနှင့်အတူ ဆရာမ ဒေါ်သန်းမေ သူမ အခန်းရှေ့ကို ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို မြတ်စွာဘုရား"

အခန်းဝမှာ ဆရာမ ဒေါ်သန်းမေ မျက်ဝန်းအစုံ ပြူးကာ ကျောက်ရုပ်ကြီးလို ရပ်သွားသည်။

စွဲမက် ကိုယ်တိုင်လည်း အိပ်မက်ထဲက လန့်နိုးလာကာ မျက်ဝန်းတွေ ဖွင့်ကြည့်လိုက်တော့ ရင်ဘတ်ပေါ်မှာ လေးလံစွာ ပိနေသော လက်တစ်ဖက်။

"ဟင်"

ထိုလက်တစ်ဖက်ကို စွဲမက် အထိတ်တလန့် ပုတ်ချပစ်လိုက်တော့ နံဘေးမှာရှိနေသော သျှင်မြတ်နီ လန့်နိုးကာ မျက်ဝန်းတွေ ပွင့်လာ၏။

"မင်း စွဲမက် နီ"

"နင် နင် ဘာ ဘာလုပ်တာလဲ"

စွဲမက်နီ အထိတ်တလန့် ဆိုရင်း အိပ်ရာပေါ်က လူးလဲထသည်။ သျှင်မြတ်နီလည်း ငုတ်တုတ်ထိုင်ကာ သူမကို ကြည့်နေသည်။

"မောင်သျှင်မြတ်နီ"

"ဟင် ဆရာမ"

"ဆရာမ"

ဒေါ်သန်းမေ အသံကြားမှ နှစ်ဦးစလုံး လှည့်ကြည့်မိကြသည်။ အခန်းဝမှာ ရပ်နေသော ဆရာမ မျက်နှာကို မီးရောင်လင်းလင်း ထင်း





ထင်းကြီးအောက်မှာ မြင်လိုက်ကြ၏။

"နင် နင်"

စွဲမက် နှုတ်ခမ်းလေးတွေ တုန်ယင်ကာ လူးလဲထရပ်လိုက်သည့် သူ့ကို စူးစူးဝါးဝါး ကြည့်နေရာမှ ညာလက်ဖဝါးက မြှောက်တက်သွား၏။

သူမ လက်ဖဝါးက သူ့ညာဘက်ပါးပြင်ပေါ် မရောက်ခင်မှာပဲ သျှင်မြတ်နီက လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားပြီး ဖြစ်နေ၏။

သျှင်မြတ်နီ မျက်ဝန်းမှာ စူးလက်တောက်ပသော အရောင်တွေ ဖြာလဲ့နေသည်။

"နင် ငါ့ပါးကို နောက်တစ်ကြိမ် ထပ်ရိုက်ခွင့် ဘယ်တော့မှ မရှိတော့ဘူး စွဲမက်နီ၊ အေး ရှိခဲ့ရင်လည်း အဲဒီအတွက် နင့်ဘဝကို ချုပ်ချေဒဏ်ခတ်ပစ်မယ်၊ ငါက နင့်ထက် အငြိုးကြီးတယ် စွဲမက်နီ"

"နင် နင်"

စွဲမက်နီ အံကြိတ်ရင်း ကျန်နေသော လက်တစ်ဖက်နှင့် သူ့မျက်နှာကို ဒေါသတကြီး ကုတ်ခြစ်ဖို့ ကြိုးစားတော့ သူ ထိုလက်ကို မြန်မြန်စွာ ဖမ်းချုပ်ပစ်လိုက်သည်။

"နင် ငါ့ကို တုန့်ပြန်ဖို့ မကြိုးစားနဲ့၊ ငါ့ရဲ့ အငြိုးအတေးပြန်မှုအောက်မှာ နင့်မာယာတွေ ဒူးထောက်ခစားလိုက်ဦး စွဲမက်နီ"

"လူယုတ်မာ"

"သမီး စွဲမက်နီ တော်တော့၊ ဒီလို မပြောရဘူး၊ ချစ်နိမ့်မှာ

www.burmeseclassic.com



သမီးတို့ကိစ္စက ဆရာမ တာဝန် ဖြစ်နေပြီ''

''မဟုတ်ဘူး ဆရာမ၊ သမီး သူနဲ့ ဘာ ဘာမှမဖြစ်ဘူး''

''ဒီလို မပြောနဲ့ သမီး၊ ဒီကိစ္စက အလွယ်ရှင်းလို့ ရတာ မဟုတ်ဘူး၊ မောင်သျှင်မြတ်နိ မင်း ဘယ်ကဘယ်လို ရောက်လာတာလဲ''

''ညက ဆရာမ ခေါ်ထားလို့ ကျွန်တော် လာတာပါ၊ အိမ်တံခါး က ပိတ်မထားတော့ ကျွန်တော် ဝင်ခဲ့တာတော့ မှတ်မိတယ်၊ ကျွန်တော် အာကာတို့နဲ့ နှုတ်ဆက်ပွဲ လုပ်ရင်း သောက်ထားတော့ ဘာမှမသိဘူး ဆရာမ''

''မင်းမူးနေခဲ့တာပေါ့ အခုကိစ္စကိုတော့ မင်း တာဝန်ယူရမှာ နော် သား''

ဆရာမ ပြောတော့ သူ ကြိတ်ပြုံးလိုက်ရင်း ခေါင်းညိတ်လိုက်၏။

''ကျွန်တော် ယောကျ်ားပါ ဆရာမ''

''ဟင့်အင်း ဘာမှမဟုတ်ဘူး သမီးတို့ မမှားခဲ့ဘူး ဆရာမ၊ ဒါ သူ တမင်ယုတ်မာတာ၊ သမီးကို ရှုံးနိမ့်တာတွေအတွက် သက်သက် တမင် သူ လုပ်ကြံတာ ဆရာမ''

ကြားထဲက စွဲမက်နီ ခါးခါးသီးသီး ဝင်ပြောသည်။ သူ ပြုံးပြုံး လေးနဲ့ပဲ ငြိမ်သက်နေလိုက်၏။ ဆရာမ ခေါင်းကိုခါရင်း

''အခုချိန်မှာ ဒါတွေ မပြောရဘူး သမီး၊ သမီးရဲ့သိက္ခာတရား အတွက် ဆရာမ မိဘတွေနဲ့ ဆွေးနွေးမှ ဖြစ်မယ်''





''ဟင်''

စွဲမက်နီ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကာ ခေါင်း ကို တွင်တွင်ခါရမ်းနေသည်။ မျက်ရည်တွေ ဝေ့နေသော မျက်ဝန်းတွေ နှင့် သူ့ကို ဖျတ်ခနဲ လှည့်ကြည့်သည်။

အမုန်းတွေတဲ့လား စွဲမက်နီ။ အဲဒီအမုန်းတွေနဲ့ နင့်မျက်နှာကို ငါ အမြဲတမ်း ပြုံးပြီး ကြည့်နေမှာ သိလား။

နင့်မျက်ရည်တွေကို ငါ အရသာခံကြည့်မှာ။ နင့်မာနတွေ ကျိုးပျက်သွားတာကို ငါ မြင်ချင်တာ။

ကဲ နင် ဘာများတတ်နိုင်သေးလဲ စွဲမက်နီ။

■ ■ ■

''သမီး မမှားဘူး မေမေ၊ လုံးဝ မမှားဘူး သေချာတယ်''

စွဲမက် ခါးခါးသီးသီး ငြင်းတော့ မေမေသည်လည်း လက်မခံ နိုင်စွာ ခေါင်းကို ခါသည်။ ဆရာမ ဆင့်ခေါ်လိုက်တာကြောင့် ရောက် လာကြသော မေမေနှင့် သူ့ဖခင်ပါ ဆရာမ အိမ်ထဲမှာ ရှိနေကြ၏။

''မမှားဘူးဆိုတဲ့ စကားနဲ့တင် ဒီပြဿနာကြီးက ရှင်းမသွား ဘူး သမီး''

မေမေ့အသံတွေ ရှိုက်သံနှင့် တုန်နေတာ သေချာ၏။ မေမေ့ အကြည့်တွေထဲမှာ ဖူးသစ်စ ပန်းလေးတစ်ပွင့် အချိန်မတိုင်ခင် လွင့် ကြွေသွားခဲ့တာကို နှမြောဝမ်းနည်းရိပ်တွေ အပြည့်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"သားကော သမီးပါ ယှဉ်ရှယ်လွန်းကြသေးတယ်၊ အဲဒီအတွက် မေမေ ဝမ်းနည်းမိတယ်"

သျှင်မြတ်နီကို တစ်ချက်ကြည့်ကာ မေမေ ဆိုညည်းတော့ သူမ သျှင်မြတ်နီကို စူးစူးနစ်နစ် ကြည့်ရင်း

"သျှင်မြတ်နီ နင် ပြောလိုက်လေ၊ နင်နဲ့ငါ ဘာမှမဖြစ်ခဲ့ဘူး ဆိုတာ နင်ကော ငါပါ အသိဆုံးနော်"

သူ့နှုတ်မှ ထွက်အံ့ကျလာမည့် စကားကို စွဲမက်နီ မျှော်လင့်တကြီး ရှာဖွေကြည့်မိသည်။

သျှင်မြတ်နီ နှုတ်ခမ်းတွေ လှစ်ခနဲ ပြုံးသည်။ အမှန်တကယ် ဆိုလျှင်လည်း အားလုံးသော လူကြီးတွေရှေ့မှောက်မှာ အမှန်တရားကို သူ ပြတ်သားစွာ ရှင်းပြသင့်သည်။ ဒါပေမဲ့ သူ ဆိုသော သျှင်မြတ်နီ သည် သူမရဲ့ ဂုဏ်သိက္ခာနှင့် မာနတရားကို ရိုက်ချိုးပစ်ဖို့ အကွက်ကျကျ စီမံထားသူပီပီ

"ငါ ဒီလိုမပြောနိုင်ဘူး စွဲမက်နီ၊ နင်နဲ့ငါ ဘာမှမဖြစ်ခဲ့ဘူးလို့ ဘယ်သူ အတိအကျ ပြောနိုင်မှာမို့လဲ"

"ဘာ"

သူမ ဒေါသတွေ အဆုံးစွန်ဆုံးအထိ ပေါက်ကွဲသွားခဲ့ပြီး ရှက်ခြင်း၊ နာကျည်းခြင်း၊ မုန်းတီးခြင်းတွေနှင့်အတူ သူ့ကို တစ်ခုခု ဖြိုဖို့ ပြေးသွားခဲ့မိ၏။





"သမီး ဒီလိုမလုပ်နဲ့၊ သမီး မေမေ့ကို သနားပါ သမီးရယ် အဟင့် ဟင့်"

သူမကို ဖက်ထားကာ မေမေ ရှိုက်ကြီးတငင် ငိုသည်။ ဆရာမ ကလည်း သူမ ပခုံးတွေကို ဆုပ်ကိုင်ပြီး ဆုံးမနေ၏။

"သမီး စွဲမက်နီ လူကြီးတွေရှေ့မှာ ဒေါသတွေ မပေါက်ကွဲရ ဘူး၊ ဒီလို မပြုမူရဘူးလေ၊ စိတ်ကို လျှော့ပါ ကလေးရယ်"

"သမီးလေး အရမ်း ဒေါသကြီးနေတာ ကျွန်မ နားလည်ပါ တယ်၊ ဒီကိစ္စကို ကျွန်မတို့ လူကြီးချင်း ဆွေးနွေးကြရအောင်၊ ကလေးတွေ လတ်တလောမှာ သွေးပူနေကြလို့ပါရှင်"

သူ့မေမေကလည်း အခြေအနေကို ဝင်ထိန်းပြီး တောင်းပန်နေ၏။

သူမ အံကို တင်းတင်းကြိတ်ထားရင်း သျှင်မြတ်နီ မျက်နှာကို စူးစူးဝါးဝါး စိုက်ကြည့်နေလိုက်၏။

သူကလည်း စွဲမက် အကြည့်တွေကို ရှောင်တိမ်းဖယ်ခွာမသွား ဘဲ တန်ပြန်စိုက်ကြည့်နေခဲ့သည်။

နင် သိပ်ယုတ်မာတယ် သျှင်မြတ်နီ။

အမုန်းတွေနဲ့ နင် ငါ့ကို နှိပ်စက်ဖို့ ကြံစည်နေတာလား။ ဟင့် အင်း စွဲမက်နီ ဆိုတဲ့ မိန်းမစိတ်ဓာတ်က နင် ထင်သလို ပျော့ပြောင်း မယ် မထင်နဲ့။ နင့်ကို မုန်းတဲ့ အမုန်းတွေနဲ့ ငါ့မာနနဲ့ စိတ်ဓာတ်က



www.burmeseclassic.com

www.burmeseclassic.com



ပို့ပြီး နိုင်မာနေဦးမှာ သေချာတယ်။

နင့်ရဲ့အပြုံးတွေမြင်တိုင်း ငါ့ရင်ထဲက နာကျင်တယ်။

အဲ့ဒီ နာကျင်မှုတွေနဲ့ပဲ နင့်ကို ပြန်နာကျင်ခံစားရအောင် ငါ ပြန်တဲ့ပြန်ပြမယ် သျှင်မြတ်နီ။

အဲဒါ ငါ့ရင်ထဲက နိုင်မာတဲ့ သန္နိဋ္ဌာန်ပဲ။

■ ■ ■



## အခန်း (၂၆)

"သား မှားယွင်းတာ မဟုတ်ဘူး မေမေ၊ အမှန်တကယ်လည်း မရည်ရွယ်ပါဘူး။ အားလုံး သိတဲ့အတိုင်း သူနဲ့သားက ကမ္ဘာမကျေ ရန်သူတွေဆိုတာ မေမေ သိပါတယ်၊ အဲဒီညက သား မူးနေလို့ ဆရာမကာ လည်း ခေါ်ထားလို့ သွားခဲ့တာ၊ သူ အိပ်နေတဲ့ အခန်းလည်း မသိဘူး၊ ဝင်အိပ်လိုက်မိတာ ဒါပါပဲ"

"သား ဒီလို အလွယ်မပြောနဲ့လေ၊ သား ကိုယ်တိုင် သူ့အမေ ရှေ့မှာ ဝန်ခံပြောခဲ့တာပဲလေ၊ အခုမှ သားက ငြင်းဆန်နေတာလား"

"သား ပြောခဲ့တာ မူးနေလို့ မမှတ်မိဘူးဆိုတဲ့ သဘောပဲလေ၊ ပြီးတော့ ဆေးပညာအရ ဆေးစစ်စမ်းသပ်ချက်မှ မရှိသေးတာ၊ သူနဲ့သား ဘာဖြစ်သလဲ ဘယ်သူမှ မသိနိုင်ကြသေးဘူး၊ ဒါကြောင့် သား မတင်မကျ ပြောခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားတွေကဲ ဆင်ဝှေ့ရန်ရှောင်နေသည့် သဘောဆိုတ မေမေ ရိပ်မိနေပုံနှင့် ခေါင်းကိုခါနေသည်။

"ဒါဆို အခု မင်း ဘယ်လိုဆုံးဖြတ်မှာလဲ သား"

မေမေ့အမေးကို သူ ချက်ချင်းမဖြေဘဲ တစ်ဖက်လှည့်ပစ်က ကြိတ်ပြုံးမိသည်။ မေမေနှင့်စွဲမက်နီ မေမေတို့ အခုရက်တွေမှာ ခေါင်းချ ဆိုင် ညှိနှိုင်းနေတာ သူ သိသည်။

အခြေအနေက သူ့ဘက်က စိတ်တိုင်းကျ ဆုံးဖြတ်ဖို့ ရနိုင်သည့် အနေအထား တစ်ခုပဲဖြစ်သည်။

စွဲမက်နီက ခါးသီးစွာ ငြင်းနေတာ မြင်ရလေလေ သူက မျက် စုံမှိတ်ပြီး ဖွတ်တိုးဖို့ ဆုံးဖြတ်ပြီလေ ဖြစ်နေ၏။ ဒါပေမဲ့ သျှင်မြတ် ဆိုတဲ့ကောင်က အနိုင်ရပြီးသား ပြိုင်ပွဲကို အရသာခံကြည့်ချင်သေး၏

"သား မေမေမေးတာ ဖြေဦးလေ"

"ဖြေစရာမလိုပါဘူး မေမေ၊ ဒါက သူတို့သဘောပဲလေ၊ သူတို့ ဘက်က တောင်းဆိုမှုရှိလာရင်တော့ ထိုက်သင့်မှုတစ်ခုတော့ ပြန်ပေး မှာ သား သိပါတယ်"

မေမေ ပင့်သက်ရှိုက်သံကို သူ ကြား၏။ သူတို့နှစ်ဦး အရေးကို အတွက် မေမေ ရင်လေးနေပုံရတာ သူ သိပါသည်။

"ဒီမှာ သား၊ မင်း ကျူးကျော်ဝင်ရောက်ခဲ့တာ မိန်းမပျိုတစ် ယောက်ရဲ့ အခန်းနော်၊ ဒီအတွက် မိန်းကလေး တစ်ယောက်ဘက်က





နစ်နာသွားတဲ့ ဂုဏ်သိက္ခာနဲ့ ကာယကံရှင်ရဲ့ ပျက်ပြားမှုက ရာဇဝတ်မှုပဲ"

မေမေ ခြိမ်းခြောက်စကားကို သူ ပခုံးတွန့်ပြုံးရင်း

"အဲဒီအတွက် သားမှာလည်း ဖြေရှင်းချက်တွေ အများကြီး ရှိတယ် မေမေ၊ သားတို့အကြောင်းတွေကို တစ်မြို့လုံး သိတယ်၊ ပြီးတော့ သား ကျူးကျော်ဝင်ရောက်ခဲ့တဲ့ နေရာဆိုတာကလည်း စွဲမက်နီရဲ့ ကိုယ်ပိုင် အိပ်ခန်းမဟုတ်ဘူး၊ သားတို့ သူငယ်ချင်းတွေ အမြဲဝင်ထွက်ခွင့် ရနေတဲ့ အတန်းပိုင်ဆရာမရဲ့ အိမ်လေ"

"သား မင်းဘာလို့ ဒီလို စကားတွေ ပြောနေတာလဲ၊ အခု ကိစ္စမှာ ထောက်ထားငဲ့ညှာရမယ့် မျက်နှာတွေနဲ့ အားလုံးရဲ့ ဂုဏ်သိက္ခာ တွေပါတယ်၊ အဲဒီအတွက် မေမေတို့ဘက်က စီစဉ်ဆောင်ရွက်ပေးစရာ တွေ ရှိတယ် မင်း ဖေဖေကလည်း မေမေ့ကို ညှိနှိုင်းစီမံခိုင်းနေတယ်"

ဖေဖေနှင့် ပြဿနာတက်မှာစိုး၍ မေမေက ဒီကိစ္စမှာ ဖေဖေ့ကို သူနှင့် တွေ့ခွင့်မပေးပါ။ ဖေဖေကလည်း ကျန်းမာရေး ကွင်းဆင်းစစ်ဆေး မှုခရီးတွေနှင့် ရှုပ်ထွေးနေ၏။

"သားတို့ဘက်က စီမံပေးရမှာထက် သူတို့ဘက်က တောင်းဆို ရမယ့်ကိစ္စကြီးပါ မေမေရယ်"

"သိပ်ဟုတ်တာပေါ့ အခု သူတို့သမီးလေး သိက္ခာအတွက် လိုင်တို့က တောင်းရမ်းစေ့စပ်ပေးပါလို့ မေမေ့ကို ပြောတယ် သား"

မေမေ့စကားကို သဘောကျစွာ သူ ဟားတိုက်ရယ်မောပစ်ချင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို မနည်းမျိုသိပ်ထားရသည်။ သူလိုချင်တာ ဒါပဲလေ။

မင်း ဘာများတတ်နိုင်တော့လို့လဲ စွဲမက်နီ ကဲ။

မင်းရဲ့ ဂုဏ်သိက္ခာနဲ့ မာနတွေ အတ္တတွေ အခုတော့ ငါ့ရှေ့မှောက်မှာ ဝပ်စင်းပေးရတော့မှာပဲ မဟုတ်လား။

ငါ့ရဲ့ပါးတစ်ဖက်အပေါ် မင်း ကျူးလွန်ခဲ့တဲ့ လျော်ကြေး၊ သက်မှူးညီအပေါ် ရက်စက်ပြခဲ့တဲ့ မင်းရဲ့လုပ်ရပ်အတွက် လျော်ကြေး။

ဒါကို မင်း ပေးဆပ်ဖို့ အသင့်ပြင်ဆင်ထားပေတော့ စွဲမက်နီရေ၊

■ ■ ■

"သမီး သိတယ် မေမေ၊ ဒါ သမီးကို သူ သက်သက် ယုတ်မာလိုက်တယ်ဆိုတာ စွဲမက် သိတာပေါ့၊ ကြိုတင် ကြံစည်ထားတဲ့ သူ့ရည်ရွယ်ချက်တွေအတွက် သူ့မှာ ဆင်ခြေတွေ ရှိမှာပေါ့၊ ဒီပြဿနာမှာ စွဲမက် မမှားဘူး၊ မှားခဲ့ရင်လည်း စွဲမက် ဂရုမစိုက်ဘူး မေမေ"

"ဂရုမစိုက်ဘူးလို့ ပြောလို့ မရဘူး သမီး၊ ဒါ အားလုံးရဲ့ ဂုဏ်သိက္ခာနဲ့ ပတ်သက်နေတဲ့ မဟာ ပြဿနာကြီးလေ၊ သမီးတို့ကိစ္စကို တစ်မြို့လုံးလည်း သိနေပြီ၊ သမီး ဂရုမစိုက်လို့ မရတော့ဘူး၊ ယောကျ်ားလေး တစ်ယောက်နဲ့ တစ်ညလုံး အတူရှိနေခဲ့တဲ့သမီးအတွက် အပျိုစင်ဆိုတဲ့ သိက္ခာဂုဏ်ပုဒ်နဲ့ ရပ်တည်လို့ မရတော့ဘူး၊ ဘယ်သူက အပြစ်ကင်းစင်ပါတယ်လို့ ကျိန်တွယ်ပြောပြော ယုံကြည်မှာ မဟုတ်ဘူးလေ"

ပြောရင်း မေမေ မျက်ရည်တွေ စီးကျလာတော့ စွဲမက် သနား၊





မိတာ မေမေ့ကိုပဲ ဖြစ်သည်။

မေမေ့ခမြာ သမီးဖြစ်သူအတွက် သောကတွေ ဝေနေခဲ့တာ စွဲမက် အသိဆုံး ဖြစ်သည်။ မေမေ့မျက်ရည်တွေကို မြင်တော့ စွဲမက်လည်း ငိုချင်သည်။ ဒါပေမဲ့ မှဲ့ကျသွားသော နှုတ်ခမ်းများသည် မာကျောသော နလုံးသားကြောင့် မျက်ရည်တွေကို တားဆီးထားနိုင်သဲ ရှိသေး၏။

ထိုမာနနှင့်ပဲ စွဲမက် ဦးခေါင်းတွေ မော့သွားခဲ့ကာ

"စွဲမက်နီ ဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ ဂုဏ်သိက္ခာဆိုတာကို စွဲမက်ပဲ ပိုင်ဆိုင်ခွင့်ရှိတာပါ မေမေ၊ စွဲမက် ဂုဏ်သိက္ခာကို ကာရံဖို့ ဘယ်ယောကျ်ားတစ်ယောက်မှ မလိုအပ်ဘူး၊ ဂုဏ်သိက္ခာကျိုးပွဲမှုအတွက် ယောကျ်ားတစ်ယောက်ကို လက်ထပ်ရမယ်ဆိုရင် လူတွေ ဝိုင်းကဲ့ရဲ့လို့ သေချင်သေသွားပါစေ သမီး လက်မထပ်နိုင်ဘူး မေမေ၊ အထူးသဖြင့် သျှင်မြတ်နီကိုပဲ"

"မဟုတ်သေးဘူး သမီး၊ ဒီအချိန်မှာ သမီးရဲ့ ဂုဏ်သိက္ခာကို ထေယ်မနိုင်တာ မိဘရဲ့ ရင်ခွင် မဟုတ်တော့ဘူး သမီး၊ အဲဒါ မောင်သျှင်မြတ်နီပဲ"

"ဟင့်အင်း သမီး သူ့နာမည်တောင် မကြားချင်ဘူး"

"အခုချိန်မှာ သမီးတို့ရဲ့ မာနတွေ ပြိုင်ဆိုင်မှုတွေကို သမီး မေ့ပစ်လိုက်ပါကွယ် သမီး မှားနေပြီ"

မှားနေပြီတဲ့လား။ စွဲမက်ဘက်မှာ မေမေတောင် မရှိတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



တဲ့လား။ မေမေ့ကို စွဲမက် ချစ်သလို မေမေကလည်း စွဲမက်ကို အသက်မက ချစ်ခဲ့တာပါပဲ။

အခုတော့ မေမေက စွဲမက် ခံစားချက်နဲ့ အမှန်တရားတွေကို ဥပေက္ခာပြုပြီး ဘာကြောင့် စွဲမက် အမုန်းတီးဆုံး ယောကျ်ားနဲ့ စီမံနေတာလဲ။ မျိုသိပ်ထိန်းချုပ်မရနိုင်သော မျက်ရည်တွေ စွဲမက် ပါးပြင်နှစ်ဖက်ပေါ် ပိုးပိုးပေါက်ပေါက် ကျဆင်းလာရင်း

"သမီးကတော့ သမီးသိက္ခာနဲ့ မာနအတွက် ကိုယ်တိုင်ပဲ ရပ်တည်ပြမယ် မေမေ"

သူမ ပြတ်သားစွာ ငြင်းတော့ မေမေက စွဲမက်ထက်တောင် နိုင်မာပြတ်သားစွာ ဆိုပြန်၏။

"မေမေတို့ မိဘတွေက အားလုံးရဲ့ ဂုဏ်သိက္ခာအတွက် အကောင်းဆုံးကို ဆုံးဖြတ်ရမှာပဲ သမီး၊ ဆရာဝန်ကြီး ဦးမြတ်ကျော်တို့ ဇနီးမောင်နှံဆိုတာ မေမေတို့နဲ့ မိတ်ဆွေရင်းတွေ ဖြစ်နေပြီ၊ ဘယ်သူမှ မမှားပါဘူးဆိုရင်တောင် နစ်နာစွန်းထင်းသွားတဲ့ သမီးရဲ့ အပျိုစင်သိက္ခာအတွက် ကာရံဖို့ သူတို့ဘက်ကို လာတောင်းရမ်းဖို့ ကမ်းလှမ်းထားတယ်"

"ဟင်"

"သက်ထားကလည်း ဖြစ်ရမယ်လို့ မေမေ့ကို ကတိပေးသွားပြီးပြီ သမီး၊ သမီး မိဘတွေရဲ့ သိက္ခာဂုဏ်ကို ထပ်မပွဲပါစေနဲ့တော့





ရှယ်"

စကားအဆုံးမှာ မေမေ လှည့်ထွက်သွားခဲ့သည်။ စွဲမက် ဖက်ကိုင်းတင်းကြိတ်ထားရင်း တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

ဒါ သျှင်မြတ်နီရဲ့ အနိုင်ယူမှုလား။ နင် သိပ်ယုတ်မာလွန်းတယ်သျှင်မြတ်နီ။ ယောကျ်ားမဆန်တဲ့ နင့်လုပ်ရပ်က ရွံစရာကောင်းလိုက်တာ။

တွေးရင်း ရင်ထဲမှာ နာကျင်မှုတွေက ဒေါသတွေအဖြစ် ဆူဝေကတော့ ပါးပြင်ပေါ်က မျက်ရည်တွေကို စွဲမက် ခပ်ကြမ်းကြမ်း ပွတ်ပွတ်ပစ်လိုက်မိသည်။

နင် ငါ့ရဲ့ ဂုဏ်သိက္ခာကိုပဲ ရိုက်ချိုးဖျက်ဆီးပစ်လို့ ရမှာပါသျှင်မြတ်နီ။ စိတ်ချ နင့်ဘဝအတွက် ငါ့ရဲ့ အမုန်းတွေက လွဲပြီး ဘာမှမသွားစေရဘူး။

စွဲမက်နီ ဆိုတဲ့ငါက တစ်ခါရှုံးခဲ့ရင် နှစ်ခါအနိုင်ပြန်ယူပြတတ်က နင် သိပြီးသားပဲလေ။

နင့်ရဲ့ဘဝကို ငါ ပြန်ပြီး ရိုက်ချိုးပြမယ် သျှင်မြတ်နီ။

စိန်ခေါ်လိုက်စမ်းပါ ငါ့နာမည်က စွဲမက်နီ တဲ့။

နင် အငြိုးကြီးတတ်သလို ငါကလည်း အငြိုးကြီးတတ်သွားပြီ နင် ယုတ်မာပြမှတော့ ငါကလည်း. . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

တစ်ပတ်အတွင်းမှာပဲ သူနှင့်စွဲမက်နီတို့နှစ်ဦး နှစ်ဖက်မိဘမျာ
နှင့် လူကြီးစုံရာ ရှေ့မှောက်မှာ စေ့စပ်ပွဲလေး ဖြစ်မြောက်ခဲ့သည်။

နှစ်ဖက်မိဘတွေ မျက်နှာတွေမှာ အပြုံးတွေနှင့် ပြေလည်သွာ
သော ပြဿနာကြီးအတွက် ကျေနပ်နေပေမယ့် သူတို့ ရင်ထဲမှာတော
အမုန်းတရားတွေသာ အုံကျင်းဖွဲ့နေမှာ သေချာ၏။

စွဲမက်နီက အဖြူရောင် မြန်မာဆန်ဆန်ဝတ်စုံလေးနှင့် ထူးထူ
ခြားခြား ခြယ်သမထားပါဘဲ လှပနေသည်။

အပြုံးရိပ်တို့ ယောင်လို့တောင် တစ်စက်မထင်သော သူ
မျက်နှာတင်းတင်းလေးကို ကြည့်ကာ သူ နားလည်နေမိသည်က သူ့
အနိုင်ယူ ခံလိုက်ရမှုအတွက် နာကျည်းမုန်းတီးခြင်းတွေပဲ ရင်ထဲမှ
ရှိနေလိမ့်မည်။





ရတယ် စွဲမက်နီ။ ငါ လိုချင်တာလည်း ဒါပဲလေ။

မင်းရဲ့အမုန်းတွေကိုပဲ ငါ မြင်ချင်တာ။ ငါ့ရင်ထဲကိုလည်း မင်း
မြင်ကြည့်လိုက်စမ်းပါ။

သျှင်မြတ်နီ ဆိုတဲ့ ယောကျ်ားဆီမှာ မင်းမိဘတွေက မင်းရဲ့
ဂုဏ်သိက္ခာအတွက် တောင်းပန်လာမှုကြောင့် လက်ခံလိုက်တာလို့ မင်း
ထင်နေမှာပါ။ အဲဒီထက် ကြီးမားတဲ့ အငြိုးတွေ ငါ့ရင်မှာ ရှိနေတုန်းပဲ
စွဲမက်နီ။

မကြာခင် မင်း သိမြင်ရမှာပါ။

မေမေတို့ မသိဟန်ဆောင်နေကြပေမယ့် သူ့ရင်ထဲက စကား
တွေကိုတော့ သူငယ်ချင်းတွေက သိပ်သိချင်နေကြ၏။

ဆုံကြတော့ အားမနာစတမ်းဘဲ သူ့ကို ဝိုင်းဝန်းမေးကြသည်။

"ဒါ မင်းဘက်က လုံးဝ မရိုးသားဘူး မဟုတ်လား သျှင်မြတ်နီ"

မိုးဇော် မေးတော့ သူ မခို့တရို့ မဲ့ပြုံးပြုံးရင်း ပြန်ငဲ့စောင်းကြည့်
ကာ

"ရိုးသားတယ် မရိုးသားဘူးပြောတော့ကော မင်းတို့ ယုံကြည်
ကြမှာမို့လား ပွဲက ပြီးသွားပြီ"

"မဟုတ်သေးဘူးနော် ဒါ နှစ်ယောက်စလုံး နစ်နာတဲ့ကိစ္စကြီး"

"ငါက ယောကျ်ားလေးကွ ကိစ္စမရှိဘူး"

ကျော်လေး စကားကို သူ ခံစားမှု ကင်းမဲ့စွာပဲ ပြန်ပြောရင်း



www.burmeseclassic.com

www.burmeseclassic.com



မိုးဖော် လက်ထဲက ကွမ်းယာထုပ်ကို လှမ်းယူလိုက်၏။

"အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည် စုပ်ထိုး နောင် ပြင်ရန်ခက်သည့် သုံးမျိုးတဲ့ကွ"

အာကာက ကြားဖူးနားဝ စကားပုံနှင့် ဝင်ထောက်နေသေး၏။ ကွမ်းတစ်ယာကို ပါးစောင်ထဲ ထည့်ကာ သူ ပန်းတွန့် မျက်နှာမဲ့ရှုပစ်မိ၏။

"ငါ့အတွက် မခက်ဘူး အာကာ၊ သူလည်း သူ့လမ်းသူသွား၊ ငါလည်း ငါ့လမ်းငါလျှောက်မှာပဲ ယုံထား"

"အရာရာက ထင်ထားသလောက် မလွယ်ဘူးဆိုတာ ငါတို့ ထက် အရာရာမှာ ပိုတော်တဲ့ မင်း ဦးနှောက်က ဆုံးဖြတ်နိုင်ပါတယ် သျှင်မြတ်နီ"

"ထင်ထားတာထက် ပိုလွယ်ပါတယ်ကွာ၊ ငါကတဲ့ဇာတ် ငါ နိုင်ပါတယ်"

သူ ပေါ့ပေါ့လေးပြောနေတော့ ငြိမ်သက်ပြီး တစ်ချိန်လုံး နား ထောင်နေသော ဝေလင်း တံတားဘောင်လေးပေါ်က ခုန်ဆင်းရင်း

"မိန်းကလေး တစ်ယောက်ကို မင်း တကယ်မချစ်ဘဲ ဘဝကို စတေးပြီး ပေါင်းသင်းနိုင်မလား၊ တစ်နေ့ကျရင် တစ်ယောက်ယောက် ကို မင်းချစ်မိသွားရင် ဘယ်လိုလုပ်မလဲ ကဲ"

အားလုံးက သူ့အဖြေကို ငံ့လင့်ကြည့်နေကြသည်။ သူ့မျက်ဝန်း တွေထဲအထိ ဒီကောင်တွေ တိုးဝင်ကြည့်ကာ သျှင်မြတ်နီ ဆိုသောကောင်





ကို အတ္တဝါဒီသမားဟု သတ်မှတ်နေကြပြီလား။

"ငါကတော့ ငါ့အတ္တ၊ ငါ့မာနတွေထက် ဘယ်သူ့မှ ပိုမချစ် တတ်ဘူးကွ၊ ငါ ချစ်တာ ငါ့အတ္တနဲ့ ငါ ကိုးကွယ်တာ ငါ့မာနပဲ"

အားလုံး မျက်နှာတွေ ရှုံ့မဲ့သွားကြသည်။ ပြောချင်တာ ပြော လုပ်ချင်တာကို ဖွတ်လုပ်သူဟု သူတို့ ရင်ထဲက သတ်မှတ်လိုက်ကြပုံ ရှိသည်။

"ဒါဆို မင်း လုပ်ရပ်က သက်မှူးအတွက် လက်စားချေတာ သက်သက်ပဲလား"

"အဲဒါလည်း ပါတယ်၊ ပြီးတော့ သူနဲ့ငါရဲ့ ပြိုင်ပွဲကို အဆုံး သတ်အောင် လုပ်လိုက်တာကွ၊ စောင့်ကြည့် သူ ငါ့ကို အရှုံးတွေ တစ်ခုပြီးတစ်ခု ပေးရတော့မယ်၊ အဲဒါကို ငါ ကျေနပ်နေတယ်"

"အေး မင်းသိပ်ကို အတ္တကြီးသွားပြီ သျှင်မြတ်နီ၊ မင်း အမြဲ တမ်း မနိုင်နိုင်ဘူးနော်၊ တစ်နေ့ကျ မင်းလည်း ရှုံးနိမ့်ခြင်းကို ခံစားရမှာ မမေ့နဲ့"

စွဲမက်နီဘက်က စာနာပြီး အာကာက သူ့ကို စိန်ခေါ်နေတာ လား။ သူ အာကာကို မျက်မှောင်ကြီးကုပ်ကြည့်ပစ်လိုက်၏။

"မင်း စောင့်ကြည့်လိုက် အာကာ၊ ငါက အနိုင်ရဖို့အတွက်ဆို ဘယ်သူ့ကိုမှလည်း မသနားတတ်ဘူးကွ၊ အထူးသဖြင့် စွဲမက်နီ ဆိုတာ ငါ အမုန်းဆုံးသူတစ်ယောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး တံတားဘောင်ပေါ်က သူ ခုန်ဆင်းပြီး ရပ်ထားသော ဆိုင်ကယ်ဆီ လျှောက်ခဲ့သည်။

အားလုံး မင်သက်စွာ ကျန်ရစ်ခဲ့ကြသည်။ ဘယ်သူမှလည်း သူ့နောက်လိုက်မလာကြပါ။

သူ ဆိုင်ကယ်စက်နှိုးပြီး မောင်းထွက်သွားတာကို ကြည့်ရင်း ဒီကောင်တွေ ဘာတွေပြောကြဦးမည် မသိ။

သွားစမ်းပါ။ ဘယ်သူ့ကို ဂရုစိုက်စရာလဲ။

■ ■ ■



## အခန်း (၂၈)

ထုံးစံအတိုင်းပဲ ဖြစ်သည်။ သူတို့နှစ်ယောက်ဆုံတွေ့မှုသည် ဟိုးအရင်ကလို နာကျည်းမုန်းတီးခြင်းတွေ ကိုယ်စီနှင့်ပဲ ဖြစ်၏။

"ငါ့ကို နင် တွေ့ချင်တာ ဘာကိစ္စလဲ စွဲမက်နီ"

သူမ မျက်နှာကို မကြည့်ဘဲ သူ ခပ်မာမာ မေးသည်။ သူမ လေသံကလည်း ထပ်တူပါပဲ။

"ရှင်းစရာရှိလို့"

သူ မျက်မှောင်ကြီးကုပ်ပြီး ရင်ဆိုင်ပစ်လိုက်သည်။ စေ့စပ်ပြီး နောက်တစ်နေ့မှာ သူမက တွေ့ချင်သည်ဆိုတာကြောင့် သူ့ကို သွားဖို့ ဖေဖေက အမိန့်ပေးသည်။

မလွှန်ဆန်ချင်လို့ လာခဲ့ရပေမယ့် သူ မကျေနပ်ပါ။ သူမကလည်း သူ့ကို ခြံထဲမှာပဲ ကြိုစောင့်နေခဲ့၏။ ဒါလည်း ကောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ မိဘတွေရှေ့မှာ ဟန်ဆောင်ဆက်ဆံနေရဦးမည်။

သူမကို မုန်းတီးပေမယ့် သူ့အပေါ် ဂရုစိုက် ဆက်ဆံသော သူမရဲ့ မိဘတွေရှေ့မှောက်မှာတော့ သူ မရိုင်းပြချင်ပါ။

"နင်က ဘာရှင်းမှာလဲ၊ ဘာကိစ္စလဲ"

"နင့်ရဲ့ ယုတ်မာမှုအတွက်ပေါ့"

ဘာမှ ခြယ်သထားခြင်း မရှိသော စွဲမက်နီ မျက်နှာလေးက အပြစ်ကင်းစင်အောင် လှနေသည်။ ဝတ်ထားတာက ဘလောက်စ် အင်္ကျီ အနက်ရောင်လေးမှ ဝင်းမွတ်နေသော အသားရောင်လေးကို ပိုပေါ်လွင် စေရဲ့။

ဒါပေမဲ့ ထိုအလှတွေနှင့် မသိုက်ဖက်အောင် မာတင်းနေသော သူမရဲ့ မာနတွေကြောင့် သူ ရွံမုန်းနေမိတာပဲ ဖြစ်၏။

"စွဲမက်နီ နင် ငါ့ကို မစော်ကားနဲ့၊ နင်နဲ့ငါ ဘာဖြစ်ခဲ့သလဲ နင်အသိဆုံး၊ အေး ဒါပေမဲ့ ငါက နင့်အရှက်သိက္ခာအတွက် ရင်းပေးခဲ့ တာ"

စွဲမက်နီ နှုတ်ခမ်းလေးတွေ မဲ့ကျသွား၏။ အလှပျက်မသွားသော မျက်နှာလေးက သူမရဲ့မာန၊ အတ္တတွေကို မသိထားလျှင် ယစ်မူးကြွေသွား လောက်ရဲ့။

"ထမင်းစားပြီး ကြီးလာတဲ့သူတိုင်း ဦးနှောက်ရှိတယ် သျှင်မြတ် နီ၊ နင့်လို အတ္တသမားတစ်ယောက်မှာ ပရဟိတ ဆိုတာ အောက်အစီစီ





အထက်ပြပွဲ့မှာပြည်လို အဝေးကြီးပါ၊ ငါ သိနေတယ်၊ နင့်ဦးတည်ချက်က ငါ နင်ရှေ့မှာ ဂုဏ်သိက္ခာ ရေမျှောကမ်းတင်နဲ့ ဒူးထောက်တောင်း အရှုံး ပေးဖို့ မဟုတ်လား"

သိပ်သေချာတာပေါ့ဟု သူ့ရင်ထဲကပဲ ဆိုဖြစ်သည်။ ဒေါသ ရောင်ဖြာနေသော သူမ မျက်နှာကို မထီတရီ ပြုံးကြည့်နေလိုက်၏။

"နင်သေတဲ့အထိ မှတ်သွားစမ်းပါ သျှင်မြတ်နီ၊ ငါကလည်း နင် ဖျက်ဆီးလိုက်တဲ့ ဂုဏ်သိက္ခာကို အရင်းတည်ပြီး နင့်ဘဝကို ပြန် ရိုက်ဖျက်ဆီးပြမယ်ဆိုတာ နင် စောင့်ကြည့်လိုက်စမ်းပါ၊ ဒီတစ်သက် ဒီဘဝမှာ သေတဲ့အထိ နင် ငါ့ကို အနိုင်မရစေရဘူး၊ ငါ့ဘဝပျက်ရသလို နင်လည်း ဘဝပျက်ရမယ်၊ အဲဒါ ငါ့ရဲ့ကျိန်စာပဲ"

လှပသော မျက်ဝန်းတွေမှာ တလက်လက် ဖြာနေသော ရောင်စဉ်တွေက ဒေါသကျိန်စာတဲ့လား။ မိန်းမတန်မဲ့ ပြင်းထန်လွန်းတဲ့ နင့်မာန အတ္တတွေကိုပဲ ငါ ကြည့်မရခဲ့တာ စွဲမက်နီ။

"နင်ပြောချင်တာ ဒါပဲလား"

"ကျန်သေးတယ် သျှင်မြတ်နီ၊ အခု လူကြီးတွေက နင်နဲ့ငါ့ကို လက်ထပ်ပေးချင်နေကြတယ်၊ အဲဒါ နင့်ဆန္ဒက ဘာလဲ"

သူ တွေခနဲ ဖြစ်သွားသည်။ ဒီမျက်နှာ ဒီအမူအရာတွေကို နေ့စဉ်မြင်တွေ့နေရမယ့် အခြေအနေကြီးကို သူ ရင်ဆိုင်ဖို့ဆိုတာ နည်း နည်းတော့ စိတ်ရှုပ်စရာ ကောင်းမှာ သိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူ့ဘက်က ဆန္ဒကို ပြောလျှင် သူမက ဆန္ဒကို ဆန့်ကျင်ဖို့ အသင့်ဖြစ်နေလျှင် အခက်။

"အဲဒါ နင့်ဆန္ဒပဲ၊ ငါက အရေးကို မထားတာ"

ကဲ ဘာတတ်နိုင်သေးသလဲ။ စွဲမက်နီ ဆွေးနွေးစရာ ရှိသည် ဆိုသော ကိစ္စကို သူ အလေးတောင် မထားဘူးဆိုတော့ ပြီးပြီပေါ့။

"ကောင်းပြီလေ ငါကလည်း လက်ထပ်ဖို့ကိစ္စကို နောက်ဆုတ်ထားချင်တယ်"

"နင် ငါ့ကို တောင်းဆိုနေတာလား"

စွဲမက်နီ မျက်နှာ ရဲခနဲ ဖြစ်သွား၏။ နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ပြီး တစ်ခုခု ပြောဖို့ ပြင်သည်။ ပြီးမှ ပင့်သက်ရှိုက်ရင်း

"တောင်းဆိုတာ တောင်းပန်တာထက် နင်နဲ့ငါ ညှိနှိုင်းတာ သက်သက်ပဲ၊ မိဘတွေက ငါတို့ဆန္ဒကို သိချင်နေတယ်"

"အဟွန်း နင်တို့ တောင်းဆိုလို့ ငါ လိုက်လျောပေးခဲ့ပြီပဲ၊ အခုကိစ္စမှာ နင့်ဆန္ဒအတိုင်းပဲ၊ ရတယ်၊ ငါ့ဘက်က အရေးမကြီးဘူး၊ ကဲ သွားမယ်"

ပြောပြီးသည်နှင့် သူ လှည့်ထွက်ခဲ့သည်။ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက် နှိုက်ထည့်ပြီး တစ်လှမ်းချင်း ထွက်ခဲ့တဲ့ သူ့ကို စွဲမက်နီ ရူးရူးရဲရဲ ဒေါသတွေနဲ့ ကြည့်ကျန်ခဲ့မှာ သေချာသည်။

တစ်ချက်လေးတောင် လှည့်မကြည့်ဘဲ ဆိုင်ကယ်ပေါ် တက်ပြီး





သူ ပြန်ခဲ့၏။ ထင်တော့ ထင်ခဲ့မိသား။ သူ့အပေါ် သူမ မျိုသိပ်ထားတဲ့ ဒေါသတွေနဲ့ ပေါက်ကွဲပြလိမ့်မည်ဆိုတာ တွေးခဲ့မိ၏။

အခုတော့ ပေါက်ကွဲနေတဲ့ နင့်ရင်ထဲကို ငါ့ဒေါသတွေပဲ ထပ်ထည့်ပေးခဲ့မှာ နင် ယုံပြီလား စွဲမက်နီ။

ညနေမှာပဲ မေမေ့ဆီက စကားတွေအရ သူနှင့်စွဲမက်နီကိစ္စကို သိလိုက်ရသည်။

"သမီးလေးက ပြောတယ်၊ လက်ထပ်ဖို့ကိစ္စကို ချက်ချင်း မစီစဉ်ဖို့ သားနဲ့ ညှိထားတယ်ဆို"

"သူ ဒီအတိုင်း ပြောသလား မေမေ"

"အင်းလေ သားတို့ ပညာရေးက ရှိသေးတော့ တစ်နှစ်တန်သည် နှစ်နှစ်တန်သည် စောင့်ချင်တယ်ဆို"

ဒါ စွဲမက်နီရဲ့ ဆန္ဒပဲပေါ့။ ကောင်းပါတယ်။ ဒီဆန္ဒကြီးကို ဆန့်ကျင်အနိုင်ယူရင် သူလည်း လွတ်လပ်မှုတွေ ပေးလိုက်ရတာပဲ ရှိလိမ့်မည်။

"ဟုတ်တယ် မေမေ၊ စေ့စပ်ထားပြီးပြီပဲ၊ မင်္ဂလာကိစ္စကို အေးအေးဆေးဆေးမှ စီစဉ်ပေးစေချင်တယ်"

"အင်း သားတို့လူငယ်တွေဆန္ဒကို မေမေတို့ လိုက်လျောပါ့မယ်၊ ဒါပေမဲ့ လိုအပ်ရင်တော့ မေမေတို့ စီစဉ်တာကို နာခံရမယ်နော်၊ ဒီကာလမှာ သားနဲ့သမီး အရင်ကထက် ကျွမ်းဝင်ပြီး သံယောဇဉ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ရှိစေချင်တာ မေမေတို့ လူကြီးတွေဆန္ဒပဲ''

မေမေတို့ လူကြီးတွေ မျှော်လင့်ချက်က သူတို့နှစ်ဦးကြားမှ ပြေလည်မှု သံယောဇဉ် တစ်ခုတဲ့လား။

ဘယ်တော့မှ ဖြစ်မလာနိုင်မှန်း သူကော စွဲမက်နီပါ ကျိန်တွယ် ပြောရဲပါသည်။ ဒါပေမဲ့

လက်ရှိမှာတော့ သူ သို့ဝှက်မျိုသိပ်ရင်း ကျေနပ်အောင်ပဲ ခေါင်း ညိတ်ပြလိုက်မိပါသည်။

အမုန်းတရားတွေကို အမုန်းတရားတွေနဲ့ပဲ ထပ်ဆင့်နေမှာတော့ မေမေတို့ မျှော်လင့်ချက်တွေ ဖြစ်လာတော့မည်လား။

ဖြစ်ပျက်သမျှဟာ ကံကြမ္မာကြောင့် မဟုတ်၊ အမုန်းတွေကြောင့် ဆိုတာ စွဲမက်နီလည်း အသိ။ သူလည်း အသိဆုံး။

နှစ်ဦးရဲ့ အနာဂတ်ဆိုတာ. . . ။

■ ■ ■



## အခန်း (၂၉)

''ဘာရယ် စွဲမက်နီ ဆေးကျောင်းမတက်တော့ဘူး ဟုတ်လား''

ဒီသတင်းကို သူ ကြားရတာ အာကာတို့ဆီက ဖြစ်နေတာ သိပ်တော့ မထူးဆန်းပါ။ စေ့စပ်ပွဲ အတိအလင်း လုပ်ထားသူတွေ ဆို ပေမယ့် သူမနှင့်သူ့ကြားမှာ ပတ်သက်မှု မရှိ။ ဆုံတွေ့မှု မရှိခဲ့ပါ။

သူ ကိုယ်တိုင်လည်း ရန်ကုန်တက်ပြီး ရန်ကုန်ဆေးတက္ကသိုလ် တက်ဖို့ ကိစ္စတွေ လုံးပမ်းနေရတာမို့ တစ်ပတ်လောက် ရန်ကုန် ရောက် နေခဲ့၏။

''ဟုတ်တယ် ငါတောင် ဒီနေ့မှ ငြိမ်းစုတို့ဆီက ကြားရတာကွ၊ စွဲမက်နီ ဆေးကျောင်းတက်ခွင့် မလျှောက်ဘူးတဲ့''

''အရင်က မန္တလေး ဆေးကျောင်းတက်မယ်ဆို''

''အေးလေ ငါတို့လည်း ဒီလိုပဲ ကြားတာ၊ အခုမှ စွဲမက်နီ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပြောင်းသွားသလဲ တွေးမရအောင်ပဲ''

ဒီကိစ္စကြီးက သူ့ကို အံ့ဩစေတာ အမှန်ပဲ ဖြစ်သည်။ ဆယ်တန်းကို ခြောက်ဘာသာဂုဏ်ထူးနှင့် ထူးချွန်စွာအောင်မြင်ခဲ့သူက ဆေးကျောင်းတက်ခွင့်ကို စွန့်လွှတ်သည်တဲ့။

ပိုအံ့ဩမယုံချင်တာ သူမ ရည်ရွယ်ချက်က ဆရာဝန်မကြီး ဖြစ်ဖို့ဆိုတာ သူ သိထားသည်။

ထိုသတင်းကို သူ မမေးလိုက်ရပါဘဲ မေမေကလည်း အသိပေးလာပြန်၏။

''စွဲမက်နီလေးက ဆေးကျောင်းမတက်တော့ဘူးတဲ့ သားရယ်''

''ဘာလို့လဲ မေမေ''

''သူ ဝါသနာမပါဘူးလို့ ပြောနေတယ်၊ ပိုဆိုးတာက သူ ရွေးချယ်လိုက်တာက မြန်မာစာ အဓိကနဲ့ ဝိဇ္ဇာဘာသာရပ်လေ''

''ဟင်''

''သူ့အမေလည်း ဘယ်လိုပဲ ချော့မော့မော့ စွဲမက်နီက ခါးခါးသီးသီး ငြင်းနေတယ်တဲ့၊ အဲဒါ သား သွားချော့မော့ပြောပါဦး၊ ဆယ်တန်းတုန်းက သူ ရခဲ့တဲ့ အမှတ်တွေ အရမ်းနှမြောစရာ ကောင်းလို့ပါကွယ်''

စွဲမက်နီရဲ့ ရူးသွပ်သော ရွေးချယ်မှုကြီးအတွက် မေမေကလည်း လက်မခံနိုင်တာ သေချာနေသည်။ စွဲမက်နီ အမေကလည်း နှမြောနေမှာ သေချာ၏။





နောက်ဆုံးတော့ စွဲမက်နီဆီ သူ ရောက်ခဲ့သည်။

ရန်ကုန်က ပါလာသော လက်ဆောင်ပစ္စည်းတွေ စွဲမက်နီ မိခင်ဖြစ်သူဆီ ပေးရင်း ရောက်သလို သူ ရောက်ခဲ့တာ ဖြစ်၏။

''အတော်ပဲ သားကို အကူအညီတောင်းရဦးမယ်၊ သမီးလေးကို ဖိုင်းကူပြောပေးပါဦးကွယ်''

သူ ရောက်သည်နှင့် အန်တီလှိုင်က အားကိုးတကြီး ပြောသည်။

''ကျွန်တော် ပြောကြည့်ဦးမယ် အန်တီလှိုင်၊ ဒါပေမဲ့ လွယ်မယ် မထင်ဘူး၊ သူ့စိတ်က ခပ်ပြတ်ပြတ်ရယ်''

ခြံထဲမှာ သူ့ကို တမင်ပဲ ဆင်းရှောင်နေတာလား မသိသော စွဲမက်နီ ဆီကို သူ လျှောက်ခဲ့သည်။ သစ်ရိပ်အောက်က ခုံတန်းလေးမှာ ထိုင်နေသော စွဲမက်နီ သူ့ကို မြင်ပေမယ့် မမြင်သလို တစ်ချက်လေးတောင် ငဲ့မကြည့်ပါ။

ဝတ်ထားတာက အပြာနုရောင် တီရှပ်ပွပွကြီးနှင့် အနက်ရောင် ပြောင်ထဘီကို ဝတ်ထားသည်။ ကျောလယ်အထိရှည်သော ဆံပင်တွေက ဖြန့်ချထားသည်။

''စွဲမက်နီ''

လှည့်ကြည့်သော မျက်နှာက အေးစက် မာတင်းနေသည်။ အရယ်အပြုံး မဲ့သော မျက်ဝန်းတွေကို မြင်ရုံနှင့် သူ ပြောဖို့ စိတ်ရှုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရ၏။

"ဘာကိစ္စရှိလို့လဲ"

မေးသံက မာတင်းတင်း။ ချက်ချင်းလှည့်ပြန်သွားလိုက်ချင်ပေမယ့် သူ စိတ်ကို လျှော့ချပစ်ရင်း

"မင်း နေရာတကာမှာ ငါ့ထက် သာလွန်ချင်နေတာ မဟုတ်လား၊ ဘာကြောင့် ဆေးကျောင်း မတက်တာလဲ"

သူမ နှုတ်ခမ်းတွေ မဲ့ခနဲ ဖြစ်သွားသည်။ မျက်ဝန်းအကြည့်တွေက သူ့မျက်နှာဆီက လွှဲဖယ်မသွားခဲ့ဘဲ

"အခုချိန်တိုင်းကစပြီး နင့်အတွက် ငါ အမြဲတမ်း ညှံ့လွန်းဖို့ပဲ ကြိုးစားနေတယ်၊ နင် ငါ့ကို အလဲထိုးနိုင်ခဲ့ပေမယ့် ငါ့ရဲ့အောင်မြင်ထက်မြက်မှုတွေ နင့်ရဲ့ ဂုဏ်ဒြပ်နဲ့ သာတူညီမျှ ဘယ်တော့မှ မဖြစ်စေရဘူး၊ ငါ့ဆီက ရမယ့် ဂုဏ်ဒြပ်တွေ သုညအောက် မိုင်းနပ်စ်အဆင့်ပဲ၊ နင် ပိုင်ဆိုင်ရမယ် သျှင်မြတ်နီ"

သူမ စကားလုံးတွေက ပြင်းထန်လွန်းသည်။ မျက်ဝန်းတွေက ရူးရှတောက်ပလျက် စိန်ခေါ်မှုတွေ အပြည့်။

"စွဲမက်နီ နင်နဲ့ငါ ပြိုင်ဆိုင်မှုမှာ နင့်ရဲ့ ပညာရေး မျှော်မှန်းချက်ကို ထိခိုက်စေဖို့ ငါ့ဆန္ဒ မရှိဘူးနော်"

သူမ မဲ့ခနဲ ပြုံးသည်။ နဖူးပေါ် ဝဲကျနေသော ဆံနွယ်တွေကို ဆတ်ခနဲ သပ်တင်ပြီး သူ့ကို ပြုံးယဲ့ယဲ့ ကြည့်၏။





"အားလုံးကို ငါ့ဆန္ဒနဲ့ငါ ဆုံးဖြတ်ခဲ့တယ်၊ နင့်ဘက်ကပဲ ငါ ပေးသမျှနဲ့ ကျေနပ်နိုင်အောင် ကြိုးစားထားပါ"

သူ့မျက်နှာကို ရူးရူးနှစ်နှစ် စိုက်ကြည့်ပြီး ဆိုနေသော မျက်ဝန်းတွေကို သူ ငေးကြည့်နေမိသည်။

တကယ့်ကို မိုက်မဲလွန်းသော ဆုံးဖြတ်ချက်တွေကို ပြုမူရဲအောင် သူမ သတ္တိတွေ ရှိနေသည်လား။ သူမဟာ သူ့ကို မထင်မှတ်သော နည်းလမ်းတွေ အသုံးချပြီး နောက်ကျောကို ဓားနှင့်ထိုးတတ်သူ ဖြစ်ကြောင်း သူ သိလိုက်ရပြီ။

"ကောင်းပြီ စွဲမက်နီ၊ ငါ့စေတနာကို နင် လက်မခံမှတော့ နင့်သဘောအတိုင်းပဲပေါ့"

"သွားစမ်းပါ သျှင်မြတ်နီ၊ နင်နဲ့ငါ့ကြားမှာ စေတနာ စကားဆိုတာ မအပ်စပ်တဲ့ စကားတွေပဲ၊ နင်နဲ့ငါ ပြိုင်ပွဲအတွက်ပဲ နင် စဉ်းစားထားစမ်းပါ၊ အနိုင်အရှုံးအတွက်ဆို ဘယ်သူမှ မညှာကြေးပေါ့"

"သက်ရောက်မှုတိုင်းမှာ တန်ပြန်တဲ့ သက်ရောက်မှု ရှိတယ် စွဲမက်နီ၊ နင် မမေ့နဲ့ပေါ့"

ပြောပြီး သူ လှည့်ထွက်ခဲ့တော့ စွဲမက်နီ ငြိမ်သက်စွာ ကျန်ရစ်သည်။ သူမ နှုတ်ခမ်းတွေ နာကျည်းစွာ ပြုံးနေမည်လား သူ မသိပါ။

သူ့ရင်ထဲမှာတော့ စွဲမက်နီရဲ့ စိန်ခေါ်စကားတွေ ပဲ့တင်ထပ် ကျန်ရစ်နေမှာ အသေအချာ။



www.burmeseclassic.com

www.burmeseclassic.com



စေတနာနဲ့ မထိုက်တန်သော မိန်းကလေးတစ်ယောက် အတွက် သူ ထိုထက်ပိုမိုကာ ဘာများပေးစရာ လိုမည်နည်း။ အခုပဲကြည့်လေ။ ဆရာဝန် တစ်ယောက်ဘဝကို သူမ စွန့်လွှတ်ခဲ့တာ သူ့ကြောင့်တဲ့။

သူမရဲ့ ဂုဏ်ဒြပ်တွေကို သူ့အတွက် ဘာမှမပိုင်ဆိုင် မပေးအပ်နိုင်ဘူးဆိုတဲ့ သဘောတဲ့လား။

ရယ်စရာကောင်းလိုက်တာ စွဲမက်နီရယ်။

မင်းနဲ့ငါ စေ့စပ်ထားတာ မှန်ပေမယ့် မင်းကိုငါက ဇနီးမယား တစ်ယောက်အဖြစ် သတ်မှတ်မယ်လို့ ထင်နေသလား။ အဝေးကြီးပါ စွဲမက်နီ။ ဘယ်တော့မှ ဖြစ်မလာတဲ့ ကိစ္စကြီးပဲ။

ဒါကြောင့် မင်းရဲ့ ဂုဏ်ဒြပ်တွေ ဘာကြီးပဲဖြစ်နေ ဖြစ်နေပါစေ ငါ ဂရုမစိုက်ဘူး။

မာနချင်း ပြိုင်ရင်တော့ မင်း ဖင်ထိုင်ကျသွားလိမ့်မယ် စွဲမက်နီ။ ငါက မင်းထက် မာနကြီးတတ်လို့ပေါ့။

■ ■ ■

အခုချိန်ကစပြီး သူနဲ့ကျွန်မဟာ အတိအလင်း စိန်ခေါ်ထားပြီး သား ပြိုင်ဘက်တွေပေါ့။

သူ့ကို ကျွန်မ မုန်းတယ်။ သေထိတိုင်ပဲ။ အဲဒီ အမုန်းတရားတွေ နဲ့ ကျွန်မ ရင်ထဲမှာ ကျိန်စာဖွဲ့ထားတယ်။ လောကကြီးမှာ မသေချာတဲ့ အရာတွေ အများကြီး ရှိတယ်။





ဒါပေမဲ့ သူနဲ့ကျွန်မကြားမှာ အသေချာဆုံး အရာတစ်ခုတော့ ရှိတယ်။ သူနဲ့ကျွန်မကြားမှာ အဆင်ပြေမှုဆိုတာ ဘယ်တော့မှ ရှိလာမှာ မဟုတ်ဘူး။

တကယ်ဆို သူက ကျွန်မကို ခြိမ်းခြောက်ခဲ့ပြီး ကျွန်မ ဘဝကြီး တစ်ခုလုံးကို အနိုင်ယူခဲ့တာပါ။ ကျွန်မဘဝ အနာဂတ်၊ မျှော်လင့်ချက် တွေအားလုံး ပျက်စီးသွားခဲ့စေတယ်။

“ငါတို့ သျှင်မြတ်နီ သူငယ်ချင်းတွေကို မေးကြည့်တယ် စွဲမက်၊ ဒီကိစ္စမှာ သူ မရိုးသားဘူးလို့ ဝန်မခံဘူးဟ”

ငြိမ်းစုတို့ သဇ္ဇာတို့ဆီက ပြန်ကြားရသော သူ့အကြောင်းတွေက ကျွန်မ ရင်ထဲကို အမုန်းတွေပဲ နိုင်မာစေခဲ့တာပါ။

“ဝန်မခံပေမယ့် ရှင်းနေတာပဲလေ၊ သူ ငါ့ကို တမင်လုပ်ကြံ တာလေ”

“အေးဟယ် အဲဒီလောက်ထိ သူ အငြိုးကြီးမယ် ငါ မထင်ထား ဘူး”

ဘယ်သူကမှ သျှင်မြတ်နီ လုပ်ရပ်အတွက် လက်မခံနိုင်ကြတာ အမှန်ပဲဖြစ်၏။ သူ့ဘဝနဲ့ရင်းပြီး သူမဘဝကို အနိုင်ယူဖို့ ကြိုးစားခဲ့တာ အားလုံး အသိပဲ ဖြစ်သည်။

တကယ်ဆို သူ့ဘက်က တိုက်ခိုက်လာမှုတစ်ခုကို စွဲမက် အရှုံး ပေးလိုက်ရမည်လား။



www.burmeseclassic.com

www.burmeseclassic.com



"သေချာတာက သူ နင့်ကို လက်ခံလိုက်ရတဲ့ပုံကိုက နင့် ဂုဏ်သိက္ခာအတွက် ကာကွယ်လိုက်ရတဲ့ ပုံစံမျိုးပြောတာ၊ နင့်ကို သူ ဘယ်တော့မှ ချစ်လာမှာ မဟုတ်ဘူးတဲ့၊ အချိန်တန်ရင် ကိုယ့်လမ်းကိုယ် လျှောက်ကြရမှာတဲ့"

"တော်ပါတော့ဟာ သူ့အကြောင်းနဲ့ သူ့နာမည် ဖြစ်နိုင်ရင် ငါ ဒီတစ်သက် မကြားချင်ဘူး"

"ဆောရီးပါ စွဲမက်ရယ်၊ ငါတို့ နင့်အတွက် မခံနိုင်လွန်းလို့ ပါဟယ်"

ငြိမ်းစုနှင့်သဇ္ဇာတို့က စွဲမက်ရဲ့ အခင်ဆုံး သူငယ်ချင်းတွေပီ စွဲမက် ခံစားချက်ကို နားလည်ပေးကြသည်။

ဒါပေမဲ့ စေ့စပ်ပြီး နောက်ပိုင်းမှာ မကြုံချင်ဘဲ လမ်းမှာ တိုက် ဆိုင်စွာ ကြုံချိန်မှာ ကြားရသော စကားတွေကတော့ ခံရခက်စရာ ကောင်း ပါသည်။ ကျောင်းမှာကတည်းက စွဲမက်နှင့် အစေးမကပ်လှသော လှလှမိုး နှင့် ဆွေဆွေသန့်တို့ရဲ့ မကြားတကြား စကားတွေ။

"မိန်းမသားဘဝဆိုတာ ယောကျ်ားတွေရဲ့ တန်ဖိုးထားမှုအပေါ် မူတည်တာဟဲ့၊ ဘယ်လောက် တော်တော် လှလှ အဲဒီ မိန်းမက တန်ဖိုး ထားခြင်း မခံရဘူးဆိုရင် တစ်ဘဝလုံး အသတ်ခံရတာနဲ့ အတူတူပဲ"

"အေးနော် ဒါ တစ်ဘဝလုံး ရှုံးနိမ့်တာနဲ့ မခြားဘူး၊ သနားစရာ ဟယ်"





ကြည့်စမ်း မိန်းမတွေ။ မိန်းမပီပီ စောင်းချိတ်နေလိုက်ကြတာ မုန်းစရာ ကောင်းလိုက်တာ။ ကျောင်းတုန်းက သျှင်မြတ်နီဆိုတဲ့ ယောကျ်ား ကို သင်းတို့တွေ မိန်းမတန်မဲ့ ရေလာမြောင်းပေး လုပ်နေကြတာ စွဲမက် မသိတာမှတ်လို့။

စွဲမက်နီဆိုတဲ့ မိန်းမက သူတို့ ငမ်းငမ်းတက်နေတဲ့ သျှင်မြတ်နီ ကို ဂရုစိုက်မယ်များ မှတ်နေသလား။

စောင့်ကြည့်ကြစမ်း။ ငါ စွန့်ပစ်လိုက်မယ့် အချိန်ကျရင် နင်တို့ ကောက်ယူလိုက်ကြပေါ့။ စွဲမက်ကတော့ ဆောရီးပဲ။

ဒီအကြောင်းတွေ ကြားနေရတော့ စွဲမက် ရင်ထဲက အမုန်းတွေ ပုံကျင်းဖွဲ့ ကြီးမားလာစေတယ်။ အဲဒီ အမုန်းတွေက အဆိပ်တွေ သင့် မှုတာလည်း အမှန်ပဲ။

သျှင်မြတ်နီ နင့်ကို အနိုင်ယူဖို့အတွက် ငါ့မှာ Project တွေ ရှိပြီးသား။ ငါ့အပေါ်ယုတ်မာလို့ မဝသေးလို့ နင် ပတ်ဝန်းကျင်မှာ စကားလုံးတွေနဲ့ ငါ့ဘဝကို ခြေမွဖို့ ကြိုးစားနေသလား၊ သျှင်မြတ်နီ။

ငါက နင့်ထက်ပို ယုတ်မာပြမယ်ဆိုတာ နင် မြင်တွေ့ရတော့ မှာပါ။

နင့်ဘဝနဲ့ ရင်းပြီး ငါ့ကို အနိုင်ယူမှတော့ ငါကလည်း ဘဝနဲ့ ရင်းပြီး နင့်ကို ယုတ်မာပြမှာပေါ့ သျှင်မြတ်နီရယ်။

နင့်ဘဝကို စုတ်ပြတ်သတ်သွားအောင် ငါ လုပ်ပြမယ်။ ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကို နှင်က အနိုင်ယူထားချင်သတဲ့လား။ ရတယ် သျှင်မြတ်နီ။

နှင် ပိုင်ဆိုင်လိုက်ရတဲ့ စွဲမက်နီ ဆိုတာ ဘာမှတန်ဖိုးမရှိတဲ့ ဂုဏ်ဒြပ်မရှိတဲ့ မိန်းမပဲ ဖြစ်စေရမယ်။

နှင် မယူချင် လက်မခံချင်လည်း ယူရလိမ့်မယ် သျှင်မြတ်နီ။

■ ■ ■



## အခန်း (၃၀)

အဲဒီနောက်ပိုင်းမှာ ကံကြမ္မာတရားက ပြောင်းလဲမှုများစွာကို မန်တီးလာခဲ့တာ အမှန်ပဲ။

မန္တလေးက ဘွားဆုံးပါးသွားခဲ့ခြင်းကလည်း စွဲမက်အတွက် လုပ်စရာကိစ္စတွေကို ပြတ်သားစွာလုပ်ဖို့ တွန်းအားဖြစ်စေခဲ့တာပါပဲ။

"ဘွား မရှိမှတော့ မန္တလေးမှာလည်း သမီး ကျောင်းမတက်ချင်တော့ဘူး မေမေ"

"ဒါဆိုလည်း ရန်ကုန်မှာ သမီး ဆေးကျောင်းတက်လို့ ရတယ်လေ"

"ဟင့်အင်း ဆေးကျောင်းတက်ဖို့ သမီး စိတ်မပါတော့ဘူး မေမေ၊ ရိုးရိုးဝိဇ္ဇာတန်းပဲ တက်မှာ"

"သမီးရယ် သမီးအရင်က ဆရာဝန်ကြီး အရမ်းဖြစ်ချင်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



မေမေ သိပါတယ်''

''အဲဒါ အရင်က စွဲမက်နီလေ မေမေရဲ့ အခု သမီးဘဝက ပြောင်းလဲသွားပြီလေ၊ သမီးဆန္ဒတွေကို မေမေ မတားပါနဲ့''

မျက်ရည်တွေဝဲပြီး မေမေ နှုတ်ဆိတ်နေ၏။ ဆေးကျောင်းတက်ခွင့်ကို စွန့်လွှတ်ပစ်လိုက်မှုအတွက် မေမေတို့ နောက်ဆုံးအချိန်ထိ သူမကို ချော့မော့စွဲဆောင်နေကြတုန်းပါပဲ။

ဒါပေမဲ့ ဒီတစ်ခါတော့ စွဲမက် အလျော့မပေးနိုင်ပါ။ ဒါ စွဲမက်ရဲ့ စိမ်ကိန်းလေ။ သျှင်မြတ်နီနဲ့ ဂုဏ်တူဒြပ်တူ စွဲမက်နီ ဆိုတဲ့ မိန်းမ တစ်ယောက်ဘဝ မရချင်ပါဘူး။

ဒါ စွဲမက်ရဲ့ အကြီးမားဆုံး ရည်ရွယ်ချက်ပဲလေ။ နောက်ဆုံးတော့ မေမေ စွဲမက် ဆန္ဒကို ခွင့်ပြုခဲ့ရ၏။

''သမီး သမီး ရန်ကုန်မှာ ကျောင်းတက်ဖို့ မေမေတို့ စီစဉ်ပေးထားတယ်''

''မော်လမြိုင်မှာပဲ တက်လို့ ရပါတယ် မေမေရဲ့''

''မဟုတ်ဘူး ရန်ကုန်မှာ ကျောင်းတက်ရမှာ၊ မောင်သျှင်မြတ်နီလည်း ရန်ကုန်မှာတက်မှာလေ၊ ရန်ကုန်မှာ သူတို့ခြံနဲ့ တိုက်ရှိတယ်၊ အဲဒီမှာ ဒေါ်ဖွားဆုံ ဆိုတဲ့ သျှင်မြတ်နီတို့ရဲ့ အဘွားတစ်ယောက် ရှိတယ်၊ သမီးတို့ကို ဆုံးမထိန်းကျောင်းနိုင်တာပေါ့''

ဒါ မေမေနှင့်သူ့မိခင်ရဲ့ အစီအမံတစ်ခု ဆိုတာ သူမ သိလိုက်





ပါသည်။ သူနဲ့စွဲမက်တို့နှစ်ယောက်ကို ရင်ကြားစေ့ဖို့ ကြိုးစားခြင်းပဲ ထင်ပါသည်။

စွဲမက် မငြင်းဘဲ ခေါင်းညိတ်လက်ခံလိုက်ပါသည်။ ဘာပဲဖြစ်ဖြစ် ဒါလည်း အခွင့်အရေးကောင်းတစ်ခုပဲလေ။

သျှင်မြတ်နီကို တိုက်ခိုက်ဖို့အတွက် အခြေအနေတွေ အများကြီး ဖန်တီးနိုင်သည်ဟုပဲ သူမ ယုံသည်။

သန်းခေါင်ထက် ညဉ့်မနက်တော့ပါဘူးလေ။ ကျွန်မ ဘဝ တစ်ခုလုံးနဲ့ ရည်ရွယ်ချက်တွေကိုတောင် စတေးခဲ့ပြီးပြီပဲ။

မာကြောတတ်လာတဲ့ စွဲမက်နီ နှလုံးသားက ခံစားချက်ဆိုတာ မရှိတော့သလောက်ပါပဲ။ မျက်ရည်တွေလည်း မကျတတ်တော့တာ အမှန်ပဲ။

ရင်နဲ့ကျွန်မ ထိပ်တိုက်ဆုံကြတာပေါ့ သျှင်မြတ်နီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ရန်ကုန်မှာ ရှိသော သည်ခြံနှင့်တိုက်အိမ်ကြီးက သူတို့ပိုင်ဆိုင်သော အိမ်နှင့်ခြံကြီးဟု စွဲမက် သိခွင့်ရသည်။ ဒီခြံနှင့်တိုက်ကြီးကို သူတို့ မင်္ဂလာပွဲအတွက်တောင် သူ့မိတ်တွေက ကြိုတင်လက်ဖွဲ့ထားသည်တဲ့။

"သမီး ဘာမှ အားနာစရာ မလိုဘူးနော်၊ ဒီအိမ်နဲ့ခြံက သမီးတို့အတွက် အန်တီတို့ ကြိုတင်လက်ဖွဲ့ထားတာ၊ သားအတွက် ကား တစ်စီး စီစဉ်ပေးထားတယ်၊ သမီးတို့က ကျောင်းချင်းမတူတော့ အဆင်ပြေအောင်လို့"

အန်တီသက်ထားက အားလုံး လိုလေသေးမရှိအောင် စီစဉ်ပေးထားတာ ဖြစ်သည်။

အိမ်မှာ ချက်ပြုတ်ရေးကိစ္စနှင့် ဟင်းရိုက်စုတွေအတွက် မိငယ်





ဆိုသော ကောင်မလေး တစ်ယောက် ရှိသည်။ ခြံစောင့်ကြီး ဦးမြိုင် ရှိသည်။ အန်တီသက်ထားရဲ့ အဒေါ်ဝမ်းကွဲ ဒေါ်ဖွားအုံကလည်း စွဲမက်ကို မြင်သည်နှင့်

"သမီးက အချောလေးပဲ၊ ဘွားမြေးတွေ ရောက်လာတာ ဘွား အရမ်း ဝမ်းသာတယ်ဟေ့"

သူနှင့်စွဲမက်ကြားမှာ အဖုအထစ်တွေ အများကြီးရှိပေမယ့် အားလုံးက ထိုအခြေအနေတွေ တစ်ချိန်မှာ ပြေသွားမည်ဟု ယုံကြည်ထားကြပုံအပြည့် ရှိနေကြသည်။

အန်ကီသက်ထားနှင့်အတူ လိုက်လာသော မေမေကလည်း မပြန်ခင် စွဲမက်ကို တီးတိုးဆုံးမသည်။

"သမီး သမီးနဲ့သားက စေ့စပ်ထားတဲ့သူတွေနော်၊ မကြာခင်မှာ လက်ထပ်ပေးကြမယ့်သူတွေ၊ မေမေ စိတ်ချမ်းသာပါရစေ သမီးရယ်၊ သမီးတို့နှစ်ယောက် အဆင်ပြေပြေ ရှိစေချင်တယ်"

မိဘအရိပ်အောက်မှ ဝေးသော ဒီရန်ကုန်အထိတောင် စွဲမက်ကို မေမေ လွှတ်လိုက်တာ မျှော်လင့်ချက်တစ်ခုကြောင့်ဆိုတာ စွဲမက် သိခဲ့ပြီးသား။ ဒါပေမဲ့ ထိုမျှော်လင့်ချက်က ဘယ်တော့မှ ဖြစ်မလာနိုင်သော မျှော်လင့်ချက်ကြီး ဖြစ်နေတော့လည်း. . ။

■ ■ ■

စွဲမက်တို့ကျောင်းမှာ သူ့သူငယ်ချင်း အာကာနှင့် ကျော်ဇေတို့



www.burmeseclassic.com

www.burmeseclassic.com



ပါ တက်ကြမည်ဆိုတော့ ပိုလို့တောင် အဆင်ပြေလွန်းသည်။

အာကာနှင့်ကျော်လေးတို့က အဆောင်မှာနေကာ ကျောင်းတက်ကြတာဖြစ်သည်။ အိမ်ကိုတော့ တစ်ပတ်တစ်ကြိမ်လောက် ရောက်လာကြမှာ သေချာသည်။

"မင်းတို့ကွာ အဆောင်က တက်နေရသေးလား၊ ငါ့အိမ်က အကျယ်ကြီးကွ ဒီမှာ လာနေလို့ ရတယ်"

"အဆောင်နေရတဲ့ အရသာကို ခံစားချင်လို့ သျှင်မြတ်နိုးရဲ့ မပူပါနဲ့ ငါတို့ မင်းအိမ်ကို ချောင်းပေါက်မတတ် လာမှာပါ"

"ဟော့ကောင် စွဲမက်နီကို မမြင်ပါလား"

"ဖယားမရှိဘူး၊ သူ့အကြောင်း လာမမေးနဲ့"

"ဟာကွာ မင်းတို့ကလည်း တစ်မိုးအောက်မှာ အတူနေရတာတောင် ဒီလောက်အထိ ဖြစ်နေတုန်းလား"

"အေးလေ အငြိုးတွေ ပြေစမ်းပါ"

"ဆောရီးပဲ အာကာ ငါ လုံးဝ ဆုံးဖြတ်ပြီးသား၊ ဒီတစ်ခါ သူက ငါ့ကို စိန်ခေါ်လိုက်တာ၊ ငါက အရှုံးပေးရမှာလား"

စွဲမက် ကြားနိုင်မှန်း သိလျက်နဲ့ တမင်ပဲ ပြောနေတာလား၊ မရှိနိုင်ဘူးအထင်နှင့် ပြောနေတာလား မသိ။ အားလုံးကို စွဲမက် ကြားနေပါသည်။

စွဲမက် အံကြိတ်ပြီးမိရင်း သူတို့စကားသံတွေနှင့် အဝေးဆုံး





နေရာကို ထွက်ခဲ့လိုက်သည်။

ထပ်ကြားနေလျှင် ထိပ်တိုက်ရင်ဆိုင်ပစ်လိုက်မိမှာ သေချာ၏။ ဒီတော့ စောစောစီးစီး ရှောင်ထွက်လိုက်တာ အကောင်းဆုံး။

သူ့ကို စွဲမက် ရင်ဆိုင်တိုက်ခိုက်မှာ ဒီလို စကားလုံးတွေနဲ့မှ မဟုတ်တာပဲလေ။ သူ့ရင်ထဲကို ထိရှနာကျင်စေအောင် တန်ပြန် တိုက်ခိုက်ပြမှာ။ သူ ခံနိုင်ရည်ရှိသလောက် ခံယူကြည့်စမ်းပါ။

အခုချိန်ထိတော့ ရန်ကုန်ရောက်ကတည်းက တစ်အိမ်တည်းမှာ အတူရှိပေမယ့် သူနှင့်သူမ မျက်နှာချင်းမဆိုင်ဖြစ်သလောက်ပါပဲ။

ကော်ဖီဝိုင်းမှာ သူမ ရှိလျှင် သူက ယောင်လို့တောင် ဝင်မလာပါ။

"ဟဲ့ မြေး သျှင်မြတ်ကော ကော်ဖီ မသောက်ဘူးလား"

"မသောက်တော့ဘူးတဲ့ ဖွားလေး၊ အစ်ကိုလေး ကျောင်းထွက်သွားပြီ"

"ဟယ် ဒီကလေး မဟုတ်သေးပါဘူး၊ ကဲ သမီး စားနော်စား"

ဖွားအုံက စွဲမက်ကို ဂရုစိုက်ချစ်ခင်ပုံက တကယ့် မြေးအရင်းလို ရှိတာ သိသည်။ ဒါကြောင့်လည်း ဖွားအုံကိုတော့ စွဲမက် အဘွားအရင်းလို ချစ်ခင်သည်။

လောကကြီးထဲမှာ မရှိတော့သော ဘွားအစား၊ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရသည်ဟုပဲ စွဲမက် ယုံပါသည်။

"ဘွား စွဲမက် ကျောင်းသွားတော့မယ်နော်"

"အင်း သမီး သွား သွား ကားကို အရမ်းမမောင်းနဲ့နော် သမီး၊ သတိနဲ့မောင်း"

"ဟုတ်ကဲ့ ဘွား"

ဒီအိမ်ကြီးမှာ လာနေရသည့် အဖြစ်က စွဲမက်အတွက် အသီး ကျန်ဆန်လိမ့်မည်ဟု ထင်မှတ်ထားပေမယ့် ဖွားအုံ ရှိနေတာကြောင့် ပျင်းစရာ မကောင်းခဲ့ပါ။

အပေါ်ထပ်က ဖွားအုံရဲ့ အိပ်ခန်းဘေးအခန်းမှာ စွဲမက် အိပ်သည်။ သူကတော့ အောက်ထပ်မှာပဲ နေသည်။

သူ ရှိနေလျှင် စွဲမက် အောက်ထပ်ကို တတ်နိုင်သလောက် မဆင်းဖြစ်အောင် နေသည်။

သည်မျက်နှာကို မြင်နေရတာက ငရဲကို ရောက်တာထက် ဆိုးသည်။ သူမ ခံစားရသလို သူလည်း ထပ်တူခံစားရဖို့အတွက်တော့ စွဲမက်မှာ အစီအစဉ်တွေ အနိုင်အမာ ရှိပြီးသား။

■ ■ ■



အခန်း (၃၂)

"စွဲမက်နီ တော်တော်ကြီး ပြောင်းလဲလာတယ်လို့ ပြောရင် မင်း ယုံပါ့မလား"

ကျောင်းပိတ်ရက်တွေမှာ အိမ်ရောက်လာသော အာကာနှင့် ကျော်လေးတို့ဆီက သတင်းတွေ သူ ကြားရ၏။

"ဟုတ်တယ် သျှင်မြတ်၊ သူ့ရဲ့ ပြောင်းလဲမှုက ငါတို့ [illegible] ကျောင်းသူဘဝက စွဲမက်နီနဲ့ ဘာမှမဆိုင်အောင်ပဲ ၊ ငါတောင် မယုံချင်ဘူး"

"ဘာတွေကြောင့်လဲ စွဲမက်နီဆိုတာ မာနအဆိပ်တွေနဲ့ မိန်းမပဲ"

သူ အလေးမထားသလိုပဲ ပြောမိသည်။ [illegible] သူမရဲ့ ပြောင်းလဲမှုကို သူ မသိပါ။ စိတ်မဝင်စားပါ။

"မင်း တကယ်မသိဘူးလား သျှင်မြတ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ တစ်အိမ်တည်း နေနေတာကိုကွာ"

"ငါတို့ တစ်အိမ်တည်းနေတာ မှန်ပေမယ့် တစ်ယောက်အကြောင်း တစ်ယောက် စိတ်မဝင်စားတာ အမှန်ပဲ"

သူ သွေးအေးစွာပဲ ဖြေပါသည်။ ဒါပေမဲ့ အာကာနှင့် ကျော်လေးတို့မျက်နှာတွေက သူ့လို သွေးမအေးတာ အမှန်။

"အေး အခု မင်း စိတ်မဝင်စားလို့ မရတော့ဘူးကွ၊ စွဲမက်နီဘာတွေလုပ်နေတယ် ထင်သလဲ"

သူ အာကာ့မျက်နှာကို စိုက်ကြည့်နေလိုက်သည်။ အာကာက မျက်ခုံးတွေ တွန့်ကာ အလိုမကျသော အကြည့်တွေနှင့် ရှုတည်တည် သူ့ကို ကြည့်နေဆဲ။

"အာကာ မင်း မယုံချင်နေ၊ ငါ တကယ်ကို စိတ်မဝင်စားတာ၊ ဒါပေမဲ့ မင်းပြောကြည့်လေ၊ နားထောင်ကြည့်တာပေါ့"

"အေး ပြောမယ်၊ မင်းက သွေးအေးနေ စွဲမက်နီက အခု ငါတို့ ကျောင်းမှာ ရည်းစားတွေ ထည့်လဲတွဲနေပြီ"

သူ မတုန်မလှုပ် မျက်နှာတစ်ချက်မပျက် ရှိနေတော့ အာကာနှင့် ကျော်လေး သူ့ကို မယုံနိုင်သလို ကြည့်နေကြသည်။ ဒီကောင်တွေ မျှော်လင့်ထားတာ သူ့ရဲ့ တုန်လှုပ်သွားမှုတွေလား။

သူ မဲ့ခနဲ ပြုံးရင်း တည်ငြိမ်စွာပဲ ပြန်တုံ့ပြန်မိ၏။

"ဒါ အစောကြီးကတည်းက ငါ ကြိုတွက်ပြီးသားပဲ၊ ငါနဲ့





ဘာမှမဆိုင်ဘူး၊ သူ ငါ့ကို လှုပ်ကိုင်နိုင်ဖို့ ကြိုးစားလေ ငါက တုန်လှုပ်ခြင်း ကင်းမဲ့လေလေပဲ၊ သူ့ရဲ့မိန်းမမာယာလောက်တော့ ငါက နပ်ပြီးသား၊ အဲဒီလို လုပ်ပြလို့ သူ့ကိုငါ စိတ်ဝင်စားလာမယ် ထင်လို့လား"

"ဟာ မင်းဟာက မဟုတ်သေးဘူး"

အာကာ လက်မခံနိုင်သလို ထအော်သည်။ ကျော်လေးကလည်း အာကာစကားကို ခေါင်းညိတ်ရင်း

"မင်းတို့ ဒီလို မဖြစ်သင့်ဘူးလေကွာ၊ မင်းတို့ စေ့စပ်ထားတယ်ဆိုတာ တစ်နေ့ လက်ထပ်ဖို့ပဲ မဟုတ်လား"

"ပြတ်ဆဲကြသူတွေလည်း ရှိတာပဲကွ"

"ဒါဆို ပွင့်ပွင့်လင်းလင်းပဲ မေးမယ်ကွာ၊ ဟိုတုန်းကလည်း ငါ မေးခဲ့ဖူးတာပဲ မင်း ၄ွဲမက်နီအပေါ် မရိုးသားဘဲ သက်မှုုညီနဲ့ မင်းအတွက် လက်စားချေရုံပဲလား"

ကျော်လေး အမေးကို သူ ပြန်မဖြေဘဲ တိတ်ဆိတ်နေလိုက်၏။ ဒါကို ဝန်ခံခြင်းဟုပဲ ကျော်လေး ယုံသွားခဲ့၏။

"အဲဒီလို သူများကို မင်း ဒုက္ခပေးမယ်ဆိုရင် အဲဒီဒုက္ခက မင်းဆီပြန်ရောက်လာလိမ့်မယ်၊ အရာရာကို လျော့မတွက်နဲ့ သျှင်မြတ်နီ၊ လောကကြီးမှာ ဖြစ်ချင်သလို ဖြစ်လာတာချည်း ရှိတက်တာ မဟုတ်ဘူး"

"မင်းတို့တွေ ထင်ချင်သလို ထင်ကြ၊ ငါ သူ့ကို ခွင့်လွှတ်နိုင်စရာ ဘာမှမရှိဘူး၊ တစ်သက်လုံး ခွင့်မလွှတ်ဘူးကွာ၊ သူ့ရဲ့ မာန်တွေကို



www.burmeseclassic.com

www.burmeseclassic.com



ငါ ရိုက်ချိုးပြချင်တာ၊ သူ တစ်သက်လုံး စိတ်ဆင်းရဲသွားရင် ငါ ကျေနပ်တယ်''

သူ တည်တည်ငြိမ်ငြိမ်ပဲ ပြောသည်။ အာကာတို့ ငေးစိုက်ကြည့်ရင်း နားထောင်နေကြဆဲ။

''အဲဒီအဆုံးသတ်ကိုမှ သူ လက်မခံရင် ကြိုက်တဲ့လူနဲ့ တွဲပြီ၊ ကြိုက်တဲ့သူနဲ့ ယူစမ်းပါစေ၊ ငါက ထာဝရပြုံးနိုင်ပြီးသားပဲ၊ အေး ငါနဲ့ ပတ်သက်ထားတဲ့ အရိပ်ကြောင့်တော့ သူ့အိမ်ထောင်ရေးလည်း ကောင်းလာနိုင်မှာ မဟုတ်ဘူး''

''မင်း အငြိုးကြီးက ကြောက်စရာကောင်းလိုက်တာ''

''အေး စွဲမက်နီကလည်း ကြောက်စရာကောင်းတဲ့ မြွေဟောက်မတစ်ကောင်ဆိုတာ ငါ သိတယ်''

သူ့စကားကြောင့် အာကာ ပင့်သက်ကြီးရှိုက်သည်။ ကျော်လေးက ဘာမှမပြောချင်တော့သလို ခေါင်းကို ခါရမ်း၏။ အာကာက

''အေး မင်းဒီလို ကြပ်ကြပ်လုပ်နေ မင်းတို့နှစ်ယောက်စလုံးဟာ ပြိုင်ဘက်တွေနော်၊ မင်း ကောက်ကျစ်သလို သူလည်း ကောက်ကျစ်လာမယ်ဆိုရင်ကော''

အာကာအမေးကို သူ ဟက်ခနဲ ရယ်ပစ်မိ၏။

''ငါက ယောက်ျားလေးပါ၊ ဆူးနဲ့ဖက်မှာ ဆူးနစ်နာတဲ့ပုံပမာ မရှိခဲ့ပါဘူးကွ၊ ဂရုစိုက်စရာလား''





''လက်ရှိ အနေအထားအတိုင်းဆို မင်း၊ စွဲမက်နီကိုတစ်နေ့ လက်ထပ်ရမှာပဲ၊ ကိုယ် မချစ်တဲ့ မိန်းမကို မင်းတစ်သက်လုံး ပြစ်ဒဏ်သင့်လက်ခံနိုင်မှာလား''

ကျော်လေး မနေနိုင်ဘဲ ဝင်မေးတော့ သူ ကျွတ်ခနဲ စုပ်သပ်ပစ်ရင်း

''အဲဒီမေးခွန်း သူ့ကိုမေးရမှာ ကျော်လေး၊ စွဲမက်နီကလည်း ငါ့ရဲ့ အတ္တ ဝဲဂယက်မှာ အပိတ်ခံမယ့် မိန်းမတစ်ယောက် မဟုတ်ဘူး၊ သူလည်း ငါ့ကို အနိုင်ပိုင်းဖို့ ကြိုးစားနေတဲ့သူကွ''

ဘာမေးခွန်းမှ ပြန်မထုတ်နိုင်ဘဲ နှစ်ယောက်စလုံး တိတ်ဆိတ်သွားကြသည်။ အတန်ကြာမှ ပင့်သက်မောနှင့်အတူ အာကာ ဆို၏။

''ဟား ရှေ့ဆက်ပြီး မင်းတို့အစား ငါ ရင်မောတယ် သျှင်မြတ်၊ မင်းတို့နှစ်ယောက်အဖြစ်က ကိုယ့်ဘဝကိုယ် ပြန်အဆိပ်ခတ်ပြီး လောင်းကြေးထပ် ထိုးစစ်ဆင်နေကြသလိုပဲ၊ ဒါပေမဲ့ တစ်နေ့မှာ မင်းမိန်းမတစ်ယောက်ကို ချစ်မိသွားရင် ခက်မယ်''

''သေချာတယ် အာကာ၊ ငါဆိုတဲ့ကောင်က ငါ့ကိုယ်ငါထက် ပိုမချစ်တတ်ဘူး''

သူ ရဲတင်းစွာပဲ ပြောမိသည်။ သျှင်မြတ်နီ ဆိုတဲ့ သူက မာနနှင့်အတ္တကို အလေးထားသူပဲလေ။ ဒါထက် ဘာကိုများ ပိုပြီး ချစ်နိုင်ဦးမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



စွဲမက်နီ မဟုတ်သော တခြားမိန်းမ တစ်ယောက်ကို ချစ်ခဲ့သည် ဆိုဦးတော့။ စွဲမက်နီကို အနိုင်ယူဖို့ အဲဒီအချစ်ကို စတေးဖို့ အသင့်။

ဘယ်တော့မှ မင်းကိုငါ မရှုံးနိမ့်တော့ဘူး စွဲမက်နီ။ ဒါ အသေ ချာဆုံးပဲ။

■ ■ ■



## အခန်း (၃၃)

ကျောင်းသွားဖို့ ပြင်ဆင်ပြီး အထွက်မှာပဲ ကြားလိုက်ရသော စကားသံတွေကြောင့် ခြေလှမ်းတို့ တွန့်ခနဲ ဖြစ်သွားသည်။

“အဟင်း ဟင်း အခုပဲ ထွက်လာတော့မှာပါ နိုင်နိုင်ရယ်၊ ...က်ချ တို့ ဒီနေ့ တစ်နေ့လုံး နိုင့်အတွက်ပဲ ရှိမှာပါ”

ညှိခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ စွဲမက်နီ ...န်းဖုန်းလေးနှင့် ပြောနေသော စကားသံတွေက နားမထောင်ဘဲ ကြား ...နေသည်။ သူ ထွက်လာတာ မြင်နေပေမယ့် သူမ ဂရုမစိုက်ဟန်က ...ပြည့်။

“အိုကေ အိုကေ မေ့စရာလား နိုင်ရယ်၊ နိုင်ပြောလိုက်ကတည်း ...ဦးနှောက်ထဲ ထည့်ထားပြီးသား ယုံ အဟင်း ဟင်း”

ချွဲချွဲနွဲ့နွဲ့ ရယ်သံတွေက လိုတာထက် ပိုမိုနေတာ သူ့ကို...



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာကြောင့် ဖြစ်မည် ထင်သည်။ ဂရုမစိုက်သလို သူ ကော်ဖီခန်း
ဘက် ဆက်လျှောက်ခဲ့သည်။

"ဟော မြေး လာ ကော်ဖီသောက်ရအောင်"

သူ့ကိုမြင်တော့ ဘွားက အပြုံးနှင့်ဆီးကြိုရင်း သူ ကြိုက်တတ်
သော ပေါင်မုန့်တွေကို ဘွားကိုယ်တိုင် ထောပတ်ပါးပါးလေး သုတ်ပေး
သည်။

ဖွားအုံက သူ့ကိုချစ်သည်။ ရန်ကုန်မှာ နေစဉ်တုန်းက ဘွားက
သူ့ကို အရိပ်လို ချစ်သူဖြစ်သည်။ သူတို့နယ်ကို ပြောင်းရမည်ဆိုတော့
ဘွားခမြာ မျက်ရည်လေးတစမ်းစမ်းနှင့် ငိုမဆုံးခဲ့။

ဘီးလင်းအထိလည်း ဖွားအုံ မလိုက်နိုင်ရှာပါ။ ရန်ကုန်မှာက
ဖွားအုံရဲ့ သားသမီး အရင်းအချာတွေ ရှိသေးသည်။

အမှန်ဆို အဘွားရင်းမဟုတ်ပေမယ့် ဖွားအုံက သူ့ကို မြေး
အရင်းတွေထက် ပိုချစ်သည်။ မြေးအရင်းအချာ မရှိခင်ကတည်းက
အိမ်ကိုပဲ လာနေကာ သူ့ကိုပြုစုခဲ့သော သံယောဇဉ်ကြောင့်ပဲ ထင်ပါသည်

"သမီးလေးကော မလာသေးပါလား မြေးရဲ့"

ဘွား မေးတာကို မကြားယောင်ပြုရင်း ကော်ဖီကို သူ တစ်ကျိုက်
သောက်သည်။ ပြီးတော့ ပေါင်မုန့်ထောပတ်သုတ်ကို ကောက်စားလိုက်သည်

"ဟော သမီးလေး လာလေ"

"ဟင့်အင်း မစားတော့ဘူး ဘွား၊ ဒီနေ့ နောက်ကျနေပြီ





သမီး သွားတော့မယ်နော် ဘွား"

"အမလေး သမီးရယ်၊ ကော်ဖီသောက်ချိန်လေးတောင် အချိန်
မရတော့ဘူးလားကွဲ့"

"တကယ် မရတော့လို့ ဘွားရဲ့၊ သူငယ်ချင်းနဲ့ ချိန်းထားလို့
သွားပြီနော် ဘွား"

ကော်ဖီခန်းထဲတောင် စွဲမက်နီ မဝင်ဘဲ အဝင်ဝကပဲ နှုတ်ဆက်
ထွက်သွားသည်။ သင်းခနဲ လွင့်ကျန်ခဲ့သော ရေမွှေးရနံ့ကိုတောင် သူ
ရှူရှိုက်လိုက်ရပါသေးသည်။

"မြေး မြေးတို့ချင်း အခုထိ ဒီလို စိမ်းသက်နေတာ မဖြစ်
သင့်ဘူးနော်"

မေမေ ပြောပြထား၍ ဘွားက သူတို့အကြောင်းတွေ သိနေပြီး
ဖြစ်သည်။ အခွင့်ကြုံတိုင်းလည်း သူ့ကို နှစ်သိမ့်စကားတွေ ဆိုတတ်ခဲ့ပြီ။

"ဘွား မသိပါဘူး ဘွားရယ်"

"ဘွား သိသင့်သလောက် သိပါတယ်၊ သားတို့တွေက တစ်
ယောက်နဲ့တစ်ယောက် ပြိုင်ရင်း အခုလို ဖြစ်နေကြတာဆို၊ သားက
ယောကျ်ားလေးပဲကွယ်၊ အလျှော့ပေးမှပေါ့၊ မကြာခင် လင်ရယ်မယား
ရယ်ဘဝ ရောက်တော့မှာကို"

ထုံးစံအတိုင်း ဘွားရဲ့ ရန်ပြေအေးတရားတွေကို သူ နားငြီးနေ
သည်။ ကပျာကရီ ကော်ဖီကို မော့သောက်၊ နာရီကို ငုံ့ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"သား သွားတော့မယ်နော် ဘွား"

"ခဏနေဦး ဘွား ပြောချင်တာ တစ်ခုရှိကယ်၊ သမီးလေးက
သားပြောသလောက် မဆိုးပါဘူးကွယ်၊ တကယ် ချစ်စရာကောင်းပါ
တယ်"

"ဘွားမို့ ပြောရက်တယ်၊ ဒီလောက် မာနနဲ့အတ္တတွေ ခေါင်
ခိုက်နေတဲ့ မိန်းမကို"

"အဲဒါ မြေးအပေါ်မှာဖြစ်မှာပေါ့၊ မြေးဘက်က လျှော့ပေးလိုက်
ဒါဆို သမီးလေးဘက်ကလည်း လျှော့ကျသွားမှာပါ၊ နှစ်ယောက်စလုံ
က တင်းနေရင် ပြတ်တောက်ကုန်မှာပေါ့"

သူ ပခုံးတွန့်ကာ မဲ့ခနဲ့ပဲ ပြုံးမိသည်။ သူ့ဘက်က အလျှော့
ပေးရမည်တဲ့၊ တစ်ချက်လျှော့လိုက်တာနဲ့ ပြားပြားဝပ်သွားအောင် ဒီမိန်းမ
နင်းခြေပစ်မှာ ဘွားမှ မသိဘဲ။

အခုပဲကြည့်လေ။ သူ့ကို မာယာတွေနဲ့ တိုက်ခိုက်ပြနေတာ
ဘွားမှ မသိဘဲ။

"သား သွားတော့မယ် ကျောင်းနောက်ကျတော့မယ် ဘွားရဲ့"

နှုတ်ဆက်ပြီး ခပ်သုတ်သုတ်ပဲ လစ်ထွက်ခဲ့ရသည်။ ဒီအ
ကြောင်းတွေ ဘွားကို ရှင်းပြနေလို့ ဘွား နားလည်မှာမှ မဟုတ်တာ။

ဇွဲမက်နီဆိုတဲ့ မိန်းမက ဘွားအပေါ်မှာ ဆက်ဆံတာနဲ့ သူ့အပေါ်
ဆက်ဆံပုံက ဘာမှမဆိုင်ဘဲလေ။





ဇွဲမက်နီ ကျောင်းမှာ ယောကျ်ားလေးတွေနှင့် ခင်ခင်မင်မင်
တွဲနေတာ သူ မကြားချင်အဆုံးပါပဲ။ အာကာနှင့် ကျော်လေးတို့က
ကြိုတင်းသတိပေးကြသည်။

ဒါတွေက ဇွဲမက်နီရဲ့ လှည့်ကွက်တွေဆိုတာ သူ နားလည်
သဘောပေါက်ပြီးသားပဲ ဖြစ်သည်။

သူ မခံချင်အောင် တမင်လုပ်ပြနေတာ ဆိုတာ ထင်ရှားနေ
သည်။ အာကာတို့ ရှိနေတာ သိလျက်နဲ့ သူမ တမင်လုပ်ပြနေတာ
ရည်ရွယ်ချက်တစ်ခုကြောင့်ပဲ ဖြစ်မည်။

ဒီသတင်းတွေ သူ ကြားလျှင် သူမကို မနာလိုဝန်တိုစွာနှင့်
တားမြစ်မည်ဟု ထင်မှတ်ထားသည်လား။

ဆောရီးပဲ ဇွဲမက်နီ။ မင်း မျှော်လင့်သလို ငါ ခံစားရမယ်
မထင်နဲ့။

မင်းနဲ့ပတ်သက်ပြီး ငါ့ရင်ထဲက တုန်လှုပ်စရာ အကြောင်း
တစ်ခုမှ မရှိပါဘူး။ ဒါ သေချာတယ်။

ရန်ကုန်ရောက်ပြီး ကျောင်းစတက်ကတည်းက ဇွဲမက်နီရဲ့
ပြောင်းလဲသွားမှုကို သတိထားမိပြီးသား ဖြစ်သည်။

နက်မှောင်နေသော ဆံပင်တွေကို အညိုရောင် ပြောင်းပစ်လိုက်
သည်။ အမြဲတမ်း အခြယ်အသ ကင်းစင်သော မျက်နှာကို နုညက်မှုရှိ
နေအောင် ပြင်ဆင်ပြလာတတ်သလို အဝတ်အစားကအစ ကျော့မော့



www.burmeseclassic.com

www.burmeseclassic.com



ရှင်းသန့်နေအောင် ဝတ်စားပြင်ဆင်လာတာလည်း သူ သိပါသည်။

စွဲမက်နီ သိပ်လှအောင် ပြင်ဆင်ပြီး ဘယ်ယောက်ျားတွေပဲ ဖြားယောင်းမြူစွယ်စမ်းပါစေ သူ့ရင်မြတ်နီ ဆိုတဲ့ကောင် ပါမှာမဟုတ်ပါဘူး။

မင်းရုပ်ချင်သလောက် ရုပ်၊ ပွေချင်သလောက်ပွေ၊ မင်း နှလုံးသားကို ဖမ်းစားလိုက်မယ့် ယောက်ျားတစ်ယောက်နဲ့ ကြုံမယ့် တစ်နေ့ကို ငါ စောင့်နေတယ် စွဲမက်နီ။ အဲဒီအခါကျရင်တော့ ငါ ရက်စက်စွာ မင်းရင်ကို ခွဲပြမယ်။

သူ့ရင်ထဲက ကြိမ်းဝါးသံတွေကို စွဲမက်နီ သိနိုင်မည် မဟုတ်ပါ။

■ ■ ■

စွဲမက်နီ လုပ်ရက်တွေက နေ့စဉ်တိုင်း သူ့ရှေ့မှာတမင် ဖုန်းတွေ ဆက်ပြ အပြုံးတွေလှိုင်လှိုင် ဝေပြန့် ရှိနေခဲ့သည်။

ကျောင်းပိတ်ရက်တွေမှာလည်း ဟန်းဖုန်းတစ်လုံးနှင့် ခြံထဲမှာ ဧည့်ခန်းထဲမှာ စွဲမက်နီ မနားတမ်း လုပ်ပြနေခဲ့၏။

ဒီကျောင်းပိတ်ရက်မှာ အာကာတို့ လာမှာမို့ သူ စောင့်နေတော့လည်း စွဲမက်နီ။ ဂရုမစိုက်ဘဲ သူ့ရှေ့မှာ ဘယ်အကောင်နှင့် ဖုန်းပြောနေသည် မသိ။ ပထမတော့ ခြံထဲဆင်းကာ ရှောင်ထွက်သွားမလို့ပါပဲ။

ဒါပေမဲ့ မဆင်းတော့ဘဲ တမင် ဧည့်ခန်းထဲမှာထိုင်ကာ စောင့်နေလိုက်သည်။ စွဲမက်နီက သူရှိမှပဲ အသံက ချွဲနွဲ့ပြနေ၏။

"အဟင်း မနက်ဖြန် တို့ ပလာဇာသွားမလို့ ဖော်ရဲ့"





"..."

"ရတယ်လေ ဖော် လိုက်ချင်တယ်ဆို လိုက်ခဲ့ပေါ့ အဟင်း တို့က အဖော်မရှိလို့ ပျင်းနေတာ သိလား"

တော်တော် ရယ်စရာကောင်းတဲ့ စွဲမက်နီ။ သူမ လုပ်ရပ်တွေက သူ့ကို မြူတစ်မှုန်လောက်တောင် မထိရှစေတာ အခုထိ မသိရှာသေးဘူးလား။ ပြောစမ်း ပြုံးစမ်း မင်းအသံတွေဝင်၊ မင်းအပြုံးတွေ ပြာသွားတဲ့အထိ ငါ ဂရုမစိုက်ဘူး။

"ဟာ ဟော့ကောင်တွေ နောက်ကျလိုက်တာကွာ"

ဧည့်ခန်းထဲကို အာကာနှင့်ကျော်လေးတို့ ဝင်လာတော့ သူ ထိုင်ခုံက ထပြီး ဆီးကြိုနှုတ်ဆက်ဖြစ်သည်။

"ကျောင်းပိတ်ရက်ဆိုတော့ အိပ်ရေးဝအောင် အိပ်ရတာပေါ့ကွ၊ ဒီနေ့ မင်း အိမ်မှာပဲ ဝါးတီးဆွဲမှာနော်"

"ကြိုက်သလောက်ဆွဲ မင်းတို့လာမှာသိလို့ ချက်ပြုတ်စီစဉ်နိုင်းထားပြီးသား"

ဖုန်းပြောပြီးသွားသော စွဲမက်နီက အာကာတို့ကို မြင်တွေ့လျှက်နှင့် အပြုံးလေးနှင့်တောင် နှုတ်မဆက်ဘဲ အပေါ်ထပ် လှမ်းတက်သွား၏။

"စွဲမက်နီက ငါတို့တောင် မခေါ်ပါလား"

ကျော်လေးက ပြောတော့ သူ မျက်မှောင်ကုပ်ပစ်ရင်း

"သူ ခေါ်မှ မင်းတို့က လူရာဝင်မှာလား၊ ဂရုမစိုက်စမ်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အမြင်ကပ်ကပ်နှင့် သူ့မ ကြားအောင် သူ တမင်ပြောပစ်လိုက် သည်။ သူမ တစ်ချက်လေးတောင် လှည့်မကြည့်ဘဲ အပေါ်ထပ် တက် သွားခဲ့၏။

"မဟုတ်ဘူးလေကွာ တစ်မြို့တည်းသားတွေပဲဟာ လူမှုရေ တော့ ရှိသင့်တာပေါ့"

"ဒီမိန်းမမှာ ဘယ်တုန်းက လူမှုရေးဆိုတာ ရှိဖူးလို့လဲ"

"အင်း မင်းတို့ ဆက်ဆံရေးကလည်း မြင်ရတာ အဆင်မပြေ လိုက်တာ"

ဖုံးစံအတိုင်း အာကာက မသက်မသာ ပြောမြန်သည်။ အိမ် လာတိုင်း စွဲမက်နီက နှုတ်ဆက်ပြုံးလေးတောင် ပြုံးမပြတော့ ဒီကော တွေ အားနာနေဟန် ရှိ၏။

"မကြည့်ဖြူဘဲ လာရတာ သိပ်မဟုတ်သေးဘူးကွာ"

"ငါ ပြောပြီးပြီပဲ ဂရုမစိုက်စမ်းပါနဲ့၊ ဒါ သူ့အိမ်မဟုတ်ဘူး"

"ပြောရဦးမယ် သျှင်မြတ်နီ၊ အခု စွဲမက်နီ ဝိဇ္ဇာတန်းက တစ်ကောင်နဲ့ တော်တော် တွဲနေတယ်၊ အဲဒီကောင်က တို့ကျောင်းမှ တော့ ကင်းပဲ၊ ရုပ်ရည်ကော ဂုဏ်ဒြပ်ပါ စတားပဲကွ၊ ပရာဒိုနဲ့ လင့်ခ ဆာ တစ်နေ့တစ်မျိုး စီးပြီးကျောင်းတက်တဲ့ကောင်နော်"

"ကောင်းတာပေါ့ ငါက ဒီအခြေအနေကို မျှော်လင့်နေတာကွ ငါက စွဲမက်နီဆိုတဲ့ မိန်းမ နှလုံးသားကို ကိုင်လှုပ်မယ့် ကောင်ကို ဆုံ





တွေ့စေချင်နေတာ၊ လောကကြီးဟာ သူ ထင်ထားသလို အပေါ်စီးက အမြဲ ငုံ့ကြည့်ခွင့်ရတဲ့ အရာမဟုတ်ဘူးဆိုတာ သူ သိစေချင်တာ"

အာကာ မျက်နှာတစ်ချက် မဲ့ပစ်ရင်း ခေါင်းကို ခါရမ်းသည်။

"ဒါဆို မင်းက ဘာလုပ်မှာလဲ၊ မင်း စွဲမက်နီကို ချုပ်ကိုင်ဖို့ လုံးဝ မကြိုးစားဘူးပေါ့"

"နီး သူတကယ်ချစ်တဲ့ ယောကျ်ားတစ်ယောက်နဲ့ ဆုံသွားဖို့ လိုတယ်၊ အဲဒီအခါကျမှ ငါ သူ့အသည်းကို ခွဲပြမယ်"

အာကာနှင့်ကျော်လေး ပန်းတွေတွန့်ကာ မျက်နှာတွေ မဲ့ပြသည်။ သူနှင့်ဆုံတိုင်း ဒီကောင်တွေ ညီနိုင်းဖို့ ကြိုးစားနေတာ ဘာကြောင့်လဲ။

မေမေတို့ကများ ဒီကောင်တွေကို အကူအညီတောင်းထားသည် လား။ ဒါဆိုရင်တော့ ဒီကောင်တွေ ကြိုးစားသမျှ အချည်းအနှီး ဖြစ်နေမှာ သေချာနေပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ဒီဆိုင်ထဲကို ဝင်လာမိတဲ့ ကိုယ့်ခြေထောက်ကိုယ်ပဲ ရိုက်ချိုးပစ်လိုက်ချင်သည်၊ ဒါပေမဲ့ လှမ်းဝင်ပြီးနေသော ခြေလှမ်းတွေကို နောက်ဆုတ်ခွင့်မရှိအောင် နံဘေးမှာ သူငယ်ချင်း သူရမောင်ပါနေသည်။

ပြီးတော့ သူ ဝင်လာတာကို မြင်တွေ့သွားပြီး မဲ့ခနဲ ပြုံးလိုက်သော သူမရဲ့ စိန်ခေါ်အပြုံးကြောင့် ခြေလှမ်းတို့ မတွန့်ဖြစ်ဘဲ ဆက်လှမ်းဝင်ရုံပေါ့။

သူရမောင် ဆိုတဲ့ကောင်ကလည်း အလိုက်ကမ်းဆိုး မသိဘဲ စွဲမက်နီတို့ စုတွဲရှိနေသော စားပွဲဝိုင်းဘေးက ဝိုင်းဆီ လှမ်းသွားနေသည်။

"ကဲ မင်း ဘာစားမလဲ သျှင်မြတ်နိုး"

ဟာမင် သူမနှင့်ကျောခိုင်းပြီး ထိုင်ပစ်လိုက်သည်။ ဒီမျက်နှာကို မြင်ကတည်းက ရင်ထဲမှာ ဒေါသတွေက နေရာယူပြီးနေပြီ။





"ရတယ် မင်းမှာချင်တာမှာ"

"အာ့ မဟုတ်တာ စားပါကွ၊ ငါ ရှင်းမှာပါ"

"မင်းဘာသာရှင်းရှင်း ငါ စားလို့ ရမှာမဟုတ်ဘူး။ ရင်ထဲမှာ အော်ဂလီဆန်လွန်းလို့"

"ဟာကွာ ဒီဆိုင်က သန့်ရှင်းပါတယ်ကွ"

သူရမောင် ပြောရင်း စားစရာတွေကို စိတ်တိုင်းကျမှာ နေသည်။ သူ့မှာတော့ ကျောခိုင်းထားပေမယ့် နားထဲတိုးဝင်လာသော စကားတွေကို လက်မခံချင်ဘဲ ကြားနေရသည့်အဖြစ်။

"ညကျ ခွဲ ဘယ်အချိန် ဖုန်းဆက်မှာလဲဟင်"

"အိုး အခုပဲ တွေ့နေရတာတောင်"

"မရဘူး ညဘက်ဆို ခွဲအသံလေး မကြားရရင် တို့ တစ်ညလုံး အိပ်ပျော်မှာ မဟုတ်ဘူး"

"အဟင်း အပိုတွေ အဟင်း ဟင်း"

ချွဲချွဲနွဲ့နွဲ့ရယ်သံက သူ့ရင်ထဲကို ထိုးစွနေသလိုပါပဲ၊ မကြားချင်ဘဲ ကြားနေရတာတော့ ဆိုးသည်။

"တော်တော် လှတယ်ကွ"

သူ့အနားကို ကိုင်းညွတ်ပြီး လေသံတိုးတိုးနှင့် သူရမောင် ပြောသည် မျက်ဝန်းတွေက သူ့ကိုကျော်ပြီး စွဲမက်နီဆီ ကြည့်နေ၏။

"မင်းကွာ အတွဲကြီးနဲ့ မိန်းမကို"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ လှလို့ လှတယ်ပြောတာပါကွာ၊ ဒီကောင် ကံကောင်းတာပဲ"

ဘာမှမသိဘဲ သူရမောင် ဝေဖန်စကားတွေ ပြောနေ၏။ စွဲမက်နီရဲ့အလှမှာ ဒီကောင် နစ်မျောသွားတာတော့ သေချာ၏။ စွဲမက်နီသာ သူနဲ့စေ့စပ်ထားသော မိန်းမဟု ဒီကောင် သိရင် ဘာပြောမည်လဲ။

ချွဲချွဲနွဲ့နွဲ့ ရယ်သံတွေ၊ စကားသံတွေကို ဥပေက္ခာပြုပြီး ရောက်လာသော အစားအစာတွေကိုပဲ အရသာမခံစားဘဲ သူ စားနေလိုက်သည်။

သူရမောင်က သူနှင့်တစ်တန်းတည်းသား သူငယ်ချင်း ဖြစ်သည်။ အခုလည်း လိုအပ်သော စာအုပ်စာတမ်းတွေ ဝယ်ရင်း ဗိုက်ဆာသည် ဆိုကာ သည်ဆိုင်လေးထဲဝင်စားဖြစ်တာ ဖြစ်၏။

စွဲမက်နီ ရှိနေမှန်းသိလျှင် ဝင်ဖြစ်မှာမဟုတ်ပါ။

တော်ကြာ ကိုယ်ကပဲ သူ့အရိပ်ကို လိုက်ကြည့်သည် ထင်သွားပြီး မာနတွေ သွေးနားထင်ရောက်လာရင် အခက်။

ဆိုင်ထဲက သူမတို့ စုံတွဲ ထွက်သွားတော့ သူရမောင် မျက်ဝန်းတွေ လိုက်ပါသွား၏။ သူကတော့ ဖျတ်ခနဲ တစ်ချက်မော့ကြည့်ရုံမျှသာ။

စွဲမက်နီက သူမလူ့ရဲ့ လက်မောင်းကို တစ်သက်လုံးပဲ အားကိုးတော့မလိုလို ချွဲနွဲ့မှုတွေနဲ့ ယီးလေးခို လိုက်ပါသွားခဲ့သည်။

သျှင်မြတ်နီ ရှိနေတာသိလို့ တမင် မင်းလုပ်ပြနေတာလား စွဲမက်နီ။





ဆောရီးပဲ ငါ့အတွက် စာမဖွဲ့လောက်ဘူး ယုံ။

■ ■ ■

နွေကျောင်းပိတ်ရက်တွေမှာ စွဲမက်နီ ဘီးလင်းကို ပြန်တော့သူ တမင်ပဲ မပြန်ဖြစ်အောင် စီစဉ်ခဲ့သည်။

စွဲမက်နီ တစ်ယောက်တည်း ပြန်သွားခဲ့သည့်ကိစ္စအတွက် မေမေက အလိုမကျသလို သူ့ဆီ ဖုန်းနှင့်ဆက်ကာ ဆူပူတော့သည်။

"သား ဒီလို မလုပ်သင့်ဘူး၊ သမီးလေးကို ဘာလို့ တစ်ယောက်တည်း ပြန်လွှတ်ရတာလဲ၊ သားကကော ဘာလို့ လိုက်မလာတာလဲ"

မေမေ့ရဲ့ မေးခွန်းတွေအတွက် သူ့ဘက်ကလည်း ပိုင်နိုင်အောင် ပြန်ဖြေဖို့ ရွေးချယ်ထား‌ပြီးသား။

"ဒုတိယနှစ်ကျရင် သားတို့စာတွေ ပိုခက်တယ် မေမေ၊ အဲဒါကြောင့် နွေအကြို ကျူရှင်တက်စရာတွေ ရှိတယ်၊ စွဲမက်နီက အကြောင်းမဟုတ်ပေမယ့် သား ပညာရေးက လိုအပ်တယ်၊ ဒါကြောင့်ပါ"

"ထားပါတော့ မင်း စွဲမက်နီကို ခဏလေး လိုက်ပို့ပေးလို့ မရအောင် အချိန်တွေက မရှိဘူးလား သား"

"သူ့ကိုတစ်ရက်နှစ်ရက်လောက် သား စောင့်နိုင်းပါသေးတယ်၊ သူ ပြန်ချင်တဲ့ရက်က သားတို့ ကျူရှင်အပ်တဲ့ကိစ္စတွေ ရှုပ်ထွေးနေလို့ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဆင်ခြေတွေ မေမေ ဆက်မကြားချင်တော့ဘူး၊ မေမေ ပြောတာ မင်းနားထောင်ပါ၊ မင်းနဲ့စွဲမက်နီကို မေမေတို့ တရားဝင် စေ့စပ်ထားပြီးသားနော်၊ ပညာရေးနဲ့သားတို့ ဆန္ဒကြောင့် လက်ထပ် မပေးသေးတာ၊ ဒါပေမဲ့ သားပညာရေး ဆုံးခန်းတိုင်တဲ့အထိလည်း မေမေတို့ စောင့်နိုင်မှာ မဟုတ်ဘူး၊ သမီးလေး ပညာရေး ပြီးတာနဲ့ လက်ထပ်ပေးမှာ၊ အဲ လိုအမ်ရင်ဒီထက် စောချင်စောဦးမှာ"

မေမေ့ရဲ့ အမိန့်ဆန်သော စကားတွေအတွက် သူ ဘာမှ ခွန်းတုံ့ပြန် စောဒကမတက်ချင်ပါ။

လက်ရှိအခြေအနေမှာ စွဲမက်နီဘက်ကပဲ ပြောင်းလဲဖို့ ခြေလှမ်း ပြင်နေခဲ့တာ မေမေတို့ မသိသေး။ သိချိန်လည်း မတန်သေးတာမို့ သူ ဖွင့်မပြောသေးတာပါ။

နောက်ဆုံး မေမေတို့ စီစဉ်လာခဲ့ရင်တောင် သူ့ဘက်က မွေး ချယ်ခွင့်တွေ ရှိနေသည့် အခြေအနေလေ။

စွဲမက်နီရဲ့ ဆန္ဒက အဓိက။ သူမရဲ့ ဆန္ဒနှင့် ဆန့်ကျင်စွာ သူက တိုက်ခိုက်ပြရမှာပဲ ဖြစ်သည်။

သူ လုပ်ချင်တာ သူမ ရှုံးနိမ့်သွားဖို့ပဲ ဖြစ်သည်။

■ ■ ■

တကယ်တမ်းကျ ကျောင်းပိတ်ရက်တွေက တကယ့်ကို ပျင်းရိ စရာတွေပဲ ဖြစ်သည်။ အာကာနှင့် ကျော်လေးတို့ကပါ ဘီးလင်း ပြန်သွား၊





တော့ သူ တစ်ယောက်တည်း ယောင်ချာချာ။

သူ သွားစရာနေရာ တစ်ခုပဲ ရှိသည်။ အခင်မင်ဆုံး သူငယ်ချင်း သူရမောင်တို့ အိမ်ပဲ ဖြစ်သည်။

"ငါလည်းပျင်းစရာ ဖြစ်နေတာကွ ဒီနှစ် ပြင်ဦးလွင် မသွား တော့ ရန်ကုန်မှာ သောင်တင်နေတာပေါ့"

"အဲဒါပဲ ကောင်းတာပေါ့ကွာ၊ ငါလည်း မြို့မပြန်ဖြစ်တော့ မင်းနဲ့အတူ ရှိသွားပြီ၊ ဒါနဲ့ မင်းမိဘတွေက ပြင်ဦးလွင်မှာ ဘယ်လောက် ကြာမှာလဲ"

"သင်္ကြန်ပြီးလောက်မှ ပြန်လာကြမှာ၊ ငါ့ညီမလေးလည်း ပါ လာမှာလေ"

"မင်းညီမ ဟုတ်လား ဝမ်းကွဲလား အရင်းလား"

"ညီမအရင်းပါကွာ၊ ညီမလေးမှာက သူ့ရောဂါကြောင့် ပြင်ဦး လွင်မှာပဲ အဘွားတို့နဲ့ နေနေတာ"

"ဘာဖြစ်လို့လဲ"

သူရမောင်နှင့် ခင်မင်တာက ဆေးကျောင်းရောက်မှ ဖြစ်သည်။ ဒီတော့ သူတို့ရဲ့ မိသားစုအကြောင်း သူ သိပ်မသိပါ။

သူသိထားတာ သူရမောင်သည် တစ်ဦးတည်းသော သားတစ် ယောက်ဟုပဲ ထင်ထားတာ ဖြစ်သည်။

"ငါ့ညီမလေးက သိပ်ကျန်းမာရေး မကောင်းဘူး၊ မွေးကတည်းကပါ



www.burmeseclassic.com

www.burmeseclassic.com



နှလုံးအားနည်းရောဂါ ရှိတယ်၊ အဘွားကို သူက သိပ်ချစ်တော့ ပြင်ဦးလွင် မှာပဲ နေတာ သုံးနှစ်ကျော်ပြီ''

သူရမောင်ရဲ့ ညီမလေးအကြောင်း ကြားရတော့ သူ စိတ်မကောင်းဖြစ်ရသည်။ မွေးရာပါ နှလုံးရောဂါသည်မလေးကို သူရမောင် ဘယ်လောက်ချစ်သလဲ သူ သိခွင့်ရခဲ့၏။

''ညီမလေးက တကယ် သနားစရာကောင်းတယ်ကွာ၊ ငယ် ငယ်ကတည်းက ပစ်လိုက်ရပြီ ထင်ထားတာ၊ ဖေဖေတို့ အတော် ဂရုစိုက် ပြီး ပိုးမွေးသလို မွေးခဲ့ရတာ၊ ပညာရေးမှာလည်း ရှစ်တန်းနှစ်ကတည်းက ကျောင်းက ထုတ်လိုက်ရတယ်''

''ငါ စိတ်မကောင်းပါဘူးကွာ''

သူရမောင် ပခုံးကို ဆုပ်ကိုင်ပြီး သူ ဆိုမိပါသည်။ တစ်ယောက် တည်း ဖြစ်နေသော သူရမောင်နှင့်အတူ သူ အိပ်သည့်အခါလည်း အိပ်။ သူရမောင်က သူ့အိမ်လိုက်အိပ်တာလည်း အိပ်နှင့် ကျောင်းပိတ် ရက်တွေကို ဖြတ်သန်းခဲ့ရသည်။

သင်္ကြန်ရက်တွေရောက်တော့ နှစ်ယောက်အတူလည်ဖို့ သူနှင့် သူရမောင် တိုင်ပင်ထားသည်။

ရန်ကုန်သင်္ကြန်က သူငယ်ငယ်ကတည်းက ကြုံဖူးပြီး အ ပြန်ကြုံရမှာ ရင်ခုန်စရာတော့ ကောင်းပါသည်။

အခုချိန်ဆို ဘီးလင်းမှာ စွဲမက်နီတို့ သင်္ကြန်အတွက် ရင်ခု





နေကြပြီ ထင်၏။ သဲဖြူချောင်းမှာ ဆိုင်ကာယ်တွေနှင့် ပျော်စရာ သင်္ကြန်ပွဲ တော်ကို ပြန်တွေးရင်း သူ သတိရမိ၏။

ဒါပေမဲ့ စွဲမက်နီ ရှိနေသော မြေမှာ သူ မနေချင်ဖြစ်တာပဲ ခပ်ကောင်းကောင်းပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

ဟင်းလင်း ဖွင့်ထားသော ခြံတံခါးက သူ့ကားလေးကို မော
ဝင်လိုက်စဉ်မှာပဲ

''ဝုန်း''

ဖွင့်ထားမိသော ကားတံခါးပေါက်မှ ရေတွေ ဒလဟော
လာကာ သူ တစ်ကိုယ်လုံး ရွှဲရွဲစိုသွားခဲ့၏။ ခွေးကောင် သူရမော
ရက်စက်ပြီ ထင်သည်။

တစ်လမ်းလုံး ရေမစိုအောင် ကားတံခါးပိတ်၊ မှန်တွေပိတ်
ခဲ့တာ ခြံဝရောက်မှ မှန်ချပ်တွေ ချလိုက်မိတာ အမှား။

''အဟင်း ဟင်း ခစ် ခစ်''

ရယ်သံလွင်လွင်လေးနှင့် ရေဖလားကြီး ပိုက်ကာ ရပ်နေ
မိန်းကလေး တစ်ယောက်ကြောင့် သူ မင်သက်အံ့သြသွားမိသည်။ ဘယ်





ကောင်မလေးလဲ။ ဆံတိုဂုတ်ဝဲလေးနှင့် ဝတ်ထားတာက အနီရောင်
ဂါဝန်ဖားဖားလေးနှင့်မို့ မျက်နှာနုနုလေးက ပိုပြီး ကလေးဆန်သွားသ
ယောင် ရှိ၏။

''ဟာ ညီမလေးကလည်း ကားထဲအထိ ပက်ရသလား''

''ဟင် ကိုကိုကလည်း သင်္ကြန်ရေပက်တာပဲဟာ''

အိမ်ထဲက ခပ်သုတ်သုတ် ပြေးထွက်လာသော သူရမောင်
အသံကြားမှ သူ ကားတံခါးဖွင့်ဆင်းရင်း ရေစက်တွေ နိုသီးနေသော
ပင်တွေကို ခါထုတ်ပစ်လိုက်၏။

''ဆောရီး သျှင်မြတ်ရာ ငါ့ညီမလေးက မနက်ကတည်းက
ိမ်က လူတွေကို သင်္ကြန်ရေလောင်းနေတာကွ''

''သင်္ကြန်ရေကစားချင်လို့ ရန်ကုန် ပြန်လာတာ ကိုကိုကလည်း
ညီမလေးကို ဆူဖို့ပဲ ဟင့်''

ပြောရင်း နှုတ်ခမ်းလေးတွေ စူကာ မျက်ရည်လေးတွေ ဝဲလာ
တာက ချက်ချင်း။ သူရမောင် မျက်စိမျက်နှာပျက်သွားရင်း

''ဟာ မဟုတ်ပါဘူး ညီမလေးရ၊ ကိုကိုက ဆူတာ မဟုတ်ပါ
ဘူး။ ဟိုလေ ကိုကို့ သူငယ်ချင်းကို အားနာလို့ပါနော် နော် ညီမလေး''

''ရပါတယ် သူရရာ၊ ငါ စိတ်မဆိုးပါဘူး၊ ညီမလေး သင်္ကြန်ရေ
လောင်းတာ ကိုယ် ကျေနပ်တယ် ဟုတ်လား''

သူကိုယ်တိုင် ပြုံးပြုံးရွှင်ရွှင်နှင့် တောင်းတောင်းပန်ပန်ပြော



www.burmeseclassic.com

www.burmeseclassic.com



နှစ်သိမ့်လိုက်မှ ကောင်မလေးမျက်နှာလေး ဝင့်လက်သွားသည်။

ဒီကောင်မလေး သူရရဲ့ ညီမလေးဆိုတာ သူ သိလိုက်ပါသည်။

"သျှင်မြတ် ဒါ ပြင်ဦးလွင်က ရောက်လာတဲ့ ငါ့ညီမလေးလေ မြတ်နိုးဆွတ်ကြင်တဲ့၊ ညီမလေး ဒါ ကိုကို့ သူငယ်ချင်း"

ကောင်မလေး နှာခေါင်းရှုံ့သွားပြီး သူ့ကို မျက်နက်ဝန်းလေးတွေနှင့် ကြည့်ကာ

"နာမည်ကြီးက တစ်မျိုးကြီးပဲ၊ ကိုကို့ သူငယ်ချင်းပဲ၊ မြတ်နိုး ကိုကိုပဲပေါ့ နော် ကိုကိုလို့ပဲ ခေါ်မယ်"

"ခေါ်ပါကွာ ခေါ်ပါ ညီမလေး စိတ်တိုင်းကျ ခေါ်ပါ"

ဒီကောင်မလေးက သူရတို့ အားလုံးအလိုလိုက် ဝိုင်းချစ်ခြင်း ခံထားရသော ကောင်မလေးမို့ သူလည်း သနားမိပါသည်။ သနားစရာ ကောင်းသည့် ကောင်မလေး။

"ဒီနေ့ အိမ်မှာ မုန့်လုံးရေပေါ်တွေ လုံးပြီး ဝေမှာ ကျွေးမှာ ကိုကိုရဲ့၊ ကိုကိုလည်း စားသွားနော်၊ ပျော်စရာကြီး သိလား"

မြတ်နိုးဆွတ်ကြင်က သူ့ကို ပြောနေတော့ သူ ပြုံးပြီး ခေါင်း ညိတ်လိုက်ရ၏။ နုနုငယ်ငယ် အရွယ်လေးနှင့် သူမ ခံစားပိုင်ဆိုင်နေရ သော ရောဂါဝေဒနာကြီးက မမျှတသလိုပါပဲ။

တကယ့်ကို ကလေးဆန်ပြီး ခင်မင်စရာကောင်းသော ကောင် မလေးကိုတော့ သူ ချစ်ခင်သွားမိပါသည်။





"သင်္ကြန်ပြီးမှ ပြန်လာမယ် ငါထင်ထားတာကွ၊ ညီမလေးက သင်္ကြန်အမီ ပြန်ချင်တယ်ဆိုလို့ ရောက်လာကြတာလေ၊ မင်းနဲ့ငါ အစီ အစဉ်တွေတော့ ပျက်ပြီ သျှင်မြတ်ရေ"

သူရမောင်က သူ့ကို တိုးတိုးလေး သူမ မကြားအောင် ကြိတ် ပြောသည်။ ကြည်နူးအပြုံးလေးတွေနှင့် ပျော်ရွှင်နေသော မြတ်နိုးဆွတ်ကြင် ကို ကြည့်ကာ သူ ခေါင်းကို ခါပြမိ၏။

"ငါတို့ အစီအစဉ်ပျက်ပေမယ့် မင်းညီမလေး ရောက်လာတာ ပျင်းစရာမကောင်းတော့ပါဘူးကွ၊ သူ စိတ်ချမ်းသာသလို နေပါစေ"

ထိုနေ့က သူတို့တွေ မုန့်လုံးရေပေါ်တွေ ဝိုင်းလုပ်ကြ၊ ပြီးတော့ အိမ်နီးချင်းတွေလိုက်ဝေ။ လမ်းမပေါ်က ဖြတ်သွားသမျှ ကလေးရော လူကြီးပါမကျန် လိုက်ဝေ ကျွေးမွေးရင်း တစ်နေကုန်သွားခဲ့၏။

သူရ ညီမလေး မြတ်နိုးက ရေပက်ချင်သည်ဆိုတော့ ရေပိုက် အခွေလိုက်ကြီး ဆွဲထုတ်ကာ မြို့ရှေ့မှာ ရေပက်ကြသည်။

လမ်းမပေါ် ဖြတ်သွားသည့် ကားတွေ လူတွေ မြတ်နိုးဆွတ်ကြင် ရေပိုက်နှင့်ပက်သည်။ ပက်စရာ လူမရှိလျှင် သူနှင့်သူရကို ရွှဲရွှဲစိုအောင် ရေပိုက်ကြီးနှင့် ထိုးသည်။

"ဟ ဟ အချင်းချင်းတွေ မပက်နဲ့လေ ညီမလေးရဲ့"

"မရဘူး ပက်မှာပဲ ပက်စရာ လူမှမရှိပဲ၊ ကိုကိုတို့ကိုပဲ ပက်မှာ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ပက်ပါကွာ ပက်ပါ ဟ ဟ မျက်နှာကို မပက်နဲ့လေ ဟား ဟား"

သင်္ကြန်ပထမရက်လေးက မျှော်လင့်မထားပါဘဲနှင့် ပျော်စရာကောင်းခဲ့တာတော့ အမှန်ပဲ ဖြစ်သည်။

"ကဲ ညီမလေး တော်ကြစို့ကွာ၊ ညီမလေး နှုတ်ခမ်းတွေ ပြာနေပြီ"

"ဟာ ကိုကိုကလည်း နေတောင် မညိုသေးဘူး၊ ညီမလေး မချမ်းပါဘူး"

မချမ်းပါဘူးဆိုသော ကောင်မလေး ဖက်ကလေးပုကာ နှုတ်ခမ်းလေးတွေ ပြာနေတာမို့ သူလည်း မကြည့်ရက်နိုင်တော့ပဲ ချော့မော့ရ၏။

"ကဲ မြတ်နိုးရေ ကိုယ်တို့ နားကြရအောင် သင်္ကြန်ရက်က နှစ်ရက်ကြီးတောင် ကျန်သေးတယ်၊ မနက်ဖြန်မှ ရေထပ်ကစားကြတာပေါ့"

"ကိုကိုက မြတ်နိုးတို့နဲ့ လာကစားမှာမို့လား"

"ကစားမှာပေါ့ကွာ စိတ်ချ၊ ဒီသင်္ကြန်ရက်တွေမှာ မြတ်နိုးတို့ မောင်နှမနဲ့ပဲ အတူ ကစားမှာပါ"

"တကယ်နော် ကိုကို ဘုရားစူးနော်"

"အင်း စူးပါကွာ စူး"

အနီရောင် ဂါဝန်လေးနှင့် သူ့ကို လက်ညှိုးလေးထောင်ကာ





ပြောနေသော သူရရဲ့ ညီမလေးကို ကြည့်ကာ သူ ခေါင်းတွေညိတ်ကတိပေးလိုက်တော့ သူမ ကျေနပ်သွားခဲ့သည်။

နောက်ရက်တွေမှာလည်း သူတို့တွေ ခြံရှေ့မှာပဲ ရေကစားဖြစ်ကြသည်။ မြတ်နိုးဆွတ်ကြင် ကျေနပ်စိတ်ချမ်းသာအောင် အနီးလက်တွေ ခုတ်ကာ ရေကစားမဏ္ဍပ် အသေးစားလေး သူတို့ ထောက်ပေးကြသည်။

ကလေးတစ်ယောက်လို ကြည်နူးပျော်ရွှင်နေသော မြတ်နိုးဆွတ်ကြင်ကို ကြည့်ကာ အားလုံး ကျေနပ်ဝမ်းသာကြရ၏။

သူတို့သုံးယောက် ပျော်ရွှင်နေတာကို ကြည့်ကာ [illegible]မောင်တို့ မိဘနှစ်ပါးလည်း ကြည်နူးအပြုံးတွေနှင့် ရှိကြ၏။

"ကျေးဇူးတင်လိုက်တာ မောင်သျှင်မြတ်နိုးရယ်၊ သမီးလေးကို ခေါ်သာ ခေါ်လာရတယ်၊ ဒီမှာ မပျော်မှာ စိုးရိမ်နေတာကွ"

"ဟုတ်တယ် သားရေ၊ ဒီရောက်မှ မပျော်ဘူး ပြင်ဦးလွင်ပြန်ပို့ခိုင်းနေမှာ အန်တီတို့ စိုးနေတာ၊ ဟိုမှာ သူ့အသွားက တရားစခန်းဝင်နေတာလေ၊ အခုတော့ သမီးလေးက ပျော်နေတော့ အန်တီတို့ဝမ်းသာရတာပေါ့"

"သျှင်မြတ် မင်းရှိနေလို့ ညီမလေး ပျော်နေတာနော်၊ သင်္ကြန်အတက်နေ့လည်း လာခဲ့ပါကွာ"

သူရကော သူရ မိဘတွေကပါ သူ့ကို ကျေးဇူးတွေတင်ကာ



www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်နေကြသည်။

"စိတ်ချပါကွာ ငါလည်း တစ်ယောက်တည်းနေရတာ ပျင်းနေ
တာ၊ စိတ်ချ သင်္ကြန်ရက်တွေ ဒီမှာပဲ ရှိမှာပါ"

သင်္ကြန်သုံးရက်စလုံး သူ သူရမောင်တို့ အိမ်မှာပဲ အချိန်ကု
သည်။ မြတ်နိုးဆွတ်ကြင်လေး ပျော်အောင် သူအတူရှိနေပေးသည်။

ထို့အတွက် သူရနှင့် သူ့မိဘတွေက သူ့ကို ပိုလို့ ခင်မင်ရင်းနှ
သွားခဲ့ကြသည်။ မြတ်နိုးကလည်း သူ့ကို အစ်ကိုတစ်ယောက်လို ခင်မ
သွားသလို သူကလည်း မြတ်နိုးအပေါ်မှာ ညီမရင်းချာလို သံယောဇ
တွယ်မိသွားခဲ့၏။

သင်္ကြန်ပြီးဆုံးသွားသည့်ရက်တွေမှာလည်း သူရတို့ အိမ်က
သူ့ရဲ့စားအိမ်သောက်အိမ်လို ဖြစ်သွားခဲ့သည်။

"ကိုကို မြတ်နိုးတို့ဆီ အမြဲလာနော်၊ ကိုကို ရှိနေရင် မြတ်နိ
အရမ်းပျော်တယ် သိလား"

မြတ်နိုးဆွတ်ကြင်က သူ့ကို တမ်းတမ်းတတလေး ပြောတေ
သူ ခေါင်းညိတ်ကတိပေးမိပြန်၏။

"စိတ်ချ ကိုကို အမြဲလာမှာပါ ညီမလေးရယ်"

မျက်နက်ဝန်းလေးတွေမှာ အပြုံးရောင်စဉ်တွေ ဖြာလဲ့က
ကောင်မလေး ကြည်နူးနေတော့ သူ ဝမ်းသာရပါသည်။ သူရကလည်
သူ့ကို ကျေးဇူးတင်မျက်ဝန်းတွေနှင့် ကြည့်နေခဲ့၏။





သူရ မိဘတွေကလည်း သမီးလေး ကျေနပ်ဝမ်းသာနေတာ
မြင်တော့ ကြည်နူးမဆုံးကြ။

သူ့ထက် နှစ်နှစ်ကျော်ခန့် ငယ်သော မြတ်နိုးအပေါ်မှာ သူ
စာနာသနားစိတ်နှင့် သွေးရင်းညီမလေးလို ခင်မင်မိ၏။ ဒါကြောင့်လည်း
ကျောင်းတွေ မဖွင့်မချင်း သူရတို့ အိမ်ရောက်သည်။

သူ ရောက်တိုင်း မြတ်နိုးက ဝမ်းသာအားရ ဆီးကြိုကာ စကား
တွေ ဖောင်ဖွဲ့ပြော၊ စားစရာတွေ တစ်ခုပြီးတစ်ခု ယူကျွေးနှင့် အနားက
မခွာတော့ပါ။

ဖြူစင်ရိုးသားပြီး ချစ်စရာကောင်းသော ကောင်မလေးကို သူရဲ့
ညီမလေးလိုပဲ နှောင်တွယ်ခဲ့မိတာတော့ ဝန်ခံပါသည်။ ထိုအချိန်တွေမှာ
စွဲမက်နှီးနှင့်ပတ်သက်သမျှ သူ အရာရာကို မေ့ပြီး ကြည်နူးနေမိတာ
အသေအချာပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

စွဲမက်နီ ရန်ကုန်ပြန်လာမည်ဆိုတော့ မေမေ သူ့ဆီ ဖုန်းဆက်ကာ ကားဂိတ်မှာ သွားကြိုဖို့ အမိန့်ပေးသည်။ မေမေ့စကားကို သူ ခေါင်းညိတ်ခဲ့ပေမယ့် သွားမကြိုဖြစ်ခဲ့ပါ။

မလိုအပ်သော ကိစ္စဟုပဲ သူ သတ်မှတ်ထားသလို စွဲမက်နီကလည်း ထိုကိစ္စအတွက် မကျေမနပ်ဟန် မပြခဲ့။

မေမေ ဖုန်းဆက်မေးတော့ စွဲမက်နီကတောင် လိမ်ညာပေးခဲ့တာမို့ မေမေရဲ့ ဆူပူမှုကို သူ မခံယူခဲ့ရပါ။

ကျောင်းတွေ ပြန်ဖွင့်တော့ စွဲမက်နီလည်း သူ့ကျောင်းသူတက်၊ သူလည်း ကိုယ့်ကျောင်းကိုယ်သွား ဆက်ဆံမှုက ယခင်အတိုင်းပဲ ရှိခဲ့သည်။





အခြေအနေတွေက မပြောင်းလဲသလို စွဲမက်နီရဲ့ ပုံစံကလည်း မပြောင်းခဲ့တာကို အာကာတို့တွေဆီက သူ သတင်းကြားပြီးသား ဖြစ်၏။

"ဒုတိယနှစ်ရောက်မှ မင်းရဲ့စွဲမက်နီ ပိုပြီးဆိုးလာသလိုပဲ သျှင်မြတ်"

"ကောင်းတာပေါ့ ငါ လိုချင်တာ ဒီထက်ဆိုးတဲ့ အခြေအနေမျိုးကွ"

"မင်း မသိဘူးလား သျှင်မြတ်နီ၊ အခု စွဲမက်နီနဲ့ တွဲနေတာ မင်းတို့ M.C က တစ်ယောက်ကွ"

သူ တကယ်မသိတာမို့ ခေါင်းပဲခါပြမိသည်။ စွဲမက်နီရဲ့ တိုက်ကွက်ခြေလှမ်းတွေက သူ့အနားကို တရိပ်ရိပ်တိုးလာခြင်းလား။

ထို့အတွက် သူ ဘာမှခံစားစရာ အကြောင်းမရှိပါ။

"သျှင်မြတ် ငါတို့တော့ မင်းအစား ရင်လေးတယ်"

"ရင်လေးစရာ ဘာမှမရှိဘူး၊ ငါတောင် ဥပေက္ခာပြုထားသေးတာပဲကွာ၊ မင်းတို့က အဝေးကြီးပါ"

"အဝေးကြီး မလုပ်နဲ့၊ မင်း ခံနေရမှာစိုးလို့ကွ"

"ကျွတ်စ် ငါ့ကို မင်းတို့ လျော့တွက်တာပဲ"

"အေး မင်းလည်း လျော့မတွက်နဲ့၊ မင်းနဲ့စွဲမက်နီက တရားဝင်စေ့စပ်ထားတာနော်၊ တော်ကြာ မင်း လှည်းကျိုးထမ်းနေရမှာစိုးလို့"

"ဘာကွ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲအထိ နာကျင်ခံရခက်စေသော စကားမြားကို ကျော်လေး ပစ်သွင်းလိုက်သလိုပါပဲ။ ဒေါသစိတ်နဲ့ ဟစ်အော်ပြီးမှ သူ အားပါးတရ ဟားတိုက်ရယ်မောပစ်လိုက်သည်။

"ငါ နွားတစ်ကောင် မဟုတ်ဘူး၊ စွဲမက်နီကလည်း မင်းတို့ ထင်သလောက် မအပါဘူး၊ သျှင်မြတ်နီ ဆိုတဲ့ကောင်ကို အဲဒီလို အချဉ်ဖမ်းလို့ မရတာ သူ အသိဆုံးပါ၊ မင်းတို့ စောင့်ကြည့်လိုက်"

စောင့်ကြည့်လိုက်ဟု သူ ဆိုခဲ့ပေမယ့် စွဲမက်နီက သူ့ကျောင်းဝင်းထဲအထိတောင် ကျူးကျော်ရောက်လာတာမို့ သူတောင် အံ့သြရသေးသည်။

"ကြည့်စမ်း ကြည့်စမ်း သျှင်မြတ်၊ သူ့ကို မင်း မှတ်မိသလား"

ကင်တင်းနံမှာ စွဲမက်နီကို မြင်လိုက်တော့ သူရမောင် မှတ်မိသွားခဲ့ကာ လက်တို့ပြီး ပြသည်။

သူ့မျက်ဝန်းတွေတောင် သူ မယုံချင်။ စွဲမက်နီ တွဲနေသည့်ကောင်က သူတို့ ဆေး(၁)က နာမည်ကြီး မော်ဦးကို နှင့် ဖြစ်နေသည်။

မော်ဦးကိုက ယောကျ်ားတန်မဲ့ မိန်းမဆန်စွာ ချောမောသူ။ မိဘအသိုင်းအဝန်းကလည်း တကယ့် ဂရိတ်တွေ။ ဆေး(၁)မှာတော့ ရည်းစားတွေ ထည်လဲတွဲသူပါပဲ။

လက်ရှိမှာတော့ မော်ဦးကို နံဘေးမှာ ရှိနေတာ စွဲမက်နီ ဖြစ်နေ၏။





"ငါတို့ ရက်စတော့ရင့်မှာ တွေ့ခဲ့တုန်းက မိန်းကလေးတွေ၊ မော်ဦးကိုနဲ့ ဘယ်လိုငြိသွားသလဲ မသိဘူး၊ ငါတို့ တွေ့တုန်းက တွဲနေတာ တစ်ယောက်နော်"

သူရမောင် ကတော့ မှတ်မိနေတာမို့ အံ့သြထင်မြင်ချက်တွေ ပေးနေ၏။ ဝင်လာတုန်းက သူ မမြင်ပေမယ့် စွဲမက်နီကတော့ သူ့ကို မြင်မှာ သေချာ၏။ မော်ဦးကိုနှင့် ယှဉ်တွဲထိုင်ကာ အပြုံးတွေ လှိုင်နေသော အော်ဂလီဆန်စရာ ကောင်း၏။

"အရှုပ်ထုပ်ခြင်းမို့ ချိတ်မိတာပေါ့ကွာ၊ မင်းက ဘာလို့ စိတ်ဝင်စားနေတာလဲ၊ ကိုယ်နဲ့မဆိုင်တာကို"

"အံ့သြလို့ပါကွာ မော်ဦးကိုက ငွေးနော်၊ ဒီကောင် ဒီတစ်ယောက်ကိုကော တကယ် အဘည်ဟုတ်ရဲ့လား"

"အဲဒါ မင်းကိစ္စမဟုတ်ဘူး သူရ၊ လစ်မယ်ကွာ၊ မင်္ဂလာမရှိတဲ့ မြင်ကွင်းတွေ မမြင်ချင်ဘူး"

သူ ပြောပြီး ကင်တင်းနံ့ထဲက ထထွက်ခဲ့တော့ သူရမောင် နောက်က အပြေးလိုက်လာသည်။

ဘာကြောင့်မှန်းမသိပေမယ့် စွဲမက်နီ သူ့ကျောင်းထဲအထိ ခြေရှုပ်လာတာတော့ ရင်မှာ အောင့်သက်သက် ခံစားရ၏။

အာကာတို့သတိပေးခဲ့သော စကားကို နားထဲမှာ ပြန်ကြားမိ၏။ မော်ဦးကိုဆိုတဲ့ကောင်က မိန်းမကြမ်းကျေသည်။ ဒါကို စွဲမက်နီ



www.burmeseclassic.com

www.burmeseclassic.com



သိမှာမဟုတ်။

အို ဘာဆိုင်တာမှတ်လို့၊ အနေသာကြီးပဲလေ။ စွဲမက်နီဘက်
ဘာကြောင့် သူ ပူပန်နေမိတာလဲ။

သင်းထိုက်နဲ့ သင်းကံပဲ။ သူ စိုးရိမ်သလိုဖြစ်လာရင်တော့
လက်ခုပ်တီး ကျေနပ်ရဦးမှာ။

စာနာစိတ်ကို ဒေါသတွေနှင့် သူ ခြေမွပစ်နေမိပေမယ့် ရင်ထဲ
မှာတော့ တစ်စုံတစ်ခုအတွက် စိုးရိမ်နေသလို ခံစားနေရ၏။

မဟုတ်သေးဘူး သျှင်မြတ်နီ။ ဒါ ပြိုင်ပွဲတစ်ခုဆိုတာ မင်း
မမေ့နဲ့။ စွဲမက်နီ ဆိုတဲ့ မိန်းမကို မင်း အရှုံးပေးမလို့လား။

အဆိပ်ထက် ပြင်းတယ် ကိုယ့်လူ။ သတိထား။

■ ■ ■



## အခန်း (၃၇)

ကျောင်းပိတ်ရက် တစ်ရက်မှာ သူ အိပ်ရာထ နောက်ကျတာက
တာ အဆန်းတော့ မဟုတ်ပါ။

ရာသီဥတုက အိုက်စပ်စပ်မို့ ရေချိုးချင်လာ၏။ ညဝတ်အင်္ကျီ
ရှည်ကြီးကို ချွတ်ပြီးမှ စိတ်ကူးပြောင်းကာ ရေကူးဖို့ ဆုံးဖြတ်လိုက်သည်။

အိမ်မှာ ရေကူးကန် ရှိပေမယ့် သူ ရေမကူးဖြစ်တာ ကြာပြီ။
အညောင်းပြေ အညာပြေ ရေကူးဖို့ တွေးရင်း ရေကူးကန်ဘက် ထွက်
ခဲ့သည်။

ခြံနောက်ဘက်မှာရှိသော ရေကူးကန်ဘောင်ပေါ်မှာ ခြေချမိ
ကာမှ မမျှော်လင့်ထားသော မြင်ကွင်းကြောင့် တွန့်ခနဲ ဖြစ်ကာ မင်သက်
သွားတဲ့အထိ။

စွဲမက်နီ ရေကူးနေလိမ့်မည်ဟု လုံးဝ ထင်မှတ်မထားခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူမ ရေကူးတတ်တာတောင် သူ မသိခဲ့။

အခုတော့ ပြာလဲ့သော ကန်ထဲမှာ သူမ ရေကူးနေသည်။ အနက်ရောင် ရေကူးဝတ်စုံလေးကြောင့် ဝါဝင်းသော သူမ အသားရောင် လေးတွေက ထင်းရှင်းနေသည်။

ရေကူးကန် တစ်ဖက်စွန်းအထိ ကူးသွားပြီး သူ ရှိရာဘက်ကို ပြန်လှည့်အကူးမှာ သူမ သူ့ကို မြင်သွား၏။

မျက်နက်ဝန်းလေးတွေ ပိုင်းစက်ထိတ်လန့်သွားပုံ ရ၏။ ရေတွေ တဝုန်းဝုန်းနှင့် လှိုင်းခတ်သွားအောင် အမြန်ကူးလာပြီး ရေကန်ပေါ် သူမ ကသောကမျောလေး ပြန်တက်လာ၏။

ဆံနွယ်တွေကို လက်နှစ်ဖက်နှင့် သပ်ကာ ကျောဘက်ပို့ပစ်ရင်း မျက်နှာပေါ်က ရေစက်တွေကို သူမ လက်တွေနှင့်သပ်ချ၏။

''နင် နင် ဘာလာလုပ်တာလဲ''

မေးပုံက တကယ့် အကျောကြီးနှင့်မို့ သူ မျက်မှောင်ကြီးကျု ကြည့်ရင်း

''ငါ့ဘာသာ ရေကူးဖို့ ထွက်လာတာ ဘာဖြစ်လို့လဲ''

စွဲမက်နီ မျက်နှာလေး ပန်းနုရောင် သမ်းနေသည်။ မလုံမခြုံ ရေကူးဝတ်စုံလေးနှင့် ဖွံ့ထွားသော သူမရဲ့ အလှတရားတွေကို သူ တမင်ပဲ စူးစူးနစ်နစ် ကြည့်ပစ်လိုက်သည်။

သူမ မျက်နှာလေး ပိုရဲရဲနီသွားခဲ့ကာ ဒရင်းဘတ်ပေါ်က





သဘက်ရှည်ကြီးကို လှမ်းယူသည်။

ရင်ညွှန့်အစပ်မှ ပေါင်လယ်သာသာလောက်ပဲ လုံခြုံနိုင်သော သဘက်ရှည်ကို ကသောကမျောလေးပတ်ပြီးမှ သူမ သူ့ကို လှည့်ရင်ဆိုင် ၏။

''ငါ ရေကူးနေတာ သိရက်နဲ့ နင် တမင်လာတာလား''

''အဲသလောက်ထိ နင့်ကိုယ်နင် အထင်ကြီးမနေနဲ့ စွဲမက်နီ၊ နင့်အလှအောက်မှာ ဝပ်တွားသွားတဲ့ကောင်တွေထဲမှာ ငါ မပါဘူး''

ဒီတစ်ခါ မျက်နှာလေး နီသွားတာ ဒေါသကြောင့်ပဲ ဖြစ်မည်။ ဝင်းမွတ်နေသော မျက်နှာရဲရဲလေးက အစက်အပြောက် ကင်းစင်အောင် ချောတာတော့ သူ သတိထားမိသည်။

နိမ့်ချည်မြင့်ချည် တုန်ခါနေသော ရင်အစုံက သူမ ဒေါသတွေ ကို လှစ်ဟာပြနေသလို နှုတ်ခမ်းလေးတွေကလည်း လှုပ်ခတ်တုန်ယင်လျက် တစ်ခုခုပြောဖို့ ပြင်နေ၏။ ပြီးမှ တင်းခနဲ နှုတ်ခမ်းသားတွေ စေ့ပိတ်ကာ လှည့်ထွက်ဖို့ ပြင်၏။

''နေဦး စွဲမက်နီ''

သူမလက်ကို ဆွဲကာ သူတားတော့ စူးခနဲ မျက်ဝန်းတွေနှင့် လှည့်ကြည့်ရင်း

''နင် ငါ့အသားကို မထိနဲ့''

''ထိချင်လို့ မထင်နဲ့ နင့်ကို သတိပေးစရာရှိလို့ အခု ငါ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းက မော်ဦးကိုနဲ့ တွဲနေတဲ့ကိစ္စ''

ရှက်ရိပ်တွေ၊ ဒေါသတွေနှင့်တောင် လှနေသော မျက်နှာလေးက မဲ့ခနဲ မထီတရီပြုံးတော့လည်း တစ်မျိုးကြည့်ကောင်းနေပြန်၏။

''ဒါ ငါ့လွတ်လပ်ခွင့် နင် တားစရာမလိုဘူး။ နင်နဲ့ဘာဆိုင်လဲ''

''ငါနဲ့နင်က စေ့စပ်ထားတာလေ၊ နင် မေ့နေပြီလား''

''စေ့စပ်ထားတာ လက်ထပ်ထားတာ မဟုတ်ဘူး၊ ငါ့ကိုနင် ချုပ်ချယ်ခွင့်မရှိဘူး''

''အိုကေ ငါ လက်ခံတယ်၊ ဒါပေမဲ့ ငါ နွားတစ်ကောင် မဟုတ်ဘူးနော်၊ လှည်းကျုံးထမ်းလောက်အောင်တော့ ငါ သိက္ခာမမဲ့ဘူး''

''နင် နင် မစော်ကားနဲ့''

နှုတ်ခမ်းလေးတွေ တဆတ်ဆတ်တုန်ကာ သူမ သူ့ကို စူးစူးဝါးဝါး ကြည့်နေ၏။ စက္ကန့်ပေါင်းများစွာ မျက်ဝန်းချင်းရင်ဆိုင် အားပြိုင်နေပြီး သည့်နောက်မှာ သူမ ချာခနဲ လှည့်အထွက်

''အို''

ကြွေပြားကပ် အုတ်ဘောင်က ရေစိုနေသော သူမ ခြေဖဝါး တွေကို မမြဲစေဘဲ ခြေချော်လဲကျသွားစေတော့ သူ့ စိုးရိမ်စိတ်နှင့် လှမ်း ပွေ့လိုက်မိတာ တမင်ရည်ရွယ်တာတော့ မဟုတ်ပါ။

သူ့ရင်ခွင်ထဲမှာ သူမ ခန္ဓာကိုယ်လေး အိခနဲ ပြိုလဲကျ နွေးထွေးနူးညံ့သော အထိအတွေ့မှာ သူ တဒင်္ဂတော့ နစ်မျောသွားမိ





သူမလည်း ရုန်းထွက်ဖို့ မေ့နေသည်လား။ မျက်နက်ဝန်းလေး က မျက်တောင်ကြီးတွေ ပုတ်ခတ်ပြီး သူ့ကို မော်ကြည့်နေဆဲ။

ပြီးမှ ရင်ခါင်ထဲက ရုန်းထွက်ကာ သူမ ချာခနဲ လှည့်ထွက် သွားသည်။

ဆံနွယ်တွေက ရေစက်လေးတွေ စီးကျနေသော ကျောပြင်ဝင်း မွတ်မွတ်လေးကို ငေးကြည့်ရင်း သူ ရင်တွေ လှုပ်ခတ်ကျန်ရစ်ခဲ့၏။

ပြီးမှ နှုတ်ခမ်းတွေ လှစ်ခနဲ ပြုံးကာ ရေကန်ထဲကို ခုန်ဆင်း ကူးလိုက်သည်။

အံ့ဩစရာကောင်းသည်က ကန်ရေထဲမှာပေမယ့် သူ့ရင်တွေ နွေးထွေးနေဆဲ။

မင်းရဲ့မာနအတ္တတွေသာ မရှိခဲ့ရင် ဘယ်လောက်ကောင်းမလဲ ဖွဲ့မက်နီ။

■ ■ ■

အခန်းထဲ ပြန်ရောက်သည်အထိ ရင်ထဲမှာ တလှပ်လှပ် တုန်ခါ နေဆဲဆိုတာ သူမကိုယ်သူမပဲ အသိဆုံး။

သူ့ရင်ခွင်ထဲမှာ မိန်းမောသွားခဲ့သည့် အဖြစ်က အိပ်မက် မဟုတ်။

ဒေါသတွေနှင့် လှည့်ထွက်မိစဉ် ခြေချော်လဲကျသွားတော့ သူမ ထိတ်ခနဲဖြစ်သွားတာ မှတ်မိ၏။ ပြီးတော့ လူက သူ့ရင်ခွင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုတခဏ်မှာ သူ့မျက်ဝန်းတွေထဲက စိုးရိမ်မှုတွေကို သူမ မြင်တွေ့ခဲ့ရသည် ထင်သည်။

အို မဟုတ်နိုင်ဘူး။ သျှင်မြတ်နီဆိုတဲ့ ယောကျ်ားမှာ စာနာသနားတတ်တဲ့စိတ် ဘယ်တုန်းက ရှိခဲ့ဖူးလို့လဲ။

ပြိုင်ဆိုင်မှုတစ်ခုအတွက်တောင် ကလိန်ကကျစ်ဉာဏ်တွေနဲ့ အာရုံပြောင်းအောင် လုပ်ခဲ့တဲ့သူ။ စင်္ကာပူတက်ကျောင်းမှာတုန်းက သူ့ကို လျှော့တွက်မိလို့ သူမတောင် အဆင့်နှစ် ဖြစ်သွားဖူးသည်။

ပြီးတော့ အငြိုးအတေးကြီးနဲ့ သူမဘဝကို သူ့ဘဝနဲ့ရင်းပြီး တော့တောင် လဲလှယ်ခဲ့တဲ့ ယောကျ်ား။

ဒီလို ယောကျ်ားမှာ စာနာမှု ကရုဏာတရားဆိုတာ ရှိနိုင်မှာလား။ တခဏ် မြင်ခဲ့ရတယ်ဆိုရင်တောင် ယုံနိုင်ဖို့ ခဲယဉ်းပါသည်။

နင် မပျော့ညံ့လိုက်နဲ့ စွဲမက်နီ။

အဲဒီယောကျ်ား ရင်ထဲမှာ နှလုံးသား မရှိဘူး။ အမုန်းတွေပဲ ကြီးမားစွာ ရှိနေခဲ့တာ နင် မမေ့နဲ့။

နင့်ဘဝ နင့်ရည်မှန်းချက်တွေ စတေးပြီး အနိုင်ယူမယ့် ရည်မှန်းချက်ကြီး ဖျက်ပစ်လိုက်မှာလား။

ဟင့်အင်း ရှင့်ကို စွဲမက် ပြန်အနိုင်ယူပြမယ် သျှင်မြတ်နီ။

အခုပဲ ရှင့်ရင်ကို ထိရှနေစေတယ် မဟုတ်လား။ မောင်ဦးကို ကြောင့် ရှင် နာကျင်ခံရခက်နေသလား။





အဲဒီ အခြေအနေထက်ဆိုးတဲ့ ဝေဒနာဆိုးတွေ ရှင့်ရင်ဘက်ထဲ စွဲမက် ထည့်ပေးဦးမှာပါ။

ရှင် ခံယူနိုင်ဖို့ ပြင်ဆင်ထားပေတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"ကိုကို မိအောင်ဖမ်းနော် ကဲ လာပြီ"

ရောင်စုံဘောလုံးကြီးကို သူ့ဆီ ပစ်မြှောက်ပြီး မြတ်နိုး ဖမ်းခိုင်းတော့ သူ အရအမိ ဖမ်းလိုက်ရ၏။

"ဟား တော်တယ် ကိုကိုက တော်တယ်၊ ပစ် ပစ် ဒီတစ်ခါ မြတ်နိုး ဖမ်းအလှည့်"

ဒီကောင်မလေးနှင့်ကျမှ သူလည်း ကလေးလေးလို ဖြစ်နေရတဲ့အဖြစ်။ သူ ရောက်လာတိုင်း တစ်ခုမဟုတ်တစ်ခု ပူဆာနေကျ မြတ်နိုးဆွတ်ကြွင်ကြောင့် အခုလည်း ဘောလုံးကစားချင်သည် ဆို၍ ခြံထဲမှာ အတူကစားပေးနေရသည်။

"အမြင့်ကြီး မြှောက်ပါ ကိုကိုရဲ့၊ ပစ် ပစ် အမြင့်ကြီးပစ်"

မြတ်နိုး ပြောသည့်အတိုင်း ဘောလုံးကို သူမြှောက်ပစ်လိုက်





တော့ သူမ လက်ကလေးတွေ ဆန့်တန်းကာ ဖမ်းဖို့ ပြင်သည်။

ဒါပေမဲ့ ဘောလုံးက သူမလက်ထဲ မရောက်ခင်မှာတဲ့ မျက်နှာလေး ရှုံ့မဲ့ကာ ခွေလဲကျသွား၏။

"ဟာ မြတ်နိုး ညီမလေး မြတ်နိုး"

သူ စိုးရိမ်တကြီး ဟစ်အော်ရင်း မြတ်နိုးကို ပြေးပွေ့ထားလိုက်ရသည်။

"မြတ်နိုး ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

"မော မောလို့ ကိုကို မော မောတယ်"

"ဟင် ဒုက္ခပါပဲကွာ၊ အသက်ကို ဖြည်းဖြည်းရှူ နော် ညီမလေး၊ ဟုတ်လား"

ရင်ဘတ်လေးက ဖားဖိုလို နိမ့်ချည်မြင့်ချည်နှင့် မြတ်နိုး မျက်နှာလေး ချက်ချင်း ဖြူလျော်သွားတော့ သူ စိုးရိမ်သွားတာ အမှန်။ ဝေဒနာကြောင့် ရှုံ့မဲ့နေသော မျက်နှာလေး တစ်စ တစ်စ သွေးရောင် လွှမ်းလာမှ သူ စိုးရိမ်မှုတွေ ပြေသွားရ၏။

"သက်သာပြီလား မြတ်နိုး"

မျက်နက်ဝန်းလေးတွေနှင့် သူ့ကို မော့ကြည့်နေရင်း မြတ်နိုး ခေါင်းလေး ညိတ်ပြရှာ၏။

"ဒါဆို အိမ်ထဲ ပြန်ဝင်ကြရအောင်နော်"

"ဟင့်အင်း"



www.burmeseclassic.com

"နောက်နေ့မှ ကစားမယ်လေ မြတ်နိုးရဲ့ လိမ္မာပါတယ်နော်"

"ကိုကို"

"ပြောလေ ညီမလေး"

"မြတ်နိုးလေ ကိုကို အခုလို ပွေ့ထားတဲ့အတိုင်း အကြာကြီး နေချင်တယ် သိလား"

"ဟင်"

သူ တွန့်ခနဲ ဖြစ်သွားမိသည်။ မြတ်နိုးက သူ့လက်တွေကို တင်းတင်းဆုပ်ကိုင်ထားရင်း ရင်ခွင်ထဲက မော့ကြည့်နေ၏။

ရှုန်းလဲ့တောက်ပနေသော မျက်နက်ဝန်းလေးတွေမှာ အပြုံးရိပ်တွေ ရောင်စဉ်ဖြာနေသည်။ ထိုမျက်ဝန်းတွေကို ရင်မဆိုင်ရဲစွာ သူ မျက်နှာလွှဲပစ်မိ၏။

"ကိုကို"

"ဟင်"

"မြတ်နိုးကို ဘယ်တော့မှ မုန်းမသွားပါနဲ့နော်၊ ကိုကို့ကို မြတ်နိုးလေ အရမ်းချစ်တယ် သိလား"

သူ တုန်လှုပ်ချောက်ချားနေမိသည်။ မြတ်နိုး ရင်ထဲမှာ ဘာတွေ ဖြစ်နေသလဲ သူမြင်သိလိုက်ရတာ အသေအချာ။

တကယ်ဆို သူက တကယ့် ညီမလေးလို သံယောဇဉ်ပို သနားခဲ့မိတာပဲ ဖြစ်သည်။ မြတ်နိုးဘဝလေးကို စာနာတာမို့ ဂရုစိုက်ကြင်နာ





ပေးခဲ့သော သူ့စိတ်က အဖြူရောင် သက်သက်ပါပဲ။

ဒါပေမဲ့ ဒီကောင်မလေး နှလုံးသား နုနုလေးက အရောင်တွေ စွန်းနေပြီ။ မဖြစ်တော့ သူယယ်ချင်း သူရမောင် မျက်နှာကို သူ ထောက်ထားရမည်။

ခွင့်လွှတ်ပါ ညီမလေးရယ်။

ဖြူစင်တဲ့ ချစ်ခြင်းတွေကို အရောင်မဆိုးလိုက်ပါနဲ့။

■ ■ ■

သည့်နောက်ပိုင်းမှာ သူ သူရမောင်တို့အိမ်ကို မသွားဖြစ်အောင် ရှောင်ခဲ့သည်။ သူ့ရ အတင်းခေါ်လျှင်တောင် အကြောင်းစုံ ပြကာ မလိုက်ဖြစ်ခဲ့။

မြတ်နိုးလေးအပေါ်မှာ သူ့စိတ်တွေက အဖြူထည်ပေမယ့် သူမ စိတ်က အရောင်ပြောင်းနေကော့ သူ ရှောင်ကြဉ်တာ အကောင်းဆုံး။

ကျောင်းပိတ်ရက်တွေတောင် သူ မရောက်တော့ သူ့ရ ဘယ်လို ထင်မည်မသိ။ ဒါပေမဲ့ မတတ်နိုင်ပါ။ မဖြစ်သင့် မဖြစ်အပ်သော အခြေအနေတစ်ခုကို သူ ရှောင်ရမည်ပဲ ဖြစ်သည်။

ကျောင်းပိတ်ရက်တွေကို သူ အိမ်မှာပဲ အချိန်ဖြုန်းနေတုန်း ဖုန်းဝင်လာတာ သူရဆီက ဖြစ်နေ၏။

"သူရ ဘာကိစ္စလဲ၊ ပြောလေ ငါ စာကျက်နေတာကွ"

"သျှင်မြတ် ငါ မင်းကို နားလည်တယ်၊ မင်းနဲ့စကားပြောချင်

www.burmeseclassic.com



တယ်၊ မင်း ခဏလောက် လာခဲ့ပါကွာ''

''ဟို ငါ ငါကွာ ဟို''

''ငါ တောင်းပန်တယ် သူငယ်ချင်း၊ ငါ အရေးကြီးလို့ပါ၊ မင်း အိမ်ကို မလာနဲ့၊ အခုငါရှိတဲ့နေရာကို ချက်ချင်းလာခဲ့ကွာ''

သူ ငြင်းရခက်ခက်နှင့် ခေါင်းညိတ်လိုက်ရသည်။ သူရ ချိန်းဆိုသော နေရာက ဘီယာဘားတစ်ခု ဖြစ်နေတော့ ပိုအံ့သြမိသည်။

သူ ရောက်သွားချိန်မှာ သူရ ရှေ့မှာ ဘီယာခွက်သုံးခွက် တန်းစီနေပြီ။

''သူရ မင်းဘာလို့ ဒီဆိုင်ကို ခေါ်ရတာလဲကွာ''

''မင်းနဲ့ငါ စကားပြောချင်လို့ သူငယ်ချင်း၊ ဒီစကားတွေပြောဖို့ ငါ နှုတ်က မထွက်ဘူး၊ ဒါကြောင့် ငါ သောက်မှဖြစ်မယ်''

''ဟာကွာ ဘာစကားမို့လဲ''

''ငါ့ညီမလေးအတွက်ပါ၊ ငါ သိတယ် မင်းဘာကြောင့် အိမ် မလာတော့တာလဲ ငါသိတယ်ကွာ ငါ ငါ''

စကားသံတို့ ထွက်မလာဘဲ သူရ ဘီယာခွက်ကို မော့သောက်နေပြန်၏။ သူ သူရကို ငေးကြည့်ရင်း မျက်နှာတွေပူလာ၏။ သူနှင့်မြတ်နိုးကိစ္စကို သူရ သိနေပြီလား။

''ချကွာ သူငယ်ချင်း၊ အရှိန်လေးရမှ မင်းနဲ့ငါကြားမှာ မျက်နှာပူစရာတွေ ဖြစ်မလာမှာ အေ့''





သူ့ရှေ့ကို ဘီယာခွက် ချပေးရင်း သူရ ပြောတော့ သူ မငြင်းတော့ဘဲ မော့သောက်လိုက်မိသည်။ သူ သောက်နေတာ စောင့်ပြီး သူရ ဘာမှမပြောဘဲ အမြည်းတွေဝါးနေ၏။

နောက်တစ်ခွက်သောက်ပြီးတော့ သူလည်း သွေးဆူချင်လာပြီ၊

''ကဲ ပြောကွာ၊ သူရ မင်းနဲ့ငါ့ကြားမှာ ဘာမှ သိုဝှက်အားနာစရာမရှိဘူး''

''ကျေးဇူးတင်တယ် သူငယ်ချင်း၊ ငါ့ညီမလေး အခု အရမ်း ခံစားနေရတယ်၊ မင်းကို တမ်းတနေတယ်''

''ဟင် အဲ အဲဒီကိစ္စ ငါ ရှင်းပြမယ် သူရ''

''မင်းမရှင်းပဲ ငါ သိတယ် သူငယ်ချင်း၊ မင်းစိတ်ဓာတ်ကို ငါ နားလည်တယ်၊ အခြေအနေတွေက ငါ့ညီမလေးရဲ့ ခံစားချက်သက်သက်တွေကြောင့်ပဲဆိုတာ ငါ သိတယ်''

သူရ သိသည်ဆိုပေမယ့် သူ အားလုံးကို ရှင်းပြသည်။ သူရက နားလည်စွာ ခေါင်းကြီးညိတ်လိုက် ဘီယာမော့လိုက်နှင့် မျက်နှာပူနေဟန် ရှိ၏။

သူကလည်း ဘီယာမော့လိုက် သူရ စကားတွေ နားထောင်လိုက်နှင့် အချိန်တွေက တရွေ့ရွေ့။

''ငါ ပွင့်ပွင့်လင်းလင်း ပြောမယ် သူငယ်ချင်း၊ ငါ့ညီမလေးရဲ့ ရောဂါအခြေအနေကို မင်း သိပါတယ်၊ ပြောရရင် သူ့ခမြာ ရောဂါကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ သက်တမ်းစေ့နေနိုင်ဖို့ဆိုတာ မလွယ်ပါဘူး၊ အခုချိန်မှာ ညီမလေး အိပ်ရာထဲ လဲနေတယ်ကွာ၊ ဒီတော့ မင်း တစ်ခု ကူညီပါ၊ ငါ့ညီမလေး စိတ်ချမ်းသာအောင် မင်း ကူညီပေးပါ''

''သူရ ငါ မြတ်နိုးလေးကို ညီမလေးလိုပဲ ချစ်တာပါကွာ''

''ငါ ယုံတယ် လက်ခံတယ်၊ ငါ ဆိုလိုတာက ခုချိန်မှာ ညီမလေး စိတ်ချမ်းသာမှုတစ်ခုအတွက်ပဲ မင်း ဟန်ဆောင်ပေးဖို့ပါကွာ၊ မင်းကို ငါ နားလည်သလို ငါ့မိဘတွေလည်း နားလည်တယ်၊ ဒီကိစ္စက ညီမလေး တစ်ယောက်အတွက်ပဲ၊ မင်း ကူညီပေးပါ''

သူရ တောင်းပန်နေတော့ သူ ခေါင်းတွေတောင် ကုပ္ပူချင်လာ၏။ မြတ်နိုးစိတ်ချမ်းသာအောင် သူ ဟန်ဆောင်ပေးရမည်တဲ့။

အာရုံထဲမှာ ဖျတ်ခနဲ မြင်လာကာ စွဲမက်နီ မျက်နှာ။

ဘာကြောင့်များ စွဲမက်နီက သူ့ခေါင်းထဲ ဝင်လာရတာလဲ မတွေးတတ်။ ပြီးတော့ သူ တွန့်ဆုတ်နေတာ သူမကြောင့်ဆိုလျှင်

''သျှင်မြတ် ငါ တောင်းပန်ပါတယ်ကွာ၊ အစ်ကိုဖြစ်တဲ့ ငါက မင်းကို ဒီစကားတွေပြောရတာ ပြောမထွက်ဘူး၊ ဒါပေမဲ့ ငါ ညီမလေးကို သနားပါကွာ''

သူရကိုကြည့်ပြီး သူ စိတ်မကောင်းပါ။ ခေါင်းကြီးငိုက်စိုက်နှင့် မှုးနေသည့်ကြားက ညီမဖြစ်သူအတွက် သောကတွေ ဝေနေတာ သူ နားလည်သည်။

နိုး:မိုး:၈၁၃၉၀



''ငါ ကူညီနိုင်တယ် သူရ၊ ဒါပေမဲ့ ငါ့စိတ်က ဖြူစင်မှုပဲ ကူညီပေးပါရစေ၊ ငါ့ကို မင်းနားလည်ပေးပါ''

''ဟာ နားလည်တယ် သူငယ်ချင်း၊ ကျေးဇူးအရမ်းတင်တယ်ကွာ၊ ငါ ဝမ်းသာတယ်ကွာ သျှင်မြတ်''

သူ့လက်တွေကို ဆွဲကိုင်လှုပ်ရမ်းပြီး သူရမောင် ကျေးဇူးတင်စကားတွေ အထပ်ထပ် ဆိုနေသည်။

နောက်ထပ် ချီးယားစ်တွေ သူနှင့်သူရ ဘယ်နှကြိမ်သောက်ခဲ့မိသည် မသိ။ အသိတို့က ခန္ဓာကိုယ်နဲ့တောင် ကင်းလွတ်ချင်ချင်။

ဒါပေမဲ့ စွဲမက်နီကတော့ သူ့ဆီက လွင့်စင်မသွားမဲ့ပါ။

ဟင့်အင်း နင့်လုပ်ရပ်တွေအတွက် ငါ လက်စားချေတို့ပြန်တာ မဟုတ်ဘူး စွဲမက်နီ။

ငါကိုယ့်ငါပဲ ဝန်ခံပါရစေ။ ငါ့နှလုံးသားကို ဘယ်မိန်းမအတွက်မှ မပေးဆပ်ချင်ပါဘူး။ အဲဒါ ထူးဆန်းနေတယ်။ ဒါပေမဲ့ မထူးဆန်းပါဘူး စွဲမက်နီ။

ငါ့ရင်ထဲမှာ နင် ရှိနေလို့ပဲ။ ဒါပေမဲ့ နင် ဘယ်တော့မှ မသိစေရဘူး စွဲမက်နီ။ ငါ့ရင်ထဲမှာပဲ လျှို့ဝှက်စွာ နိုင်မြဲစွာ တည်တံ့စွာ

ငါ သိမ်းဆည်းကွယ်ဝှက်ထားမှာပါ။

■ ■ ■

နိုး:မိုး:၈၁၃၉၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

"ကိုကို မြတ်နိုးကို ကိုကို မမုန်းလိုက်ပါနဲ့နော်"

တောင်းပန်တိုးလျှိုးသော မျက်နှာလေးနှင့် မြတ်နိုး ပြောသည်။ နုဖတ်စင်ကြယ်သော မျက်နှာလေးကို ကြည့်ကာ သူ ပင့်သက်ရှိုက်မိသည်။

ဖြူဖြူနွဲ့နွဲ့ အသားအရည်လေးနှင့် ဘိုမရုပ်ကလေးလို ကလေး ဆန်လွန်းသော ဒီကောင်မလေး နှလုံးသားလေးက နုနုနယ်နယ်လေးပဲ ဖြစ်သည်။

ထိုနှလုံးသားကို ဖြူစင်စွာပဲ သူ ခင်မင်သနားခဲ့တာ ဖြစ်သည်။ ဒါပေမဲ့ ထိုသနားစိတ်လေးနှင့် သူ ယုယကြင်နာခဲ့တာတွေကို ဒီကောင် မလေးက အရောင်ဆိုးလိုက်မည် မထင်ခဲ့။

"ကိုကို မြတ်နိုးကို စကားတောင် မပြောတော့ဘူးလားဟင်"





"ဟာ မဟုတ်ပါဘူး ကလေးရယ်"

"ဒါဆို မြတ်နိုး မေးတာ ဖြေလေ၊ မြတ်နိုးကို ကိုကို မမုန်းဘူး မှုတ်လား"

"ညီမလေးကို ကိုကို ချစ်ပါတယ်ကွာ"

မျက်နက်ဝန်းညိုညိုလေးတွေ ပြုံးရိပ်သမ်းသွားတော့လည်း ချက်ချင်းပါပဲလား။

ဒီကောင်မလေးနှင့်သူ မဆုံဖြစ်တာ တစ်ပတ်ကျော်ကျော်လေးပဲ ရှိ၏။ ထိုတစ်ပတ်ကျော်လေးမှာ မြတ်နိုး ရောဂါသည်းကာ ပိန်ကျသွားခဲ့ တာက အမှန်။

"ညီမလေး ရောဂါက မွေးရာပါ နှလုံးအားနည်းတာ၊ ငယ်ငယ် ကတည်းက အမြဲချူချာလို့ ငါတို့တွေ ပိုးမွေးသလို မွေးခဲ့ရတာ၊ ညီမလေး အနေနဲ့ သက်တမ်းစေ့မနေနိုင်ဘူးဆိုတာ ငါတို့ သိပါတယ်ကွာ၊ ဒါပေမဲ့ ညီမလေးကို သူ ရှင်သန်နေတဲ့ အချိန်လေးမှာ စိတ်ချမ်းသာစေချင်တယ်"

သူရက သူ့ကိုပွင့်လင်းစွာပဲ ပြောသည်။ ဆရာဝန်လောင်းတစ်ဦး ဖြစ်သော သူ့စိတ်နှလုံးသားကလည်း မြတ်နိုးလေးကို စာနာမိသည်။ ဒါကြောင့်လည်း သူမလေး ပျော်ရွှင်ဖို့ စိတ်ချမ်းသာဖို့ သူ လက်ခံခဲ့ခြင်း ဖြစ်သည်။

ကျောင်းပိတ်ရက်တွေမှာ သူ သူရမောင်တို့အိမ်ကို အမြဲရောက် သည်။ သူရမောင်ရဲ့မိဘတွေကလည်း သူ့ကို နွေးထွေးခင်မင်စွာ ကြိုဆို



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြသည်။

မြတ်နိုးလေးရဲ့ စိတ်ချမ်းသာမှုအတွက် အားလုံးက အရိပ်လို ဂရုစိုက်ပေးခဲ့ကြတာပဲ ဖြစ်သည်။

အပတ်စဉ်တိုင်း သူ အမြဲအိမ်က ထွက်နေတော့ ဘွားကတော့ သံသယမျက်ဝန်းတွေနှင့်ကြည့်ကာ မေးသည်။

"မြေး ကျောင်းပိတ်ရက်လည်း အိမ်မှာမနေဘဲ ထွက်နေတာချည်းပဲ၊ ဘယ်တွေ သွားနေတာလဲ"

"သူရမောင်တို့အိမ် သွားနေတာပါ ဘွားရဲ့၊ စာတွေက ခက်လာတော့ တစ်ပတ်စာတစ်ပတ် ကျက်နေရတယ်"

"စာကျက်တာများ သားရယ် အိမ်မှာလည်း ကျက်လို့ရတာပဲ"

"ဘွားကလည်း သူရမောင်တို့ အိမ်မှာက တစ်ယောက် နား မလည်တာ တစ်ယောက်မေးပြ ရှင်းပြလို့ ရတယ်လေ"

သူ အကြောင်းပြချက်တွေနှင့် ရှင်းပြတော့ ဘွား ဘာမှမပြောပါ။ ကော်ဖီခန်းထဲကအထွက်မှာ စွဲမက်နီနှင့် ရင်ဆိုင်တိုးသည်။ သူနှင့် အကြည့်ချင်းမဆုံအောင် စွဲမက်နီ အခုတလော ရှောင်နေသည် ထင် သည်။

စွဲမက်နီ အနားက အဖြတ်မှာ ရှန်ပိုရနံ့သင်းသင်းက လွင့်ခဲ့ ပျံ့လာသေး၏။ ဒီရနံ့လေးကို သူ့စိတ်မှာ ရင်းရင်းနှီးနှီး ခံစားသိနေသလို ပါပဲ။





အင်းလေ ထူးဆန်းတာမှ မဟုတ်တာ။ တစ်အိမ်တည်းမှာ အတူနေကြသည့်သူတွေပဲ။ စွဲမက်နီသုံးသည့် ရှန်ပိုရနံ့ကို သူ ကျွမ်းဝင်နေတာ မဆန်းပါ။

ကားလေးကို ခြံဝက မောင်းအထွက်မှာပဲ ကျော်လေးနှင့် အာကာတို့နှင့် ဆုံတာမို့ သူ ကားကို ထိုးရပ်လိုက်ရ၏။

"ဟေ့ကောင် သျှင်မြတ်၊ ဒါက ဘယ်လဲ၊ ဟိုတစ်ပတ်ကလည်း မင်းမရှိဘူး၊ အခုလည်း ဘယ်လစ်မှာတုန်း"

"ကိစ္စတစ်ခု ရှိလို့ကွ ကဲ ကားပေါ်တက်ကြ၊ လက်ဖက်ရည် ဆိုင်ထိုင်ရင်း ငါပြောမယ်"

အာကာနှင့်ကျော်လေးတို့ကို တစ်ပါတည်း ခေါ်ခဲ့ကာ ကဖေး ဆိုင်လေးတစ်ခုမှာ အတူထိုင်ဖြစ်ကြသည်။

"ပြောစမ်းပါဦး၊ မင်းဘာတွေ ဖယားကနေတာလဲ သျှင်မြတ်"

"ဟိုတစ်ပတ်ကလည်း ငါတို့ မင်းကိုစောင့်ကြတာ ညနေစောင်း ရော၊ မင်းကို ဖွားဆုံကတောင် ပြောနေပြီ၊ ရှင်းစမ်း ဘာတွေဖြစ်နေတာ လဲ"

ဘွားကို ရှင်းမပြဖြစ်သော အခြေအနေတွေကို အာကာတို့ကိုပဲ ရှင်းပြဖြစ်သည်။ သူ့စကားတွေကို နားထောင်ပြီးသည်နှင့် အာကာနှင့် ကျော်လေးတို့ သံသယ မေးခွန်းတွေ ထုတ်ကြတော့သည်။

"သျှင်မြတ် မင်းဟာက ရိုးသားရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး အမှန်ပြောကွာ စွဲမက်နီကြောင့် မင်း တန်ပြန်တိုက်စစ်ဆင်နေတာလား"

"မဆိုင်လိုက်တာ၊ ငါ အမှန်ပြောတာ၊ အဲဒီမိန်းကလေးက နုလုံးရောဂါသည်လေးကွ၊ ဒါကြောင့် ငါက စာနာဟန်ဆောင်ပေးနေတာ"

"မဟုတ်သေးဘူး ဒါကူညီသင့်တဲ့ကိစ္စ မဟုတ်ဘူး၊ အထူးသဖြင့် မင်းက စေ့စပ်ထားတဲ့ ယောက်ျားတစ်ယောက်နော်"

"မင်းတို့က ငါ့ကိုတော့ ဝေဖန်တယ်၊ စွဲမက်နီ လုပ်ရပ်ကျတော့ ဘယ်လိုဝေဖန်မလဲ"

သူ့စကားကြောင့် အာကာ ခေါင်းညိတ်ရင်း

"အေး အဲဒါ ငါတို့ ပြောမလို့၊ အခု စွဲမက်နီ မယုံနိုင်အောင် ပြောင်းလဲနေပြီ၊ ဘယ်ယောက်ျားနဲ့မှ မတွဲတော့ဘူး"

သူ နည်းနည်းတော့ အံ့ဩမိ၏။ စွဲမက်နီ ဘယ်လိုတိုက်ကွက် အဆန်းတွေနဲ့ သူ့ကို လှည့်စားပြန်ပြီလဲ။

"ဟိုဆေးကျောင်းက ကောင်လည်း ပြတ်သွားပြီ၊ စွဲမက်နီ တကယ် ပြောင်းလဲသွားတာကွ"

"ဖြစ်ရပြန်ပြီ သူ အပြောင်းအလဲက မြန်လှချည်လား"

"အဲဒါ မင်းရဲ့ မတုန်မလှုပ် အခြေအနေကြောင့် ထင်တာပဲ၊ သူက မင်းကိုတုန်လှုပ်အောင်လုပ်တယ်၊ မင်းက မတုန်လှုပ်တော့ သူ စိတ်ပျက်သွားတာနေမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ဒါ ငါတို့အမြင်နဲ့တော့ ကောင်းတယ်"

"အေး စွဲမက်နီက ငြိမ်းသွားတော့ မင်းက တစ်စခန်းထဖို့ မလုပ်နဲ့ကွာ"

သူ ပြုံးပြုံးလေးနှင့်ပဲ ငြိမ်နေလိုက်ပါသည်။ စွဲမက်နီရဲ့ သတင်းကတော့ သူ့ရင်ထဲကို ကျေနပ်စွာ ခံစားစေတာ အမှန်။

ဒီကောင်တွေ ဆိုသလို စွဲမက်နီ ပြောင်းလဲသွားသည်က တကယ် အမှန်ဆိုလျှင် သူ့အတွက်တော့ ရင်ထဲက သောကတွေကို ငြိမ်းစေတာ အမှန်။ ဒါပေမဲ့ စွဲမက်နီကို သူ သိပ်မယုံချင်ပါ။

နင် ငါ့ကို ဘယ်လိုစမ်းသပ်မှုတွေနဲ့ တိုက်ခိုက်ဦးမှာလဲ စွဲမက်နီရယ်။

နင့်ကိုငါ ကြောက်နေတာ အမှန်ပဲ။ ပြိုင်ဆိုင်မှုတွေကို ငါ အဆုံးသတ်ချင်နေခဲ့တာဟာ ဘာကြောင့်လဲ။

နင်သိစေချင်လိုက်တာ။

■ ■ ■





နိုး နိုး စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၀)

အာကာတို့ ပြောသွားပြီးသည့်နောက်ပိုင်းမှာ သူ စွဲမက်နီကို သတိထားကြည့်မိသည်။ စွဲမက်နီ ပြောင်းလဲသွားတာတော့ သေချာသည်။

အရင်ကဆို ကျောင်းပိတ်ရက်တွေမှာ အိမ်မှာမရှိအောင် အမြဲ ထွက်နေတတ်သူက အိမ်မှာပဲ ရှိတတ်သည်။ အရင်ကလို ဖုန်းတစ်လုံးနှင့် သူ့ကို အရွဲ့တိုက်ပြတာမျိုးလည်း မရှိတော့ပါ။

"မြေး သမီးလေးက အိမ်မှာ အမြဲရှိနေပြန်တော့ မြေးက အိမ်မှာမရှိသလောက် ဖြစ်နေတာ မဟုတ်သေးဘူး"

ဘွားက သူ့ကိုပြောတော့ သူ ကြိတ်ပြုံးရင်း စွဲမက်နီ တမင် ကြားအောင် ဘုပြောပစ်တတ်စမြဲ။

"သူ့ဘာသာ အိမ်မှာကပ်နေတာ သားနဲ့ဘာဆိုင်လို့လဲ ဘွားရဲ့ သားဘာသာ လွတ်လွတ်လပ်လပ် နေချင်တယ်"





"မြေးနော် မင်း ဒီလိုပုံစံအတိုင်း လုပ်နေရင် သက်ထားလေး ဆီ ဘွား လှမ်းတိုင်ရမှာနော်"

"တိုင်ချင်တိုင်ပေါ့ ဘွားရဲ့၊ ကျွန်တော့်လိပ်ပြာ ကျွန်တော် ယုံတယ်၊ သျှင်မြတ်နိုး တို့က သန့်သန့်လေးနော်၊ ဖယားတွေ ကင်းပြီး သား"

တမင် စွဲမက်နီ မခံချင်အောင် လျှောက်ပြောတာပေမယ့် စွဲမက်နီက အံ့သြစရာကောင်းလောက်အောင် တိတ်ဆိတ်ခြင်းဖြင့်သာ တုံ့ပြန်ပါသည်။

ထူးတော့ထူးဆန်းနေတာ အမှန်ပါပဲ။

စွဲမက်နီ ဆိုတဲ့ မိန်းမတစ်ယောက်မှာ ဘာကြောင့် မာန်မာနတွေ ကင်းစင်သွားခဲ့ရတာလဲ။ ဒါမှမဟုတ် အဲဒီမာနတွေကို သူ မမြင်အောင် သိုဝှက်ချောင်းမြောင်းနေခဲ့တာလား မသိ။

ဝေခွဲရခက်လှသော ထိုအဖြေကို သူ သိခွင့်ရလိုက်ချိန်မှာတော့ သိပ်ကို နောက်ကျသွားခဲ့ပြီ ဖြစ်သည်။

"ဘာ ဘာပြောတယ် မြတ်နိုးကို ဆေးရုံတင်လိုက်ရတယ် ဟုတ်လား သူရ"

"ဟုတ်တယ် မနေ့က သူ ရှော့ခ်ဖြစ်ပြီး သတိလစ်သွားလို့ ဆေးရုံတင်လိုက်ရတာ သူငယ်ချင်း"

သူ တကယ်ပဲ စိုးရိမ်သွားခဲ့သည်။ မြတ်နိုးကို တင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



အထူးကု ဆေးရုံကြီးကို သူ ချက်ချင်းလိုက်သွားခဲ့၏။

မြတ်နိုးမိဘတွေက ဆေးရုံမှာ စိုးရိမ်သောက မျက်နှာတွေနှင့် သူ့ကို ကြိုဆိုနေကြသည်။ သူရကလည်း ပြုံးတော့မည့် မျက်နှာနှင့်

"လာ သူငယ်ချင်း ညီမလေး စောစောကပဲ သတိပြန်ရတယ်"

"အခြေအနေ ဘယ်လိုရှိလဲ သူရ"

"မင်း ဝင်တွေ့လိုက်ပါကွာ၊ ငါတို့ အပြင်မှာပဲ ရှိနေမယ်၊ ညီမလေးက မင်းနဲ့တွေ့ချင်တယ်တဲ့"

သူ့ရင်ထဲမှာ မကောင်းဖြစ်သွားသည်။ မြတ်နိုးဆွတ်ကြင်ရဲ့ အခန်းလေးထဲ ဝင်ခဲ့တော့ မြင်ရသောမြင်ကွင်းက မသက်သာလှပါ။

ပိုက်တွေတန်းလန်း၊ နှလုံးခုန်စက်တွေကလည်း မြတ်နိုးနှင့် ချိတ်ဆက်လျက် အခြေအနေကို သူ ခန့်မှန်းတွက်ဆမိသည်။

"မြတ်နိုး"

"ကို ကိုကို"

မျက်ဝန်းညိုလေးတွေ ပွင့်ကာ သူ့ကို ခေါ်သော မြတ်နိုးလေသံက တိုးတိုးလေးပဲ ဖြစ်သည်။ သူ ခုတင်နံဘေးက ခုံလေးမှာ ဝင်ထိုင်ရင်း မြတ်နိုး လက်ဖဝါးလေးကို ဆုပ်ကိုင်ထားမိသည်။

"မြတ်နိုး ညီမလေး နေကောင်းတယ်နော်"

မျက်ဝန်းညိုလေးတွေထဲမှာ မျက်ရည်စလေးတွေ စိုလဲ့နေတာ အထင်အရှား။ သူ့ကိုငေးစိုက်ကြည့်နေသော မျက်နှာလေး သွေးဆုတ်





ဖြူလျော်လွန်းနေတာ အားရစရာ မရှိပါ။

မြတ်နိုးဆွတ်ကြင် ဆိုသည့် ပန်းလေးက နေထိမခံပန်းလေး တစ်ပွင့်လို နုနယ်လွန်းပါလား။

"ကိုကို စွဲမက်နိုက ဘယ်သူလဲဟင်"

"ဟင်"

သူ မျက်ဝန်းတွေ ထိတ်လန့်စွာ ပြူးသွားသည်။ စွဲမက်နိုကို မြတ်နိုး သိနေသည်လား။

"ကိုကိုရဲ့ ဇနီးလောင်း မဟုတ်လားဟင်"

သူ ဘာမှမဖြေနိုင်ပါ။ မြတ်နိုးကို ဘယ်သူပြောလိုက်တာလဲ။ မြတ်နိုးမျက်ဝန်းထဲက မျက်ရည်လေးတွေ ယိုစီးကျလာ၏။

"မြတ် မြတ်နိုး ဘယ်လိုသိတာလဲဟင်"

"ကိုကိုရယ် မြတ်နိုးကို ကိုကို ညီမလေးလိုပဲ ချစ်ခဲ့တာ ကိုကို့ မျက်ဝန်းတွေက သက်သေပါ၊ ကိုကို့မှာ ချစ်သူရှိနေတာ မြတ်နိုး သိလိုက်ပြီ"

အင့်ခနဲ ရှိုက်သံနှင့် မြတ်နိုး ဆိုနေချိန်မှာ နာ့စ်ဆရာမလေး သူ့ကို မျက်ရိပ်ပြသည်။ မြတ်နိုး အခြေအနေအတွက် သူ့ကို ပြန်ထွက်ခိုင်းသည့် သဘော။

"ညီမလေး နေဦးနော် ကိုကို အပြင်မှာ ရှိမယ်၊ သူရတို့ အန်ကယ်တို့ပါ ရှိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို မြတ်နိုးကို မမုန်းပါနဲ့နော်၊ ညီမလေးလိုပဲဖြစ်ဖြစ် နော် ကိုကို"

သူ့ရင်ထဲမှာ နင့်ခနဲ ဖြစ်သွား၏။ ကြေကွဲသနားစိတ်တွေကို သိုဝှက်ရင်း သူ ပြုံးပြလိုက်၏။ ပြီးတော့ မြတ်နိုး နဖူးပြေပြေလေးကို သူ တစ်ချက်ငုံ့နမ်းရင်း

"ညီမလေးကို ကိုကို့ညီမလေးလို အမြဲတမ်း ချစ်မှာပါ ကလေး ရယ်"

မြတ်နိုး နှုတ်ခမ်းလေးတွေ ကျေနပ်စွာ ပြုံးရိပ်သမ်းပြီး မျက်ဝန်း လေးတွေ မှိတ်သွားသည်။

ဆရာမတွေ မြတ်နိုးအနားမှာ ဝိုင်းစုသွားခဲ့၏။ သူ အခန်းထဲက ခေါင်းငိုက်စိုက် ထွက်ခဲ့သည်။

"ငါ တကယ် စိတ်မကောင်းဘူး သူရ၊ သူ ဘယ်လိုဖြစ်တာလဲ ဟင်"

"မနေ့က ဖုန်းပြောနေရင်း သတိလစ်လဲကျသွားတာကွ၊ ညီ မလေး ရောဂါက မင်းသိပါတယ်၊ ထိရှလွယ်တဲ့ ဝေဒနာလေ"

သူ နားလည်ပါသည်။ မြတ်နိုး ဖုန်းပြောရင်း သတိလစ်သွား သည်ဆိုသော စကားအတွက် ခေါင်းထဲမှာ အတွေးတွေ ရှုပ်ယှက်ခတ် ကုန်သည်။

"သူရ မြတ်နိုးရဲ့ဖုန်း ဘယ်မှာလဲ"





သူ မေးတော့ သူရ နားမလည်နိုင်သလို ကြည့်ရင်း ဘောင်းဘီ အိတ်ထဲက ဟန်းဖုန်းလေးကို ထုတ်ပြသည်။ သူ ဖုန်းလေးကို လှမ်းယူ ပြီး မြတ်နိုးဆီ နောက်ဆုံး ဆက်သွယ်ခဲ့သူရဲ့ ဖုန်းနံပါတ်ကို ရှာဖွေ ကြည့်မိတော့

"ဟင်"

သူ တွေ့လိုက်ရသော ဖုန်းလေးထဲမှာ စွဲမက်နီရဲ့ ဟန်းဖုန်း ဆက်သွယ်မှု နံပါတ်လေးက အထင်အရှား။

ဒါ ဒါဆို စွဲမက်နီ မြတ်နိုးဆီ ဖုန်းဆက်ခဲ့တာ သေချာသည် ပေါ့။ စွဲမက်နီ ပြောလိုက်လို့ မြတ်နိုး အားလုံး သိခဲ့တာပေါ့။

သူ အံကိုတင်းခနဲ ကြိတ်လိုက်မိသည်။ ရက်စက်လိုက်တာ စွဲမက်နီရယ် မင်း မြတ်နိုးကို ရစ်စက်ပစ်လိုက်တာပဲ။

ငါ့ကို အနိုင်ယူဖို့အတွက် မင်းလုပ်လိုက်တဲ့ လုပ်ရပ်ကြီးက သနားစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ကို ဒုက္ခတွေ ပေးလိုက်တာ ပဲ။ မင်း လုပ်ရက်လိုက်တာ စွဲမက်နီ။

■ ■ ■

"စွဲမက်နီ"

ခြံထဲက ခုံတန်းလေးမှာပဲ စွဲမက်နီကို တွေ့လိုက်တာမို့ သူ ကားတံခါးကို ဖွင့်ဆင်းကာ သူမနှင့်ထိပ်တိုက် ရင်ဆိုင်ဖို့ လှမ်းခဲ့၏။

သူ့လေသံ မာဆတ်ဆတ်ကြောင့် စွဲမက်နီ မော့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေကို အပြောင်သိမ်းကာ ခေါင်းစည်းကြိုးဝါလေးနှင့် စည်းထားတာမို့ စွဲမက်နီ မျက်နှာလုလုလေးက ပေါ်လွင်နေ၏။

ထိုမျက်နှာလေးမှာ အရင်ကလို သူ့ကို မုန်းတီးနာကျည်းရိပ်တွေ ရှာဖွေရခက်ခဲအောင် ပျောက်ဆုံးနေသည်။ ဒါပေမဲ့ ဒါ သူမရဲ့ ကြောက်စရာအကောင်းဆုံး ဟန်ဆောင်မှုကြီးဟု သူ သိလိုက်ပြီ။

''မင်း သိပ်ရက်စက်ယုတ်မာတဲ့ မိန်းမပဲ''

''နင် ဘာတွေလာပြောနေတာလဲ သျှင်မြတ်နီ''

''ငါ့ကို အရူးမလုပ်နဲ့၊ နင် မြတ်နိုးဆွတ်ကြင်ဆီ ဖုန်းဆက်ပြီး ဘာတွေပြောလိုက်သလဲ''

စွဲမက်နီ မျက်ဝန်းတွေ လက်ခနဲ ဖြာသွားသည်။ ခါးခါးသီးသီး အမုန်းတွေ ချက်ချင်းအရိပ်ထင်လာသည်လား။ စွဲမက်နီ ဆိုတဲ့မိန်းမက ဒီပုံစံပါပဲ။ ဒါသူမရဲ့ ဘယ်တော့မှ မပြောင်းလဲတဲ့ ပုံစံ။

''နင် ပြောစမ်းပါ ငါ အားလုံး သိလိုက်ပြီ''

''ဒါဆို ဘာလို့ မေးခွန်းတွေ လာထုတ်နေတာလဲ သျှင်မြတ်နီ၊ ငါ သူ့ကိုပြောခဲ့တာ အမှန်တရားပဲလေ၊ နင်နဲ့ငါက စေ့စပ်ထားတဲ့သူတွေပဲ''

''ဘာ''

သူ ဒေါသနှင့် ဟစ်အော်ပစ်လိုက်သည်။ သူမ တစ်ချက်လေးတောင် တွန့်မသွားဘဲ မျက်ခုံးတန်းတန်းလေးတွေ စုကျုံ့ပြီး ကြည့်နေဆဲ။





''နင်ဘာလို့ ဒီလိုလုပ်ရတာလဲ စွဲမက်နီ၊ နင် ယောက်ျားတကာနဲ့ ရှုပ်နေပွေနေတုန်းက ငါ ဘာပြောခဲ့သလဲ၊ ကျေကျေနပ်နပ် ကြည့်နေခဲ့တယ်၊ ငါ့ကျမှ နင် ဒီလို ယုတ်မာတာ''

''ယုတ်မာတာ ဟုတ်လား၊ အမှန်တရားကို ပြောတာ ယုတ်မာတာလား၊ ငါ့ကို နင့် ဒီလိုပြောရင်တောင် ငါ ဖြေရှင်းမှာ မဟုတ်ဘူး''

''လဲသေလိုက်စမ်း စွဲမက်နီ၊ မင်း ထင်ရာစိုင်းပြနေတာကို ငါ ဘာမှမနာလိုစရာ မရှိဘူး၊ ဘာလဲ ငါက သဝန်တိုပြီး မင်းနဲ့တွဲနေတဲ့ ကောင်တွေကို ပြဿနာရှာ၊ စွဲမက်နီဟာ ငါ့ဇနီးလောင်းလို့ လျှောက်ကြေညာရမှာလား၊ ဆောရီးပဲ မင်းထင်ထားသလို ငါ မတုန်လှုပ်ဘူး''

''အခု မြတ်နိုးဆွတ်ကြင်ကျမှ ရှင် တုန်လှုပ်သွေးပျက်သွားတာပေါ့လေ''

နှုတ်ခမ်းလေးတွေ မထီတရီ မဲ့ပြီး သူမ ဆိုတော့ သူ အံကို တင်းတင်းကြိတ်ပြီး ကြည့်မိသည်။ ဒီမိန်းမ သိပ်လွန်လွန်းနေပြီ။ အနိုင်ယူဖို့အတွက်နဲ့ လူတစ်ယောက် ဒုက္ခရောက်အောင် ရက်စက်တတ်တဲ့ မိန်းမ။

''ဟုတ်တယ် စွဲမက်နီ မြတ်နိုးဆွတ်ကြင်က မင်းထက် မိန်းမပီသပြီး ဖြူစင်ရိုးသားတဲ့ မိန်းကလေး၊ မင်းလို မာနတွေ အတ္တတွေ အဆိပ်တက်နေတဲ့သူ မဟုတ်ဘူး၊ သူ့ကိုငါ ချစ်တယ်၊ မင်းကို ခါးခါးသီးသီး မုန်းသမျှ မြတ်နိုးဆွတ်ကြင်ကို ငါ ချစ်တယ်ကွ''



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားတွေက သူမ မျက်နှာကို ဖြတ်ရိုက်ချလိုက်သလို ခံရခက်သွားစေသည်လား။

ရဲရဲနီသွားသော မျက်နှာနှင့် သူမ ဆတ်ခနဲ ထရပ်သည်။ ပြီးတော့ မျက်ဝန်းတွေ ရှုံ့မဲ့မှိတ်ကျသွားခဲ့ကာ ဒူးညွှတ်လဲကျသွား၏။

"စွဲမက်နီ"

သူ ယောင်ယမ်းပြီး စွဲမက်နီကို ထွေးပွေ့ထားလိုက်မိ၏။ ပထမတော့ သူမ ဟန်ဆောင်နေတာလား ထင်မိသေး၏။ ဒါပေမဲ့ သူ့ရင်ခွင်ထဲမှာ စွဲမက်နီ ပျော့ခွေသတိလစ်နေတာ အသေအချာ သိလိုက်တော့ ဖွေ့ခနဲ ပွေ့ချီကာ သူ အိမ်ထဲ ခေါ်ခဲ့မိတော့၏။

ထိုတဒင်္ဂမှာ ရင်ထဲက ဒေါသတွေ ပျောက်ဆုံးလို့ သူမအတွက် စိုးရိမ်နေမိတာ ကိုယ်တိုင်ပဲ အသိဆုံး။

■ ■ ■

"မိန်းကလေးမှာ ကိုယ်ဝန် သုံးလ ရှိနေပြီ၊ ဒါကြောင့်ပါ"

"ဗျာ"

ဆရာဝန်ကြီး စကားက သူ့နားထဲကို သံရည်ပူတွေ လောင်းချလိုက်သလိုပါပဲ။

"သေချာပါတယ် မောင်သျှင်မြတ်နီရဲ့၊ မင်္ဂလာသတင်းပဲ၊ မင်း ဝမ်းသာတော့ ဟုတ်လား"

မင်္ဂလာသတင်း တဲ့၊ သူ့ရင်ဘတ်ထဲမှာ ကမ္ဘာအစင်းစင်း ပြိုကျ





သွား၏။ ရင်သည်းပြင်းရှသော ဝေဒနာလဲသံတို့နှင့် တဒုတ်ဒုတ် မြည်ဟီး လျက် မယုံနိုင်ခြင်းတွေ အံ့ဩခြင်းတွေက ပထမဆုံး ခံစားမှု။

ထို့နောက်မှာတော့ သူ အံကိုတင်းတင်းကြိတ်ရင်း နာကျင်ခံရခက်စွာ တက်ခေါက်ပစ်လိုက်မိ၏။

"တောက်"

ဆရာဝန်ကြီးကို ကားပေါ်အထိ ပြန်ပို့ပေးပြီးသည်နှင့် သူ့ခြေလှမ်းတွေ စွဲမက်နီ အခန်းထဲအထိ ဘယ်လိုပြန်ရောက်လာသည်မသိ။

"စွဲမက်နီ"

မော့ကြည့်တော့ သူမမျက်နှာက အပြစ်ကင်းစင်သူ တစ်ယောက်လိုပါပဲ။ သူ ကြည့်ရင်း လှိုက်တက်လာသောဒေါသတွေကို မျိုချရင်း

"ငါ့ကို အမှန်အတိုင်း ပြောစမ်းပါ၊ မင်း အခုရထားတဲ့ ကိုယ်ဝန်က ဘယ်သူနဲ့လဲ"

သူမ သူ့ကို စူးစူးနစ်နစ် မျက်လုံးတွေနှင့် စိုက်ကြည့်နေသည်။ နှုတ်က ဘာစကားမှ ထွက်မလာ။

"မင်းရဲ့ နားတွေ အကြားအာရုံ မချို့တဲ့သေးဘူးနော်"

သူ ထပ်မေးသည်။ သူမနှုတ်က တစ်ချက်လေးတောင် လှုပ်ခတ်မလာခဲ့ပါ။ မျက်ဝန်းတွေကတော့ စူးစူးလက်လက် သူ့ကို ကြည့်နေဆဲ။

ဘာလဲ ငါ့ကို အနိုင်ယူလိုက်ပြီဆိုတဲ့ စိန်ခေါ်အကြည့်တွေလား။ ငါ နွားတစ်ကောင် မဟုတ်ဘူး စွဲမက်နီ။ မင်း ငါ့ကို ဒီလို ယူခဲ့မှာတဲ့



www.burmeseclassic.com

www.burmeseclassic.com



နည်းနဲ့ အနိုင်ယူလို့ မရဘူး။

"စွဲမက်နီ မင်းချက်ချင်း ပြောနော်၊ ငါ ငတုံးအေ မဟုတ်ဘူး၊ မင်းရှုပ်ခဲ့တာ ဘယ်သူလဲ၊ ဘယ်ကောင်လဲ ပြော"

သူမ တည်ငြိမ်စွာပဲ ငြိမ်သက်နေတော့ သူ ဒေါသတွေ ဆူဝေလာကာ လက်သီးကို တင်းတင်းဆုပ်ထားလိုက်၏။

"စွဲမက်နီ"

သူမ နှုတ်ခမ်းတွေ မဲ့ခနဲ ပြုံးသွား၏။ ပြီးတော့ မျက်နှာကို မော့ပစ်ကာ သူ ရိုက်နှက်တာကို ခံယူမည့်အသွင်နှင့် အသင့်။

"မြေး မြေး မလုပ်နဲ့ ရပ်စမ်း"

အော်သံနှင့်အတူ ဘွား အနားကို ရောက်လာသည်။ သူ ဒေါသနှင့် ဆူဝေနေသောစိတ်ကို ပြန်ချုပ်ထိန်းရင်း

"စွဲမက်နီမှာ ကိုယ်ဝန်ရှိနေပြီတဲ့ ဘွား"

"ဘွား သိသားပဲ"

"အဲဒါ ကျွန်တော်နဲ့ ဘာမှမဆိုင်ဘူးနော်၊ ဘယ်သူ့ပြဿနာလဲဆိုတာ သိမှဖြစ်မယ်၊ သူ ရေငုံနှုတ်ပိတ်ပြီး ကျွန်တော့်ကို နွားတစ်ကောင်လို နဖားကြိုးထိုးချင်နေတာ"

"မြေး မင်းစိတ်တွေ လျှော့ချစမ်း၊ ဒီကိစ္စကို မင်းမိဘတွေ ခေါ်ပြီး ဘွား ရှင်းပေးမယ်၊ မင်းနဲ့သမီးလေးက စေ့စပ်ထားတဲ့သူတွေပဲ ကွယ်"





"မဟုတ်ဘူး စေ့စပ်ထားပေမယ့် သားတို့ ဘာမှမသက်ဆိုင်တာ ဘွား အသိဆုံးပါ၊ ဒီကိစ္စကို သား ဘယ်တော့မှ လက်မခံနိုင်ဘူး၊ သား နွားတစ်ကောင် မဟုတ်ဘူး၊ ဒီမှာ စွဲမက်နီ၊ မင်း ငါ့ကို ဒီလိုပုံစံနဲ့ အနိုင်မယူနဲ့"

သူ စွဲမက်နီကို လက်ညှိုးထိုး ကြိမ်းဝါးပြီး လှည့်ထွက်ခဲ့သည်။ ရင်ထဲမှာ ဒေါသတွေနှင့်အတူ ဝမ်းနည်းကြေကွဲစိတ်က တနင့်နင့် ခံစားနေရ၏။

မင်း ရက်စက်လိုက်တာ စွဲမက်နီ။

သိပ်ရက်စက်လွန်းတယ်။ ငါ့ဘဝကို မင်း ဒီလို အနိုင်ယူရက်သလား။ ငါ့ရဲ့ နှလုံးသားကို မင်း မမြင်နိုင်ပါဘူး။

ငါ့နှလုံးသားကို မင်း ဓားနဲ့ ရက်ရက်စက်စက် လှီးဖြတ်နေခဲ့သလိုပဲ။ ဒါကို မင်း ဘယ်တော့မှ သိနိုင်မှာ မဟုတ်တော့ဘူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

ထိုကိစ္စနှင့်ပတ်သက်ပြီး မေမေတို့ ရန်ကုန်ကို ချက်ချင်း ရောက်လာကြသည်။ သူတို့ လူငယ်တွေ ပြဿနာကြီးက မေမေတို့တွေအတွက် မဟာစိတ်ဆင်းရဲစရာကြီး ဖြစ်နေ၏။

"ကျွန်တော် သူ့ကို ဘယ်လိုနည်းနဲ့မှ လက်မထပ်နိုင်ဘူး"

"ဘာကွ မင်း ဘာစကားပြောတာလဲ သျှင်မြတ်နီ"

"အမှန်ပြောတာ ဖေဖေ၊ ဒီပြဿနာက သားနဲ့မှ မသက်ဆိုင်တာ၊ သားနဲ့သူ ဘာမှမဖြစ်ခဲ့ကြဘူး"

"ဟေ့ကောင် မင်း တော်တော့၊ မင်းတို့က စေ့စပ်ထားတာ တရားဝင်ကွ၊ ပြီးတော့ စွဲမက်နီလေးက မင်းအရိပ် မင်းအိမ်မှာနေနေတာ၊ မင်းမှာ အပြည့်အဝ တာဝန်ရှိတယ်၊ မင်း ယောက်ျားမဟုတ်ဘူးလား"





ဖေဖေ ဒေါသတွေ ပေါက်ကွဲနေသည်။ မေမေကတော့ သူနှင့် ဖေဖေ့ကို ပြဿနာ မဖြစ်စေချင်သလို ကြားက ဝင်ထိန်းနေ၏။

"ကိုရယ် သွားပါနော်၊ ဒီကိစ္စကို သက်ထား ပြောပါ့မယ်"

"သက်ထား မင်း သားလုပ်နေတာတွေ လုံးဝ မဟုတ်ဘူး၊ ကိုယ် အပြတ်ပြောမယ်၊ စွဲမက်နီကို သူ အမြန်ဆုံး လက်ထပ်ရမယ်၊ ဒါပဲ အေး ငြင်းမယ်ဆိုရင် မင်းကို ငါကိုယ်တိုင် သတ်မယ်၊ ပြီးရင် ငါကိုယ့်ငါ သတ်သေမယ်၊ ဘယ့်နှယ်ကွာ ရှက်စရာကောင်းလိုက်တာ"

သိက္ခာတရားနှင့် ဘဝကို လုံခြုံအောင် ရှင်သန်နေသော ဖေဖေ ယတိပြတ် အမိန့်ပေးကာ အခန်းထဲက ထွက်သွား၏။ မေမေက သူ့ကို လေပြည်လေးနှင့် ချော့မော့သည်။

"သား သားဘာကြောင့် ငြင်းနေရတာလဲ"

"ကျွန်တော် သိက္ခာကို ယုံလို့ပေါ့ မေမေ၊ စွဲမက်နီ ကိစ္စက ကျွန်တော်နဲ့ မဆိုင်ဘူး"

"စဉ်းစားပြောပါ သား၊ မင်းနဲ့မဟုတ်ဘူးဆိုတဲ့ စကားက စွဲမက်လေး ကိုယ်ကျင့်တရားကိုပဲ မင်း စော်ကားတာပဲ၊ သူ့မိဘတွေက မင်းကို ယုံကြည်စွာ ရန်ကုန်မှာ အတူရှိစေခဲ့တာ စေ့စပ်ထားတဲ့သူတွေပဲလေ၊ ဒါမျိုး ဖြစ်လာမှာ မေမေတို့ ကြိုတွေးပြီးသား"

မေမေ ကိုယ်တိုင်က ယုံကြည်မှု ကင်းမဲ့နေ၏။ စွဲမက်နီ ဆွေး လိုက်သော မီးက ပြင်းထန်လွန်းပါလား။ အခုချိန်မှာ ယောက်ျားတန်မဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ စွဲမက်နီရဲ့အပြစ်တွေကို တစ်ခုချင်း ပြောမပြချင်တော့ပါ။

"သူနဲ့သား ဘာမှမပတ်သက်ဘူး၊ သေချာတယ် မေမေ"

"မင်းနဲ့စေ့စပ်ထားတယ်၊ အခု မဖုံးနိုင်မဖိနိုင် ဖြစ်လာတယ်၊ တစ်အိမ်တည်း အတူနေတဲ့သူတွေပဲ ထားတော့ ဒါဆို သမီးလေးကိုစွက ဘယ်သူလဲ မင်းပြောလေ"

"ကျွန်တော် ဘယ်သိမှာလဲ မေမေ"

"တာဝန်မဲ့စကား မပြောနဲ့သား၊ သား တာဝန်ယူရမှာပဲ၊ ဒါမှ မဟုတ်ရင် မေမေတို့ကိုပါ သတ်ပစ်ပြီးမှ မင်းလုပ်ချင်ရာလုပ်"

ပြောရင်း မေမေ ရှိုက်ငိုပြန်သည်။ သူ မေမေ့ကို ကြည့်ကာ စိတ်မကောင်းပါ။

"အဟင့် ဟင့် မင်း ငြင်းနေပုံက သမီးလေး ဒုက္ခရောက်မယ့် အခြေအနေနော်၊ သူ့ကိုယ်သူ တစ်ခုခုလုပ်မှာ စိုးနေရတယ် သား"

မေမေ ပြောတော့ သူ တွေဝေသွား၏။ စွဲမက်နီ ဒီလိုလုပ်မှာလား။ ပြောလို့မရပါ။ စွဲမက်နီရဲ့ မာထန်ထန်စိတ်က သိပ်ကြောက်စရာ ကောင်းသည်။

"သားရယ် မေမေ တောင်းပန်ပါတယ်နော်၊ သား စွဲမက်လေး ကို အလျှော့ပေးလိုက်ပါနော်"

သူ ခေါင်းငိုက်စိုက် ငြိမ်သက်နေလိုက်သည်။ ရင်ထဲမှာတော့ ဝေဒနာတွေက ပေါင်းစုလို့နေသည်။





စွဲမက်နီ နင် အမှန်တစ်ခုပဲ ဝန်ခံပေးပါ။ နင့်ကိုငါ အရှုံးပေးပါ တယ်။ နင့်ပြဿနာက ဘယ်သူနဲ့ပဲဖြစ်ဖြစ် ငါ တာဝန်ယူရတယ်။

ဒါပေမဲ့ နင် ဝန်ခံချက်လေးတော့ ငါ သိချင်တယ်။ ငါ နင့်ကို တစ်သက်လုံး အနိုင်ယူဖို့ မဟုတ်ဘူး။ ငါ ချစ်တဲ့ တိတ်တိတ်။ မြတ်နိုးရတဲ့ ပန်းလေး နင့်ကို ယုတ်မာရက်စက်တဲ့ကောင်ကို ရင်ဆိုင်ချင်လို့ပါ။

ငါ့ရင်ထဲမှာ ပူလောင်မှုတွေနဲ့ လောင်မြိုက်နေတာ နင် မြင်ကြည့် ပေးစမ်းပါ စွဲမက်ရယ်။

■ ■ ■

"အဲဒီအဖြေကို ငါ တစ်သက်လုံး မဖြေဘူး သျှင်မြတ်နီ"

တိကျပြတ်သားသော စကားကိုပဲ နှုတ်ခမ်းလေးတွေ တင်းတင်း စေ့ပိတ်ပြီး သူမ ပြောသည်။

သူ့ရင်ထဲမှာ ဆတ်ခနဲ ခံစားလိုက်ရ၏။ စွဲမက်နီ ဒီအထိတောင် သူ့ကို အနိုင်ယူဖို့ ကြိုးစားနေတုန်းလား။ ရည်ရွယ်ချက်တွေနဲ့ အနာဂတ် ကိုရင်းပြီး အနိုင်ယူချင်လောက်အောင် နင့်အငြိုးက ကြီးလှချည်လား စွဲမက်နီ။

"စွဲမက်နီ"

မော့ကြည့်သည့် မျက်နှာက မာတင်းနေဆဲ။ နှုတ်ခမ်းလေးတွေ တင်းတင်းစေ့ကာ ကြည့်သော အကြည့်တွေက စူးစူးရှရှ။

"စွဲမက်နီ နင် သိပ်အဆိပ်ပြင်းတာ ငါ သိလိုက်ပြီ၊ အဲဒီလေ



www.burmeseclassic.com

www.burmeseclassic.com



ငါ့အမှားတွေပါပဲ၊ နင့်ကို ယှဉ်ပြိုင်မိတာ ငါ့အမှားပဲ၊ နင့်အဆိပ်တွေကို ငါ စိန်ခေါ်သောက်သုံးမိတာပါ၊ ဒါပေမဲ့ ဒါ ငါ ကျူးလွန်တဲ့ အပြစ်မဟုတ်တာ နင် သိသလို ငါ သိတယ်''

သူမ နှုတ်ခမ်းလေးတွေ တွန့်ကာ ပြုံးလိုက်တာလား။ မဲ့လိုက်တာလား မသေချာ။ ဒါပေမဲ့ သူမကို ယှဉ်ပြိုင်ဖို့ သူ ကြောက်သွားခဲ့ပြီ။

''နင့်ကိုငါ လက်ထပ်မယ် စွဲမက်နီ၊ အားလုံးရဲ့ သိက္ခာအတွက် ပေါ့''

''မလိုပါဘူး၊ ငါ လိုချင်တာ နင့်ရဲ့ တာဝန်ယူမှုမျိုးကို ခုတုံးလုပ်ဖို့ မဟုတ်ဘူး သျှင်မြတ်နီ၊ အဟင်း ဟင်း ငါ့သိက္ခာကို ကယ်တင်ပြီး နင် ငါ့ဘဝကို တစ်ခါ ဖျက်ဆီးပြီးပြီလေ''

''ဒါတွေ မပြောနဲ့တော့ဟာ၊ အဲဒါအတွက် ငါတောင်းပန်ပါတယ်''

''မတောင်းပန်နဲ့တော့ သျှင်မြတ်နီ၊ ငါ ကျေနပ်တယ်၊ ဘာလို့လဲဆိုတော့ နင်ချစ်တဲ့သူနဲ့ နင် မပေါင်းရအောင် ငါ လုပ်ပြီးပြီလေ၊ ငါ ကျေနပ်တယ်၊ ငါ့ကြောင့် နင် အသည်းကွဲသွားတာ ငါ ကျေနပ်တာ''

''အသည်းကွဲတယ် ဟုတ်လား စွဲမက်နီ၊ ငါက ဘာအတွက် အသည်းကွဲရမှာလဲ၊ မြတ်နိုးဆွတ်ကြင် ဆိုတာ နှလုံးရောဂါသည် မိန်းကလေးပါ၊ ငါ့သူငယ်ချင်းရဲ့ နှမလေးမို့ ငါ ဟန်ဆောင်ကူညီခဲ့တာ''

သူမ မျက်တောင်ကော့ကြီးတွေ ပုတ်ခတ်ပြီး သူ့ကို မယုံသလို

ဝိုး မိုး ၀၁၄ပ



မော့ကြည့်၏။

''အခုတော့ သူ့ခမြာ ဆေးရုံပေါ်မှာ နောက်ဆုံးအချိန်ကို မျှော်နေရပြီ၊ ဒီအတွက် နင် ကျေနပ်ရင် ရှိစေတော့၊ ငါ တစ်ခုတောင်းပန်တယ်၊ မိဘတွေ စိတ်ဆင်းရဲအောင် ငါတို့ လုပ်ခဲ့ကြပြီးပြီ၊ ဒီတစ်ခါ ငါတို့ ထပ်မလုပ်မိဖို့ပဲ လိုတော့တယ်''

စကားအဆုံးမှာ သူ စွဲမက်နီရှေ့က လှည့်ထွက်ခဲ့သည်။ သူမ တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့တာလား။

သူ့ကို အနိုင်ရခဲ့ခြင်းအတွက် ကျေနပ်စွာ ပြုံးနေမှာလား။ သူ မသိပါ။ စွဲမက်နီရယ် . .

နင် တစ်သက်လုံး အနိုင်ယူဖို့ ငါ အားလုံးကို စတေးရပါတယ်။ ဘာလို့လဲဆိုတော့ ငါ့နှလုံးသားမှာ တစ်ယောက်ပဲ ရှိခဲ့ဖူးလို့။

အဲဒီတစ်ယောက်ကလည်း နင်ပါပဲ စွဲမက်နီ။

■ ■ ■

ဝိုး မိုး ၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၂)

"သား သား ထစမ်း ထစမ်း"

အခန်းတံခါးကို တဒုန်းဒုန်း ထုရိုက်ခေါ်နေသော မေမေ့အသံကြောင့် သူ လူးလဲထလိုက်ရသည်။

အခန်းတံခါး ဖွင့်ပေးလိုက်တော့ မေမေ သူ့ကို အထိတ်တလန့် မျက်ဝန်းတွေနှင့် ကြည့်ရင်း

"သ သမီးလေး မရှိတော့ဘူး"

"ဗျာ"

"ဟုတ်တယ် သား၊ သူ ညက ထွက်သွားတာ ဖြစ်မယ်"

သူ အဝတ်အစားတောင် မလဲနိုင်ဘဲ ညဝတ်အင်္ကျီကြီး ဖားလျားနှင့် ထွက်ခဲ့တော့ ဧည့်ခန်းထဲမှာ စွဲမက် မေမေ တအင့်အင့် ငိုကြွေးနေသည်။ ဖေဖေက ငူငူကြီး ရပ်နေဆဲ။





"စွဲမက် ဖေဖေတော့ ဘီးလင်းကို လိုက်သွားပြီ သား။ သမီးလေး အဲဒီပြန်သွားသလား မသေချာဘူး"

"ဟော့ကောင် မင်း ဘာပြောဦးမလဲ၊ ဒီကိစ္စမှာ မင်း၊ သမီးလေးကို ဘာတွေပြောလိုက်သလဲကွ ဟေ"

ဖေဖေက သူ့ကို မယုံသင်္ကာ ဟိန်းဟောက်သည်။ သူ ဖေဖေ့ကို ကြည့်ရင်း

"ဖေဖေ သား စွဲမက်ကို တကယ်ချစ်တာပါ၊ ဒါကြောင့် လက်ထပ်ဖို့ကို သား ခေါင်းညိတ်ခဲ့တယ်၊ စွဲမက်ကိုလည်း အားလုံးအတွက် ဟောင်းပန်ခဲ့တယ်၊ အခု သားရင်ထဲမှာ ပူလောင်နေတာ ဖေဖေ မမြင်နိုင်ပါဘူး"

"ကဲပါ သားရယ် ရှာပါဦး သမီးလေး ဘယ်မှာရှိနိုင်မလဲ"

သူ့ကို မေမေက ပြောတော့ သူ ခေါင်းညိတ်ရင်း ဆင်ဝင်အောက်က ကားဆီပြေးထွက်ခဲ့သည်။

ညဝတ်အင်္ကျီရှည်ကြီးနှင့် သူ့အဖြစ်ကိုလည်း သတိမထားမိနိုင်အောင် ရင်တွေ ဗလောင်ဆူဝေနေခဲ့သည်။

အာကာနှင့်ကျော်လေးတို့ကို ခေါ်ကာ စွဲမက် သူငယ်ချင်းတွေအိမ်ရောက်သည်။ ရှိနိုင်မည့် နေရာမှန်သမျှ ရှာသည်။ တည်းခိုခန်းတွေကော ကားဂိတ်တွေကော စုံလင်နှံ့စပ်သွားသည်။

"စွဲမက်နီ တမင်ရှောင်ထွက်သွားတာဆို ရှာဖို့မလွယ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ သူ ဘာလို့ ရှောင်ထွက်သွားတာလဲ"

အာကာနှင့် ကျော်လေး စဉ်းစားမရနိုင်သလို ပြောနေကြသည်။

စွဲမက်နီ ဘယ်ကို ရှောင်ထွက်သွားခဲ့တာလဲ။

သူ့ဝမ်းထဲက ရင်သွေးလေးရဲ့ ပိုင်ရှင်ဆီကိုလား။

ဒါကို တွေးမိတော့ သူ့ရင်ထဲမှာ လှိုက်ခနဲ ခံစားလိုက်ရ၏။ တကယ်ဆို စွဲမက်ကို စွန့်ပစ်လိုက်ဖို့တောင် သူ ကြောက်လန့်နေပါလား။

စွဲမက်ရယ် နင်ဟာ အဆိပ်တစ်ခွက် ဖြစ်နေရင်တောင် ငါ ကျေကျေနပ်နပ်ကြီး သောက်ပစ်မိမှာပါ။

အခုတော့ မာနတွေ၊ အတ္တတွေ၊ ပြိုင်ဆိုင်မှုတွေနဲ့ ပိတ်ဖုံးနေတဲ့ ငါ့နှလုံးသားက အချစ်ကို မြင်တွေ့ခံစားတတ်ခဲ့ပြီ။

ဒါပေမဲ့ နင်က ငါ့အနားမှာ မရှိတော့ဘူး။

နင့်ကိုငါ အရာရာတိုင်းမှာ ရှုံးနိမ့်ခဲ့တာ ဝန်ခံပါတယ် စွဲမက်နီ။

■ ■ ■



အခန်း (၄၃)

စွဲမက် ထွက်သွားခဲ့တာ တစ်ပတ်တိုင်ပြီ။ ဘီးလင်းကိုလည်း ရောက်မလာဟု သတင်းကြားသည်။

စွဲမက်နီ မိဘတွေ ဘီးလင်းပြန်သွားကာ မျှော်နေကြသည်။ ဖေဖေလည်း ပြန်သွားပေမယ့် မေမေကတော့ သူနှင့်အတူ ရန်ကုန်မှာ နေခဲ့သည်။

စွဲမက်နီကိုတော့ မေမေ ကိုယ်တိုင် စုံစမ်းနေဆဲ။

သူကတော့ စာသင်ကျောင်းတွေလည်း ပျက်နေတာ ကြာပြီ။ အိမ်ထဲမှာပဲ [illegible] ရင်ထဲက ဝေဒနာတွေအတွက် မဖြေနိုင်ခဲ့ပါ။

အခန်းထဲ အောင်းကာ စွဲမက်နီနှင့် ပတ်သက်သော ဝေဒနာတွေကိုပဲ သူ ခံစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ်မှာ လှဲနေတုန်း ဟန်းဖုန်းက မြည်လာတော့ သူ စားပွဲပေါ်က ဖုန်းကို လှမ်းယူလိုက်ရိုက် ဖုန်းက လက်ထဲမှ လွတ်ကျကာ ခုတင်အောက် ပြုတ်ကျသွားခဲ့သည်။ ခုတင်ပေါ်က ဆင်းကာ ဖုန်းကို ပြန်ငုံ့အကောက်မှာ လက်ထဲမှာ စမ်းမိလိုက်တာ

"ဟင်"

ခုတင်အောက်မှာ တွေ့လိုက်ရတာ အဝါရောင် ခေါင်းစည်း မျှော့ကွင်းလေး ဖြစ်နေ၏။ ဒါ စွဲမက်နီရဲ့ ခေါင်းစည်းကြိုးလေးဆိုတာ သူ ချက်ချင်း သိသည်။

ဒီခေါင်းစည်းကြိုးကွင်းလေးက သူ့အိပ်ခန်း ခုတင်အောက်ကို ဘယ်လိုရောက်နေခဲ့တာလဲ။ သူ စဉ်းစားမရနိုင်ဘဲ တွေဝေနေတုန်းမှာ

"သား"

"မေမေ"

အခန်းထဲ ဝင်လာသော မေမေ့လက်ထဲမှာ ဒိုင်ယာရီစာအုပ် အပြာလေး တစ်အုပ်ကိုင်လျက် သူ့ဆီ မေမေ လျှောက်လာ၏။

"မေမေ အခုပဲ သမီးလေး အခန်းကို ရှင်းရင်း တွေ့ခဲ့တာ၊ သား ဖတ်ကြည့်လိုက်စမ်းပါ"

မေမေက သူ့လက်ထဲ ဒိုင်ယာရီစာအုပ်လေးကို ကမ်းပေးပြီး ပြန်ထွက်သွား၏။ ဒါ စွဲမက်နီရဲ့ ဒိုင်ယာရီလေး။ ပိုင်းစက်စက် လက်ရေး လေးတွေကို သူ မှတ်မိနေဆဲ။





အံ့သြမယုံနိုင်စွာ စာအုပ်ပြာလေးကို သူ ဖွင့်ဖတ်ကြည့်လိုက်မိ သည်။

သူ မသိနိုင်သော စွဲမက်နီရဲ့ ရင်ထဲက ခံစားချက်တွေ၊ အဖြစ် အပျက်တွေက သူ့ရင်ကို တုန်လှုပ်သွားစေခဲ့သည်။

"ဒါ ဒါဆို စွဲမက်နဲ့ ငါ"

သူ တစ်ယောက်တည်း တုန်ယင်စွာ ဆိုရင်း လက်ထဲက ခေါင်းစည်းကြိုးအဝါလေးကို ငုံ့ကြည့်မိပြန်သည်။ စွဲမက်နီရဲ့ ခေါင်းစည်း ကြိုးလေး။

ပြီးတော့ ရှန်ပိုရနံ့လေးတွေ သူနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့ဖူး၏။

ဒိုင်ယာရီလေးကို သူ အသေအချာ ပြန်ငုံ့ဖတ်လိုက်မိပြန်သည်။ စွဲမက်နီရဲ့ ခံစားချက် မှတ်တမ်းတွေနှင့် စကားလုံးလေးတွေက သူ့ကို မဝေးသေးသော အတိတ်ငယ်လေးကို ပြန်ခေါ်ဆောင်သွားခဲ့၏။

မှတ်မှတ်ရရ 'ထိုနေ့က သူရမောင် သူ့ကို ဘီယာဆိုင်လှမ်းခေါ် ကာ မြတ်နိုးဆွတ်ကြင် အရေးကိစ္စ ပြောသည့်နေ့က

သူ သိပ်မူးသွားခဲ့၏။ အိမ်ကို ဘယ်လိုပြန်ရောက်ခဲ့တာလဲ တောင် မမှတ်မိခဲ့သည့် အဖြစ်တွေ။

■ ■ ■

နေ့လယ်ကတည်းက ထွက်သွားသော သူ ပြန်မလာ...

www.burmeseclassic.com

www.burmeseclassic.com



ဘွား တမျှော်မျှော် ဖြစ်နေခဲ့၏။ ညဉ့်နက်သည်အထိ ထိုင်စောင့်နေသော ဘွားကို သနားတာမို့ စွဲမက် ဘွားကို ပြောရ၏။

"ဘွား အိပ်တော့လေ၊ သျှင်မြတ်နိုကို သမီးနဲ့ မိငယ်တို့ စောင့်နေလိုက်မယ်"

"အေး အေး ဒါဆို ဘွား ဆေးသောက်ပြီး အိပ်လိုက်တော့မယ်"

ဘွားကို အပေါ်ထပ်အထိ လိုက်ပို့ဆေးတိုက်ကာ အိပ်နိုင်းပြီး စွဲမက် ဧည့်ခန်းထဲ ပြန်ဆင်းခဲ့တော့ မိငယ် ဆိုဖာပေါ်မှာ ကွေးကွေးလေး အိပ်နေပြီ။

"တော်တော် အားကိုးရမယ့် မိငယ်ပဲ"

စွဲမက် ပြောရင်း မိငယ်ကိုလည်း သနားမိသည်။ သူ့ခမြာ တစ်နေ့လုံး လျှော်ဖွပ်သန့်ရှင်းနေရတော့လည်း အိပ်ချင်ရှာမည်ပေါ့။

"မိငယ် သွား သွားအိပ်တော့ ထ"

"ဟင် အစ်ကိုလေး ပြန်လာပြီလား"

"မလာသေးဘူး၊ စောင့်မနေနဲ့ သွားအိပ်တော့၊ ငါ စောင့်ပေးမယ် ဟုတ်လား"

"ဟင် မမလေး တစ်ယောက်တည်း"

"သွားစမ်းပါဟယ် ကျောင်းစာကျက်ရင်း စောင့်လိုက်မယ်"

မိငယ် အိပ်ချင်မူးတူးနှင့် ခေါင်းလေးညိတ်ထွက်သွားတော့





သူမ တစ်ယောက်တည်းပဲ စောင့်နေလိုက်သည်။

ခြံတံခါးဝမှာ ကားမီးရောင်ကို လှမ်းမြင်သည်။ ကြည့်ရတာ သျှင်မြတ်နို ကားပြန်ပါလာပုံမရ။ တက္ကစီနှင့် ပြန်လာတာ ထင်၏။

"ရဒယ် ရဒယ် ဦးမြိုင် လစ်တော့၊ အေးဆေး ဘာမှမဖြစ်ဘူး"

တွဲခေါ်လာသော ဦးမြိုင်ကို ဖွတ်ပြန်နိုင်းပြီး သျှင်မြတ်နို ဒယီးဒယိုင်နှင့် ဧည့်ခန်းထဲ လှမ်းဝင်လာသည်။

စွဲမက်ကို မြင်တော့ ယိုင်နေသော ခန္ဓာကိုယ်ကို ထိန်းကာ အိပ်ခန်းဘက် လျှောက်သွားတာမို့ စွဲမက် ဧည့်ခန်းတံခါးကို ပိတ်လိုက်၏။

"ရတယ်နော် သမီး၊ ဦးမြိုင် သွားမယ်"

"ရတယ် ဦးမြိုင် သွားပါ"

ဦးမြိုင် ထွက်သွားပြီးမှ ဝုန်းခနဲ ပြိုလဲသံကို စွဲမက် ကြား၏။ သျှင်မြတ်နိုပဲ ဖြစ်မည်ထင်သည်။ သူ့ထိုက်နှင့်သူ့ကံ ပစ်ထားဖို့ ဆုံးဖြတ်ပြီးမှ မသင့်တော်တာမို့ သွားကြည့်တော့ အိပ်ခန်းထဲ မရောက်ခင် အပြင်မှာ လဲကျနေတာ မှောက်လျက်ကြီး။

"သျှင်မြတ်နို ရှင် အိပ်ခန်းထဲ မရောက်သေးဘူး"

"အင်း အင်း အင်း ရဒယ်"

ရတယ်ဆိုသော သူက ကုန်းထဖို့တောင် မနိုင်တော့ စွဲမက်နီ လက်မောင်းက တွဲထူပေးလိုက်ရ၏။

"ရ ရဒယ် ရဒယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ရှင့်အိပ်ခန်းဝအထိ ပို့ပေးမယ်"

သူ မငြင်းနိုင်အောင် မူးနေတော့ ခေါင်းညိတ်သည်။ အိပ်ခန်း ထဲအထိ တွဲခေါ်ခဲ့ရသည်။

"ကဲ ရှင်အိပ်တော့"

"စွဲမက်နီ ခဏလေး မင်းကို ပြောစရာ ရှိလို့"

"ရှင် ဘာပြောမှာလဲ သျှင်မြတ်နီ"

"ငါ ငါ့ရင်ထဲက စကားတွေပေါ့ အေ့ ငါ အခု မင်းကို ဝန်ခံ ချင်လို့ ငါ မြတ်နီးဆွတ်ကြွင်ဆိုတဲ့ ကောင်မလေးကို ကူညီရမှာ"

ဘာတွေပြောနေတာလဲ မနည်းနားထောင်ရ၏။ ဗလုံးဗထွေး နှင့် သူ ဝန်ခံစကားတွေကို စွဲမက် ကြားနေရတာ အံ့သြစရာ။

"ငါ သူ့ကိုကူညီမှာ စေတနာ မေတနာကြောင့် ငါ့ရင်ဘတ်ထဲ မှာ ဘာမှမရှိဘူး။ ငါ့ရင်ဘတ်ထဲမှာ ရှိတာ စွဲမက်နီ"

"ဟင်"

"ဟုတ်တယ် မြတ်နီး ငါ စွဲမက်နီကိုပဲ ချစ်တာ၊ မင်းကိုငါ ညီမလေးထက် မပိုဘူး၊ မင်း ခွင့်လွှတ်"

စွဲမက်ကို ပြောနေရင်း မြတ်နီး ဆိုသော မိန်းကလေးဟု ထင်သွားပြန်သည်လား မသိ။ စွဲမက် မယုံနိုင်သောစကားတွေကို နား ထောင်ရင်း ရင်တွေ တလှပ်လှပ် ခုန်နေ၏။

"စွဲမက် စွဲမက်နီ ကို ငါ ချစ်နေတာ၊ အခုမှ သိတယ်၊





ဒါပေမဲ့ သူက ငါ့ကို မုန်းတယ် အေ့"

ပြောရင်း ယိုင်လဲအကျမှာ စွဲမက် လှမ်းထိန်းကိုင်ပေးတော့ သူ့လက်တွေက စွဲမက်လက်ကို ဆောင့်ဆွဲသလို ဖြစ်ကာ

"အို သျှင်မြတ်နီ"

"ချစ် ချစ်တယ် စွဲမက်ရယ် မင်းက ငါ့ရင်ထဲမှာ တကယ် ရှိ နေတာ အေ့"

"အိုး ရှင်"

သူ့ရင်ဘတ်ပေါ် အပ်ကျရင်း စွဲမက် ရုန်းမထနိုင်ပါ။ တင်းတင်း ကြပ်ကြပ် လက်တွေက ရုန်းထွက်ခွင့်မသာသလို သူ့အနမ်းတွေကလည်း စွဲမက် အသိတရားတွေကို လွှမ်းမိုးသိမ်းပိုက်သွားခဲ့သည်။

နွေးထွေးသော အထိအတွေ့၊ အနမ်းတို့ရဲ့ ရှိန်းမြမှုတွေ အောက်မှာ စွဲမက် ရင်ခုန်သံတွေလည်း ထပ်တူဖြစ်သွားခဲ့သလား။

"စွဲမက် စွဲမက်ရယ်"

"သျှင်မြတ်နီ"

ပင့်သက်တွေ အခါခါ ပြိုကျရင်း ရင်ခုန်သံတွေ လှိုင်းထပ်သော ကမ္ဘာငယ်လေးတစ်ခုဆီကို စွဲမက် မျောလွင့်ရောက်သွားခဲ့တာ အိပ်မက် တော့ မဟုတ်ခဲ့တာ သေချာပါတယ်။

သျှင်မြတ်နီရယ်

အမုန်းတရားတွေနဲ့ ကင်းစင်တဲ့ အိပ်မက်တစ်ခုကို ရှင့်အတွက်မ



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံ တူညီစွာ မက်ခဲ့ဖူးကြတာ သေချာတယ်။

■ ■ ■

"စွဲမက်ရယ် ဒါ ဒါတွေကို ကိုယ် မသိခဲ့ပါဘူး"

သူ့ရင်ထဲမှာ ပူလောင် နာကျင်စွာ ညည်းမိသည်။ အိပ်ခန်းထဲက စာအုပ်လေးကိုင်ကာ ပြေးထွက်ခဲ့တော့ မေမေက ဧည့်ခန်းထဲမှာ သူ့ကို စောင့်နေဆဲ။

"သား"

"မေမေ သား ဒါကို လုံးဝ မသိခဲ့ဘူးဗျာ"

"သားတို့နှစ်ယောက်ကြားမှာ တကယ် အမုန်းတွေ မရှိခဲ့ကြတာ မေမေ သိလိုက်လို့ ဝမ်းသာတယ် သား၊ တကယ်တော့ သားက တမင် သိရက်နဲ့ ငြင်းနေတယ်လို့ သမီးလေး ရှောင်ထွက်သွားတာပဲ"

"မေမေရယ် သား တကယ်မသိခဲ့တာပါ၊ သား သိခဲ့ရင် စွဲမက်ကို ဘယ်ထွက်သွားခိုင်းမှာလဲဗျာ"

"ဘာပဲဖြစ်ဖြစ်. သမီးလေး ရင်ထဲမှာ သားရှိနေမှာ မေမေ ယုံတယ်၊ ဘယ်လောက် ဝေးဝေး ဘယ်လောက် ကြာကြာ သား ရှိနေမှာပါ"

မေမေ နှစ်သိမ့်တာလား သူ မသိပါ။ သေချာတာကတော့ စွဲမက်နဲ့ သူ့နှလုံးသားမှာ ထာဝရ ရှိနေဆဲဆိုတာ..။





စွဲမက်ရယ်..

မင်း ရှောင်ပြေးမနေပါနဲ့၊ ကိုယ့်ကို မထားရစ်ခဲ့ပါနဲ့ စွဲမက်ရယ်၊ အချစ်ဆိုတဲ့ အရာက အမုန်းတွေကို အနိုင်ယူနိုင်တာ မင်း ယုံတယ်ဆိုရင် ပြန်လာခဲ့ပါ စွဲမက်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၄)

စွဲမက် ဒီတိုက်ခန်းလေးထဲမှာ ရောက်နေတာ တစ်လကျော်ပြီ။ သဇ္ဇာရဲ့ မေမေ ပိုင်ဆိုင်တဲ့ တိုက်ခန်းလေးထဲမှာ စွဲမက် အကူအညီ တောင်းနေခဲ့ရတာပါ။ သဇ္ဇာကတော့ စွဲမက်ကို အမြဲတမ်း ပြောတဲ့ စကားတွေ နေ့စဉ်ပါပဲ။

"စွဲမက်ရယ် ဘာလို့ ရှောင်ပြေးရတာလဲ၊ နင် ရှင်းပြလိုက်ရင် သူ နားလည်သွားမှာကို"

"ဟင့်အင်း ငါ လိုချင်တာ၊ အဲဒါ မဟုတ်ဘူး သဇ္ဇာ၊ သူ့နှုတ်က ဖွင့်ဟတောင်းဆိုလာမှုပဲလေ၊ သူ တကယ်တမ်း တောင်းဆိုလာရင် ငါ လက်ခံမိမှာ"

"စွဲမက်ရယ် နင်ဘို့ အခုထိ ပြိုင်နေတုန်းလား"





"ဟင့်အင်း ငါ သူ့ကို အရှုံးပေးဖို့ အသင့်ပဲ၊ အဲဒီအတွက် သူ့နှုတ်က စကားတစ်ခွန်းပဲ ငါ ကြားချင်တယ်"

"နင် ကြားချင်တာက ဘာလဲ စွဲမက်"

"ငါ့ကို ချစ်တယ်ဆိုတဲ့ စကားကို သူ ဝန်ခံခဲ့တာ မဟုတ်ဘူး၊ သူ မူးပြီးဖွင့်ထုတ်ခဲ့တာ၊ ဒါပေမဲ့ သူ ဘာမှမသိဘူး၊ ကျန်တဲ့ တစ်ချိန်လုံး သိုဝှက်ထားတာ၊ နောက်ဆုံးအကြိမ်ထိ သိုဝှက်ထားတာ"

"စွဲမက်ရယ် နင် ဘာလို့ မာနတွေ တင်းနေတာလဲ၊ နင့်မှာက မပေါ့မပါးကြီးနဲ့နော်"

"သဇ္ဇာရယ် ဒီကလေးကို ငါ မွေးနိုင်ပါတယ်၊ ဒါပေမဲ့ သူ့ကို မာနနဲ့ တင်းခံတာ မဟုတ်ပါဘူး။ အချစ်မှာ မာနတွေ အတ္တတွေ အမှန်းတွေတောင် ပြေပျက်သွားတတ်တာပါ၊ ငါ လိုချင်တာ သူ့ရင်ထဲက အချစ်၊ သူ ဝန်မခံဘဲနဲ့ ငါ မတောင်းဆိုချင်ဘူး"

စွဲမက် ခေါင်းမာနေတော့ သဇ္ဇာ အရှုံးပေးသွားခဲ့၏။ ဒီတိုက်ခန်းလေးမှာ စွဲမက်အတွက် ပူစရာမရှိအောင် ကူညီပေးခဲ့၏။

စွဲမက်အတွက်တော့ ဒီနေရာလေးမှာ ဘယ်လောက်အထိ ခိုအောင်းနေနိုင်မလဲ။ စွဲမက် အနာဂတ်အတွက်တော့ တစ်ခုခု ဆုံးဖြတ်ရမည်။

"ဒေါက် ဒေါက်"

အခန်းတံခါး ခေါက်သံက နှစ်ချက်။ ဘဲလ်မတီးဘဲ တံခါးနှစ်



www.burmeseclassic.com

www.burmeseclassic.com



ချက် ခေါ်ပြီဆိုကတည်းက ဒါ သဉ္ဇာနဲ့ စွဲမက် လျှို့ဝှက်သင်္ကေတဆိုတာ သိ၏။

အခန်းတံခါးကို စွဲမက် ဖွင့်ပေးလိုက်တော့ မြင်ရတာ သဉ္ဇာ မဟုတ်ပါ။

"စွဲမက်"

"ဟင် ရှင် ရှင်"

သျှင်မြတ်နိုး အခန်းထဲ ဝင်လာရင်း တံခါးကို ပိတ်ပစ်လိုက်၏။ စွဲမက် မျက်ဝန်းလေးတွေ ပြူးကျယ်လျက်

"ရှင် ရှင် ဒီကို ဘာလာလုပ်တာလဲ သွားပါ"

"ကိုယ့်ကို မောင်းမထုတ်ပါနဲ့ စွဲမက်ရယ်၊ နေ့တိုင်း ရှာနေရတာ သနားပါကွာ၊ သဉ္ဇာတောင် ကိုယ့်ဝေဒနာကို မမြင်နိုင်လို့ ကူညီခဲ့တာ"

သဉ္ဇာကြောင့် သူ စွဲမက်ရှိရာကို ရောက်လာခဲ့တာ သေချာနေပြီ၊ သူ့မျက်ဝန်းတွေက ဝမ်းသာကြည်နူးခြင်းတွေ ဖြာလဲ့နေ၏။

"စွဲမက် ကိုယ် တောင်းပန်တယ်၊ စွဲမက် ဒိုင်ယာရီကို မဖတ်ရင် ကိုယ်ဘာမှ သိမှာမဟုတ်ဘူးကွာ"

"ဟင် ရှင် ဖတ်ပြီးပြီပေါ့"

"မေမေလည်း ဖတ်ပြီးပြီ၊ စွဲမက်ကို အရမ်းတွေ့ချင်နေကြတယ်"

"တင့်အင်း စွဲမက် မပြန်လာဘူး"





"မရဘူး စွဲမက်၊ မင်း ကိုယ့်ရင်ခွင်ထက ထွက်သွားလို့ မရတော့ဘူး။ မင်းကို ကိုယ် သိပ်ချစ်တယ်၊ သိပ်ချစ်ခဲ့တာပါ"

သူ့ဝန်ခံစကားလား စွဲမက် ရင်တွေ တလှပ်လှပ်ခုန်ကာ မယုံနိုင်သလို မော့ကြည့်နေမိဆဲ။

"ယုံပါ စွဲမက်ရယ် မာနတွေ အတ္တတွေ အပြိုင်အဆိုင် အနိုင်အရှုံးတွေ စွန့်လွှတ်ခဲ့ကတည်းက စွဲမက် သိသင့်တာပါ၊ ဒီကောင့် ရင်ထဲမှာ တစ်ယောက်ပဲ ရှိခဲ့တာ၊ အဲဒါ စွဲမက်နိုပဲ"

ပြောရင်း သူက စွဲမက်ကို ရင်ခွင်ထဲ ဆွဲသွင်းသည်။ စွဲမက် မျက်ရည်လေးတွေ ရစ်ဝဲလာတဲ့အထိ ကြည်နူးလိုက်တာ။

"စွဲမက် မင်းရင်ထဲမှာလည်း ကိုယ် ရှိနေခဲ့တာ မဟုတ်လား ဟင်"

"အို မသိဘူး"

"ဒိုင်ယာရီထဲမှာ ဝန်ခံထားတယ်လေ၊ မညာနဲ့ ညာတတ်တဲ့ နှုတ်ခမ်းလေးကို"

"အိုး"

နွေးထွေး ရှိန်းမြသော အနမ်းတစ်ခု နှုတ်ခမ်းလေးပေါ် ကျရောက်လာသည်။

"ချစ်တယ် စွဲမက်ရယ်"

ဒီတစ်ခါတော့ ဒါ အိပ်မက်ဆန်သော အိပ်မက် မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



နွေးထွေးသော အထိအတွေ့။ ရှိန်းမြသော ရင်ခုန်သံတွေက သက်သေပါပဲ။

အမုန်းတွေနှင့်ကျော်ခိုင်းခဲ့သော နှလုံးသားနှစ်ခုက နီးစပ်ခဲ့ပြီးသွားပါပြီ။ အဲဒီအမုန်းတွေကို ခဝါချပစ်မယ့် အချစ်တစ်ခုပဲ လိုအပ်ခဲ့တာပါ။

အခုတော့ နင်နဲ့ငါ မခွဲကြေးပေါ့. . .။

ပရိသတ်အတွက်
အမြဲတမ်း
ပျိုး

ပိုးပိုး ၈၇၆၅

www.burmeseclassic.com

www.burmeseclassic.com



# ဂျူး

# အမြဲတမ်းဇာတ်လိုက်

www.burmeseclassic.com